www.dhammaransi.com

# ပဋ္ဌာန်းဝိပဿနာတရားတော်ဒိဋ္ဌိငြိမ်းကြောင်း

လယ်တီဆရာတော်

www.dhammaransi.com

ကျေးဇူးတော်ရှင်

ပခုက္ကူမြို့-မဟာဝိသုဒ္ဓါ ရာမ အလယ်တိုက် ဆရာတော် ဘုရားကြီး

ဦးပညာ (အဂ္ဂမဟာပဏ္ဍိတ)

ပထမ လယ်တီ ဆရာတော် ဘုရားကြီး

ဒုတိယ လယ်တီ ဆရာတော် ဘုရားကြီး

တို့၏ တပည့်ရင်း
မုံရွာမြို့၊ လယ်တီ တိုက်ကြီး၏ ဓမ္မာစရိယ
စာချ ရဟန်းတော်။
မန္တလေးမြို့ အနောက်ပြင်၊ စကုတိုက်၊
ဓမ္မာစရိယ စာချ ရဟန်းတော်။
''ပရိယတ္တိ ပထမကျော်၊ အစိုးရ ပထမကျော်''

လယ်တီ-အရှင်ကောဝိဒသာမိ-သည်

ရေးသား စီစဉ် အပ်သော

# သီဟိုဠ်ရှင်သမိုင်းကျမ်း

ကျောက်စာ,ရာဇဝင် သမိုင်းစာစောင်
အမျိုးမျိုးတို့ကို
ပေါင်းစု ညှိနှိုင်း၍ ပခုက္ကူမြို့၊ သီဟိုဠ်ရှင် မြတ်စွာဘုရား၏
ဖြစ်စဉ် အကြောင်းကို ပြဆိုထားသည်။

( ဒုတိယနှိပ်ခြင်း၊ အုပ်ရေ=၂၀၀၀ )

ရန်ကုန်မြို့၊ ဇမ္ဗူ့မိတ်ဆွေပိဋကတ်ပုံနှိပ်တိုက်။

၁၉၅၃-ခုနှစ်။

www.dhammaransi.com



သင်္ပဂိုဏ်းရှင် သဒ္ဒိုင်းကုန်းဘို ဦးနေခင်တောင်မှုသေး

‘‘ပရိယတ္တိ ပထမကျော် နှင့် အစိုးရ ပထမကျော်’’

ဓမ္မာစရိယ

**လယ်တီအသျှင် ကောဝိဒသာမိ၏ပုံ**

www.dhammaransi.com

# ပုံနှိပ် လုပ်ဆောင်ခြင်း နိဒါန်း။

နှစ်-လ- တောင်တာ၊ ရှည်ကြာ များမြောင်၊ မရ-ရအောင် ဖွေရှာသဖြင့်၊ အဆင်သင့် ရရှိသော၊ သဒိုင်းလင်္ကာ, သဒိုင်းစကားပြေ, ကျောက်စာ, ရာဇဝင်တို့ကို တည်းဖြတ်၍ ပေါင်းစုလျက်၊ သဒိုင်းသစ် တခု ဖြစ်စေရန်၊ ချွင် စီရင်တော် မူသော၊ ပထမကျော် စာချ ရဟန်းတော် "လယ်တီအရှင်ကောဝိဒသာမိ"အား၊ အထူးသဖြင့် ဝမ်းမြောက် ဝမ်းသာ၊ ကျေးဇူးတင်စွာနှင့်၊ အဆိုပါလယ်တီ အရှင် ကောဝိဒသာမိ ရေးသား စီရင်သော မူအတိုင်း၊ သီဟိုဠ်ရှင် မြတ်စွာ ဘုရား၏ သဒိုင်းတော် စာစောင် ကျမ်းကို၊ ပခုက္ကူမြို့၊ သီဟိုဠ်ရှင် မြတ်စွာဘုရား၏ လျှပ်စစ် ဓာတ်မီး အသင်းကြီးနှင့်၊ ဘဏ္ဍာတော်ထိန်း လူကြီးမင်း တို့က၊ ရှေးဦးစွာ ဆောင်ရွက် အားထုတ် ကြကုန်ပြီး လျှင်၊ ရန်ကုန်မြို့၊ ဗမ္ဗာ့မိတ်ဆွေ ပိဋကတ်ပုံနှိပ်တိုက်ကြီး၌၊ စက္ကူကောင်း၊ စာလုံးကောင်း၊ မင်ကျ, မင်နု ကောင်းမွန် စွာတို့ဖြင့်၊ ဖြတ်တောက်ချပ်တန့်၊ အကန့်ခြားသင့် ရာတွင်၊ ခြားနား ကန့်သတ်လျက်၊ ဒုတိယ အကြိမ် ပုံနှိပ်လုပ် ဆောင်ပါသတည်း။

www.dhammaransi.com

# မာတိကာ။


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| သမိုင်းနိဒါန်း .... .... .... | ဍ |
| ပဏာမာဒိမင်္ဂလာ.... .... .... | ၁ |
| အခန်းအပိုင်းခွဲရန် မှာထားချက် .... | ၁၇ |
| ၁။ သာသနာ သက္ကရာဇ်နှင့် ဂေါဓာ သက္ကရာဇ်ကိုပြဆိုခန်း။ | ၁၈ |
| ၁။ ပထမအကြိမ်သက္ကရာဇ်ဖြို့ခြင်း .... | ၂၂ |
| ၂။ ဒုတိယအကြိမ်သက္ကရာဇ်ဖြို့ခြင်း .... | ၂၅ |
| ၃။ သက္ကရာဇ်ဖြို့ရာမဖြို့ဘဲရှိခြင်း .... | ၂၇ |
| ၄။ တတိယအကြိမ်သက္ကရာဇ်ဖြို့ခြင်း .... | ၂၇ |
| ၅။ စတုတ္ထအကြိမ်သက္ကရာဇ်ဖြို့ခြင်း .... | ၂၈ |
| အထူးမှတ်သားချက် .... .... | ၂၉ |
| ၂။ သီဟိုဠ်ရှင်ဘုရားဒါယကာဘွားမြင်တော်မူခန်း။ | ၃၂ |
| ၁။ ထူးဆန်းသောနိမိတ်ကြီးများ .... | ၃၆ |
| ဘုရားဆက်သမိုင်းလင်္ကာများ .... | ၄၁ |
| ၂။ ဟူးရား ဆရာတို့က နိမိတ် ဘတ်ကြားခြင်း .... .... .... | ၄၂ |

# မာတိကာ။

အကြောင်းအရာ — စာမျက်နှာ

၃။ ထူးဆန်းသောနိမိတ်တချ ဖြစ်ပြနိုခြင်း .... ၄၆
၄။ ပေးနိုင်ခဲ့သော ဆုမြတ်ကို ပေးသနား တော်မူခြင်း .... .... .... ၄၉
ဘုရားဆက်သမိုင်းလင်္ကာ .... .... ၅၀
၅။ တတိယနိမိတ်ကြီးတပါး .... .... ၅၁

---

၃။ မင်းဧကရာဇ်အပြင်သို့ ရောက်တော်မူခန်း။ ၅၃

၁။ ရဟန္တာသခင် ရှင်အရဟံ၏ အဆွေဆွေကို ပြခြင်း .... .... .... ၅၉
၂။ အနော်ရထာမင်းကြီးနှင့်တွေ့ဆုံခြင်း .... ၆၁
၃။ အရှင်အရဟံထေရ်မြတ်၏ မိန့်ခွန်းတော် အဝိတ်ဝတ္ထု .... .... ၆၆ ၆၈
၄။ ရှေ့ထီး ရှေ့နန်းကို သိမ်းမြန်းတော် မူခြင်း ၇၂
မှာထားချက် .... .... .... ၇၇
၅။ မောင်းမမိဿံတို့ကို ပြခြင်း .... ၈၃
၆။ ဗိုလ်ပါအလုံးအရင်းများ .... .... ၈
၇။ ပြုစီရင်တော်မူသောမှုတော်တာဝန်များ ၈
၈။ မင်းကြီး၏ဆရာများ .... .... ၈
၉။ မဟာဂိရိနတ်မင်းစောင့်ရှောက်ပုံ .... ၈
မှတ်ချက် .... .... .... ၈၉

www.dhammaransi.com




အကြောင်းအရာ — စာမျက်နှာ

## ၄။ တိုင်းခွင် လှည့်လည်တော်မူခန်း။ ၉၂

၁။ ရဟန္တာသခင် ရှင်အရဟံထေရ် ပရိနိဗ္ဗာန် စံလွန်တော်မူခြင်း.... .... ၉၂

၂။ သင်္ကြိုဟ်ပုံအခမ်းအနား .... .... ၉၅

၃။ မဟာသမုဒ္ဒရာသို့ကြွရောက်ခြင်း .... ၉၇

၄။ သိဃိုဋ္ဌကျွန်းသို့ဆိုက်ရောက်တော်မူခြင်း ၁၀၁

၅။ ဇမ္ဗူ့သပြေပင်ရင်းသို့ရောက်တော်မူခြင်း ၁၀၂

၆။ သိကြားမင်း၏အဘိသိက်သွန်းပွဲ .... ၁၀၃

၇။ ရှင်မြို့ရှင်လှဘုရားတို့ကိုဆက်သခြင်း.... ၁၀၄

၈။ မြင့်မိုရ်တောင်သို့ကြွတော်မူခြင်း .... ၁၀၅

၉။ သရက္ခန်ရုပ်တုတော်ကိုဆက်သခြင်း.... ၁၁၁

မှတ်ချက် .... .... .... ၁၁၃

၁၀။ ဗလဝါမုခပဲသို့ရောက်တော်မူခြင်း .... ၁၁၄

၁၁။ နေပြည်တော်သို့ ပြန်ကြွတော် မူခဲ့ရာ မလ္လာယကျွန်းသို့ ရောက်တော်မူခြင်း.... ၁၁၅

၁၂။ ကတိုးနံ့သာ-စသည်တို့ကိုဆက်သခြင်း ၁၁၇

ဘုရားဆက်သခိုင်းလကာ်.... .... ၁၁၈

www.dhammaransi.com




| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| **၅။ သီဟိုဠ်ရှင်ဘုရားကို အဆက်အသ ခံယူတော်မူခန်း။** | ၁၁၉ |
| ၁။ သီကြီးမင်း ဒက္ခိဏာသာခါ- မဟာဗောဓိကို-ပင့်ဆောင်တော်မူခြင်း .... | ၁၂၀ |
| (က) ရှေးမုဗ္ဗာသခိုင်းလင်္ကာ .... .... | ၁၂၂ |
| ၂။ သီဟိုဠ်မင်း၏စိတ်အလိုကိုသိခြင်း .... | ၁၂၃ |
| ၃။ အသား ဆယ်ပါးဖြင့် ဘုရား ရုပ်တုပြုခြင်း .... .... .... | ၁၂၆ |
| မှတ်သားချက် .... .... .... | ၁၂၈ |
| ၄။ နရပတိ စည်သူ မင်းကြီးအား ဆက်သခြင်း .... .... .... | ၁၂၉ |
| မှတ်သားချက် .... .... .... | ၁၃၃ |
| ဘုရားရှိခိုးလင်္ကာဟောင်း .... | ၁၃၅ |
| ၅။ သီဟိုဠ်ရှင် မြတ်စွာဘုရားကို ကိုးကွယ်တော်မူခြင်း .... .... .... | ၁၃၆ |
| (ခ) ရှေးမုဗ္ဗာဘုရားသခိုင်းလင်္ကာ .... | ၁၃၈ |
| ၆။ မာန်အောင်ကျွန်းသို့ ရောက်တော်မူခြင်း | ၁၃၉ |
| ၇။ ဇမ္ဗူဒိပ်ကျွန်းသို့ရောက်တော်မူခြင်း .... | ၁၃၉ |
| ၈။ ပုဂံနေပြည်တော်သို့ ရောက်တော်မူခြင်း | ၁၄၀ |

www.dhammaransi.com



အကြောင်းအရာ — စာမျက်နှာ

**၆။ သိပ္ပိုဋ္ဌရှင်ဘုရား တည်တော်မူခန်း။** ၁၄၁

(ဂ) ရွှေမုဋ္ဌောသခိုင်းလင်္ကာ .... .... ၁၄၄
၁။ ဘောင်တော်ဖြင့် ဆန်တော်မူခြင်း .... ၁၄၆
မှတ်ချက် .... .... .... ၁၄၇
၂။ ထူးဆန်းသောနိမိတ်ကြီးသုံးပါး .... ၁၅၁
ဘုရားဆက်သခိုင်းလင်္ကာ .... ၁၅၂
၃။ ဘုရားတည်ရာအရပ်ကို မှတ်သားခြင်း ၁၅၆
ဘုရားဆက်သခိုင်းလင်္ကာ .... .... ၁၅၈
၄။ အုတ်မြစ်ချခြင်း .... .... ၁၆၀

(ဃ) ရွှေမုဋ္ဌောသခိုင်းလင်္ကာ .... .... ၁၆၃
၅။ သိပ္ပိုဋ္ဌရှင် မြတ်စွာဘုရားကို ပင့်ဆောင်တော်မူခြင်း .... .... .... ၁၆၄
၆။ တံတိုင်း မီးတား စသည် ပြုတော်မူခြင်း ၁၆၄
မှာထားချက် ... .... .... ၁၆၆

---

**၇။ ဘုရားဒါယကာ နတ်ရွာစံတော်မူခန်း။** ၁၇၀

၁။ မှတ်သားဘွယ် ကောင်းသော အချက်များ .... .... .... ၁၇၀

(၁) ချီးမြှောက်သင့်သူကို ချီးမြှောက်ခြင်း.... ၁၇၁
(၂) နှိပ်နင်းသင့်သူကို နှိပ်နင်းတော်မူခြင်း.... ၁၇၄

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| (၃) သည်းခံတော်မူသောစိတ်နှလုံးရှိခြင်း.... | ၁၇၇ |
| (၄) လက်ရုံး စွမ်းပကားကို အားကိုး တော်မူခြင်း .... .... .... | ၁၈၂ |
| (၅) ဘေး လောင်းတော် ဘိုး လောင်းတော် တို့၌ ရိုသေခြင်း ... .... | ၁၈၈ |
| ၂။ မင်းတရားကြီး ၏ အရည် အချင်း နှင့် ကောင်းမှုတော် .... .... | ၁၉၀ |
| မှာထားချက် .... .... .... | ၁၉၂ |
| ၃။ ဘုရား ဒါယကာ နတ်ရွာ စံလွန်တော်မူသောအခါ ဆင်းရဲကြီးစွာခံစားရခြင်း.... | ၁၉၇ |
| ၄။ လေးနက်စွာမှတ်သားထားရန်.... .... | ၂၀၀ |
| ၅။ ဥပဒေသ .... .... .... | ၂၀၂ |
| ၆။ မွေ့သံဝေဂဉာဏ် ပွါးများရန် .... | ၂၀၇ |

---

| | |
|---|---|
| **၈။ နေ့ကတ်ထပ်အသစ်ပြင်ဆင်ခန်း။** | ၂၀၉ |
| ၁။ မြင်သာရွာအခုပ်မင်း .... .... | ၂၀၉ |
| ၂။ မြင်သာရွာကြီး စည်ကားပုံ .... | ၂၁၁ |
| ရတနာမဥ္ဇူ။ဘုရား ကျောက်စာဂါထာ.... | ၂၁၂ |
| ၃။ လက်ဝဲ လက်ယာ အရံ ရုပ်ပွါးနှစ်ဆူတို့ကို ထုလုပ်ကိုးကွယ်ခြင်း.... .... | ၂၁၅ |

www.dhammaransi.com

www.dhammaransi.com




| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| လေးကျွန်းဆီမီး ဘုရားကျောက်စာဂါထာ | ၂၁၈ |
| လေးကျွန်းဆီမီး ဘုရားကျောက်စာ ပထမမျက်နှာ .... .... .... | ၂၂၀ |
| ၎င်း-ဒုတိယမျက်နှာ .... .... | ၂၂၂ |
| ၄။ ဒုတိယအကြိမ်အသစ်ပြင်ဆင်ခြင်း .... | ၂၂၇ |
| ဘုရားအမကြီး-ဒေါ်လေးကြီး .... | ၂၂၇ |
| ၅။ လျှပ်စစ်ဓါတ်မီးအဖွဲ့ကြီး .... .... | ၂၃၀ |
| ၆။ ဘုရား အမ- ဒေါ်လေးကြီးက အသစ်ပြုပြင်ခြင်း .... .... .... | ၂၃၅ |
| ၇။ နည်းလမ်း ညွှန်ပြ ဆုံးမ ပဲ့ပြင်တော်မူသော ဆရာတော်ကြီးများ.... .... | ၂၃၆ |
| ၈။ အုတ်မြစ်ချခြင်းနှင့် ဌာပနာခြင်း .... | ၂၃၉ |
| ၉။ ပြီးစီးအောင်မြင် ထီးတင်လှူဒါန်းခြင်း .... | ၂၄၁ |
| မှတ်ချက် .... .... .... | ၂၄၄ |
| ၁၀။ သီဟိုဠ်ရှင် မြတ်စွာ ဘုရား၏ ပွဲတော်များ .... .... .... | ၂၄၆ |
| နိဂမန .... .... .... | ၂၄၈ |
| သတ်ပုံ နှက်-သုံးချက် ညီ ရေးသားအပ်သော အဖြည့်ခံရတုကဗျာ .... | ၂၅၅ |

www.dhammaransi.com

# သမိုင်း နိဒါန်း။

**သမိုင်း**.......ဟူသော စကားမှာ၊ မြန်မာ စကား သက်သက် ဖြစ်၍၊ တရံ တယောက်သော ပုဂ္ဂိုလ်၊ တရံ တခုသော ဝတ္ထု၏၊ အနွယ်မပျက်၊ ဆင်းသက်လာခဲ့သော ဖြစ်စဉ် အကြောင်းကို ဟောပြောနိုင်သော စကားဟောင်း တခု ဖြစ်လေသည်။ ။သို့ရာတွင်။ ။ထိုသမိုင်း- ဟူ သော စကားဟောင်းဖြင့်၊ စရပ်နှင့် တန်ဆောင်း၊ ကျောင်း နှင့်တံတား၊ ဘုရားနှင့် သိမ်၊ စေတီအိမ်နှင့် ရုပ်ပွါးပုံ၊ စည်း ခုံနှင့် ပုထိုး၊ လိုဏ်ဂူမျိုးနှင့် ဗောဓိပင်၊ မြို့ပြ ပြည်ရွာတို့၏၊ အနွယ်မပျက်၊ ဆင်းသက် လာခဲ့သော ဖြစ်စဉ် အကြောင်း ရင်းကို သာလျှင်၊ ရှေးရှေးအခါ၊ မြန်မာ ပညာ ရှိတို့ခေါ် ဝေါ်သုံးစွဲရိုး ရှိလေသည်။

ထို့ကြောင့်။ ။ရှင်တော် မြတ်ဘုရား၏ အဖြစ်တော် စဉ် အကြောင်းကို စုပေါင်း ပြဆိုသော- ဇိနတ္ထ ပါဠိနှင့် အဋ္ဌကထာတို့မှာ ဘုရား သမိုင်းအစစ် ဖြစ်သေသည်။ ။ ဤနည်းတူ၊ အရှင် သာရိပုတြာ, အရှင်မဟာ မောဂ္ဂလာန် စသော မထေရ် မြတ်တို့၏ အဖြစ်တော်စဉ် အကြောင်း ကိုပြဆိုသော-သာရိပုတ္တထေရ အပဒါန် ပါဠိ,အဋ္ဌ ကထာ စသည် တို့သည်လည်း၊ ရဟန္တာ အရှင်မြတ်တို့၏ သမိုင်း စင်စစ် ဖြစ်သင့် လေသည်။ ။ဤမှတပါး၊ မြတ်စွာ ဘုရား ပွင့်တော် မူရာ ဗောဓိ ပင်၏ ဖြစ်စဉ်ကို ပြသော ကျမ်း သည်၊ ဗောဓိ သမိုင်းကျမ်း မည်သင့်သည့်ပြင်။ ။သီတင်း သုံးတော်မူရာ ဖြစ်သော ဇေတဝန် ကျောင်းတော်-စသော

www.dhammaransi.com



ဂန္ဓ ကုဋိတိုက်ကြီးတို့၏ ဖြစ်စဉ် အကြောင်းကို ဖော်ပြသော- ဓမ္မပဒ အဋ္ဌကထာ, အင်္ဂုတ္တိုရ် အဋ္ဌ ကထာ စသည့်၌ လာရှိသော စကားရ သည်လည်း၊ ကျောင်းတော် သခိုင်း- စသည် များပင် ဖြစ်လေသည်။

ရှင်တော် မြတ်ဘုရား ပရိနိဗ္ဗာန် စံလွန်တော် မူသည့်နောက်၌၊ ရှင်တော် မြတ်ဘုရား၏ ကိုယ်စားတော် အဖြစ်ဖြင့် ကိုးကွယ် ဆည်းကပ် အပ်သော- စေတီတော်တို့မှာ။ ။၁ =ပရိဘောဂစေတီ၊ ။၂= ဓာတုစေတီ။ ။၃= ဓမ္မစေတီ- ဟူ၍ သုံးပါး ရှိခဲ့ရာ။ ။တနည်းအားဖြင့်။ ။၁ = သာရီရိက စေတီ။ ။၂ = ပရိ ဘောဂိက စေတီ။ ။၃ = ဥဒ္ဒိဿက စေတီ-ဟူ၍ သုံးပါး ရှိခဲ့ရာ။ ထိုသုံးပါး လုံး၏ ဖြစ်စဉ် အကြောင်းအရာကို ပြဆိုသော စကား ရသည်ပင်၊ ဘုရား သခိုင်း-မည်သင့် လေသည်။

“စေတီတော် ပထမ သုံးပါးတွင်။ ။၁ = ပရိဘောဂ စေတီ -ဟူသည်မှာ၊ ရှင်တော် မြတ်ဘုရားနှင့်၊ ရဟန္တာ အရှင် မြတ်တို့၏ အသုံး အဆောင် ဖြစ်သော သပိတ်, ပရိက္ခရာ- စသည်၊ ဗောဓိညောင်ပင်- စသည်ကို ဆိုလိုသည်။ ။၂ = ဓာတု စေတီ- ဟူသည်မှာ၊ သွားတော်, အံတော်- စသော ဓာတ်တော် တို့ကို ဆိုလိုသည်။ ။၃= ဓမ္မ စေတီ- ဟူသည်မှာ၊ ပဋိစ္စ သမုပ္ပါဒ် ပါဠိတော် စသည်ကို ရေးသား ဖော်ပြရာ ကျောက်ပြား,ပေ,ပရပိုက်, စာအုပ်- စသည် တို့ကို ဆိုလိုသည်။ ။ဒုတိယ စေတီ သုံးပါးတွင်။ ။၁= သာရီရိက စေတီ- ဟူသည်မှာ၊

www.dhammaransi.com



ဓာတု စေတီ ပင်တည်း။ ။၂=ပရိ ဘောဂိက စေတီ ဟူသည်မှာ၊ ပရိဘောဂ စေတီ ပင်တည်း။ ။၃=ဥဒ္ဒိဿ က စေတီ ဟူသည်မှာ၊ အသုံး အဆောင် ဖြစ်သောသပိတ်, ပရိက္ခရာ- စသည့် ပရိဘောဂ- သွားတော်, အံတော်- စသော ဓာတ်တော်တို့ မဟုတ်ငြား သော်လည်း ဤနေရာ ကား မြတ်စွာ ဘုရား၏ ကိန်းဝပ်တော် မူရာ ဖြစ်သည် စသည်ဖြင့်၊ ရည်မှတ်၍ တည်ထား အပ်သော အရာ။ မြတ်စွာဘုရားနှင့်၊ အသွင် အပြင် တူညီသော ရုပ်တု, ဆင်းတု, ရုပ်ပွါး စသည်တို့ကို ပြုလုပ်၍ ကိုးကွယ်ရာကို ပင်- ဆိုလိုသည်။ ။ဤအဓိပ္ပါယ် များကား၊ ဝိနည်း သာရတ္ထ ဒီပနိဋီကာ နိဒါန်း အဖွင့်၌ အကျယ်လာရှိလေ သည်။ ။ဆိုခဲ့ ပြီးသော စေတီတော် ခြောက်ပါးကို၊ သဘော တူရာ ပေါင်းယူလျှင်။ ။၁=ပရိ ဘောဂ စေ တီ။ ။၂=ဓာတု စေတီ။ ။၃=ဓမ္မစေတီ။ ။၄=ဥဒ္ဒိဿ က စေတီ-ဟူ၍ လေးပါးဖြစ်လေသည်။

ထိုစေတီတော် လေးပါး လုံးကိုပင်၊ ရှင်တော်မြတ် ဘုရား၏ လက်ထက် တော်မှ စ၍၊ ယခုနေ့သို့ ကျအောင် မင်း, ပုဏ္ဏား, ဆင်းရဲသား, သူဌေး-ဟူသော အမျိုးလေး ပါးတို့၊ ကိုးကွယ် ဆည်းကပ်၊ ကြည်ညိုမပြတ် လာခဲ့ကြသည့် ပြင်၊ ထိုစေတီတော် တို့၏ သချိုင်း တို့ကိုလည်း၊အသီးသီး အများ အားဖြင့် ခေးမှတ်လျှက် ရှိကြ လေသည်။ ။ မဇ္ဈိမတိုက် အဓမ်း၌ ရှိသော ကျောင်း, ကန်, ဘုရား-

www.dhammaransi.com



စသည်တို့၏ သမိုင်း များကို၊ ယခု ထက်တိုင် ကျမ်းဂန်း ပေစာတို့၌ အထင် အရှား တွေ့မြင် နိုင်လေသည်။ ။

မြန်မာ နိုင်ငံတွင်၊ ဘုရားရှင် ပွင့်တော်မူ၍၊ ပရိ နိဗ္ဗာန် စံလွန်တော် မူပြီးမှ၊ မြန်မာ ဘုရင် အဆက်ဆက်တို့ ပြု လုပ် တည်ထားတော် မူကြသော၊ စေတီတော်၊ ကျောင်း, ကန်, ဘုရား-စသည် တို့၏ သမိုင်း များမှာ၊ အများအားဖြင့် ထင်ရှား ရှိခဲ့ရာ၊ ထိုသို့ အစဉ်အဆက်၊ ဆင်းသက် လာခဲ့သော သမိုင်း များကို ဘတ်ရှု ရခြင်း, ကြားနာမှတ် သားရခြင်းတို့ဖြင့်၊ နောင်လာ နောက်သား တို့မှာ၊ ပဏ္ဏာ နုမောဒန ကုသိုလ်, မေ္ဗဿဝန ကုသိုလ်,သဟောဒ္ဓပူ- ဇေ္ဗသံဝေဂ ကုသိုလ်များ၊ တိုးပွါးနိုင်လေသည်။

သို့ရာတွင်၊ အချို့သော ကျောင်း, ကန်, ဘုရား- စသည်တို့၏ သမိုင်း စာစောင်များမှာ၊ အလွန် ရှေးကျ၊ ကာလ ကြံ့ကြာ လွန်း၍ရင်း၊ ရေးမှတ် ထားသော ကျောက် တိုင်, ကျောက်ပြား, စာပေချုးနှင့် တကွ၊ သမိုင်း စကား များ ပျက်စီး ယိုယွင်း ခဲ့ခြင်းကြောင့်ရင်း၊ အမှတ်အသား ကိုပင် မူလရင်းက မထား မိသောကြောင့်ရင်း၊ ပျောက် ကွယ်တိမ်မြုပ်၍ သွားခဲ့ရာ၊ ထိုကျောင်း, ကန်, ဘုရား- စသည်တို့အတွက်၊ ဝမ်းနည်း ဘွယ်ရာပင် ဖြစ်လေသည်။

ရှေးရှေးအခါ၊ မြန်မာ ဘုရင်မင်း မြတ်တို့ တည်ထား ပြုစုခဲ့သော ဘုရား, စေတီ-စသည် တို့မှာ၊ ပြည့်ရှင်မင်း တို့နှင့် စပ်လျဉ်း၍ နေသဖြင့်၊ ဘုရား,စေတီ-စသည် တို့၏ ဖြစ်စဉ် အကြောင်းဟောင်း သမိုင်း မရှိခဲ့ပါမူ၊ ရာဇဝင်

www.dhammaransi.com



ကျမ်း၊ ထိုရာဇဝင်နှင့် အလားတူသော-ဇေးချင်း,မော်ကွန်း, မျို,ရတု-စသော ကဗျာ ကျမ်းတို့မှ၊ အဆင့်ဆင့်အထောက်, အပံ့ ရလျက်၊ သမိုင်း ရင်းကို ရှာဖွေ တွေ့မြင် နိုင်သေသည်။ ။သည့်သဘောကို ထောက်ထားလျှင် ရာဇဝင် ကျမ်းများမှတပါး ဆိုခဲ့သည့် ဧချင်း, မော်ကွန်း, မျို, ရတု- စသော ကဗျာဟောင်း, လင်္ကာဟောင်း ကျမ်းများ ကို အထူးတလည် ကျေးဇူးတင်ထိုက်ကြောင်း ထင်ရှား လေသည်။ ။အဘယ့်ကြောင့် ဟူမူ။ ။ရာဇဝင်၌ မလာ- မပါရှိသော ဘုရား, စေတီ စသည်တို့နှင့် စပ် လျဉ်းသော စကားတို့မှာလည်း ဧချင်း, မော်ကွန်း စသည် တို့၌ လာရှိပါဝင်နေတတ်သောကြောင့် ဖြစ်လေသည်။ ။ ဤအချက်ကို ရွှေဒဂုံ ဘုရားသမိုင်း, ရှင်ပင်သာကျော်ရ ဘုရားသမိုင်း, ဗောဓိပင်သမိုင်း, ရှင်မာလဲ ဘုရားသမိုင်း- စသည် တို့ကို ကြည့်ရှု ခြင်းဖြင့် ထင်ရှားစွာ သိနိုင် သေသည်။

သမိုင်းစကား တို့ကိုလည်း ရာဇဝင် စသော ကျမ်း ကြီး, ကျမ်းခိုင်စကားတို့ ကဲ့သို့ ယုံကြည် လေးနက် အပ် သည် ဖြစ်ခဲ့ရာ သမိုင်း မရှိသေးသော စေတီ, ဘုရား, တံတား, မြို့ပြ-စသည်တို့မှာ ရှေးအာလက သမိုင်း ရှိဘူး သည်ဟု ယုံကြည်ခဲ့ပါမူ မရမနေရ ဟူ၍ ရှာဖွေ သင့် သည့်ပြင်ရရှိခဲ့ပါမူ အများပြည်သူတို့ ကြည်ဖြူ ရှိသေရန် အနှံ့အပြား ထုတ်ဝေသင့်လေသည်။

ယခု သမိုင်းတွင် ပါဝင်သော ပခုက္ကူမြို့ မြစ်ကိုင်း

ရပ်နှင့် ပြင်သာရပ်အနီး၌ သီဟိုဠ်ရှင် မြတ်စွာဘုရားကြီး ၌လည်း ရှေးအခါက သမိုင်း ရှိခဲ့ဘူးလျက် ယခုအခါ တိုင်အောင် ထိုသမိုင်းမှာ ပျောက်ကွယ်လျက် ရှိသဖြင့် အများသူငါတို့၏ ပါးစပ်ပြောဖြင့်သာ ပူဇော် ကိုးကွယ် ယုံကြည်ဘွယ် ဖြစ်နေခဲ့ရာ ထိုပါးစပ်သမိုင်းမျှဖြင့် ကျေနပ် ခြင်း မရှိကြသော သီဟိုဠ်ရှင် မြတ်စွာဘုရား ဘဏ္ဍာ တော်ထိန်း အဖွဲ့ဝင်လူကြီး, လူကောင်းတို့မှာ မူလသမိုင်း ရင်းကို ရလို,သိလိုကြသောကြောင့် နှစ်ပေါင်း များစွာပင် အထပ်ထပ် ကြိုးစားလျက် အခင်အားစိုက်ကာ ဖွေရှာ ခဲ့ဘူးလေသည်။ ။သို့ရာတွင် သတင်းမျှကိုသာ ကြား ရလျက် တောင့်တသော သမိုင်းကိုကား မရဘဲ ရှိနေကြ သဖြင့် နောက်ဆုံးတွင် ပါးစပ်သမိုင်းကို ပြန်လည်အား ထား၍ နေကြရ ပြန်လေသည်။

ဤသို့ ဖြစ်နေစဉ်တွင် ဤ သမိုင်းကျမ်းကို ကြိုးပမ်း ပြုစုတော်မူသော ပထမကျော် လယ်တီ-အရှင်ကောဝိဒ သာမိသည် ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်၌ ပညာ သင်ကြားခိုက် ကြိုကြိုက်ရကား၊မူလကပင် ဟောင်းမြင်း သော စာပေပညာကို လွန်ကဲစွာ ဆည်းပူး စုဆောင်း လေ့ရှိသော အရှင် ကောဝိဒသာမိသည် မြန်မာနိုင်ငံ တွင် ထင်ပေါ်ကျော်စောလျက်ရှိသော သီဟိုဠ်ရှင် မြတ် စွာဘုရား၏ မူလ သမိုင်းဟောင်းကို သိမှတ် ကြည်ညို ဘတ်ရှု လိုလှသဖြင့် အားအင်စိုက်ထုတ်ကာ တတ်စွမ်း သမျှ ရှာဖွေခဲ့ဘူးသေးသည်။ သို့ရာတွင် လုံလောက်သော

www.dhammaransi.com



အထောက်အထား အကြောင်းအချက်တို့နှင့် မတိုက်ဆိုင် မီသဖြင့် အလိုရှိသော သမိုင်းရင်းကို ရှာဖွေခရဘဲ ရှိရ ပြန်လေသည်။

သို့နှင့်ပင် သီဟိုဠ်ရှင် မြတ်စွာဘုရား၏ မူလ သမိုင်း ရင်းကို ရှာဖွေ မတွေ့ရှိ နေရာ၊ အသိုပါ အရှင်ကောဝိဒ သာမိ မှာ လေးနှစ်မျှကြာအောင် သမိုင်းစာကို မြော်လင့် ခြင်းဖြင့် တနေ့နေ့တွင် တွေ့အောင် ရှာဖွေဦးမည် ဟူ၍ သာ တင်းမာစွာ နှလုံးသွင်းသျက် နေတော်မူခဲ့စဉ်တွင်၊ လွန်ခဲ့သော ၁၂၉၅-ခုနှစ် ဝါဆိုချိန်နီးမှ ပသခကျော် လယ်တိ- အရှင် ကောဝိဒသာမိသည်၊ မန္တလေးမြို့မှ ပခုက္ကူ။ မြို့သို့ ကိစ္စတခုဖြင့် ခေတ္တ ကြွသွားတော် မူ လေသည်။

ထိုစဉ် အခါတွင် သီဟိုဠ်ရှင်မြတ်စွာဘုရား- လျှပ် စစ်ဓာတ်မီး အဖွဲ့နှင့် ဘဏ္ဍာတော်ထိန်း အဖွဲ့ဝင် ဒကာ ဒကာမ တစုတို့က။ ။အရှင်ဘုရားလည်း သီဟိုဠ်ရှင် ဘုရားသမိုင်းကို ရှာဖွေရဆောင်းတော်မူသည်ဟု ကြားရ ပါသည်။ တပည့်တော် များလည်း နှစ်ပေါင်း များစွာ ကပင် သီဟိုဠ်ရှင် သမိုင်းကိုရှာဖွေ ဆည်းပူးခဲ့ ပါသည်။ မရရှိ၍သာ လက်လျှော့ နေကြရ ပါသည်။ ။အရှင် ဘုရားသည် လောကဏ္ဍရေ ကျမ်းစာတို့၌ ဝါသနာဓာတ် ကြီးမားသကဲ့သို့ ဘုရားကျောင်းကန်နှင့်စပ်သော သမိုင်း, ရာဇဝင် တို့၌လည်း မရလျှင်မနေ ရအောင် ရှာဖွေမည် ဟူသော- မဟာဉ္ဇာသသယ ဆန္ဒဓာတ် ကြီးမားတော် မူ

www.dhammaransi.com



ကြောင်းကို ကြားသိရပါသည်။ ။သို့ပါ၍ အရှင်ဘုရားနှင့် တပည့်တော်များ အလိုပြည့်ရန် သိပ်ဟိုင်ဘုရင် မြတ်စွာဘုရား၏ သမိုင်းရင်းကို ရှာဖွေ ရေးသား ပေးသနားတော် မူစေချင်ပါသည်။ ။ဤကဲ့သို့ လျှောက်ထား ကြလေသည်။

ဤသို့ တောင်းပန် လျှောက်ထားသော စကားကို ကြားရလျှင် အရှင်ကောဝိဒသာမိမှာ။ ။"ကြရတွင်-မ-၍ပေး"။ ။ဟူသော စကားကဲ့သို့ မူလရင်းကပင် ရည်ရွယ်ခြင်း အာသာ ရှိခဲ့ရတွင်၊ ဒကာ-ဒကာမ တို့၏ လျှောက်ထား တောင်းပန်သော စကားကြောင့် သိပ်ဟိုင်ဘုရင် ဘုရားသမိုင်းကို ရှိရိုးမှန်လျှင် ဧကန် တွေ့စေ ရမည်—ဟူသော စိတ်ဖြင့် ရှေးက ထက်တိုင်၍ အမျိုးမျိုး ရှာဖွေရန် ဝန်ခံဆုံးဖြတ် ခဲ့လေသည်။ ။ဝန်ခံဆုံးဖြတ်သည့်အတိုင်း သိပ်ဟိုင်ဘုရင် ဘုရားသမိုင်းကို ရရှိရန် အတွက် ရှေးဟောင်း စာပေပေါ်များသော နေရာများသို့ ကိုယ်တော်တိုင် သွား၍ရင်း၊ တပါးသူကို စေလွှတ်၍ရင်း၊ ရှာဖွေ အားသစ်တော် မူခဲ့လေသည်။ ။သို့ ရှာဖွေရာ အထပ်ထပ် အဖန်ဖန် ခေါက်တုံ့ခေါက်ပြန် ရောက်ရှိသော အရပ်များမှာ—

၁။ အင်းဝမြို့၊ဗားကရာသာသနာပိုင်တိုက်။

၂။ စစ်ကိုင်းမြို့၊ ရတနာဗိမာန် ကျောင်းတိုက်။

၃။ ရင်းမြို့၊ ဒေသင်မြေစံလွှတ်တိုက်။

www.dhammaransi.com



၄။ ရင်းမြို့၊ တောတောင်ဘိလူးချောင်။
၅။ မင်းကွန်း၊ ဦးပုကြီးတောင်၊ သုဝဏ္ဏ ဆရာတော်ချောင်။
၆။ အမရပူရမြို့၊ ကျော်အောင်စံထားတိုက်။
၇။ မန္တလေးမြို့၊ တောင်ခွင်တိုက်။
၈။ ရုံရွာမြို့၊ လယ်တီတိုက်နှင့် မင်းခင်းတိုက်။

ဤ နေရာဌာနများမှာ အထူးသဖြင့် စာဒိုငှ်, စာမင်း ပေါ်များသဖြင့် ခဏခဏ သွားရောက် ရှာဖွေလေသည်။ ။ ထိုမှတပါး စာဖြင့်ရင်း၊ သူတပါးကို စေ၍ရင်း၊ ရှာဖွေစေ လွှတ်သော နေရာတို့ကား အများကြီး ရှိလေသေးသည်။

ဤကဲ့သို့ ရှာဖွေခဲ့ရာ ဆယ်လမျှ ကြာအောင် ငံ့စား နေရပြီးမှ နောက်ဆုံးတွင် စစ်ကိုင်းမြို့၊ အောင်မြေစံလွှတ် ကျောင်းမှ (သိဿိမိုဋ္ဌရသမိုင်း)ဟူသော ပေစာငယ် တခု ကို ရရှိလေသည်။ ။ထိုပေစာမှာ ၁၀-ချပ်ရှိ၍ ကျမ်း ပြုသူ အမည်မပါ။ ရေးကူးခုသက္ကရာဇ်မှာ ၁၂၀၃-ခု ပြာသိုလဆန်း (၈) ရက်နေ့ ပြီးစီးသည်ဟု ပါရှိသည်။ ။ ထိုကြောင့် ထိုသိဿိမိုဋ္ဌရ သမိုင်းစာငယ်မှာ လွန်ခဲ့သော နှစ်ပေါင်း ကိုးဆယ်ကျော်ခန့် ကာလက ကူးယူရေးသား ထားကြောင်းကို သိရသဖြင့် စာဟောင်း တခု ဖြစ် ကြောင်းကို သိရသည့်ပြင် သမိုင်းစာငယ်ကို စိစစ်သော အခါ မိမိအလိုရှိနေသော ပခုက္ကူမြို့ သိဟိုဠ်ရှင် မြတ်စွာ ဘုရား၏ သမိုင်းဖြစ်ကြောင်းကိုလည်း ယုံကြည် စိတ်ချ

www.dhammaransi.com



ဘွယ် အထောက် အထားများကို တွေ့မြင်ရ ပြန်သော ကြောင့် ဤ"သင်္ဂိုဟ်ဌာနသမိုင်း" စာပေယ်ကို ရခြင်းမှာ လွန် စွာ ဝမ်းမြောက်ဘွယ်ရာပင် ဖြစ်လေသည်။

သို့ရာတွင် သိင်္ဂိုဟ်ဌာန သမိုင်း စာပေယ်မှာ အနည်း ငယ်မျှသာ ဖြစ်သည့်ပြင် ရုံရုံလင်လင်လည်းမပါ။ ဘုရား တည်ထားပုံ အကြောင်းမျှသာ ပါရှိခြင်း။ ရှေးဟောင်း စကားတို့ဖြင့် သုံးနှုန်း ရေးသား ထားခြင်း။ ထို့ကြောင့် အဆိုပါ သိင်္ဂိုဟ်ဌာန သမိုင်းစာမျှဖြင့် လိုအပ်သော အ ကြောင်း အရာတို့မှာ ကောင်းမွန်စွာ လုံလောက် ပြီဟု မဆိုနိုင်သေးရကား၊ ထပ်မံ၍ ဖွေရှာပြန်လျှင်။ ။မုံရွာမြို့ အနီး မုံရွေးမြို့ လောကမာရ်အောင်တိုက်မှ ယူခဲ့သည် ဆိုသော "ဘုရားဆက်သမိုင်းလက်ာ" စာမူတခုကို မုံရွာ မြို့ ဘုန်းတော်ကြီး တပါးထံမှ ရရှိပြန် လေသည်။ ။ ထိုပေစာမှာ တအခ်ါခွဲမျှရှိ၍ ရေးသားသူမှာ "ရှင်ဝမ္မ ဝိလာသ"ဟု ပါရှိသည်။ ကျမ်းပြီးသော သက္ကရာဇ်မှာ (၁၀၄၈) ခု ဝါခေါင်လဆန်း (၂) ရက် ဗုဒ္ဓဟူးနေ့ဟု ပါရှိသည်။

ထို ဘုရားဆက်သမိုင်း လက်ာကျမ်း၌ လက်ာပုဒ် ရေ (၄၈) လေးဆဲ့ရှစ်ပုဒ် ပါရှိသည်ဖြစ်ရာ၊ ထိုလက်ာ များမှာ ပုဂံပြည် အနော်ရထာမင်းကြီးကောင်းမှု, နောက် ထပ် အပြီးသတ်သော ကျန်စစ်သားမင်း၏ ကောင်းမှု, ပုဂံ-ရွှေစည်းခုံ ဘုရားနှင့် စပ်သော လက်ာများ, ထိုမှ တပါး ပုဂံမြို့ နန္ဒာဂူ မြတ်စွာဘုရား, သမ္ဗညူ မြတ်စွာ

www.dhammaransi.com



ဘုရား, ကန်တော့ပလ္လင် မြတ်စွာဘုရား, နဂါးရုံမြတ်စွာဘုရား, ဗောဓိဘုရား, လောကနန္ဒာမြတ်စွာဘုရား, စက်တော်ရာ မြတ်စွာဘုရား, ရွှေဒဂုန်မြတ်စွာဘုရား, ပဲခူးရွှေမော်ဓော မြတ်စွာဘုရား, ပခန်း-စည်သူ့ရှင် မြတ်စွာဘုရား, ကျောက်ရစ်မြတ်စွာဘုရား, ပခုက္ကူမြို့ မြင်သာရပ် သီဟိုဠ်ရှင် မြတ်စွာဘုရားတို့၏ သမိုင်းလက်ာများ ပါရှိချေသည်။ ။အထူးအားဖြင့် မှတ်သားရန် အချက်မှာ သီဟိုဠ်ရှင် မြတ်စွာဘုရားနှင့် စပ်လျဉ်းသော သမိုင်းလက်ာ- ကိုးပုဒ်မျှ ပါရှိနေခြင်း ဖြစ်လေသည်။

ဖော်ပြ ခဲ့ပြီးသော အရှင် "မေဓာဝီလာသ" ထေရ်သည်၊ မည်သည့် အရပ်, မည်သည့် ကျောင်းတိုက်—စသည်၌ နေထိုင် သီတင်းသုံးသည်ဟူ၍ ဂ- န- သေချာစွာ မပါရှိပေ။ သို့ရာတွင် စာနေစာထား ရေးသား စီကုံးပုံမှာ၊ ကောင်းမွန် မှန်ကန် အားထားရန် သင့်သော စာဟောင်းတခုဖြစ်၍၊ ယုံကြည်စိတ်ချ ထိုက်ပေသည်။ ။ သို့နှင့်လျက်၊ ထိုဘုရားဆက် သမိုင်းလက်ာကို ရေးသားသော ကျမ်းပြု ဆရာသည် အဘယ့်ကြောင့် ရွှေစည်းခုံမြတ်စွာဘုရား, နန္ဒာဂူ မြတ်စွာဘုရား- စသော ဘုရားပေါင်း (၁၃) တဆူ့ သုံးဆူသော မြတ်စွာဘုရား တို့၏ သမိုင်းလက်ာကိုသာ ရွေးချယ် ကောက်နုတ်၍ ရေးသား စီကုံး ရလေသနည်း။ အခြား အခြားသော တန်ခိုးကြီး ဘုရားရှင်တို့၏ သမိုင်း လက်ာများ ကိုလည်း ရေးသား

www.dhammaransi.com



စီကုံးရန် သင့်သည့် မဟုတ်လော။ ။ဟူ- စိစစ်ဘွယ် အချက်တခု ပေါ်ပေါက် လာပြန်လေသည်။

ထို စိစစ်ဘွယ်အချက်ကား၊ ယခင် သမိုင်း လင်္ကာ ကျမ်း၏အဆုံး နိဂုံးတွင် ပါဝင်သော အောက်၌ ဘော်ပြ ထားသည့် သမိုင်း လင်္ကာ ဖြင့်ပင် ဖြေ ရှင်းလင်းနိုင် သည်ကို ဘတ်ရှု သူတိုင်း ငန်ခံ အင်လှာ ပေသည်။ ။ အဘယ့်ကြောင့် နည်းဟူမူ။ ။အဆိုပါနိဂုံး၌ လာရှိသော သမိုင်း လင်္ကာဖြင့် ကျမ်းပြု ဆရာတော် အရှင် မေဓာဝီလာ သ ထေရ်သည်၊ ငါမိ ကိုယ်တိုင် သွားရောက် ဖူးမြင် ဦးတင် ကြည်ညိုခဲ့ရသော မြတ်စွာဘုရား တို့၏ ဖြစ်စဉ် အကြောင်း မှလောက်ကိုသာ အခါ ခပ်သိမ်း ကြည်ညို နိုင်ရန် ရေသား ထားသည်- ဟူသော အဓိပ္ပါယ်ကို တိုက်ရိုက် ဘော်ပြ ထားသောကြောင့် ဖြစ်လေသည်။

## ဘုရားဆက် သမိုင်းလင်္ကာနိဂုံးတွင် ပါရှိသော အထောက်အထား။

ဤသို့စိစဉ်။ သမ္ဗုဓဉ်ဖြင့်။ ဉာဏ်ယာဉ်ရထား။ စီးသော အားလျှင်။ အများလူရှင်။ ဖူးမြော်မြင်သော်။ ရွှင်ပျပီတိ။ သဒ္ဓါညွှတ်လျက်။ ပ်ဋ္ဌိသဒ္ဓါ။ ဂါထာမဘာက်။ သွေးချိုမြွက် သား။ သက်သက်မြန်မာ။ ဤလင်္ကာကို။ ဉာဏ်ဝိရုးရုး။ ခွန်းမိန့်ကြူး၍။ အံ့မူးဘွယ်မျိုး။ ဂုဏ်တန်ခိုးတည့်။ ပုထိုး စေတီ။ မွေသရိပ်။ ပဝေဏီကာလ။ ပြုတည်ကြသည်။ လောကစက္ခု။ သမ္ဗုညှသို့။ ကြည့်ရှုဖူးမြော်။ ဆန္ဒတော်

www.dhammaransi.com



ကြောင့်။ ကောဲရော်အပြိုင်။ ကိုယ်တိုင်မိမိ။ သွားရောက်ဘိ၍။ ထုတ်ထောမနာ။ ဆယ်လက်ကြာကို။ ထိပ်မှာရပုံ။ သဒ္ဒါ ထုံသော်။ အာရုံ အာရမ္မဏိက်။ ကုသိုလ် ဟိတ်ဖြင့်။ ဦးငြိတ်ရိုက်ချုပ်။ မဘုန်လှုပ်ဘဲ။ အနုပ္ပန္န။ ကုသလလည်း။ ဆထက်တံပိုး။ ပွါးအောင် ကြိုးလျက်။ ကောင်းကျိုးချွေတာ။ ရဖွေရှာသည်။ ။သက်ာသမိုင်း။ ဂုဏ်ရှိ တည်း။

၌လက်ာဖြင့် ကျမ်းပြုဆရာတော် အရှင်ဓမ္မဝိလာသ မထေရ်သည် မိမိ ကိုယ်တိုင် သွားရောက် ဖူးမြော်ရသော ဘုရားရှင် တဆဲ့သုံးဆူ တို့၏ သမိုင်းစဉ် ကိုသာ ရေးသားထားကြောင်း ထင်ရှားလေသည်။ ။ထို့ကြောင့် ထိုသမိုင်း လက်ာ စာစောင်မှာ အထူးသဖြင့် ယုံကြည် စိတ်ချဘွယ် ကောင်းသော ကျမ်းစာ တခု ဖြစ်ရကား၊ မူလရင်း ရှိခဲ့သော သိဿိုင္ဒရ သမိုင်း ထက်ပင် ပို၍ စုံလင် ပြန့်သောကြောင့် သ်ဿိုင္ဒရ သမိုင်း၏ အထောက် အပံ့တခုကို ရရှိခြင်းပင် ဖြစ်လေသည်။

ထို့နောင် စစ်ကိုင်းမြို့ ရတနာဗိမာန် ကျောင်းတိုက်မှ၊ ရွှေမုဋ္ဌော သမိုင်းလက်ာ ပေစာတခုကို ရရှိပြန်လေသည်။ ။ထို စာငယ်မှာ၊ ပေ ၁၁- ချပ် ရေးသူအမည်မပါ။ စာပြီးသော သက္ကရာဇ်ကား (၁၁၉၀) ပြည့်နှစ်ဟုပါရှိသည်။ လက်ာပုဒ်ရေ (၃၀) သုံးဆယ်မျှ ပါဝင်သည်။ ။ အလောင်း စည်သူ မင်းကြီး တည်ထားတော် မူခဲ့သော ရွှေမုဋ္ဌော စေတီတော် ကိုးဆူတို့ကို သမိုင်း လက်ာရေး၍ ဘွဲ့ဖွဲ့ထားသော ကျမ်းဖြစ်သည်။ ။ထိုကျမ်း၌ ပါဝင်

www.dhammaransi.com



သော ရွှေမှန္တော ကိုးဆူတို့၏ ဘွဲ့အမည် တော်ကို ဤသမိုင်းကျမ်း၌ပင် တွေ့မြင် ရလိမ့်မည်။ ။မှန္တော ကိုးဆူအနက် ယခုသမိုင်း ရေးသားသော သိဟိုဠ်ရှင် မြတ်စွာဘုရားလည်း ပါဝင်လျက် ရှိရကား၊ ဤရွှေမှန္တော သမိုင်းလက်ာကို ရခြင်း သည်လည်း မူလရင်း– သိဆိုဠ်ရ သမိုင်း၏ အထောက်အပံ့ဘရပင် ဖြစ်ပြန်လေသည်။

ဤသို့လျှင်။ ။၁- သိဆိုဠ်ရ သမိုင်း။ ။ ဘုရားဆက်သမိုင်းလက်ာ။ ။၃- ရွှေမှန္တော သမိုင်းလက်ာ။ ။ ဤ စာသုံးစောင်ကို ရခြင်းကား၊ လွန်စွာ ဝမ်းသာဘွယ်ရာ ဖြစ်သည့်ပြင် ထိုစာ သုံးစောင် ဖြင့်ပင် သိဟိုဠ်ရှင် သမိုင်းကို ရေးသားရန် လုံလောက်နေပြီ ဖြစ်သောကြောင့် နှစ်- လ- တောင်တာ ကြာမြင့်စွာက မွေ့ရှာ တောင့်တခဲ့သော စိတ်နှလုံး အလို သည်လည်း အပြီး အဆုံးသို့ ရောက်ရ ပေပြီဟု- ဝန်ခံရလေသည်။ ။ထိုစာ သုံးစောင်တွင် သိဆိုဠ်ရ သမိုင်းမှာ စကားပြေနှင့် ရေးသားထား၍ ကျန်နှစ်စောင်မှာ လက်ာများဖြင့် ရေးသား ထားသော ကျမ်းစာ ဖြစ်လေသည်။ ။ထို့ကြောင့် သိဆိုဠ်ရ သမိုင်းကို မူရင်း ထားလျက် အကြား အကြား၌ ဘုရားဆက်သမိုင်းလက်ာ- ရွှေမှန္တော ဘုရား သမိုင်း လက်ာ တို့ကို ထောက်ထား ကိုးကား၍ ဤသိဟိုဠ်ရှင် သမိုင်းကို ရေးသားရန် ရည်ရွယ်ပေ သတည်း။

ဤ အရာ၌လည်း တွေ့ရှိ ရဆောင်း ငါသော စာသုံးစောင်အနက် "သိဆိုဠ်ရသမိုင်း" ဟူသော စာစောင်မှာ

www.dhammaransi.com



''သိပ္ပိုဟိုင်ရှင်'' မြတ်စွာ ဘုရား၏ သမိုင်း မဖြစ်တန်ရာ။ ''သိပ္ပိုဟိုင်ရှင်'' မြတ်စွာ ဘုရား၏ သမိုင်းမှာ ''သိပ္ပိုဟိုင်ရှင် သမိုင်း'' ဟူ၍သာ ရှိရပါမည်ကို ''သင်္ဘိုင်္ဂရသမိုင်း' ကို အားထားလျက် အဘယ်မှာလျှင် ''သိပ္ပိုဟိုင်ရှင် မြတ်စွာ ဘုရား၏ သမိုင်း'' ဟူ၍ ရေးသားရန် သင့်နိုင်ရာ ပါအံ့ နည်း- ဟူသော မေးခွန်းတချက် အစွန်းထွက်ခဲ့ပြန်ရာ။ ။ ထို မေးခွန်း၏ အဖြေကို ယခု ရေးသားသော သမိုင်း စာစောင်ကို ဘတ်ရှု ခြင်းဖြင့် သိသာ နိုင်သော်လည်း အကျဉ်းချုပ် အဖြေ မှာကား။ ။သိပ္ပိုဟိုင်ရှင် မြတ်စွာ ဘုရား၏ ဘွဲ့တော်များမှာ။ ။၁-သိပ္ပိုဟိုင်ရှင်။ ။၂-သိဗ္ဗိုင်္ဂ ရှင်။ ။၃- သိပ္ပိုဟိုင်ရ။ ။၄- သင်္ဘိုင်္ဂရ။ ။ဟူ၍ အသီးသီး ရှိသောကြောင့် ''သိဗ္ဗိုင်္ဂရ သမိုင်း'' နှင့် ''သိပ္ပိုဟိုင်ရှင် သမိုင်း''တို့မှာ အတူတူပင်ဖြစ်၍ သင့်မြတ်လေသည်ဟု ဖြေဆိုအပ်သတည်း။

ထို့ကြောင့် သိဗ္ဗိုင်္ဂရ သမိုင်း ကိုသာ မူရင်းထား လျက် သမိုင်း သစ်ကို ရေးသားခဲ့ပါမူ အသင့် တင့်ဆုံး သော ရေးသားခြင်း ဖြစ်ရာသည်-ဟု ဆိုသင့်လေ၏။ ။ သို့ရာတွင် စာစောင် ချင်းချင်း အဆိုအယူ မတူ ညီရာ တို့၌ ညှိနှိုင်း ဆုံးဖြတ်ရန် ရာဇဝင် အစောင် စောင်နှင့် ကျောက်စာ အစောင်စောင်။ ထို့ပြင် ရှေးသူဟောင်းတို့ ပြောရိုးဆိုစဉ် စကား တို့ကိုပါ ထင်မံ ရှာဖွေ ပြီးလျှင် အစုံအလင် ရရှိပြီးမှ ရှေ့ နောက် ပိုင်းခြား မှတ်သား ကြည့်ရှုပြီး၍ ဤ''သိပ္ပိုဟိုင်ရှင် ဘုရားသမိုင်း''ကို အသင့်

www.dhammaransi.com



ယုတ္တိရှိရာ ကောင်းမွန် မှန်ကန်ရာကို ယူလျက် စီစဉ်ရေး သားသည် ဖြစ်သဘည်း။

ဤသို့ ရေးသား ရာ၌လည်း ပါးစပ်သမိုင်းနှင့် မတူ၊ အဆို အယူ ကွဲပြားသော အချို့အချက် များကိုလည်း တွေ့မြင်ခဲ့ရာ။ ထို အချက်များတွင်။ ။"နတ်တရာ- စာ ဘသုံး"ဟူသကဲ့သို့ ပါးစပ်ပြော စကားကိုဖယ်လျက်။ ။ ၁- သိဿိုဠ္ဌရသမိုင်းရင်း။ ။၂- ဘုရားဆက်လက်ဘ။ ။ ၃- ရွှေမုဋ္ဌောသမိုင်းလက်ဘ။ ။ဤကျမ်းစာသုံးခုကို မူရင်း ထား၍ ရေးသား စီစဉ်သည် ဖြစ်သောကြောင့် တဆင့် မှတဆင့် နတ်သံ လွင့်၍ အပွင့် ကားလာ တတ်သော ပါးစပ်စကားမျိုးနှင့် မတိုက်ဆိုင်မိဘိုင်း အထက်ပါကျမ်း ရင်းများကို ရှိသေ လေးနာသော အားဖြင့် အပြစ်တင် ခြင်း ငြင်းဆန်ကန့်ကွက်ခြင်း မပြုသင့်ရိုး မှန်လေသည်။

နေနှင့် လကို ဘောင့်တ နေကြသော ကမ္ဘာ ဦးသူတို့ အတွက် နေ လ- နှစ်ပါးထွက်လာလျှင် ကမ္ဘာ ဦးသူတို့ မှာ လွန်စွာ ဝမ်းမြောက်ကုန်သကဲ့သို့၊ သိဟိုဠ္ဌရှင်သမိုင်း ရင်းကို တောင့်တ မြော်လင့် နေကြသော သိဟိုဠ္ဌရှင် မြတ်စွာ ဘုရား၏ လျှပ်စစ်ဓာတ်မီး အဖွဲ့, ဘဏ္ဍာတော် ထိန်း အဖွဲ့တို့မှာ ကျမ်းပြုဆရာ၏ ထံမှောက်သို့ သိဟိုဠ္ဌ ရှင်မြတ်စွာ ဘုရား၏ သမိုင်းရင်းများ ရောက်လာသည့် အတွက် နတ်များဖန်တီးသကဲ့သို့ အထူးပင် ဝမ်းမြောက် ဘွယ် ဖြစ်လေသည်။

www.dhammaransi.com



ဤကဲ့သို့ စိတ်နှလုံး အလို၏ အပြီးအဆုံးသို့ ရောက်ခြင်းကြောင့် ဝမ်းမြောက် ခြင်းကြီး မက, ဝမ်းမြောက်နေကြသော သီဟိုဠ်ရှင် မြတ်စွာဘုရား- လျှပ်စစ် ခတ်မီးအဖွဲ့, ဘဏ္ဍာတော်ထိန်း အဖွဲ့ဝင်လူကြီးများမှာ မိမိတို့နှင့်ထပ်တူ အများပြည်သူ တို့သည် ကြည်ညို ဝမ်းသာကြပါစေ။ ။သီဟိုဠ်ရှင် မြတ်စွာဘုရား၏ အကြောင်းခြင်းရာ အမှန်အကန် ကိုလည်း ဘတ်ရှု ကြားနာ ကြရပါစေ....ဟူသော သဘောဖြင့် ကျေးဇူးရှင် လယ်တီဆရာတော်ကြီး နှစ်ပါးတို့၏ တပည့်ရင်း မုံရွာမြို့ လယ်တီတိုက် မေဓာစရိယ စာချ ရဟန်းတော်၊ မန္တလေးမြို့ အနောက်ပြင် စကုတိုက် မေဓာစရိယ စာချ ရဟန်းတော်၊ ပရိယတ္တိ ပထမကျော်နှင့် ဒုတိယပထမကျော် လယ်တီ အရှင်ကောဝိဒ သာမိသည့် အသစ်ပြုပြင် ချဲ့ထွင် စီရင်အပ်သော ဤ "သီဟိုဠ်ရှင် သမိုင်းကျမ်း"ကို ရန်ကုန်မြို့ ဇမ္ဗူ့မိတ်ဆွေတိုက်သို့ အပ်နှံလျက် တဖန်ပုံရိုက်လုပ်ဆောင်ခြင်းဖြစ်ပါသည်။

ဤသမိုင်းစာစောင်ကို ဘတ်ရှုခြင်းဖြင့် ဝမ်းမြောက်ခြင်း, နှစ်သက်ခြင်း, သဒ္ဓါတရား တိုးတက်ခြင်း, သံဝေဂရခြင်း- ဖြစ်နိုင် သောကြောင့် မည်သူမဆို စေတီတော်ကိုလည်း ပူဇော်ခြင်းကိစ္စ ပြီးစီးစေ၊ ကုသိုလ်လည်း ရရှိစေ....ဟူသော သဘောဖြင့် သောမနဿစိတ် မပြတ်ခိုလှုံလျက် အာရုံ ယူကာ လေးနက်စွာ ဘတ်ကြားရန်

သင့်မြတ် ကြောင်းကို တိုက်တွန်း နှိုးဆော် အပ်ပါသ တည်း။

ဦ ပဋိတော ဗောဓိ သမ္ဘာရိ၊
ဇာ တိ ကောဋိသု ပါရမီ။
နေ ယျော ဝိနေသိ သမ္ဗုဒ္ဓါ၊
ယာ ဒိဋ္ဌံ သော ဒဒါတု မေ။ ။

အရှင်ဇာနေယျ။

မန္တလေးမြို့

၁၂၉၆-ခု ပထမ ဝါဆိုလဆန်း (၁၀) ရက်နေ့။

www.dhammaransi.com

# သိဟိုဠ်ရှင်သမိုင်းကျမ်း

## ပဏာမဓာဒိ-မင်္ဂလာ။

၁။ ။ဗုဒ္ဓပါဒ ယုဂမ္ဘောဇ၊
ဝိတြဲ စတ္တာရိ ကောသရံ။
နခဒိဓိတိ ဂန္ဓံမေ၊
ဃာနာလိ- မဘိဝါသတံ။ ။

၁။ ။ဗုဒ္ဓပါဒ ယုဂမ္ဘောဇ ဝိတြဲ စတ္တာရိ ကောသရံ၊ မြတ်စွာဘုရား၏ ခြေတော်အစုံ တည်းဟူသော ကြာပန်းပွင့်၌ ထူးတင့် ဆန်းကြယ် အံ့ဩဖွယ် ကောင်းသော တရာ့ရှစ်ဘွက် စက်လက္ခဏာ ကြွန်အဂ်ါ အစုံဘည်းဟူသော ဝတ်မှုံဝတ်ဆံနှို့တော် မှုသော။ နခဒိဓိတိဂန္ဓံ၊ ခြေသည်းတော် နှင်ဆယ်မှ ထင့်တယ် နီတွေး ချိုင်ရည် သွေးကဲ့သို့ အဝေးသို့ ကြွမြန်းသည့် ထူးဆန်းသပ္ပါယ် သော ရောင်ခြည်တော် တည်းဟူသော ရနံ့အပေါင်း ကို။ မေ၊ ဆရာသခင် ကျေးဇူးရှင်တို့ ခေါ်တွင်မိန့်ဟာ ကောဒိဒဟု နာမ ရေးချုပ် အကျွန်ုပ်၏။ ဃာနာလိ၊ နှာခေါင်း တည်းဟူသော ပျားပိတုန်းသည်။ အဘိဝါသတံ- အဘိဝါသတု၊ လွှမ်းမိုး၍နေ မွှေဲရပါစေ သတည်း။ ဝါ၊ သုံ့ရပါစေသတည်း။

၁။ ။**ဆိုလို ရင်းကား**။ ။ရှင်တော်မြတ် ဘုရား၏ ခြေတော်နှစ်ဘက် အရုံသည့် အချပ်တရာ ရှိသော ကြာပန်းပွင့်နှင့်တူ၏၊ ခြေတော်အစုံ၏ ခြေဘဝါးတော် နှစ်ဘက်၌ပါရှိတော်မူသော တရာ့ရှစ်ချက် အရေး အကွက် တည်းဟူသော စက်လက္ခဏာ ထူးထွေ ဆန်းကြယ် အံ့ဩဘွယ် ကောင်းသော ကြန်အင်္ဂါတို့ သည်ကား ကြာပန်းပွင့်၌ ပါရှိသော ဝတ်မှုံ ဝတ်ဆံတို့နှင့် တူကုန်၏။ ခြေသည်းတော် နှစ်ဆယ်မှ တင့်တယ်စွာ ကွန့်မြူးလျက် လွန့်လူးထွက်ကြွ နေသော ချိပ်ရည်အသွေးကဲ့သို့ နီသွေးသော ရောင်ခြည်တော် တို့သည်ကား ကြာပန်းပွင့်မှ အဆင့်ဆင့် ပြန့်ပွါး ပြေးလွှား ခုန်ပေါက်လျက် ရှိသော သင်းပျံ့ ကြိုင်လှောင်းသည့် ရနံ့အပေါင်းနှင့် တူကုန်၏။ ။ သီဟိုဠ်ရှင် သမိုင်းဘောင်ကို ထုတ်ဘော် ရေးသားသော အကျွန်ုပ်- လယ်တီ- အရှင်ကောဝိဒ သာမိ၏ နှာခေါင်းဖု သည်ကား ကြာပန်း၏ ဝတ်မှုံ ဝတ်ဆံနှင့် တကွသော ရနံ့အပေါင်းကို မှိုဝဲသုံးဆောင် လိုလှသော ပျားကောင် ပိတုန်းကောင် ကလေးနှင့် တူ၏။ ။ထို့ကြောင့်။ ။

အကျွန်ုပ် လယ်တီ- အရှင် ကောဝိဒသာမိ၏ နှာခေါင်းဖု တည်းဟူသော ပျားပိတုန်း ကလေးသည် မြတ်စွာဘုရား၏ ခြေတော်အစုံ တည်းဟူသော ကြာပန်းပွင့်၌ ပါရှိသော ထွေထူး ဆန်းကြယ် အံ့ဩဘွယ် ကောင်းသော တရာ့ရှစ်ချက် အရေး အကွက် စက်လက္ခဏာ ကြန်အင်္ဂါ ဟုဆိုအပ်သော ဝတ်မှုံ ဝတ်ဆံရှိသော ခြေသည်းတော်

www.dhammaransi.com



နှစ်ဆယ်မှ တင့်တယ်စွာ ပျံ့သည့် နီရဲ တောက်လောင်သော ရောင်ခြည်တော် တည်းဟူသော သင်းပျံ့ကြိုင်သျှောင်း ကောင်းမြတ်သော ရနံ့ အပေါင်းကို ခံစားသုံးဆောင်ရပါစေ သတည်း။ ။ဤကဲ့သို့ ဆိုလိုရင်းဖြစ်လေသည်။

**အထူး မှတ်သားချက်။** ။ဤဗုဒ္ဓပါဒ ယုဂဠောဇ-အစရှိသော ဂါထာ၌ သံသာထင်ရှား ပြီးဖြစ်၍ရင်း, ရှည်လျားအံ့စိုး၍ရင်း ချွင်းချန် ပယ်နုတ် ထားခဲ့သော သဒ္ဒါနည်း ဆန်းနည်းတို့ကို ပညာရှိတို့ ထုတ်ဘော်၍ သိကြကုန်ရာ၏။ ။အလင်္ကာ နည်းအားဖြင့်ကား၊ ပဒဒေါသ-အစရှိသော အပြစ်အဆာ- အနာအပေါက် တို့မှ ကင်းလွတ်ခြင်း။ ။ထိုသို့ ကင်းလွတ် ခြင်းကြောင့် သဒ္ဒါလင်္ကာရ, အတ္ထာလင်္ကာရ- ဟူသော အဆင်တန်းဆာခေါက်ရာ သည့်တို့တွင် အထူးသဖြင့် (၁)။ ။စပ်သင့်တွဲသင့်သော ကြိယာ, ကာရက ပုဒ်တို့ကို နီးနီး ထား၍စပ်ဟပ်ခြင်း, ကိလိဋ္ဌဒေါသမှ လွတ်သော ပေါ်လွင်ထင်ရှားသော အနက်ရှိသည့် ပုဒ်တို့ကိုသာ ရေးသားခြင်းတို့ကြောင့်"ပသာဒဂုဏ်"။ (၂)။ ။အဘွဲ့ အနွဲ့ ကဗျာ၏လိပ်ပြာ အသက်နှင့် တူသော သမာသ် စပ်ဟပ်ခြင်းများပြားသောကြောင့် "သဒ္ဒ ဩဇဂုဏ်"။ ။ကျွန်ုပ်သည်အဘယ်နည်းဖြင့် မြတ်စွာ ဘုရား၏ ခြေတော် အစုံကိုရှိခိုးရ ပါမည်နည်း ဟူသော ကုသလစ္ဆန္ဒ, မဟာဗျာသယ-အကျဉ်းကလေးမျှ ကိုပင်၊ ဗုဒ္ဓပါဒ ယုဂဠောဇ-

www.dhammaransi.com

အစရှိသော အားဖြင့် အကျယ် ချဲ့၍ မိန့်ဆိုထားသော ကြောင့် "ဗျာသ သမ္ဘဝ အတ္ထ ဩဇဂုဏ်"။ ။သင်း အတ္ထဩဇဂုဏ် သည်ကား-

ဇာယတေ ယံဂုဏော တိက္ခ၊
ပညာနံ- မတိယော ဂတော။ ။

ဟူသော- သုဗောဓာလင်္ကာရနှင့် အညီ၊ တိက္ခပညာဝန် ပုဂ္ဂိုလ်တို့၏ အလွန်အကဲ အားထုတ်ပါမှ ဖြစ်ပေါ်ရ သောဂုဏ်မျိုးတည်း။ (၃)၊ ။သိထိလ, ဓနိတ အက္ခရာ ရောနှော ယှက်တင်နေသော မိဿ ဝဏ္ဏတို့ဖြင့် ချီဘက်၍ မိဿ ဝဏ္ဏတို့ဖြင့် အဆုံးသတ်ရ, အစချုပ် ချသော ကြောင့် "မိဿသမတာဂုဏ်" ။(၄)။ ။သိထိလအက္ခရာ များပြား ဓနိတ အက္ခရာ နည်းပါး ခြင်းကြောင့် ဆင်းရဲ ပြိုငြင်စွာ ရွတ်ဘတ် ရသော အရွတ်အဘတ် ခက်သည့် အက္ခရာ အစဉ်မပါရှိရကား အတ္ထာလင်္ကာရ တည်းဟူ သော အဆင်တန်ဆာ မပါဘဲပင် ဉာဏ်ပညာရှိ ကဗျာ ဆရာကြီးတို့ နှစ်သက်အပ်သော "သုခုမာလတာဂုဏ်"။ ။

ဤ၌ကား။ ။ဥပမာလင်္ကာရ ဟူသော အဆင် တန်ဆာ ရူပကာလင်္ကာရ တည်းဟူသော အဆင် တန်ဆာတို့ဖြင့် ကောင်းစွာပြုပြင် တန်ဆာ ဆင်ထားသည် ဖြစ်သော ကြောင့် ပြကတေအားဖြင့် မှဲ့, ဝက်ခြံ, တင်းတိပ်- စသော အနာမှ ကင်း၍ သန့်ရှင်းပြေပြစ် စင်စစ် ချောမောလှ သော ဂုဏ်ရှိသူ သတို့သမီးကို စိန်, ရွှေ, ငွေ- စသော အဆင် တန်ဆာတို့ဖြင့် ဝတ်ဆင် ပေးပါလျှင် အတိုင်း

www.dhammaransi.com



ထက်အလွန် နှစ်သက်ဘွယ် ဖြစ်ဘိသကဲ့သို့ ပညာရှိတို့အထူး နှစ်သက်ဘွယ် ဖြစ်သော ကဗျာ ဖြစ်လေ၏။ ။ သည်ကိုရည်ရွယ်၍-

အာချာတဘာဝ ဝိသေသေန၊
ရမဏီယာ တဒုတ္တလာ။

ဟူ၍- သုဗောဓ လင်္ကာရ ဆရာ မိန့်တော်မူ၏။ ။ (၅)။ ။သဒ္ဒါသဒ္ဒါဖွေးတော် အသဒ္ဒါဖွေးတော် ဝဂ္ဂန္တတို့၏ အစွမ်းအားဖြင့် အချင်းချင်း ဆင့်၍ ထားသော ပုဒ်များ ပါရှိခြင်း အဘွဲ့ အနွဲ့၏ လေးတွဲ့သည်၏ အဖြစ် တည်းဟူသော ဓနိတ အက္ခရာ ပါရှိခြင်းတို့ကြောင့် "သိလေသဂုဏ်၊" (၆)။ ။လူတို့ခေါ်ဝေါ်ပြောဆို နေကျဖြစ်သော လောက၌ ထင်ရှားသော အနက်တို့ကို မလွန် စေမူ၍ ရေးသား အပ်သောကြောင့် "ကန္တိဂုဏ်"။ (၇)။ ။သဒ္ဒါ အနက် နှစ်ပါး အားဖြင့် ထုတ်ဆောင် အပ်သောအခြား ကြောင်း ပုဒ်တပါး မရှိသောကြောင့်"အတ္ထဗျတ္တိဂုဏ်"။ ။ ဤသို့သော သဒ္ဒါလင်္ကာရ တည်းဟူသော အဆင်တန်ဆာတို့နှင့် ပြည့်စုံ၏။

အတ္ထာ လင်္ကာရ- ဟူသော အဆင် တန်ဆာ တို့တွင်။ (၁)။ ။မထင်ရှားသော အနက်ဟူ၍ ကမ္ဘာရကာ ပုဂ္ဂိုလ်၏ စိတ်၌ အသိအမှတ် ပြုထားအပ်သော မြတ်စွာဘုရား၏ ခြေတော်အစုံ- စသော ဥပမေယျ အနက်တို့ကို ပေါ်လွင် ထင်ရှားသော အနက်ဟူ၍ အသိအမှတ်ပြုအပ်

သော ပဒုမ္မာ ကြာပန်းစသော ဥပမာနတို့နှင့် နှိုင်းယှဉ်ပုံနိုင်းသောကြောင့် "ဥပမာ လင်္ကာရ"။ (၂) မြတ်စွာဘုရား၏ ခြေတော်ပုံ အစရှိသော ဝဏ္ဏသည် ပဒုမ္မာ ကြာပန်း အစရှိသော ဝဏ္ဏနှင့် အချင်းချင်း အလွန်တူသည်၏ အဖြစ်ကြောင့် အကွဲအပြား အခြားအနားမရှိသည်ကို ဖွဲ့ဆိုသောကြောင့် ရူပကာ လင်္ကာရ။ ။ ယင်း "ရူပကာလင်္ကာရ" သည်လည်း ဧကဒေသ ဝဏ္ဏဝိသယ, အသေသ ဝဏ္ဏဝိသယအားဖြင့် နှစ်ပါးတို့တွင် အလုံးစုံသော ဥပမာန, ဥပမေယျ ဝဏ္ဏတို့ကို သိမ်းကျုံးလျက် ဖွဲ့ဆိုအပ်သောကြောင့် "အသေသဝဏ္ဏဝိသယ"။ ။ယင်း အသေသဝဏ္ဏဝိသယ သည်လည်း သမာသ ရူပက, အသမာသ ရူပက, သမာသာ သမာသ ရူပက- အားဖြင့် သုံးပါးရှိသည်တို့တွင် "သမာသ ရူပကာ လင်္ကာရ" ဖြစ်သတည်း။ ။ဤသို့သော အတ္ထာ လင်္ကာရ တည်းဟူသော အဆင် တန်ဆာ တို့နှင့်လည်း ပြည့်စုံ၏။ ။ယင်းသို့လျှင် "ဗုဒ္ဓပါဒ ယုဂမ္ဘောဇ" အစရှိသော အဘွဲ့ကဗျာ ဂါထာရီတိသည် ပဒေါသ- စသောအပြစ် အဆာတို့မှ ကင်းလွတ်၍ သဒ္ဒါလင်္ကာရ ဟူသော အဆင်တန်ဆာ အတ္ထာ လင်္ကာရ တည်းဟူသော အဆင်တန်ဆာတို့ဖြင့် ကောင်းစွာ ဆင်ယင် ပြုပြင် ပေးထားသော အဘွဲ့ဗန္ဓ ဖြစ်သောကြောင့် ကဗျာ့အရာ လိမ္မာကျွန်သော ကဗ္ဗဝိဒူ, ဝိညူကဝိတို့ နှစ်သက်မြတ်နိုး အပ်သော ဂါထာရီတိ ဖြစ်လေသတည်း။

www.dhammaransi.com



ရသ- စသည် တို့တွင်။ ။မြတ်စွာ ဘုရား တည်းဟူသော တရ တည်းသော ကောင်းမြတ်သော အာရုံ၌ တည်ကြည် ငြိမ်သက် မလှုပ်လက်သော စိတ်၏ ငြိမ်းချမ်းခြင်း- စိတ္တပဿဒ္ဓိ, စေတသိက်တို့၏ ငြိမ်းချမ်းခြင်း- ကာယပဿဒ္ဓိ တို့သည် သမဋ္ဌာယိ ဘာဝမည်၏။ ။ ထိုစိတ် စေတသိက် တို့၏ အာရုံ ဖြစ်သော မြတ်စွာ ဘုရားဟု ဆိုအပ်သော အာရုံသည်- အာလမ္ဗန ဝိဘာဝ မည်၏။ ။သုံးဆဲ့ နှစ်ပါးသော ယောက်ျား မြတ်တို့၏ လက္ခဏာ တော်ကြီး, လက္ခဏာ တော်ငယ် ရှစ်ဆယ်, ခြောက်သွယ်သော ရောင်ခြည်တော်, ကျော်စောသော ဂုဏ်သတင်း စသည်တို့သည်- ဥဒ္ဒီပန ဝိဘာဝ မည်၏။ ။ သမဋ္ဌာယိဘာဝနှင့် အတူတကွ ဖြစ်သော ရှိခိုးကြောင်း ပဏာမ မဟာကုသိုလ် စေတနာ ပြဋ္ဌာန်းသော ကြည်လင်ခြင်း-သဒ္ဓါ, အောက်မေ့ခြင်းသတိ, ဝမ်းမြောက် ရွှင်ပျခြင်း ပီတိ, ရောင့်ရဲ အားရခြင်း-ဓိတိ, ပိုင်းခြားဆုံးဖြတ်ခြင်း- မတိ တို့သည် ဗျဘိစာရီဘာဝတို့မည်၏။ ။အာရုံတပါး၌ နှလုံး မသွင်းနိုင်ခြင်းသည်- အနုဘာဝမည်၏။ ။ဤသို့ ဘာဝ, ဝိဘာဝ, အနုဘာဝတို့ဖြင့် လွန်စွာ ပွါးများအပ်သော သမဋ္ဌာယိ ဘာဝသည်သူတော်ကောင်းတို့ နှစ်သက်အပ်သော "သန္တရသ" ပင်ဖြစ်တော့သတည်း။ ။ဤကား၊ရသ-စသည် ကိုဆိုခြင်းဖြစ်၏။ ။ဤမှနောက်၌ ဖြစ်သောဂါထာတို့၌လည်း ဤနည်းအတူ ခွဲစိတ်ဝေဘန် အလင်္ကာ ဉာဏ်ကြီးမား စေရာသည်။ ။ဤ၌ကား၊ အလင်္ကာ ဉာဏ်ရှိသူတို့အား

စီးပွါးကျေးဇူး၊ ထူးတွေ့ရသော်လည်း၊ မသိသူတို့အား နားညောင်းရုံ, နားရှုပ်ရုံမျှသာ ဖြစ်၍၊ လျစ်လျူရှုကာ ချန်ထားခဲ့မည် ဖြစ်သတည်း။ ။ဤကား၊ အထူးမှတ် သားချက်တည်း။

၂။ ။ယေ မံ ကောဋိဒတံ နေတွာ၊
ဂရုံ ကောဋိဒသာ မိနော။
လောကိယေ ပိဋကေ စာပိ၊
နမာမိ ကောဋိဒေါ အဟံ။ ။

၂။ ။လောကိယေ စာပိ၊ ဆန်း, အလင်္ကာ, မဟာဗျာ ကရဏာ- လောကထင်ရှား ကျမ်းအများ၌ လည်းကောင်း။ ပိဋကေစာပိ၊ ကျယ်ဝန်းနံ့နက် အသိခက်သည့် မြွက်ခေါ် ပိဋကတ်တော်၌ လည်းကောင်း၊ ကောဋိဒသာမိ နော၊ အသိဉာဏ်ကြီး လိမ္မာပြီး၍ ဦးစီးချုပ်ချာ ပညာဝါ ဖြစ်ဘောင်မှူးကြခုန်သော၊ ယေဂရုံ၊ ပဌမ- ကျေးဇူးရှင် လယ်တီ ဆရာတော် ဘုရားကြီး၊ ဒုတိယ- ကျေးဇူးရှင် လယ်တီဆရာတော် ဘုရားကြီး တည်ဟူသော အကြွင် ဆရာသခင် ကျေးဇူးရှင်တို့သည်။ မံ၊ ငါသို့စဉ်မျှ မကြီး ကျယ်လှသောသူကို။ လောကိယေစာပိ၊ ဆန်း, အလင်္ကာ မဟာဗျာကရဏာ လောက ထင်ရှား ကျမ်း အများ၌ လည်းကောင်း။ ပိဋကေစာပိ၊ ကျယ်ဝန်း နံ့နက် အသိ ခက်သည့် မြွက်ခေါ် ပိဋကတ်တော်၌ လည်းကောင်း။ ကောဋိဒတံ၊ အထိုက်အလျောက် တင့်မြောက်လိမ္မာ သည့်၏အဖြစ်သို့။ နေတွာ၊ ပို့ဆောင်တော် မူကြပေကုန်၏။

ကောဝိဒေါ၊ ကောဝိဒ အမည်ရှိသော၊ အဟံ၊ အကျွန်ုပ်သည်။ တေ၊ဘစ, တစ ဉာဏ်ရေဝင်အောင် ဆုံးမပဲ့ပြင် ကျေးဇူးရှင် ဖြစ်တော်မူသော ထိုဆရာတော်ကြီး တို့ကို။ နမာမိ၊ သဒ္ဒါယိုဗိတ် ကုသိုလ်စိတ်ဖြင့် ဦးညိတ် ညွတ်ကာ ရှိခိုးပါ၏။

၂။ **။ဆိုလိုရင်းကား။** ။သန်းကျမ်း, အလင်္ကာကျမ်း အဘိဓါန်ကျမ်း, မဟာ ဗျာကရဏကျမ်း- အစရှိသော လောက၌ ထင်ရှားပေါ်လွင်သော ကျမ်းဂန်တို့၌ လည်းကောင်း၊ အဋ္ဌကထာ, ဋီကာနှင့် တကွသော ပိဋကတ်တော်သုံးတန် ကျမ်းဂန် အပေါင်းတို့၌ လည်းကောင်း၊ သူမတူတန် စွမ်းအန်သဖြင့် ရဲရဲငြိုသဖြင့် အသိအလိမ္မာ လွန်စွာ ကြီးမား တော်မူသည်ဖြစ်၍ ဦးစီးဦးကိုင် စိုးမိုင်သော ဉာဏ်ပညာရှင် ဖြစ်တော် မူကြသည့် ပထမ-ကျေးဇူးရှင် လယ်တီ ဆရာတော် ဘုရားကြီး, ဒုတိယ-ကျေးဇူးရှင် လယ်တီ ဆရာတော်ဘုရားကြီး နှစ်ပါးဘည်းဟူသော ကျွန်ုပ်၏ ဆရာသခင် တို့သည် ကျွန်ုပ်ကဲ့သို့သောသူကိုလည်း သန်း,အလင်္ကာ- စသော လောက၌ ထင်ရှားသော ကျမ်းနှင့် ပိဋကတ်သုံးတန် ကျမ်းဂန် အပေါင်း၌ လိမ္မာသောသူတယောက်ဖြစ်အောင် ချီးမြှောက် မြှုစု ကြည့်ရှုစောင်မ ဆောင်ရွက်တော် မူကြပါပေဘုန်းသည်။ ထို ကျေးဇူးရှင် ဆရာတော်ကြီး နှစ်ပါး တို့ကိုလည်း ကောဝိဒအမည်ရှိသော ကျွန်ုပ်သည် ရိုသေလေးမြတ်စွာ ရှိခိုးပါ၏။ ။ဤကဲ့သို့ ဆိုလိုရင်း ဖြစ်လေသည်။

www.dhammaransi.com



၃။ ။ပခုက္ကူနဂရေ ရမ္မေ၊
ဂုဟာလေဏာဒိမဏ္ဍနေ၊
မဟာ ဒဒိပ္ပဉ္စသာမိသိ၊
ထူပေါ နရာဒိပူဇိတော။ ။

၃။ ။ရမ္မေ၊ စီးဘသွင်သွင် မြစ်ရေပြင်နှင့် ကုန်းခင် ဓိဂ်ကာ မျော်မြင်ဖွယ်ရာ ကောင်းလှသော။ ပခုက္ကူ နဂရေ၊ ပခုက္ကူအမည်ရှိသော မြို့ကြီး၌။ ဂုဟာလေဏာဒိ မဏ္ဍနေ၊ ဂူ၊လိုဏ်၊ တန်ဆောင်း ပြာသာဒ်ပေါင်းနှင့် အုတ်ကျောင်း၊ စရပ်-အစရှိသော အဆင်တန်းဆာ ရှိပေသော။ နရာဒိပူဇိတော၊ လူ၊နတ်-စသည့် သဒ္ဓါစည် လျှက် ရှင်ကြည် ကော်ရော် ပူဇော်လေးနာ အပ်တော် မူသော။ သိဉ္စမ္ဘုသာမိ၊ သိပ္ပံဟိုဋ္ဌကျွန်းတွင် ပြည့်သခင်ဟု ခေါ်တွင်ဘွဲ့ဆို သိပ္ပံဟိုဋ္ဌရှင် အမည်ရှိတော်မူသော။မဟာ၊ ကြီးလည်းကြီးမား ဆန်းဆန်း ပြားနှင့် ခမ်းနား သပ္ပါယ် တော်မူပေသော။ ယောထူပေါ၊ ဓာတ်မွေ့သရီ မြတ်စေ တီဟု မဟိဉ္စတ်ကျိုး အကြင် ပုထိုး မြတ်စွာ ဘုရား သည်။ အသိ၊ယခုထက်တိုင် မပျက်နိုင်ဘဲ ခိုင်ခိုင်ခံ့ခံ့ ကျွန်းလုံး လန့်မျှ တည်တံ့၍နေ ထင်ရှား ရှိခဲ့ပေသ တည်း။

၃။ ။ဆိုလိုရင်းကား။ ။အခရှေ့မျက်နှာ၌ ရွှေချောင်း ဟု ခေါ်သော- ယမားချောင်းနှင့် အနောက် မျက်နှာ၌ ပေါက်အင်း ဟူသော ရေအိုင်ကြီး တို့ဖြင့် တင့်တယ်လှ သော ပခုက္ကူမြို့ကြီးသည်ကား တောင်မျက်နှာက ရေ

ဝတီမြစ်ကြီး, မြောက်မျက်နှာက ကုသိနာရုံ တောင်တန်း-စသော တောင်စွယ်တို့ဖြင့် ဝိုက်ကာခြံရံလျက် ရှိရကား ပျော်မွေ့ ဘွယ်ရာကောင်းသော အခရပ်တခုပင်ဖြစ်လေသည်။ ။ထိုသို့ ပျော်မွေ့ဘွယ်ရာ ကောင်းသော ပခုက္ကူမြို့၌ သိပ်ဟိုင်ရှင် အမည်ရှိသော မြတ်စွာဘုရား တဆူ ရှိလေသည်။ ။ထိုသိပ်ဟိုင်ရှင် မြတ်စွာ ဘုရားကား ဂူ, လိုဏ်, တန်ဆောင်း, အုတ်ကျောင်း, စေတီ- အစရှိသော အဆင် တန်းဆာ တို့ဖြင့် တန်းဆာ ဆင်လျက် ရှိလေသည်။ ။ရဟန်းလူရှင်နှင့် နတ်ဗြဟ္မာတို့သည် မပြတ် ပူဇော်အပ်သော စေတီပင် ဖြစ်လေသည်။ သိပ်ဟိုင် ကျွန်းတွင် ရှေးယခင်က အရှင် သခင်တဆူ ဖြစ်တော်မူသော ကြောင့် သိပ်ဟိုင်ရှင် ဟူသော ဘွဲ့တော်လည်း ရှိတော်မူ၏။ ။ကြီးကျယ် ဆန်းပြား ခမ်းနားခိုင်ခံ့လှသော စေတီတော်လည်း ဖြစ်သည်။ ။ဤကဲ့သို့ ဆိုလိုရင်း ဖြစ်လေသည်။

၄။ ။ဣန္ဒြာ တသာ ပေါရာဏီ၊
ယမုပ္ပတ္တိကထာ သုဘာ။
သမ္ဗုဒ္ဓဂေါပကာ သန္တာ၊
တစေတာ မံ တံ-ဘိယာစရေ။ ။

၄။ ။တသာ မဟာထူပသ၊ သိပ်ဟိုင်ရှင်ဟု မည့်တွင်ထင်ရှား ထိုစေတီတော် ဘုရားကြီး၏။ ပေါရာဏီ၊ အလွန်နောက်နှောင်း ရှေးဟောင်းကာလ၌ ဖြစ်ခဲ့သော။ သုဘာ၊ တင့်တယ် လျောက်ပတ် ကောင်းမြတ် ဖူးစင်သော။ ဥပ္ပတ္တိ

www.dhammaransi.com



ကထာ၊ ဖြစ်စဉ်စကား ရေးမှတ်သား၍ ခြားနားဖြတ် ပိုင်း ဖော်တတ် သမိုင်းသည်။ ယံ-ယတော၊ အကြင် အကြောင်းကြောင့်။ ဝိနဋ္ဌာ၊ မြင့်ကြာ ရေးဟောင်း အခါ ညောင်းသဖြင့် ထောင်းထောင်းညက်ကြေ ပျောက်ကွယ် ခဲ့လေပြီ။ တတော၊ သမိုင်း မူရင်း ရှိတုံ လျှင်းလည်း ဟောင်းမြင်း ပျောက်ကွယ်ခဲ့သော ထိုအကြောင်းကြောင့် တံ-ဥပ္ပတ္တိကထံ၊ ဘုရားသခင် သီဟိုဠ်ရှင်၏ ပေါ်ထွင် ထင်လင်း ထိုသမိုင်းရင်း စကားကို။ မံ၊ လယ်တီ ဂဏိန် သီရိဥ္စရ ကောဝိဒ ဟု နာမရေးချုပ် အကျွန်ုပ်သို့။ သန္တိ၊ သူတော်ကောင်း သက်သက် ဖြစ်ကြ ပေကုန်သော။ သမ္ဗုဒ္ဓ ဂါရဝါ၊ ရှင်ပင်သီဟိုဠ် ထွတ်ဘုန်းမိုဠ် ကြည်ညိုထိန်းစောင့် ရန်မနှောင့်အောင် ကြောင့်ကြ တားဆီး ဘာသာတော်ထိန်း လူကြီး အပေါင်း တို့သည်။ အဘိယာစရေ၊ ရေးရှု ညွှတ်ကာ တောင်းပန် လာကြ ကုန်သ တည်း။

၄။ ။ဆိုသို့ရင်းဘာ။ ။ဖော်ပြခဲ့ပြီးသော သီဟိုဠ်ရှင် မြတ်စွာဘုရား၏ အဖြစ် ကင်းသော ရေးဟောင်း သမိုင်း စာစောင်မှာ ရှေးအခါက ထင်ရှားရှိခဲ့ ဘူးသော်လည်း ယခုနှစ်ပေါင်းတရာခန့် သာသာ အတွင်းမှာမူ ရှာဖွေမတွေ့ဘဲ ပျောက်ကွယ်ခဲ့လေသည်။ ။ထို့ကြောင့်ပင် သီဟိုဠ်ရှင် မြတ်စွာဘုရား၏ မူလ သမိုင်းရင်းကို ရှာဖွေ စုံစမ်းပြီးလျှင် သမိုင်းသစ် တစောင်ရေးသားရန် ကျွန်ုပ်အား သူတော်ကောင်းတရ ဖြစ်ကြသော သီဟိုဠ်ရှင်

ဘဏ္ဍာတော်ထိန်း အဖွဲ့နှင့် လျှပ်စစ် ခေတ်မီး အသွဲ့ဝင် ဒကာ- ဒကာမတာစုတို့က ဈေး ညွှတ်ကာ တောင်းပန် လာကြသည်။ ။ဤသို့ ဆိုလိုရင်းဖြစ်လေသည်။

၅။ ။ဂဟေတွာ ယာစနံ ဧသံ၊
ဧသံ ပေါရာဏဗျူဟထံ။
ပထံ အညတမေခသဥ္စ။
သဥ္စယိတွာ ဝိသေသတော။ ။

၄ ၅။ ။ဧသံ၊ ရှင်ပင်သီဟိုဠ် ထွတ်ဘုန်းမိုးဒွ ကြည်ညို ထိန်းစောင့် ရန်မနှောင့်အောင် ကြောင့်ကြ ဘားဆီး ဤဘဏ္ဍာတော်ထိန်း လူကြီး အပေါင်းတို့၏။ ယာစနံ၊ ဈေးရှုချဉ်းကပ် တောင်းပန် အပ်သည်ကို၊ ဂဟေတွာစ၊ နှလုံးသို့တင် သက်ဝင် ယူဆပြီး၍၎င်း။ ပေါရာဏဗျူဟံ၊ ဈေးဖြစ် ဈေးဟောင်း အကြောင်း ကြောင်းကို။ ဧသံ- ဧသန္တာ၊ မရှ-မနေ ရအောင်ဖွေလျှက် ဒွေဒွေ ရာရာ လွန်စွာ ရှာဖွေးသည်ဖြစ်၍။ ဝိသေသတော၊ အလွန် အကျိုး အထူး အားဖြင့်။ အညတမေခသံ၊ ဈေးဟောင်း စကား သမိုင်းများမှ တပါးအမှန် ကျမ်းဂန် အသီးသီး တို့၏။ ပထံ၊ မှန်ရာဟုတ်ဘိုင်း၊ ဈေးသမိုင်းဘု ချင့်ချိန်ခြား နား လမ်းဟောင်းများကို။ သဉ္စယိတွာန၊ ရှက်လ-ငင်ပြီး အကြာကြီးလျှင်ရှာဖွေးစုဆောင်းပြီး၍၎င်း။ (ဦးဟိသဘောဒွ်စသ်)။

၅။ ။ဆိုလိုရင်းကား။ ။ဈေးသား ပြဆို ခဲ့ပြီးသော သီဟိုဠ်ရှင်မြတ်စွာဘုရား၏ မူလသမိုင်းချင်း ပျောက်ကွယ်

www.dhammaransi.com



နေခြင်းကြောင့်၊ သမိုင်းသစ်တခု ရေးသားရန် ဘောင်းပန်လာကြသော သိပ်ဟိုင်ရှင် မြတ်စွာဘုရား ဘဏ္ဍာတော်ထိန်း အဖွဲ့နှင့် လျှပ်စစ်ဓာတ်မီး အဖွဲ့ဝင် လူကြီး လူကောင်း တစုတို့၏ ဈေးကောက်ထား တောင်းပန် ခြင်းကို စိတ်နှလုံးတွင် သက်ဝင်ယူဆပြီးဖြစ်၍ တချက်၊ သိပ်ဟိုင်ရှင်ဘုရားနှင့် စပ်လျဉ်းသည့်- ဟောင်းမြင်းသော စကားအကြောင်း အချက်များကို ရှာမှီး စုဆောင်းလျက် အထူးအားဖြင့် သိပ်ဟိုင်ရှင်ဘုရားနှင့် စပ်လျဉ်းသော သမိုင်းရင်းကျမ်း- စသည်တို့၏ မူလလက်ရင်း ဟောင်းမြင်းဆွေးမြေ့လှသော ခရိုးလမ်းတည်းဟူသော အကြောင်းရင်းကို ရှာဖွေစုဆောင်းပြီး၍ တချက်၊ ဤအကြောင်း နှစ်ချက်ကြောင့် သမိုင်းသစ် ကျမ်းကို ကြိုးပမ်း အားသစ်၍ စီစစ်ရေးသား ပေအံ့။ ။ဤကဲ့သို့ ဆိုလိုရင်း ဖြစ်လေသည်။

မှတ်ချက်။ ။သမိုင်း ဟောင်းများကို ရှာဖွေ ရရှိပုံ အချက်များမှာ သမိုင်း နိဒါန်း စကားတွင် အကျယ်တဝင့် ပါရှိလေပြီ။ ဤဂါထာကား အန္တအာဒိ- ယမက ဂါထာတည်း။ ။

၄။ ။ဒွိ ပဝိသာဝိ အဗျာသေန၊
ကော မာလ သာရဂါသနာ။
ဝိ ဒူနံ သမ္ဘသာဒိယာ၊
ဒ ဓံ ဥပ္ပတ္တိဘာခုတိံ။ ။

www.dhammaransi.com



၄။ ။ကောမာလ သာရဂါယနာ၊ ငြိမ်ငြိမ် ထွေထွေ သိမ်သိမ်မွေ့နှင့် ချောမွေ့ ပြေပျောင်း သူတော်ကောင်းတို့၏ လမ်းကြောင်းရှည်သွဲ့ အသွဲ့အနွဲ့ဖြင့်။ ဝိဒူနံ၊ သိဟိုဠ်ဒီ ဆိုမီး ကျွန်းလုံးထီးဟု အတီးယခင် ဘုရားရှင်ကို ဖူးမြင် ကြည်ညို ပူဇော်လိုကြသော ပညာရှိတို့အား။ ဝါ၊ ပညာရှိတို့၏။ သမ္မသာဒါယ၊ နှစ်သိမ့်နှစ်သိမ့် တစိမ့်စိမ့်လျှင် ချမ်းငြိမ့် သာယာ လေးနက်စွာ ကြည်ညို စေခြင်းငှါ။ ဥပ္ပတ္တိဘာရတိံ၊ သိဟိုဠ်ရှင်ပင် ကျွန်းသခင်ဟု သောင်း ခွင်ဖြန့်လွှား မြတ်စွာဘုရား၏ ထူးခြားသော အကြောင်း သမိုင်းဟောင်း စကား အစဉ်ကို။ ဒမိ-ဒမဋ္ဌေ့ာ၊ အနည်း ငယ်ချို့ မချို့ငဲ့ဘဲ ရှည်သွဲ့လေအောင် ရွက်ဆောင်ပိုက် ဖြားလျက်။ အဗျာသေန၊ အကျယ်မရှုံး အကျဉ်းချုံးသော နည်းဖြင့်။ ဦပဟိဿာမိ၊ ဂဏန်း ခြားသန့် အပိုင်း ကန့် လျက် ဝေဖြန့်ပါစေ အားထုတ်ပေအံ့ သတည်း။

၅။ ။ဆိုလိုရင်းစကား။ ။ဆိုခဲ့ပြီးသော အကြောင်း နှစ်ချက် တို့ကြောင့် သိဟိုဠ်ရှင် သမိုင်းဟောင်းကို ချဲ့ထွင် ယူငင်လျက် သမိုင်းသစ် ကျမ်းကို ကြိုးပမ်း စီရင်ပေး အံ့။ ။ယင်းသို့ စီရင်အပ်လတ္တံ့သော သမိုင်းသစ်ကျမ်း သည်ကား သိမ်မွေ့ ပြေပျောင်းသော သူတော်ကောင်း တို့၏ ဘွဲ့စီနည်းဖြင့် ရေးသားထားသော ကျမ်းဖြစ်လေ သည်။ ။ဤသမိုင်းသစ်ကို ရေးသားရ ခြင်းဖြင့် ပညာရှိ သူတော်ကောင်း တို့အား သိဟိုဠ်ရှင် မြတ်စွာ ဘုရား၌ လေးလေး နက်နက် နှစ်သက် ကြည်ညိုခြင်း တိုးပွါးနိုင်

လိမ့်မည်။ ထို့ကြောင့် သိပ္ပိုနှင့်ရှင် မြတ်စွာဘုရား၏ ရှေး ဟောင်း နှောင်းဖြစ် အကြောင်းသနစ် တို့ကို အနည်း ငယ်ချဲ့ဘွင့် ယှုင် ပိုက်ဖြား လျက် သိပ္ပိုနှင့်ရှင် မြတ်စွာ ဘုရား၏ သမိုင်းသစ် ကျမ်းကို မကျယ်လွန်းသော နည်း ဖြင့် အားထုတ် စီကုံးပါမည်။ ။ဤကဲ့သို့ ဆိုလိုရင်း ဖြစ်လေသည်။

မှတ်ချက်။ ။ဤ ဆဋ္ဌမ ဂါထာ၌ အစအဦး ဖြစ်သော အက္ခရာ တို့ဖြင့် ကျမ်းပြုဆရာအရှင်၏ဘွဲ့အမည်တော်ကိုပြဆို၍ ကြည်ညိုဘွယ်ဖြစ်အောင် ရေးသား ထားရကား ဤ နည်းမျိုးကို အလင်္ကာ ဆရာတို့ လွန်စွာ ကြိုက်နှစ် သက်တော် မူကြလေသည်။

ပဏာမာဒိ-မင်္ဂလာပြီး၏။

www.dhammaransi.com



**မှာထားချက်။** ။ဦပဟိသာသမိ အဖျာ သေန- စသည် ဖြင့် ဝန်ခံခဲ့သော **အတိုင်း** သိပ်ဟိုဠ်ရှင် သမိုင်းကျမ်းကို ကြိုးပမ်း ရေးသား အပ်သော အခါ ရောက်ပေပြီ။ ။ ထိုသို့ ရေးသား ရာ၌လည်း သမိုင်း စာစောင်ကို ဘတ်ရှု သူတို့အား အထူး သဖြင့် ဉာဏ်အမြင် **သန့်**ရှင်းစေခြင်းငှါ-

(၁) သာသနာသက္ကရာဇ်နှင့် ဂေါဇာသက္ကရာဇ်ကို ပြဆို ခန်း။
(၂) သိပ်ဟိုဠ်ရှင် ဘုရား ဒါယကာ ဘွားမြင်တော် မူခန်း။
(၃) မင်းဇကောရာဇ် အဖြစ်သို့ ရောက်တော်မူခန်း။
(၄) တိုင်းခွင် လှည့်လည်တော် မူခန်း။
(၅) သိပ်ဟိုဠ်ရှင် ဘုရားကို အဆက်သ ခံတော်မူခန်း။
(၆) သိပ်ဟိုဠ်ရှင် ဘုရား တည်ထားတော် မူခန်း။
(၇) ဘုရား ဒါယကာ နတ်ရွာ စံတော် မူခန်း။
(၈) နောက်ထပ် အသစ် ပြင်ဆင်ခန်း။

ဤသို့သော အခန်းရှစ်ခုတို့ဖြင့် အစဉ်အတိုင်း ရေး သားမည် ဖြစ်လေသည်။ ။အထူး မှတ်သားဘွယ် ကောင်းသော အချက်တို့ကို "အထူး မှတ်သားချက်" ဟူ၍ ၎င်း။ ။စာဘတ်သူတို့ အတွက် ဗဟုသုတ ပွါးများစေခြင်းငှါ ရည်သန် ပိုင်းခြားထားသော အရာမျိုး၌ "မှာထားချက်" ဟူ၍၎င်း၊ ထည့်သွင်း ရေးသား လိမ့်မည်။ ။သမိုင်းစာ စောင် အချင်းချင်း မညီညွတ်သော အချက်တို့တွင် အချို

www.dhammaransi.com



အချက် များကိုသာ ဖော်ပြ၍ အချို့တို့ကိုကား အဆို အယူ များရာသို့ရင်း၊ ခိုင်မာရာသို့ရင်း၊ အသင့် တင့်ဆုံး သော အရာသို့ရင်း၊ လိုက်လျော၍ ရေးသား ဆုံးဖြတ်ထား သည်။ ။အထူးသဖြင့် အရေးကြီးသည်ဟု ထင်ရသော နေရာတို့၌ သာလျှင် သခိုင်း လက်ာ များကို အကိုး အကားပြု၍ ထည့်သွင်း ဖော်ပြ ထားသည်။ ။မှားသွင်း တိမ်းပါးသော အချက် များကို တွေ့ရှိလျှင် မှန်ရာသို့ ယူငင်၍ ပြင်ဆင်နိုင်ရန် ကိုလည်းခွင့်ပြုထားလေသည်။

## သာသနာ့သက္ကရာဇ်နှင့် ဂေါတမသက္ကရာဇ်ကိုပြဆိုခန်း။

သတ္တ လောက, သင်္ခါရ လောက, ဩကာသ လောက-ဟုဆိုအပ်သော လောက သုံးပါးတို့တွင် ဩကာသ လောကဟု ဆိုအပ်သော ကပ်ကမ္ဘာကြီးတို့သည် အစဉ် အဆက် အားဖြင့် ဖြစ်ပျက်လျက် ရှိရကား အစမထင်, အစ မရှိသော ကမ္ဘာ ကြီးတို့ မည်ကုန်၏။ ။ထိုကမ္ဘာ ကြီးတို့သည် အတည် အမြဲ မရှိကြ၊ ခဏခဏ ပျက်စီး၍ နေကြ ကုန်လေသည်။ ။ထို့ကြောင့် ကမ္ဘာ တိုင်း၌ပင် ပျက်တုန်း, ပျက်ဆဲအခါကို- သံဝဋ္ဋကပ်ဟု ခေါ်ရသည်။ ပျက်ပြီးသည့်နောင် ပျက်စီး လျက်သာ တည်နေ ဆဲအခါ ကို- သံဝဋ္ဋဋ္ဌာယီ ကပ်ဟု ခေါ်သည်။ ပျက်စီးပြီး၍ တဖန် အသစ် ဖြစ်နေဆဲ အခါကို- ဝိဝဋ္ဋ ကပ်ဟု ခေါ်သည်။အာ

www.dhammaransi.com



သစ် ဖြစ်ပေါ်ပြီး၍ မပျက်မပြိုသေးဘဲ တည်နေဆဲ အခါကို- ဝိဝဋ္ဋဋ္ဌာယီ ကပ်ဟု ခေါ်သည်။ ။ထိုကပ်ကြီးလေးပါးကို အသင်္ချေယျ ကပ်ဟူ၍ ခေါ်ဆိုရသည် ဖြစ်ရာ၊ ယခု ဤကမ္ဘာတွင် ရောက်ရှိ နေဆဲဖြစ်သော ဤအခါကိုပင်- ဝိဝဋ္ဋဋ္ဌာယီ ကပ်ဟူ၍ ခေါ်ဆိုရလေသည်။ ။ထိုဝိဝဋ္ဋဋ္ဌာယီ ကပ်၌သာ ဤကမ္ဘာပေါ်၌ သတ္တဝါ အပေါင်းတို့ ခိုအောင်း တည်နိုင်နေနိုင် ကြလေကုန်၏။ ။ထိုဝိဝဋ္ဋဋ္ဌာယီ ကပ်၏ အဦးအစ၌ ဖြစ်ပေါ်ကြသော သူတို့ကိုပင် ကမ္ဘာဦးသူများဟူ၍ သမုတ်ပညတ် ကြလေသည်။

ထိုကမ္ဘာဦး၌ အစဆုံး ဖြစ်သော မင်းကား မဟာသမ္မတ မင်းဖြစ်၏။ ထိုမဟာ သမ္မတ မင်းကြီးကား ငါတို့ဘုရားလောင်းပင် ဖြစ်သည်။ ။ထိုမဟာ သမ္မတ မင်းမှစ၍ ယနေ့သို့ ကျအောင် အဆက် ဆက်သော မင်းတို့သည် အုပ်စိုးလာကြ ကုန်သည်။ ထိုစကား၌ မဟာသမ္မတမင်းမှ စ၍ အလောင်းဘော် သိဒ္ဓတ္ထ မင်းသို့ တိုင်အောင် တိုင်းပြု, ပြည်ပြု ဖြစ်သော မင်းတို့ကို အကျဉ်းအားဖြင့် ရေတွက်လျှင် သုံးသိန်း, သုံးသောင်း, လေးထောင့်, ငါးရာ, ခြောက်ကျိပ်, ကိုးယောက် ဖြစ်ကုန်၏။ ။အကျယ်အားဖြင့် ရေတွက်လျှင် အသိန်း အသန်း မက များပြားလှလေသည်။

အကျဉ်း အားဖြင့် မဟာ သမ္မတ မင်းမှစ၍ သိဒ္ဓတ္ထမင်းသို့ တိုင်အောင် ဆင်းသက်လာခဲ့သော မင်းဧကရာဇ်တို့၏ အနွယ်အဆက်ကို သိသာရုံမျှသာ ရာဇဝင်တို့မှာ လာရှိသော အတိုင်း ထုတ်နုတ် ရေးသားဦးမည်။

www.dhammaransi.com



မဟာသမ္မတ မင်း၏ အသက် အနှယ် နှစ်ကျိပ်, ရှစ်ယောက်၊ ထို့နောင် အစ္ဆိမ မင်း၏ အသက်အနှယ် တရာ၊ အရိဋ္ဌမ မင်း၏ အသက်အနှယ် ငါးကျိပ်, ခြောက်ယောက်၊ ဒုပ္ပသဟ မင်း၏ အသက်အနှယ် ခြောက်ကျိပ်၊ အဇိတဇိန မင်း၏ အသက် အနှယ် ရှစ်သောင်း လေးထောင်၊ ဗြဟ္မဒတ်မင်း၏ အသက်အနှယ် သုံးကျိပ်, ခြောက်ယောက်၊ ကမ္ဗလ ဝသန မင်း၏ အသက်အနှယ် သုံးကျိပ်, ခြောက်ယောက်၊ ပုရိန္ဒမင်း၏အသက်အနှယ် နှစ်ကျိပ်, ရှစ်ယောက်၊ သာဂိန မင်း၏ အသက်အနှယ် နှစ်ကျိပ်, နှစ်ယောက်၊ ဓမ္မဂုတ္တမင်း၏ အသက်အနှယ် တကျိပ်, ရှစ်ယောက်၊ သိဗ္ဗိမင်း၏ အသက်အနှယ် တကျိပ်, ခုနစ်ယောက်၊ ဗြဟ္မဒေဝမင်း၏ အသက်အနှယ် တကျိပ်, ငါးယောက်၊ ဗလဒတ္တမင်း၏ အသက် အနှယ် တကျိပ်, လေးယောက်၊ ဟတ္ထိဒေဝမင်း၏ အသက် အနှယ် ကိုးယောက်၊ နရဒေဝ မင်း၏ အသက် အနှယ် ခုနစ်ယောက်၊ မဟိန္ဒမင်း၏ အသက်အနှယ် တကျိပ်, နှစ်ယောက်၊ နာဂဒေဝ မင်း၏ အသက် အနှယ် နှစ်ကျိပ်, ငါးယောက်၊ ဒိပက်ရ မင်း၏ အသက်အနှယ် တကျိပ်, နှစ်ယောက်၊ တာလိဿရမင်း၏ အသက်အနှယ် တကျိပ်, နှစ်ယောက်၊ ပုရိန္ဒမင်း၏ အသက်အနှယ် ကိုးယောက်၊ မဃဒေဝ မင်း၏ အသက် အနှယ် ရှစ်သောင်း လေးထောင်၊ နေမိမင်း၏ အသက် အနှယ် ရှစ်သောင်းလေးထောင်, တကျိပ်, ကိုးယောက်၊ ဩက္ကာကရာဇ် မင်း၏ အသက်အနှယ် ရှစ်သောင်း လေးထောင်, တကျိပ်, သုံးယောက်။ ။စုစုပေါင်း အားဖြင့်

www.dhammaransi.com



သုံးသိန်း, သုံးသောင်း, လေး ထောင်, ငါးရာ, ခြောက်ကျိပ်, ကိုးယောက် ဖြစ်ကုန်၏။

ထိုမင်းတရား အပေါင်း တို့သည် မဇ္ဈိမတိုက်၌ ကပိလဝတ်- အစ ရှိသော တိုင်းပြည် များကို အုပ်စိုးလျက် အနွယ်အဆက် မပြတ် မင်းပြုတော် မူလာကြကုန်၏။ ။ ထိုမင်း ဧကရာဇ် အပေါင်းတို့တွင် နောက်ဆုံး ဖြစ်သော မင်းဆက်ကား သြက္ကာက မင်းတရား၏ အဆက် အနွယ် ပင်ဖြစ်လေသည်။ ထိုသြက္ကာက မင်း၏ အဆက် အနွယ် တော်သည်လည်း အရေအတွက် အားဖြင့် ရှစ်သောင်း, လေးထောင်, တကျိပ်, သုံးယောက် ရှိခဲ့လေရာ၊ နောက် ဆုံး ဖြစ်သော မင်းတရား သည်ကား ဘုရားသခင့် အလောင်းတော်- သိဒ္ဓတ္ထ မင်းသားပင် ဖြစ်လေသည်။ ။ ထိုသိဒ္ဓတ္ထ မင်းသား၏ ခမည်းတော် ဘုရင်ကား သုဒ္ဓေါ ဒန မင်းတရားကြီး ဖြစ်၍ မယ်တော် မိဖုရား ကြီးကား သီရိမဟာမာယာ ဖြစ်လေသည်။ ။သုဒ္ဓေါဒန မင်းတရား ၏ ခမည်းတော် ဘုရင်ကား သီဟ ဟနု မင်းတရားဖြစ်၍၊ သီရိ မဟာမာယာ မိဖုရားကြီး၏ ခမည်းတော်ကား အဉ္စန မင်းတရား ဖြစ်လေသည်။ ။ထို့ကြောင့်၊ သိဒ္ဓတ္ထမင်း သား၏ ဘိုးတော်များမှာ ခမည်းတော်၏ ဘက်မှ သီဟ ဟနု မင်းတရားဖြစ်၍ မယ်တော်၏ ဘက်မှ အဉ္စနမင်း တရားပင် ဖြစ်ကြ လေသည်။ ။သည်ကို ရည်ရွယ်၍ ဘိုးတော် အဉ္စန မင်းတရား ဟူသော ခေါ်ဝေါ်ခြင်းကို နှုတ်တက်စွာ ပြောဆို ကြလေသည်။

www.dhammaransi.com



## ၁။ ပဌမ အကြိမ် သင်္ကြာရာဇ်ဖြိုခြင်း။

ဘုရားသခင်၏ ဘိုးတော် အဉ္စနမင်းတရားကြီးသည် မြတ်သောမင်း အဖြစ်သို့ ရောက်တော်မူလျှင် သက္ကရာဇ် ရှည်(ရှစ်ထောင့်, ခြောက်ရာ, လေးဆဲ့ ခုနစ်ခု)တွင် ရှစ်ထောင့်, ခြောက်ရာ, လေးဆဲ့, ငါးခုကို ဖြိုတော်မူ၍ သက္ကရာဇ်တို နှစ်ခုကြွင်း ထားတော် မူခဲ့သည်။ ထိုသို့ဘိုးတော် အဉ္စနမင်းကြီး ဖြိုသွင်းသော ကိန်းကို "ဏာဝစန္ဒ" ကိန်းဟူ၍ခေါ်ဝေါ်လေသည်။ ။ဏာဝစန္ဒ- ဟူသော စကား၌။ ။အက္ခရ သင်္ချာ ခေါ်သော ဗိဒုကတ် သင်္ချာနည်းဖြင့်။ ။ဏာ- ကား ငါးခု။ ဝ- ကား လေးခု။ စန်- ကား ခြောက်ခု။ ဒ- ကား ရှစ်ခု။ ။ပြောင်းပြန်လှန်၍ ကောက်ယူလျှင် (၈၆၄၅) ခု ဖြစ်လေသည်။ ။ယင်းသို့ နှစ်ခုကြွင်းထားသော သက္ကရာဇ် တို့ကိုပင် မဟာ သက္ကရာဇ် ဟူ၍ ခေါ်ဝေါ်ရလေသည်။

မြတ်စွာဘုရား သခင်သည် ထိုမဟာ သက္ကရာဇ် ခြောက်ဆဲ့, ခုနစ်ခုနှစ်၊ ဝါဆိုလပြည့်နေ့ ဥတ္တရာသဠ် နက္ခတ်နှင့်ယှဉ်လျက် မယ်တော် သိရိမဟာ မာယာဝမ်း၌ ပဋိသန္ဓေ တည်နေတော်မူခဲ့ရာ မဟာသက္ကရာဇ် ခြောက်ဆဲ့ ရှစ်ခုနှစ် ကဆုန် လပြည့် နေ့၌ ဆယ်လစေ့၍ ဘွားမြင်တော်မူခဲ့လေသည်။ သက်တော် တဆဲ့ခြောက်နှစ် မဟာ သက္ကရာဇ် ရှစ်ဆဲ့ လေးခုနှစ်၌ ဘဒ္ဒ ကဉ္စနာ မင်းသမီးကို ယသော် ဓရာဟု သမုတ်တော် မူ၍ ရံဘက်တော် မူပြီးလျှင် ရွှေထီးရွှေနန်းကို သိမ်းမြန်း စိုးစံတော်မူသည်။

www.dhammaransi.com



တဆဲ့, သုံးနှစ်ပတ်လုံး ရွှေအဆင်းနှင့် တူသောမောင်း မပေါင်း လေးသောင်း ခြံရံလျက် မင်းဆက်တကာ မစံရ ဘူးသော ရမ္မ, သုဘ, သုရမ္မ- တည်းဟူသော ရွှေနန်း သုံးဆောင်၌ မင်း၏ စည်းစိမ်ကို ခံစားတော် မူပြီး၍ အရွယ်တော် နှစ်ဆဲ့ ကိုးနှစ် မဟာ သက္ကရာဇ် ကိုးဆဲ့ ချနစ်ခုနှစ်၌ နိမိတ်ကြီးလေးပါးကို မြင်တော်မူ သဖြင့် ဝါဆို လပြည့်နေ့တွင် တောထွက် တော်မူသည်။ ။တောထွက် တော်မူခဲ့ ပြီး၍ ခြောက်နှစ် ပတ်လုံး လူသာမန်တို့ ကျင့် နိုင်ဘို့ဝေး ကြံတွေးရုံမျှ ကြက်သီး ထဘွယ် ကောင်းလှ သော ဒုက္ကရစရိယာတ္တ်ကို ကျင့်ကြံတော် မူပြီး၍ အရွယ် တော် သုံးဆဲ့ ငါးနှစ် မဟာ သက္ကရာဇ် တရာ့ သုံးခု ကဆုန်လပြည့်နေ့၌ လောက သုံးပါး၌ တဘက် မဲ့သော မြတ်သောမြတ်စွာဘုရား၏ အဖြစ်သို့ ရောက်တော်မူသည်။

ဘုရား အဖြစ်သို့ ရောက်တော် မူပြီးသျှင် လေးဆဲ့ ငါးဝါ အခါ ကာလ ပတ်လုံး ဘုံသုံးပါး၌ ကျင်လည်ကုန် သော သတ္တဝါတို့ အကျိုးငှါ သစ္စာလေးပါး တရားတော် ကို ဟောတော်ညွှန်ကြား ပေးသနားတော် မူသဖြင့် အခ သင်္ချေ မကသော သတ္တဝါတို့သည် မြတ်သော အမြိုက် ချမ်းသာ ၇ု ဆိုအပ်သော နိဗ္ဗာန်သို့ ရောက်ကြလေသည်။ ။ ဤသို့ လေးဆဲ့ ငါးနှစ်တို့ ကာလပတ်လုံး လူသုံးပါးတို့ အား တရားအမြိုက်ကို ပေးကမ်း ချွန်ကြွ တော်မူပြီးလျှ အရွယ်တော် ရှစ်ဆယ် မဟာ သက္ကရာဇ် တရာ့ လေး ဆဲ့ ရှစ်ခုနှစ် ကဆုန် လပြည့်နေ့ မိုးသောက် အချိန်တွင်

www.dhammaransi.com



ကုသိနာရုံပြည် မလ္လာမင်းတို့၏ အင်ကြင်း ဥယျာဉ်တော်၌ အလုံးစုံသော တပည့် တပန်း ရဟန်း ရှင်လူ- စသည်တို့ကို စွန့်ပယ်တော် မူ၍ ဝိမုတ္တိ ရသ အမတ ရပ်ဌာန် ပြည်နိဗ္ဗာန်သို့ ဝင်စံခိုလှုံတော်မူလေသတည်း။

မြတ်စွာ ဘုရား သခင် ပရိနိဗ္ဗာန် စံလွန်တော် မူပြီးသော် ဒုတိယ သတ္တာဟ အဘုန် ကဆုန် လပြည့်ကျော် တဆဲ့ သုံးရက်နေ့၌ တေဇောဓာတ် သောင်တော် မူ၍ ဓာတ်တော်, မွေတော်များ ကြွင်းကျန် ရစ်ခဲ့သည်။ ။ ထိုဓာတ်တော်, မွေတော်များကို ဒေါဏ ပုဏ္ဏားက အကြီးအမှူးပြု၍ ရှစ်ပြည် ထောင်သော မင်းတို့အား ဝေ၍ ကမ်းလှမ်း လေသည်။ ။ဓာတ်တော် တို့ကို ခွဲဝေသော နေ့ကား မဟာ သက္ကရာဇ် တရာ့ လေးဆဲ့ ရှစ်ခု နယုန် လဆန်း ငါးရက်နေ့ ဖြစ်လေသည်။ ။ထိုနေ့ မှာပင် အရှင် မဟာ ကဿပ ထေရ်သည် သင်္ဂါယနာ တင်အံ့သော၌ ရဟန္တာ ငါးရာကို ရွေးချယ် စိစစ်တော်မူလေသည်။ ။ယင်း သက္ကရာဇ် ဝါခေါင် လပြည့်ကျော် ငါးရက်နေ့၌ ရာဇဂြိုဟ်ပြည်တွင် အဇာတသတ် မင်းကြီးကို အမှီပြု၍ အရှင် မဟာ ကဿပ အမှူးရှိသော ငါးရာသော ရဟန္တာ အရှင်မြတ် တို့သည် ခုနစ်လပတ်လုံး ပထမ သင်္ဂါယနာ တင်တော်မူကြ သတည်း။ ။ဤသို့ လျှင် မြတ်စွာဘုရား သခင်၏ ဓာတ်တော် မွေတော်, သွားတော် စွယ်တော်, အံတော် မွေးညှင်း တော်တို့နှင့် တကွ ပိဋကတ် သုံးပုံ တည်းဟူသော တရားတော် ရတနာ

www.dhammaransi.com



သည် လူတို့ပြည်တွင် ပွါးစည် ဆက်လက်၍ ဆင်း သက် ပြန့်ပြောခဲ့လေသတည်း။

## ၂။ ဒုတိယအကြိမ် သင်္ဂါယနာပြုခြင်း။

အရှင် မဟာ ကဿပ အမှူးရှိသော ရဟန္တာ အရှင် ငါးရာတို့သည် ပထမ သင်္ဂါယနာ တင်တော်မူပြီးလျှင်၊ သာသနာတော် အနှစ် ငါးထောင် ပတ်လုံး တည်လတ္တံ့ သည်ကို မြင်တော်မူ၍ လူတို့ သင်္ဂါယနာနှင့် သာသနာ တော်နှစ် အပိုင်းအခြား ဒွိကွဲအပြားမရှိ၊ တညီတည်း တည်နေစေရန် အဇာတသတ် မင်းကြီးနှင့် အရှင်မဟာ ကဿပ မထေရ်တို့သည် မဟာသင်္ဂါယနာ တရာ့ လေးဆဲ့ ရှစ်ခုကို ချေဖျက် ပြုသွင်း၍၊ သာသနာတော်နှစ် နှင့် ညီတူ ညီမျှ တချက်တွင်း ထားတော်မူခဲ့လေသည်။ ။ ထို အဇာတသတ်မင်းကြီး ပြုသော ကိန်းကို အဋ္ဌ,ဇယ, ဧက,ကိန်း ဟူ၍ ခေါ်ဝေါ်သည်။ ။အဋ္ဌ-ရှစ်ခု၊ ဇယ- လေးခု၊ ဧက-တခု၊ ပြောင်းပြန် လှန်လိုက်လျှင်(၁၄၈)ခု ကိန်း ဟူ၍ ဆိုလိုသည်။ ။ထိုအခါမှ စ၍ လူတို့၏ ဂေါဇာ သင်္ဂါယနာနှင့် သာသနာတော် သင်္ဂါယနာတို့ သည် တညီတည်း ဖြစ်လာခဲ့သေသည်။

ထိုစဉ်အခါတွင် မြန်မာနိုင်ငံ တကောင်း ပြည်ကြီး၌ သတိုး မဟာ ရာဇာ အမည်ရှိသော မင်းတရားကြီးသည် ရွှေထီး ရွှေနန်းကို သိမ်းမြန်း စိုးအုပ်လျက် မင်းလုပ်နေဆဲ အခါဖြစ်လေသည်။ ။သင်းသာသနာတော် သင်္ဂါယနာ

www.dhammaransi.com



လေးဆယ်ပြည့်နှစ်၌ (မြတ်စွာ ဘုရား ပရိနိဗ္ဗာန် စံလွန် တော်မူပြီး၍ နှစ်ပေါင်း လေးဆယ် ကြာသော နှစ်၌) မြန်မာနိုင်ငံ- တဂေါင်းပြည်တွင် နန်းစံတော် မူသော သတိုးမဟာ ရာဇာမင်းတရားကြီးမှ မဟာသမ္ဘဝ, ရုဠ သမ္ဘဝ- မင်းသားနှစ်ပါးကို ဖွားမြင်တော်မူလေသည်။

မင်းသားနှစ်ပါးတို့ အသက် တဆဲ့ကိုးနှစ်သို့ ရောက် သောအခါ၊ သာသနာတော် သက္ကရာဇ် ငါးဆဲ့ကိုးခုနှစ်၌ ခမည်းတော်၏ အမိန့်ဖြင့် ရောဝတီ မြစ်ရေကြောတွင် မင်းသား နှစ်ပါးကို ဘောင်တော် ဘွဲ၍ မျှောရလေ သည်။ ။ဝက်ထိုးကျွန်းသို့ ရောက်လျှင် ဦးရိုးတော် ရှင်ရသေ့၏သမီး ဘေဒါရီ မိန်းမပျိုနှင့် မဟာသမ္ဘဝမင်း သား ထိမ်းမြား ရံဘက်တော် မူ၍ သာသနာတော် သက္ကရာဇ် ခြောက်ဆယ်ပြည့်နှစ်တွင် ဘေဒါရီ မင်းသမီး ကို တောင်နန်း ထားတော်မူ၍ အရွယ်ဘော် နှစ်ဆယ် တွင် သရေခေတ္တရာ အရပ်၌ မြတ်သော မင်းအဖြစ်သို့ရောက် တော်မူလေသည်။ ။ထို့ကြောင့်၊ မဇ္ဈိမတိုက် ရာဇ ဂြိုဟ်ပြည်ရှင် ဘုရင် အဇာတသတ် မင်းကြီးနှင့် မြန်မာ နိုင်ငံတွင် စိုးစံတော်မူသော မဟာသမ္ဘဝမင်း တို့သည် သီးပြိုင်, နန်းပြိုင် ဖြစ်ကြလေသည်။ ။၎င်းကား သာသနာ တော် သက္ကရာဇ်ဖြင့် မြန်မာ ဘုရင်တို့ကို ရေးမှတ်ရိုး ထုံးစံ ရှေးဦးစွာ ဖြစ်လာခြင်းကို သိစေလို၍ ဘော်ပြ လိုက်သော စကားရပ်တည်း။

www.dhammaransi.com



## ၃။ သင်္ကြာရာဇ်ပြုရာ မပြုဘဲရှိခြင်း။

ဤသို့လျှင် မဟာသမ္မတမင်းမှ စ၍ ဒွတ္တပေါင်မင်း အစရှိသော မင်းကောင်း မင်းမြတ်တို့သည် သရေခေတ္တ ရာမြို့၌ မင်းအဖြစ်ကို ယူကြကုန်လျက် အနွယ်အဆက် မပျက်စီးစေဘဲ နန်းစံတော်မူခဲ့ကြရာ သာသနာ ဘော် သင်္ကြာရာဇ် လေးရာ့, နှစ်ဆဲ့, လေးခုသို့ ရောက်သော အခါ သရေ ခေတ္တရာပြည်၌ သိရိရာဇ်မင်း နန်းစံဘော် မူ၍ သင်္ကြာရာဇ် လေးရာ့နှစ်ဆဲ့,လေးခုကို တခုကြွင်းထား၍ ပြုခွင်းတော်မူလေသည်။ ဂ်နန်းလက်မမြောက်၍ သင်္ကြာရာဇ် မပြုဘဲ ရှိချေ၏၊

## ၄။ တတိယအကြိမ် သင်္ကြာရာဇ်ကိုပြုခြင်း။

ယင်းသို့လျှင် အစဉ်မပြတ်ဘဲ မင်းမြတ် မင်းများ မင်းတရားတို့ တိုင်းကားနိုင်ငံတွင် စိုးစံတော် မူခဲ့ကြရာ သာသနာတော် သင်္ကြာရာဇ်ခြောက်ရာ့, တဆဲ့, ခုနစ်ခုနှစ် ၌ သရေခေတ္တရာ ပြည်၌ပင် သုမုန္ဒရီ မင်းကြီး နန်းတက် တော်မူ၏။ ။ထိုမင်းတရား နန်းတက်တော်မူ၍ ခုနှစ်နှစ် မျှကြာလျှင် နတ်ရွာစံတော်မူသည်။ ။နတ်ရွာစံတော် မူသောနှစ်သည် သင်္ကြာရာဇ်ရှည် ခြောက်ရာ့နှစ်ဆဲ့လေးခု ဖြစ်၍ ထိုနှစ်မှာပင် နတ်ရွာစံတော်မမူမီ သင်္ကြာရာဇ်ရှည် ခြောက်ရာ့, နှစ်ဆဲ့, လေးခုတွင် ခြောက်ရာ့, နှစ်ဆဲ့, နှစ်ခုကိုပြု၍ အတိုသင်္ကြာရာဇ် နှစ်ခုသာ ထားတော်မူခဲ့ လေသည်။ ။ဤသို့သော ပြုကိန်းကို ဒေါ်ဒေါ်ရသ

ကိန်းဟူ၍ ခေါ်ဝေါ်ကြသည်။ ။ဒေါဒေါရသ- ဟူသောစကား၌။ ။ဒေါသဒ္ဒါ နှစ်ခုကား ဒွိသဒ္ဒါ၏ ပရိယာယ်ဖြစ်၍ နှစ်ဂဏန်းကို ဆိုလိုသည်။ ။ရသ- သဒ္ဒါကား၊ အရသာခြောက်ပါးကို မှတ်၍ ခြောက်ဂဏန်းကို ယူရသည်။ ။ပြောင်းပြန်လှန်၍ ဂဏန်းကို ကောက်လျှင် ခြောက်ရာ့နှစ်ဆဲ့နှစ်ခု (၆၂၂)) ခုဖြစ်လေသည်။ ။ထိုအခါမှစ၍ သာသနာတော် သက္ကရာဇ်နှင့် လူတို့ ဝေါဟာ ဂေါစာ သက္ကရာဇ်တို့သည် အတိုအရှည် မတူညီဘဲ ကွဲလွဲ၍ လာခဲ့ကြလေသည်။ ။ထို့ကြောင့် ဤနေရာမှ နောက်၌ သက္ကရာဇ်ဟု သာမည်ဆိုလျှင် လူတို့၏သက္ကရာဇ်ကိုသာ မှတ်ယူရမည်။ ။သာသနာတော် သက္ကရာဇ်ဟုဆိုမှ- သာသနာတော်နှစ်ကို မှတ်ယူရမည်။

## ၅။ စတုဋ္ဌအကြိမ်သက္ကရာဇ်ဖြိုခြင်း။

ဤသို့လျှင် သုမန္တရီမင်းမှစ၍ သရေခေတ္တရာပြည်၌ မင်းအဆက်ဆက် စိုးစံတော်မူပြီးသော် ပုဂံပြည်၌ သမုဒ္ဒရာဇ် မင်းမှစ၍ မင်းအဆက်ဆက် စိုးစံတော်မူကြပြန်လေသည်။ ။သုမန္တရီမင်း ဖြိုခွင်းသော သက္ကရာဇ် နှစ်ခုမှစ၍ ရှည်လျားလတ်သဖြင့် သက္ကရာဇ် (ငါးရာ့ သုံးဆဲ့ ငါးခုနှစ်တွင်) ပုဂံပြည်၌ မိဖုရားဆရာ သံဃရာဇာ မည်သော- ပုပ္ပါးစော ရဟန်းသည် မင်းအဖြစ်သို့ ရောက်တော်မူ၏။ နန်းတက်၍ နှင်ဆဲ့ ခုနစ်နှစ် ကြာလျှင် သက္ကရာဇ် (ငါးရာ့ ခြောက်ဆဲ့ နှစ်ခုဖြစ်လာ၍ ထိုသက္ကရာဇ် ငါးရာ့ ခြောက်ဆဲ့ နှစ်ခုတွင် ငါးရာ့ ခြောက်ဆယ်

www.dhammaransi.com



ကိုဖြိုသွင်း၍၊ အကြွင်း နှစ်ခုကို သက္ကရာဇ်ကို ပြုလုပ်လေ သည်။ ။ဤဖြိုကိန်းကို ခ,ဆ,ပဥ္စ- ကိန်းဟူ၍ ခေါ်ဝေါ် သည်။ ။ခ,ဆ,ပဥ္စ-ဟူသော စကား၌။ ။ခ- သဒ္ဒါ ကား ကောင်းကင် ဟောဖြစ်၍ သုညကိုယူရာ၏။ ဆ- ကား ခြောက်ခု၊ ပဥ္စ-ကား ငါးခုဟောဖြစ်သည်။ ။ ပြောင်းပြန်ကောက်သော် ငါးရာ့ခြောက်ဆယ် (၅၆၀) ဖြစ်လေသည်။ ။ဤသို့လျှင် သက္ကရာဇ်ကို ထပ်မံဖြိုသွင်း ခြင်းဖြင့် သာ၍ပင် သာသနာတော် နှစ်နှင့် ဂေါဇာ သက္ကရာဇ် တို့သည် အတို အရှည် ဝေးကွာ ကြလေ သည်။ ။ဤမှနောက်၌ သက္ကရာဇ် ဖြိုသွင်းခြင်း ရှိသော် လည်း ကိန်းလက်မခြောက်၍ မဖြိုတော့ပြီ။ ။ထို့ကြောင့်၊ သာသနာတော် နှစ်နှင့် သက္ကရာဇ်တို့ကို အတို အရှည် ညီမျှစေလိုလျှင် ယခုရောက်ဆဲ သက္ကရာဇ်၌ ဒေါဒေါ ရသ- အရေနှင့် ခ,ဆ,ပဥ္စ- အရေတို့ကို ထည့်သွင်း သဖြင့် သာသနာတော် သက္ကရာဇ် ဖြစ်နိုင်သည်ကို သတိမူရာ၏။

## အထူးမှတ်သားချက်။

ဤသည်တို့ကား၊ သာသနာ တော်နှစ် သက္ကရာဇ်နှင့် ဂေါဇာသက္ကရာဇ် တို့၏ အတို အရှည် ဖြစ်ပုံနှင့် မြန်မာနိုင်ငံတွင် စိုးစံတော် မူကြသော မြန်မာဘုရင် အဆက်ဆက်တို့၏ အချိန် အခါ အကြာအနှေး အဝေး အကွာတို့ကို နှိုင်းချိန် ထုတ်ဆို သိစေလိုသဖြင့် ထည့်သွင်း ဖော်ပြ သော စကားရပ်တို့တည်း။

ဤသို့ ဆိုခဲ့ပြီးသော သက္ကရာဇ်ပြုခွင်း ကိန်းရင်း သေးချက်ကိုရည်ရွယ်၍ သဒ္ဒါနုသာရီသတ်ပုံတွင် အောက်ပါအတိုင်း မိန့်ဆိုထားလေသည်။

## သဒ္ဒါနုသာရီသတ်ပုံ။

"ဘုန်းမိုလူ့ များ။ ဘုရားရှင့်တိုး။ နေမျိုး ဝံသ။
အဋ္ဌနန္ဒ။ ဇောဘာသတ္တု၊ သုမန္တရိ။ မဟိပိုင်သ။
သံဃရာဇာ။ မင်းမြတ်စွာတို့။ ဗာဏာ,ဇော,ဆ။
အဋ္ဌ,ပညတ်။ အင်္ဂ,ဇယ,ဗေး။ ဋွေး,ဋွေး,ရသ။ ခ,ဆ,
ပဉ္စ။ ကိန်းစိမ့်၍။ အာလမ္ဘက။ ပြုချပြီးနောက်။ များ
မြောက်ဂေါဇာ"။ ။ဟူ၍ စပ်ဆိုလေသည်။

ဤ၌။ ။ဗာဏာ,ဇော, ဆ အဋ္ဌ, ပညတ်- ဟူသည်တွင်။ ။ဗာဏ-သဒ္ဒါကား၊ မြားဟောသဒ္ဒါဖြစ်သည်။ ။ သမ္မောဟန, ဥမ္မာဒန, သောသန တာပန, ထမ္ဘ- ဟူသော မာရ်နတ်မင်း၏မြား ငါးစင်းရှိသည်ကို အစွဲပြုလျက် ငါးချ သင်္ချာကို လောကသညာ အားဖြင့် ကောက်ရသည်။ ။ တနည်း။ ။အရဝိန္ဒ, အသောက, စူတ, နဝမလ္လိကာ, နီလုပ္ပလ-ဟူ၍ မာရ်နတ်မင်း၏ မြားသွား ငါးချရှိသောကြောင့် ငါးဂဏန်းကို ယူရသည်။ ။ဗာဏ,ဝါဏ, သရ,ဥသု-စသော မြားဟောသဒ္ဒါ မှန်သမျှ ဤနည်းချည်းတည်း။ ဤအဓိပ္ပါယ်ကား၊ အမရကောသ အဘိဓာန်၊ ရင်းငိုဘာတို့၌ လာသောအဓိပ္ပါယ်တည်း။

ဆန်းငိုဘာတို့၌ကား၊ မှတ်တိုင်၌ ငါးကြိမ်ပစ်ရသော

အော,ဆ,အဋ္ဌ- သဒ္ဒါတို့ကား ထင်ရှားပြီ။ ။ပြောင်းပြန် လှန်၍ ကောက်ယူလျှင် အောက်၌ ဆိုခဲ့ပြီးသော။ ။ ဏာဝစဥ္ဆ- ကိန်း၊ [၈၆၄၅] ခုကိန်းဖြစ်လေ၏။ ။ယခင် သဒ္ဒါနှင့်သာရိ၌။ ။အာလမ္ဗိက-ဟူသည်ကား၊ အဋ္ဌ,ဇယ, ဧကကိန်း၊ ဒေါ, ဒေါ,ရသကိန်း၊ ခ,ဆ,ပဉ္စကိန်း- ဟူသော ကိန်းသုံးခုတို့ အပေါင်းကို ဆိုလိုသည်။ ။အာလမ္ဗိက- ဟူသည်၌ အက္ခရာသင်္ကေတသင်္ချာ ခေါ်သော ပိဋကတ် သင်္ချာအားဖြင့်။ ။အာ- ကား သုည၊ လမ်-ကား သုံး ဂဏန်း။ ဗိ-ကားသုံးဂဏန်း၊ က-ကား တစ်ဂဏန်း။ ။ ပြောင်းပြန် လှန်ကောက်လျှင် (၁၃၃၀) ဟူသော ယခင် ကိန်းသုံးခုတို့၏ အပေါင်းသင်္ချာ ဖြစ်လေ၏။ ။သည် ကိုရည်၍-ပုလိပ်စားဒေးချင်းတွင်-

## ပုလိပ်စားဒေးချင်း။

“ထွန်းချစ်ရာဇာ။ လူ့ဘုံခွါသော်။ ဆရာသံဃာ
ရာဇ၊ ပြည့်ရှင်ဖြစ်၍၊ ငါးနှစ်ငါးသွယ်၊ စံပယ်
တုံလစ်။ သက္ကရာဇ် ဝယ်။ စက်သစ် ရဟာတ်။
သိကြွေးမှတ်တွင်။ ညီညွတ်တန်မှု။ ကိန်းနှစ်ရကို။
စေ့ငုစိမ်။ ရောဆက်ဆံမူ၊ အာလမ္ဗိက”၊ ။ဟူ၍
စပ်ဆိုသတည်း။

ဤသို့လျှင် သာသနာတော် သက္ကရာဇ်နှင့် တကွ လူ တို့ ဝေါဟာ ဂေါဇာ သက္ကရာဇ်တို့၏ အတိုအရှည် ပြောင်းရွှေ့ပုံတို့ကို နားလည်ရှိပ်မိရာသတည်း။

www.dhammaransi.com



# သီပေါဒိဋ္ဌရှင် ဘုရားဒါယကာ ဘွားမြင်တော် မူခန်း။

ဤမှနောက်၌၊ သီပေါဒိဋ္ဌရှင် ဘုရားဒါယကာ ဖြစ်သော အလောင်းစည့်သူ မင်းကြီး၏ အမိုင်းအခန်းကို ဆိုရလိမ့်မည်။ ။ထို့ကြောင့် ရိုသေလေးနာသောစိတ်ဖြင့် မှတ်သားရာ သတည်း။ ။ပုပ္ပါးစောရဟန်း အမည်တော်ရှိသော သံဃာရာဇာမင်းတရားသည်၊ ခ, ဆ, ပဉ္စ- ကိန်းကြုံကြိုက်သောကြောင့် ဖြိုခွင်းခဲ့သော သက္ကရာဇ် သည့်လေးရာ့,နှစ်ဆဲ့,ခြောက်ခုနှစ်သို့ ရောက်သောအခါ (၄၂၆) သာသနာတော် သက္ကရာဇ် တထောင်, ခြောက်ရာ,ရှစ်ခုနှစ်၌ (၁၆၀၈) အရိမဒ္ဒနပုရ မည်သော ပေါက္ကံပြည်ကြီး ဝယ်၊ ထီးလှိုင်ရှင် မည်သော ကျန်စစ်သား မင်းတရားကြီးသည်၊ ရွှေထီး ရွှေနန်းကို သိမ်းမြန်း စိုးစံတော်မူလေသည်။

ထိုထီးလှိုင်ရှင် မင်းတရားကား၊ မင်းအဖြစ်သို့ ရောက်တော်မမူမီကပင် ချစ်ကြင် ပေါင်းသင်းခဲ့သော အပါယ်ရတနာမည်သော မိဖုရားတပါး ရှိလေသည်။ ။အပါယ်ရတနာမိဖုံရားကား၊ ထီးလှိုင်ရှင် မင်းကြီး၏ ငယ်ချစ်ဖြစ်သော မိဖုရား ဖြစ်သတည်း။ ။မင်းအဖြစ်သို့ ရောက်တော်မူလျှင် အပါယ် ရတနာမည်သော ယခင်မိဖုရားကိုပင် အဆောင်အယောင် အစီးအနင်း အပ်နှင်းပေးကမ်းလျက် ဘောင်နန်းမ-မိဖုရားကြီး မြှောက်တော် မူလေ

www.dhammaransi.com



သည်။ ။ထို အပါယ် ရတနာ မိဖုရားကား၊ အရည်အသွေး တင့်တယ်လှပ၍။ ကောင်းမြတ်သော အဆင်းကြွယ်အင်ရှိ၍။ အလေ့အကျင့်လည်း ဖြူစင်ကောင်းမွန် လှသည်ဖြစ်၍ လင်သား တို့၌ ပြုအပ်သော မယား တို့၏ ဝတ်တရားကို နားလည်သဖြင့် အမြဲကျင့်လေ့ရှိ၍။ မြတ်သောမင်းတို့၏ အရေးအခွင့် အကြောင်းချင်းရာကိုလည်း စူးစမ်းဆင်ခြင်တတ်၍။ အမြဲမပြတ်ပင် အရှင်သခင်၏ အလိုသို့လိုက်လျော၍ ကျင့်ကြံလေ့ရှိ၏။ ပတ်ချပ်လက္ခဏာ လွန်စွာ ချောမော သဖြင့် ကျော်စောသော သတင်းလည်းရှိလေသည်။ ။ထိုသို့သော ဂုဏ်အင်္ဂါ တို့နှင့် ပြည့်စုံတော် မူသော ကြောင့်ပင် ထီးလှိုင်ရှင် မင်းတရားကြီးသည် အပါယ်ရတနာ မိဖုရားကို အထူး ချစ်ကြည်မြတ်နိုးတော်မူသည်။ တပါးသော မိဖုရားတို့ထက် မြောက်စားချီးမြှင့်သဖြင့် မင်းမြတ်တို့၏ အရေးအခွင့် ကိုလည်းပေးသနားတော် မူလေသည်။ ငယ်ရွယ်စဉ်ကပင် ချစ်ကြင်တော် မူရင်းဖြစ်၍လည်း အလွန်အကဲ မြတ်နိုးတော်မူလေ၏။ ။ထီးလှိုင်ရှင် မည်သော ကျန်စစ်သား မင်းတရား ကြီးမှာ မိဖုရားကြီး လေးပါး ရှိလေသည်။

မိဖုရားကြီး လေးပါး ဟူသည်မှာ-

၁။ အပါယ် ရတနာ မည်သော မိဖုရား တပါး။

၂။ ဥဿာမင်း၏သမီး ခင်ဦးမည်သောမိဖုရားတပါး။

၃။ ထီးလှိုင်ရှင် ရွာသူကြီး၏ သမီး ခင်ဘန် မည်သော မိဖုရားတပါး။

www.dhammaransi.com



### ၄။ ရှင်မထီး၏ တူမ- သန္တုလ မည်သောမိဖုရား တပါး။

ဤလေးပါးတို့ ပေဘည်း။ ။ထို လေးပါးတို့တွင် ရှင်မထီး တူမ- သန္တုလ မည်သော မိဖုရားကို ဦးဆောက်ပန်း ဟူသော ဘွဲ့အမည်ကိုပေး၍ မိဖုရား မြှောက်တော်မူသည်။ ။အပါယ်ရတနာ မိဖုရားကား ဘောင်နန်းမ- မိဖုရားကြီး ပေဘည်း။ ။ထိုမိဖုရားကြီး လေးပါး တို့တွင် အပါယ် ရတနာ မိဖုရား ခေါင်ကြီးကား၊ ထီးလှိုင်ရှင် မင်းဘရား ကြီး၏ အလွန် ချစ်မြတ်နိုးခြင်းကို ခံယူတော် မူရသော မိဖုရားကြီး ဖြစ်လေသည်။ ။ထို့ကြောင့်ပင် ထီးလှိုင် ရှင် မင်းတရား ကြီးသည် မင်းအဖြစ်သို့ ရောက်တော်မူလျှင် ချစ်ခင် ကြင်နာတော် မူလှသော အပါယ်ရတနာ မိဖုရား ကြီးအား ဘုရားစေတီတော် တဆူ တည်ထား တော်မူဘို့ အတွက် လက်ခကံကျေး ရွှေငွေ ပေးလျှော် ဖေးမ- စောင့်ရှောက်တော် မူလေသည်။ ။အပါယ်ရတနာ မိဖုရားကြီးလည်း ဘုရားစေတီတဆူ တည်တော်မူ၏။ ။ ထိုဘုရားကား ယခုတိုင်အောင် အပါယ် ရတနာ- ဟူ၍ ပင် တွင်လတ်သဘည်း။

#### မှတ်ချက်။

အပါယ် ရတနာ မည်သော မြတ်စွာ ဘုရား ကား ယခုအခါတိုင်အောင် ပုဂံမြို့ ဘောင်မျက်နှာ မြင်းကပါ ရွာ၏အနီး နဂါးရုံဘုရားကြီး အနားမှာ

www.dhammaransi.com



ထီးလှိုင်ရှင် မင်းတရားနှင့် မိဖုရားကြီး အပါယ်ရတနာ တို့မှာ မင်းအဖြစ်သို့ မရောက်မီ အိမ်ရှေ့ မင်းသား ဘဝကပင် ချစ်ခင် ပေါင်းသင်း ရင်းနှီးခြင်း ဖြစ်ခဲ့သဖြင့် သက္ကရာဇ် (၄၀၈) လေးရာ့ရှစ်ခုနှစ်တွင် အပါယ်ရတနာ မိဖုရားမှ သွီးတော်ဘုပါး ဘွားမြင်တော် မူခဲ့လေသည်။ ။ ထိုသွီးတော်ကို ရွှေအိမ်သည်- ဟု ဘွဲ့အမည် ပေးတော် မူ၏။ ။သွီးတော် ရွှေအိမ်သည်- သည် မယ်တော် အပါယ် ရတနာ ကဲ့သို့ပင် အသွင်အပြင် ကြန်အင်လက္ခဏာ ရုပ်ဝါအဆွေး ယဉ်ကျေး လှပသေ၏။ ကောင်းမြတ် သော အလေ့အကျင့် ရှိသဖြင့်လည်း မင်းသား တကာ တို့က မြတ်နိုး တနာ ရှိကြလေသည်။ ။နူးညံ့ ပြေပြစ်ချောင်း သော စိတ်နှလုံး ရှိသည့်ပြင် မင်းရေးစိုးခွင့် သင့်- မသင့် ကိုလည်း နှိုင်းချင့်တတ်သော ဉာဏ်အမြော်အမြင် ရှိလေ သည်။

ထီးလှိုင်ရှင် မင်းတရား ကြီးကား ချစ်မြတ် နိုးတော် မူသော အပါယ် ရတနာ မိဖုရားမှ ဘွားမြင်တော် မူ လာသော သွီးတော် ဖြစ်သောကြောင့် အသူး သဖြင့်ပင် ချစ်ခင်ယုယတော် မူလေသည်။ ထို့ကြောင့်ပင် တပင် တိုင် စံနန်းတော်၌ သွီးတော် ရွှေအိမ်သည်အား ကြီးစွာ သော အဆောင် အယောင် ပေးသနားတော် မူ၍ စံစား နေထိုင် စေတော် မူ၏။ ။သွီးတော် ရွှေအိမ်သည် ဘွား မြင်တော်မူသော သက္ကရာဇ်ကား (၄၀၈)ခုနှစ်ဘည်း။ ထီး လှိုင်ရှင်မင်းကြီး နန်းတက်တော် မူသော သက္ကရာဇ်ကား (၄၂၆) ခုနှစ်ဘည်း။ ။ထို့ကြောင့် ထီးလှိုင်ရှင်မင်းကြီး

နန်းတက်တော် မူသောအခါ သွားတော် ရွှေအိမ်သည်မှာ အသက်တဆဲ့, ရှစ်နှစ်မျှ ရှိကြောင်းကို သိရလေသည်။ ။ ထိုရွှေအိမ်သည်- သည်ပင် သိဟိုဠ်ရှင် ဘုရားဒါသကာ မဟာ နာရပတိ စည်သူ မင်းတရားကြီး၏ မယ်တော်ဖြစ် လာလိမ့်မည်။

## မှာထားချက်။

ကျောက်စာ ရာဇဝင် အစောင်စောင် မှာပင် ထီးလှိုင်ရှင် မင်းကြီး၏ သွားတော် အမည်ကို ရွှေအိမ်သည် ဟူ၍၎င်း၊ ရွှေအိမ်ဆည် ဟူ၍၎င်း၊ နှစ်ထွေ ရေးစမှတ် ရှိလေသည်။ ။သ- အက္ခရာကို ဆ- အက္ခရာအသံ ရှ- အက္ခရာအသံသို့ ပြောင်းရွှေ့ ဘတ်ရွတ်နည်းကား သက္ကဋဘာသာ- သဒ္ဒါနည်း ဖြစ်သောကြောင့် ရွှေအိမ်ဆည်- ဟူ၍ရေးသား ဘတ်ရွတ်ခြင်း သည်လည်း အသင့်ပင် ဖြစ်၏။ ။ထို့ကြောင့် အများလူတို့ ခေါ်ဝေါ်ပြောဆိုရိုးတွင် ရွှေအိမ်ဆည် ဟူ၍သာ နှုတ်တက်ကြလေသည်။

## ၁။ ထူးဆန်းသော နိမိတ်ကြီးများ။

ထီးလှိုင်ရှင် မင်းတရားကြီးသည် မြတ်သောမင်း အဖြစ်သို့ ရောက်တော်မူလျှင် မှူးမတ်ပညာရှိတို့နှင့် တိုင်ပင် ဇေ့စပ်ပြီးသော် အရွယ်တော် တဆဲ့, ရှစ်နှစ်မျှ ရှိပြီ ဖြစ်သော သွားတော် ရွှေအိမ် သည်ကို စောလူးမင်း၏ မြေး

www.dhammaransi.com



တော် စေသွမ်း မင်းငယ်နှင့် ထိမ်းမြား ဆောင်နှင်း ရုံ ဘက်ခြင်း မင်္ဂလာ ပြုတော် မူလေသည်။ ။သို့တော်တို့အား ဆောင်နှင်းချီးမြှောက်မြဲ ဖြစ်သော ကြီးကျယ်ခမ်းနားသော အစီးအနှင်း အဆောင်အချွက် တို့ကိုလည်း ပေးသနားတော်မူ၏။ ။အဘုးသဖြင့် ချစ်ခင် မြတ်နိုးတော်မူသော သို့တော်ဖြစ်ရကား စေသွမ်းမင်းငယ်နှင့် လက်ထပ် ထိမ်းမြားခြင်း မပြုမီ တပင်တိုင် စံနန်းတော်တွင် ထားတော်မူခဲ့လေသည်။

ဤကဲ့သို့ ထိမ်းမြား ရုံဘက်တော် မူပြီးနောက် နှစ်နှစ်လောက်ကြာသော အခါ သက္ကရာဇ် လေးရာ, နှစ်ဆဲ့, ရှစ်ခု(၄၂၈) ဝါဆိုလဆန်း (၈) ရက် ကြာသပတေးနေ့ ကောင်းမြတ်သော မင်္ဂလာအချိန် ပြက္ခဒိန်အခါတွင် သို့တော် ရွှေအိမ်သည်မှ သားတော်တပါး ဘွားမြင်တော်မူလေသည်။ ။ထီးလှိုင်ရှင် မင်းကြီး နန်းတက်တော် မူသော သက္ကရာဇ်ကား လေးရာ, နှစ်ဆဲ့, ခြောက်ခု (၄၂၆) ဖြစ်၍ သို့တော် ရွှေအိမ်သည်မှ သားတော် ဘွားမြင်တော်မူသော သက္ကရာဇ်ကား လေးရာ, နှစ်ဆဲ့, ရှစ်ခု(၄၂၈)ခု ဖြစ်သတည်း။ ။ထို့ကြောင့် ထီးလှိုင်ရှင် မင်းတရားကြီး နန်းတက်တော်မူပြီး၍ နှစ်နှစ်ခန့် အကြာတွင် ရွှေအိမ်သည်မင်းသို့မှ သားတော်ကို ဘွားမြင်တော် မူသည်ဟု ယူဆ ဆုံးဖြတ်နိုင်လေသည်။

ယင်းကဲ့သို့ ဘွားမြင်တော် မူလာသော ထီးလှိုင်ရှင် မင်းတရား၏ မြေးတော် သမြတ်ကား နောက်နောင်အခါ

www.dhammaransi.com



တွင် အာသက်ရှည့်ခြင်း ဘုန်းတန်ခိုး အာနုဘော် ကြီးမား တော်မူခြင်း သာသနာတော် သုံးပါးကို စောင့်ရှောက်တော် မူနိုင်သော ဘုန်းလက်ရုံး အာဏာ ပါရှိတော်မူခြင်း နိုင်ငံ တကာ မင်းအပေါင်း တို့၏ ရိုသေ ကျိုးနွံခြင်းကို ခံယူ တော်မူနိုင်သော စက်လက္ခဏာ ဘုန်းသမ္ဘာ အထူး ဆည်းပူးပြီး ဖြစ်တော်မူခြင်း ဘေးဒဏ်ရန်စွယ် အန္တ ရာယ်ပယ်သူများတို့ကို လွယ်လင့်တကူ အောင်ပွဲ ယူတော် မူနိုင်သော ဘုန်းလက္ခဏာ ပါရှိတော်မူခြင်း စသော ထူး ခြားသော ဘုန်းပါရမီ ဂုဏ်ရည်အနှစ်နှင့် စင်စစ် ပြည့် စုံတော်မူသည့် ဖြစ်သောကြောင့် ဘွားမြင်တော် မူသော နေ့မှာပင်-

၁။ ။လောင်မီး မိုးကြိုးကျခြင်း မြေလျှင် ပွဲဘင် ရိုက်ချုပ် တုန်လှုပ် ခွေလှိမ့် တသိမ့်သိမ့်နှင့် ဒလိမ့်ဒလိမ့်ဖြစ်ခြင်း မိုးသီး, မိုးပေါက် ကျ ခြင်း ကောင်းကင်ထဲမှ မီးခဲ, မီးလျှံတို့ကဲ့သို့ သော မီးရှူးရှောင်များ ပျံသန်းခြင်း။

၂။ ။အထူးထူးသော အရောင်အဆင်းရှိသောလျှပ် ပန်း,လျှပ်နွယ် အဆန်းတကြယ် ကွန့်မြူးခြင်း ညိုမဲ နီလွင်သော မိုးတိမ်တိုက် အထူကြီး သည် ဖေးဖြ ချမ်းကြည်သော ရေအယဉ်ကို ဆောင်လျက် ခွေနန်းဆောင် တခုလုံးကို အုပ် ဖုံးဖြန့်မိုးလာသကဲ့သို့ လေးမျက်နှာ အရပ်မှ ဘုံပိုင်တောင်းတကုတ်ဂါဂါဂြိုင်း။

www.dhammaransi.com



၃။ ။ဘောင်းကင် တိမ်တိုက်ထဲမှ သာယာချေငံသော နတ်တူရိယာသံတို့ကိုကြားရခြင်း လူတို့ ပြည်တွင် မတွေ့စဘူး အထူးထူးသော နံ့သာမွှေးတို့ကို နတ်အပေါင်းတို့ ဆောင်ယူလျက် နန်းတော်ဆောင် အပေါင်းနှင့် တကွ သားကောင်း ရတနာ ဘွားမြင်ရာ အခန်းတွင် သင်းကြိုင်ထုံလှောင်း၍ ထားခြင်း။

၄။ ။အထူးသဖြင့် ရွှေနန်းမတော်ကြီး၌ မင်္ဂလာဥဘင်သ တံခါးကြီးသည် အလိုအလျောက် တယောက်သောသူ မဖွင့်မူဘဲဟင်းလင်းပွင့်၍လာခြင်း အိမ်ရှင်မည့်သော စည်တော်ကြီးလည်း သူမတီးဘဲ မြည်ဟီး၍ လာခြင်း။

ဤသို့အခ စဉ်ရှိသော မကြား ဘူးဘောင်း မကြုံကောင်းသည့် လွန်ကဲထူးမြတ်သော ပုဗ္ဗနိမိတ် အပေါင်းတို့သည် အလောင်း အလျာ အာဇာနီယ ပုဂ္ဂိုလ်ဘို့သည် မယ်တော်ဝမ်းမှ ဘွားမြင်တော် မူခိုက် အခါကဲ့သို့ ရွှေအိမ်သည့် မိဖုရားမှ သားကောင်း သူမြတ် ဘွားမြင်တော်မူသည်နှင့် တပြိုင်နက် အံ့ဩဘွယ်ရာ ဖြစ်ပေါ်၍လာကြကုန်သတည်း။ ။သို့စဉ်မှုပင် ချီးပ၍ မကုန် တုန့်လှုပ်ချောက်ချားဘွယ် ကောင်းလှသော အံ့ဘွယ်သရဲ ထူးကဲဆန်းကြယ်သော လွန်မြတ်သော နိမိတ်ကြီးတို့ဖြင့် ဘွားမြင်တော် မူလာသော သတိုးသား သူမြတ် သည်ပင် သိပ္ပံနှံရင် မြတ်စွာ ဘုရား၏ ဒါယကာတော် ဖြစ်လာ

www.dhammaransi.com



လိမ့်သတည်း။ ။သည့်ကို ရည်ရွယ်၍ ဘုရားဆက် သမိုင်းလင်္ကာတွင် အောက်၌ ဖော်ပြထားသော လင်္ကာ ပိုဒ်တို့ကို အရှင်မေဓ ဝိလာသထေရ် ရေးစီ သီကုံးတော် မူခဲ့သည်။

## ဘုရားဆက် သမိုင်း လင်္ကာများ။

၁။ ။အထွေထွေ ရံဝန်း ခြေဟု သံချေတိုင်း တိုင်း ညီမွှအောင် ညွှန်းသား မင်းမြတ်တို့ထံ ရိုကျိုးနှို့ သည် မိသံမောင်းမ ထိန်းအယတို့ ချိုမြပ္ပင် သံဝါ ဝင်လျက် ပျော်ရွှင် မြွေပျော် သမီးတော်မည် ရွှေဒိမ် သည်မှ ခြည်လျှံရောင်ဝါ ဘုန်းသမ္ဘာနှင့် အာဏာပတ် ပတ် လေးကျွန်းနှင့်ဟု ဖြစ်လတ်အံ့သော သက္ကရာ လျှင် အပေါအန္တရိ အံ့ဘွယ် ရှိသည် နိမိတ် ဟေတု အစုစုကား ဝါယုပထ မိုးဘိမ်ဝမှ ပြိုကျလျှပ်နွယ် ဖြိုး ငယ်ခန့်မျှ မိုးသီးကျ၏ မြူးကြွပုံအံ့ မိုးသံရုံလျက် ဝိဇ္ဇုမ္မာ လာ ဥက္ကာပါတ မီးရှူးကျသို့ နန်းမအလုံး ရောင်ဝါပြိုး ရှင့် ခြိမ့်အုံးအုတ်အာ ပွဲတင်ညာလျက် သီလာပံသု မြေ နှစ်ခုလည်း စောင်းလှုတတ်နွယ် ပန်းနွယ်ချိုင်းချိုင်း နန်း တော် တိုင်းလျှင် ဗိုက်သိုင်း ညှိမျှော် မိုးတိမ် တောင် လည်း ချမ်းယောင်ဖေးလှု ခစားမှု၏ ကြူကြူချောင်း နတ်တို့ ထံမှ အသံပဋ္ဌင် တုန့်ရိုက် ငင်သည်။ ။ရှုမြင်ကြွားနာ မှုးမှူးတည်း။

www.dhammaransi.com



၂။ ။ကျေညာ အခုတ်အော်။ နတ်ဖန်ဆော်သို့။ မြေပေါ်မဟဲ့။ အံ့မှုးဘွယ့်သား။ ပြစ်မဲ့သုဒ္ဓိ။ တန်ခိုး ရှိသည့်။ အတိဇာတ။ သားလျာရ၍။ စန္ဒနဂန်။ သရက္ခန်နှင့်။ ကျန်ကျန်သဲသဲ။ နံ့သာခဲကို။ ကြဲသို့အသွင်။ ရွှေနန်းပြင်ဝယ်။ နံ့မပြယ်အောင်။ မှန်ချယ်ဖာလ်အုပ်။ ရွှေရောင်ချုပ်သည်။ သွန်းချပ် ပန်းပု။ ပန်းချီမှုဖြင့်။ လေးရ အင်္ဂါ။ ခြောက်ဖြာအကြောင်း။ ဂုဏ်ညွှန့်ပေါင်းသား။ ညောင်း ညောင်း စိန်ဝါ။ ကြာငါးဖြာနှင့်။ မင်္ဂလာ ဥကင်။ အမည် တွင်သည်။ တံကျင်လျှိုထား။ နန်း တံခါးလည်း။ ဟားလား ဟင်းလင်း။ ပွင့်သနှင်း၏။ နန်းတွင်း နန်းပြင်။ မင်းလျှင် ထွက်တော်။ မူလတ်သော်မှ။ ရိုက်ဆော် သံလွင်။ စည်အိမ့်ရှင်လည်း။ သက်ဝင်သောနှယ်။ ကျည်ကျည်ငယ်မျှ။ အလွယ်ခဲယော။ မြည်ကုန်ရရှင့်။ ဘုရာ့ ဘေးဘိုး။ ဘုန်းတန်ခိုးထက်။ ဝေဖြိုးတသွန်။ ပညာဝန်သည်။ ။မိုးစွန်ထက်ဖျားရှုးရှုးတည်း။

## မှာထားချက်။

“ဤသို့ ဆိုခဲ့သော အတိုင်း ရွှေအိမ်သည် မိဖုရားမှ ဘွားတော် မူသော သားတော် သူမြတ်၏ ဘုန်းတော် အစွမ်းကြောင့် ထူးဆန်း အံ့ဩဘွယ် ကောင်းသော နိမိတ်တို့ ဖြစ်ပေါ်လာရာ ထိုအခြင်း အရာတို့ကို ကောင်းစွာ ယုံကြည်ကြရမည်။ ။အစိန္တိယ လေးပါးတွင် ကမ္မဝိပါကော အစိန္တိယော။ ။ဟူသော ဒေသနာတော်ကို နှလုံးသွင်းမိကြပါစေ။

## ၂။ ဟူးရားဆရာတို့က နိမိတ်ဖတ်ကြားခြင်း၊။

ကြက်သီးဖြန်းဖြန်း ထဘာနန်းမှု ထူးဆန်း အံ့ဩဘွယ် ကောင်းသော ပုဗ္ဗနိမိတ် လန့်ထိတ်တုန်ဘွယ် ကြီးကျယ် မြင့်မြတ်လှသော အကြောင်း ခြင်းရာတို့ကို ထီးလှိုင်ရှင် မင်းတရားကြီး ကြားသိတော်မူလျှင် သွီးတော် ဖွေ့အိမ် သည်တွင် သဘောတော်ဘပါး ထွန်းကား ဘွားမြင်တော် မူသည်ကို သိရှိတော်မူရ လေသောကြောင့် ရွှင်ပျ ဝမ်း သာ လွန်စွာ နှစ်သိမ့်သော စိတ်တော်ရှိသည် ဖြစ်၍ [၁]ဟူးရားဖြူ, ဟူးရားညို တို့ကို ခေါ်တော် မူ၍။ ။ဤသို့ သော အံ့ဘွယ် သရဲနှင့် ထူးကဲ လွန်မြတ်စွာ ဘွားမြင် တော်မူလာသော ငါမင်းဘုရား၏ မြေးတော် သူမြတ် ကား အဘယ်သို့သော ဘုန်းပညာ ကြွန်အင် လက္ခဏာ နှင့် ပြည့်စုံတော်မူသတ္တံ့ သနည်းဟု မေးမြန်း စိစစ်တော် မူလျှင် ဟူးရားဖြူ, ဟူးရားညိုတို့က အညီအညွှာ လျှောက် ထားကြသည်မှာ။

---

[၁]။ ။"ဟူးရားဖြူ, ဟူးရားညို"။ ။ဟူသောစကား၌။ ။ ဟူးရား- ဟူသည်မှာ၊ ဟောရ- ဟူသော ပါဠိမှ ဆင်း သက်လာသော စကား ဖြစ်သည်။ အဓိပ္ပါယ်မှာ ဆေး ပါးဓါတ်စာ ဗေဒင် ဆရာတို့၌ လိမ္မာ ကျွမ်းကျင်သော သမားတော် ကိုပင် ဆိုလိုသည်။ ။ဟူးရားဖြူ- ဟူသည် မှာ ပုဏ္ဏားမျိုး၊ ။ဟူးရားညို- ဟူသည်မှာ မြန်မာမျိုး, သမားတော်များကို ခေါ်ဆိုလေသည်။

www.dhammaransi.com



"ယခုသမီးတော် ရှေ့အိမ်သည်တွင် ဘွားမြင်တော်မူသော မြေးတော် သူမြတ်ကား ဖြည့်ဆည်းပူးတော်မူခဲ့သော ပါရမီဟူသန် ဘုန်းဂုဏ် အပေါင်းတို့ကြောင့် မကြုံဘူးတောင်း မကြား ကောင်းသော နိမိတ် ထူးကြီးများ ဖြစ်ပေါ်လာရပါသည်။ ။သို့ဖြစ်လာပါ၍ အရှင်မင်းတရားကြီး ဘုရား၏မြေးတော် သူမြတ်ကား နောင်သော အခါတွင် ဇမ္ဗူဒိပ် တကျွန်းလုံးကို လွှမ်းမိုး အုပ်စိုးနိုင်သော ဘုရင်မင်းမြတ်ကြီး တပါးဖြစ်တော် မူပါလိမ့်မည်။ ။ရှေးရှေးသော ဘေးလောင်းတော်, ဘိုးလောင်းတော်တို့သည် မကြုံအပ်, မကြုံဘူးသော ထူးမြတ်သော အကြုံတို့ကို ကြုံစည်တော် မူ၍ ကျွန်းဦး သပြေပင်သို့ ရောက်အောင်ကြွတော်မူပါလိမ့်မည်။

လောင်မီးမိုးကြိုး အမျိုးမျိုး ကျခြင်းတို့မှာ မြေးတော် သူမြတ်သည် နောင်အနာဂတ် အခါတွင် နေဝါလရောင် ကဲ့သို့ တပြောင်ပြောင် ထွန်းလင်းတော်မူ၍ မင်းတကာ တို့၏ ဦးခေါင်းထက်တွင် လောင်မီး မိုးကြိုးစက် ကဲ့သို့ ထက်မြက်စူးရှသော အာဏာတော်ကို ပေးတော်မူနိုင် အံ့သော နိမိတ်ကြီးများ ဖြစ်ပါသည်။ ။တိမ်တောင် တိမ်လိပ်တို့၏ အကြားမှ မီးရှူးမီးစိုင်ကြီးများ ပျံထွက် ခြင်းတို့ကား မြေးတော် သူမြတ်သည် သာသနာတော် သုံးပါးကို ညှိုးမဲမှောင်ရည်သော အညစ်အကြေး မရှိ အောင် ပယ်ရှားသုတ်သင်တော် မူလျက် စေတီ, ပုထိုး အုတ်ရိုး, ပြာသာဒ် စရပ်, တန်ဆောင်း ဂူ, ကျောင်း, ဘုရား၊ တံတား, မြို့ပြ ဆည်မ, နှင့် ကန် ဗိမာန်, အထူးတို့

ကို အနှံ့အပြား တည်တော်မူလျက် သာသာသနာတော်သုံး ပါးအား မြှောက်စား ပြုပတော်မူအံ့သော နိမိတ်ကြီးများ ဖြစ်ပါသည်။

မြေလျှောင် ပဲ့တင် ရိုက်ချုပ် တုန်လှုပ်ခြင်း တခဲနက် ညှိမှောင်သော မိုးတိမ်တောင် အထုကြီးသည် ရွှေနန်းတော်ဦးသို့ လွှမ်းမိုး လာခြင်းတို့မှာ ဘွားမြင်တော်မူသော မြေးတော် သူမြတ်သည် နတ်မင်း, သိကြားမင်းနှင့် တူသော တန်ခိုးတော်ဖြင့် ဇမ္ဗူဒိပ် တကျွန်းလုံးတွင် အလိုရှိရာ အရပ်သို့ လှည့်ပတ် သွားလာနိုင်သော စိတ်အလိုရှိတိုင်း ပြီးစီး နိုင်သည့် ဘောင်တော် လှေသာဥ် စကြာကြီးကို ရရှိတော် မူအံ့သော နိမိတ်များ ဖြစ်ပါသည်။ ရွှေနန်းတော် အလုံး မွှေးကြိုင်သော ရနံ့များ ဖုံးအုပ် လာခြင်းကား ဘွားမြင်တော် မူသော မြေးတော် သူမြတ်၏ ကျေးဇူးဂုဏ် သတင်းတို့မှာ နိုင်ငံတကာ ပြည့်ထောင်တကာနှင့် တကွ ခပ်သိမ်းသော သူတို့ကို လွှမ်းမိုးလျက် မွှေးကြိုင်အံ့သော နိမိတ်ဖြစ်ပါသည်။

မင်္ဂလာရှိသော မဟာဥက္ကင်သ တံခါးကြီး ဟင်းလင်း ပွင့်လာသည်မှာ မြေးတော်သူမြတ်၏ လက်ထက်တော်တွင် တိုင်းရေးပြည်ရာတို့ကို ကောင်းစွာ စောင့်ရှောက်ခြင်း မရှိသောကြောင့် ရွှေနန်းတော် တွင်းဝယ် ခိုးသား သူပုန်တို့ ဝင်ရောက်အံ့သော နိမိတ် ဖြစ်ပါသည်။ ။

မင်္ဂလာဆိမ်ရှင် စည်တော်ကြီး သူမတီးဘဲ အလိုအလျောက် မြည်ဟီး လာခြင်းမှာ မြေးတော် သူမြတ်၏ လက်ထက်တော်တွင် ထင်ပေါ် ကျော်စောသော ရဟန်း

www.dhammaransi.com



ပညာရှိ လူပညာရှိကြီးများ ဖြစ်ပေါ်ပေါက် အံ့သော နိမိတ်ဖြစ်ပါသည်။ ။ဤကဲ့သို့ အညီအညာ လျှောက်ထားကြလေသည်။

## မှာထားချက်။

ခိုးသား သူပုန်တို့ ဝင်ရောက်အံ့- ဟူသော နိမိတ်မှတပါး တခြား နိမိတ်တို့ကား ကောင်းမြတ်သော နိမိတ်တို့ချည်း ဖြစ်ကြ၏။ ။ထိုကောင်းသော နိမိတ်တို့ အတိုင်းလည်း မြေးတော်သူမြတ်အား အလုံးစုံ ဖြစ်ပေါ်၍ လာကြလေကုန်သည်။ ။ခိုးသားသူပုန်တို့ ဝင်ရောက်အံ့- ဟူသော နိမိတ် အတိုင်းလည်း မြေးတော်သူမြတ် မင်းအဖြစ်သို့ ရောက်တော်မူ၍ သက္ကရာဇ် လေးရာ့, ငါးဆဲ့, ခြောက်ခု [၄၅၆] ခု နှစ်တွင် ရွှေနန်းတော် အတွင်းသို့ ခိုးသားဝါ.ပြ သူပုန်ပေါင်း တရာကျော် ခန့်တို့ ဝင်ရောက် တိုက်ခိုက်လာရာ ရွှေနန်းတော်ထက်မှာပင် လွယ်ကူစွာနှိပ်နင်း အောင်မြင် တော် မူလေသည်။

ထီးဆိုင်ရှင် မင်းတရားကြီး ဘုရားသည် ဟူးရားဖြူ့, ဟူးရားညိုတို့ လျှောက်ထားသော စကားကို ကြားရတော်မူလျှင် အားရ နှစ်သက် မြိန်ရှက်တော် မူလှသဖြင့် ဟူးရားဆရာတို့ အားလည်း ဆုလာဘ် များစွာပေးတော် မူသည်။ မြေးတော် သူမြတ်နှင့် သိမ်းတော် ရွှေဒိဝ်သည်တို့ အားလည်း ရွှေ,ငွေ,ရတနာ အစရှိသော မရေမတွက်နိုင်

www.dhammaransi.com



သော ဆုသာဘ်သ ပကာဝတ်ရှုကို ပေးတော်မူသည်။ ။ နှုတ်တော်ဖြင့်လည်း ဝမ်းမြောက် ဝမ်းသာ မင်္ဂလာရှိသောစကားကို မိန့်ကြားတော်မူသည်မှာ။ ။(ငါးမြေးသူမြတ်ကား သာလှပသေ)။ ။ဟူ၍ ဖြစ်လေသည်။ ။ ဆိုလိုရင်းမှာ။ ။ငါမင်းတရား၏ မြေးတော် သူမြတ်သည် ခမည်းတော်, ဘိုးတော်, ဘေးတော် အလောင်းတို့ထက်ရင်း၊ တပါးသော မင်းဧကရာဇ်၏ အပေါင်းတို့ထက်ရင်း၊ အကြောင်းထူးစွာ ဘုန်းတော် သာလွန်ပါပေသည်။ ။ဟူ၍ ချီးကျူးတော် မူလိုရင်း ဖြစ်လေသည်။ ။ဤကဲ့သို့ နှုတ်တော်မြွက်၍ မြိန်မြိန်ရှက်ရှက် ချီးမွမ်းတော်မူခြင်းကား ဤအကြိမ်သည် ပထမအကြိမ် ဖြစ်လေ၏။

## ၃။ ထူးဆန်းသော နိမိတ်တခုဖြစ်ပြန်ခြင်း။

မြေးတော် သူမြတ်သည် မွေးဖွား ပြီးသော အခါမှ စ၍ သည်းထန်စွာငိုကြွေးနေတော်မူ၏။ ။တစုံတယောက်သော အထိန်းအယ အချို့အချော့တို့သော်မှ အငိုတော်တိတ်အောင် ချော့မော့ခြင်းငှါ မစွမ်းနိုင်ဘဲ ရှိလေ၏။ ။ ပြင်းပြသည်းထန်စွာ ငိုကြွေးတော် မူလွန်းသဖြင့် မြေးတော် သူမြတ်၏ ချက်တံ အညှာသည် ရှည်လျားစွာ ထွက်လာခဲ့လေ သတည်း။ ။ဤကဲ့သို့ အငိုအရို မတိတ်ဘဲ ထိတ်လန့် ဘွယ်မှု ချော့မော့ မရ ရှိသော နိမိတ်ကို ထီးသျှင်ရှင် မင်းတရား ကြားသိတော် မူပြန်လျှင် ရေး

www.dhammaransi.com



နည်းတူ ဘုရားဖြူ ဘုရားညိုတို့အား ခေါ်ဝေါ်တော် မူ၍ မေးမြန်းစိစစ်တော် မူပြန်သော် ဘုရား ဆရာတို့က လျှောက်ထား သံတော်ဦး တင်ကြပုံမှာ-

မြေးတော် သူမြတ် ဒေ၀ိုဘော် မတိတ် နိုင်ခြင်း အကြောင်းမှာ အရှင် မင်းတရား ဘုရား၏ မြေးတော်သည် ဘုန်းသမ္ဘာဘော် ကြီးမားတော် မူသှ သောကြောင့် အရှင် မင်းတရား ဘုရား၏ အုပ်စိုးတော် မူရာ တိုင်းကား နိုင်ငံ အဌမ်းအတာ အပိုင်း အခြားတို့ကို သိလိုသှသော သဘောတော်ရှိ၍ ငိုကြွေးတော် မူခြင်းဖြစ်ပါသည်။ ။ တိုင်းနိုင်ငံ အပိုင်း အခြားကို ရွှေပေ ရွက်တွင် သဝဏ် စာစောင် ရေးသား၍ ဘတ်ကြား ပြသမှသာ ဒေ၀ိုဘော် တိတ်၍ ရွှေစိတ်တော် ကြည်လင် ပါလိမ့်မည်။ ။ဤ ကဲ့သို့ လျှောက်ထား သံတော်ဦးတင် ကြလေသည်။ ။ ထိုးလှိုင်ရှင် မင်းတရားကြီး ဘုရားလည်း ဘုရား ဆရာတို့ လျှောက်ထားပုံကို ကြားသိရသော အခါတွင် အမှူး အမတ်များကို ခေါ်တော်မူ၍ တိုင်းနိုင်ငံ အပိုင်း အခြားကို ရွှေပေရွက်တွင်ထင်စွာ ရေးသားစေပြီးမှ မြေးတော် မင်းသားငယ်၏ အနီးအနား၌ ဘတ်ကြား စေတော် မူရသည်။

## ရွှေပေရွက်တွင် ရေးသား ထားသော စာလွှာ။

ဘုန်းတော် အလွန် တရာ ကြီးမြတ်တော် မူသော ထီးဆောင်းမင်းတကာ တို့ထက် မြတ်သော ထီးဆောင်း

www.dhammaransi.com



မင်းသခင် ဘုရင် ကျောက်စာ တဆူ ဖြစ်တော် မူသော မြေးတော် သူမြတ်၏ ဘိုးတော်ဘုရား ထီးမှိုင်ရှင် မင်းတရားကြီး၏ တိုင်းကား နိုင်ငံတော် အခွမ်း အမိုင်း အခြားကား။ ။အရှေ့သို့ လားသော် စတိသာ လည်းမည့် ပန်းသေး ပြည်လျှင် အခြားတည်း။ အရှေ့ တောင်သို့ အလားကား အယောဇ လည်းမည် ဂျွမ်းတို့ ပြည်လျှင် အခြားတည်း။ တောင်သို့ အလားကား သမုဒ္ဒရာအလယ်တွင် ထွန်းသော နဂါးပတ် ကျွန်းလျှင် အခြားတည်း။ အနောက် တောင်သို့ အလားကား ပဋိက္ကူယားလည်းမည် ကုလားပြည်လျှင် အခြားတည်း။ အနောက်သို့ အလားကား မန္တိမ လည်းမည် မင်းနေ ပြည်လျှင် အခြားတည်း။ အနောက်မြောက်ထောင့်သို့ အလားကား ကတူးနေးကြီး လည်းမည် ရေပေါ် မိုးလျှင် အခြားတည်း။ မြောက်သို့ အလားကား ဂန္ဓာလမည် တရုပ် ပြည်လျှင် အခြားတည်း။

ဤကဲ့သို့ အရပ်ရှစ်မျက်နှာနှင့် တဘွ တိုင်းနိုင်ငံ အပိုင်းအခြားကို ရွှေပေ ရွက်တွင် ပြီပြင် သေချာစွာ ရေးသားပြီးသော် မင်းသားငယ်၏ ရှေ့တွင် အမှူး အမတ်တို့ ဘတ်ရွတ် လျှောက်ထားမှ မြေးတော် မင်းသား အင်္ဂတိတ်တော် မူလေသည်။ ။ဤသို့ ဖြစ်ရ ခြင်းလည်း ဘုန်းတော် ဂုဏ်ထူး ဆည်းပူးတော် မူခဲ့ပြီးသော မင်းသားငယ်၏ ထူးထွေ ဆန်းကြယ် အံ့ဩဘွယ် ကောင်းသော နိမိတ် အကြောင်းတချပင် ဖြစ်လေသည်။

www.dhammaransi.com



## ၄။ ပေးနိုင် ခဲသော ဆုမြတ်ကို ပေးသနားတော် မူခြင်း။

ထီးလှိုင်ရှင် မင်းတရား ကြီးလည်း ထူးထူး ခြားခြား ဆန်းပြားလှသော နိမိတ်တော်ကို ရှုမြင်ရလျှင် ရှေးနည်း အတူ ကြည်ဖြူချမ်းမြေ့ နှလုံးတော် တွေ့လှသဖြင့် လွှဲ လွှဲ ရမ်းရမ်း ချိုးမွှမ်းသိုဖွက် ပေးနိုင် ခက်သော မင်း တကာတို့ မပေးဘူးသော နှုတ်တော်ဆုကို ပေးသနား တော် မူလေသည်။ ။နှုတ်တော်ဆု ပေးပုံမှာ.

### ငါ့မြေးတော်နန်းကို ငါစောင့်နေရပါသည်။

ဟူသော စကား ကြီးပင် ဖြစ်လေသည်။ ။ဤကဲ့သို့ ဝစီဝါစာ မင်္ဂလာ ရှိသော နှုတ်ဖွက် ခြင်းကို မင်းဆက် တကာတို့ ပြုနိုင်ခဲလှ၏။ လွန်ကဲ ထူးမြတ်သော ဘုန်းကံ ပါရမီ ပြည့်ရုံ ညီသော မင်းသား များသည် သာလျှင် ခံယူထိုက်သော နှုတ်ခွန်းတော်ဆုကြီး ဖြစ်လေသည်။ ။ ဤကဲ့သို့သော ဆုတော် မြတ်ကား ရွှေ, ငွေ, နဝရတ်- စသော ရတနာ အမျိုးမျိုး တို့ထက် ရနိုင် ခက်လှသော ဆုမျိုး ဖြစ်သောကြောင့် သခိုင်း ဆရာ ရာဇဝင် ဆရာ တို့က ဤသို့သော ဆုမြတ်မျိုးကို (ဒုလ္လဘဝါစာ) မင်္ဂလာ ဆုတော် ဟူ၍ ခေါ်ဝေါ်ရေးသား ကြလေသည်။

**ဆိုလိုရင်း အဓိပ္ပါယ်မှာ။** ။ပေးသော ပုဂ္ဂိုလ်ကလည်း ပေးနိုင် ခဲလှ, ရသော ပုဂ္ဂိုလ်မှာလည်း ရနိုင် ခဲလှသော

www.dhammaransi.com



ဖြစ်သော မိန့်ခွန်း စကား ကိုပင် (ဒုလ္လဘဝိစာ) ဟူ၍ ဆိုလိုရင်း ဖြစ်သည်။

မှတ်သားချက်။

ဤကဲ့သို့သော ဒုလ္လဘဝိစာ မင်္ဂလာ ဆုတော်ကို ရရှိခံယူတော် မူရသော မင်းတို့မှာ မြန်မာရာဇဝင်တွင်၌ ယခု ရေးပြ ခဲ့သော ထီးလှိုင်ရှင် မြေးတော် တပါး၊ အင်းဝ ပြည်တွင် ဘုရင် မိုးညှင်း မင်းတရား ကြီး၏ သားတော် အိမ်ရှေ့ မင်းတပါး။ ။သည်နှစ်ပါးသာ ရှိလေသည်။ ။ မိုးညှင်း မင်းတရား ကြီးသည် မိမိ၏ သားတော် အိမ်ရှေ့ မင်းသားအား (မောင့်မြို- မောင့် နန်း) ဟူသော စကားကို ပေးသနားတော် မူဘူးလေသည်။

ဒုလ္လဘ ဝိစာ မင်္ဂလာ ဆုကို ပန်ဆင် ရရှိတော်မူသော မြေးတော် သူမြတ်ကား ဘွားမြင်ပြီး၍ မကြာမီပင် ထီးနန်းကို အုပ်စိုး၍ မြတ်သော မင်းအဖြစ်သို့ ရောက်အောင် ချီးမြှောက်ခြင်း ခံယူတော် မူရလိမ့်မည်။ ။ သည် အရာတွင် ဘုရားဆက် သမိုင်းလက်ဘကို ဘော်ပြဦးမည်။

ဘုရားဆက် သမိုင်းလင်္ကာ။

၁၊ ကျောက်မျိုး နဝရတ် မျက်တောင် ခတ်သို့ ဝန်းပတ်ရိပ်ငြိမ် နန်းမွေ့သိမ်ထက် ရွှေအိမ်သည့် ဖုရား

မွေးပေါက် ဘွားသော သားကောင်း ရတနာ ဘုန်းဝါ ကြွန်အင် ပြည့်ရုံ လင်သည့် ဗုဒ္ဓကို နှောင်း သတိုး လောင်းကား ထိန်းကျောင်း ယုယ ပြုစုကြသည်း မရ နိုင်သော် ငိုကြွေး အော်လျှင် ဘိုးတော် ဘုရား တိုင်း အခြားကို ဘတ်ကြား စေမှ ကြည့်ရှင် ပျိုး၏ လောက မျက်ပျော် ရှင့်ဘိုးတော်လည်း လှစ်ဘော်ရဲရဲ ဆိုခဲနိုင်လှ နှုတ်မိန့် ဟာလျက် ငါ့ မြေးတော်နှင်း ငါ သိမ်းမြန်းဘု ရှင်လန်း ပြုပြင် ခွန်းတော် ဆင်သည်။ ။မင်းတွင် အခ ထွတ်အမြတ်တည်း။

## ၅။ တတိယ နိမိတ်ကြီး တပါး။

မြေးတော် သူမြတ်သည် အငိုဘော် တိတ်ပြီးသော် ခဏမျှ ကြာအောင် စက်ရာ ထက်တွင် တလွှန့်လွှန့် တလိမ့်လိမ့်နှင့် အညိမ့် နေတော် မမူနိုင်ဘဲ ရှိပြန်လေ သည်။ ။ထို အခြင်းအရာကို ထီးလှိုင်ရှင် မင်းဘုရားကြီး သိမြင်တော် မူပြန်လျှင် ရှေးနည်းတူ ဟူးရား ဆရာတို့ အား မေးမြန်းတော် မူချပြန်သော် ဟူးရား ဆရာတို့က လျှောက်ထား ကြသည်မှာ၊ မြေးတော် သူမြတ်သည် အငိုတော်တိတ်ရာမှ ခဏမျှ ကြာအောင် တွန့်လိမ့် လှုပ် ရှားလျက် ငြိမ်သိမ်စွာ စံနေတော် မမူနိုင်ခြင်းမှာ။ ။ အရှင့် မြေးတော်သည် နောင်သောအခါ အရွယ်တော် ကြီး၍ နတ်ရွာစံတော် မူခါနီးတွင် ရွှေနန်းသက်မှာ နတ် ရွာ စံတော် မမူရဘဲ ဘုရားဂူ၏ အတွင်းဝယ် ဆင်းရဲ

www.dhammaransi.com



ပင်ပန်းစွာ နတ်ရွာစံတော်မူခဲ့သော နိမိတ်ကြီးဖြစ်ပါသည်- ဟူ၍ လျှောက်ထား ကြလေသည်။

## မှတ်ချက်။

ဟူးရားဆရာတို့ လျှောက်ထားချက် အတိုင်း မြေးတော် သူဖြတ်သည် မိမိပြုလုပ်တည်ထားခဲ့သော ရွှေဂူကြီး ဘုရား၏ အတွင်း၌ သားတော် နရသူ မင်းသား၏ လက်ချက်ဖြင့် ပင်ပန်း ဆင်းရဲစွာ နတ်ရွာ စံတော်မူရှာချေသည်။ ။ဤအကြောင်းကို ဤသမိုင်း၌ပင် တွေ့မြင် ဘတ်ရှုရပါလိမ့်မည်။

ဤသို့လျှင် ဘုန်းလက်ရုံးပညာ နေဝါ လရောင် ကဲ့သို့ ထွန်းပြောင် တောက်ပတော်မူ၍ သာသနာတော် သုံးပါး၏ အစီး အပွါးကို ဆောင်နိုင်ခဲ့သော မင်းလောင်း မင်းလျာကို ဘွားမြင် လာခြင်းမှာ မြန်မာ အမျိုးသား အပေါင်းနှင့် သာသနာတော် သုံးပါး၏ ကုသိုလ် ကံကြီး တခုပင် ဖြစ်လေသည်။ ။ထို့မှ ဘုန်းတော် ကြီးမားတော်မူသော အဆုံး မရှိသော လက်ရုံး အာဏာ သမ္ဘာ အဆောက်အဦတို့နှင့် ပြည့်စုံတော်မူသတတ္တံ့သော အထူးထူးသော အံ့ဘွယ်သရဲ လွန်ကဲ ထိတ်လန့်ဘွယ် ကောင်းသော တိတ်နိမိတ် အပြားတို့ကို ထင်ရှားစွာ ဖြစ်စေနိုင်သော ပါရမီ ဂုဏ်ထူး ရှိတော်မူသည့် ထီးလှိုင်ရှင် မင်းတရားကြီး ဘုရား၏ မြေးတော် မင်းသို့- ရွှေဒိမ်သည် မင်းသား- စောသွမ်း မင်းငယ်တို့၏ သားတော် ဖြစ်သော

www.dhammaransi.com



ခင်းသောင်း မင်းလျာ သူမြတ် သည့်ကား သာသနာတော် သက္ကရာဇ် တထောင့် ခြောက်ရာ၊ တဆယ်ပြည့် (၁၆၁၀) ဂေါဇာ သက္ကရာဇ် လေးရာ နှစ်ဆဲ့၊ ရှစ်ခု (၄၂၈) ခုနှစ် ဝါဆိုလဆန်း (၈)ရက် ကြာသပတေးနေ့ ကောင်းမြတ်သော မင်္ဂလာ ရက်ချိန် ပြက္ခဒိန်ခေတ် အခါ တွင်၌ နတ်တို့ပြည်မှ နတ်မင်း၊ သိကြားမင်းတို့ မှီခေါင် လာဘိသကဲ့သို့ ရှေးအခါသည့် မင်းသို့မှ ဘွားမြင်ဖြစ်ထွန်း တော်မူခဲ့ လေသတည်း။

ဘုရားဒါယကာ ဘွားမြင်တော်မူခန်း ပြီး၏။

## မင်းဧကရာဇ် အဖြစ်သို့ ရောက်တော်မူခန်း။

ယခု **အခါ၌** သီဟိုဠ်ရှင် ဘုရား ဒါယကာ ဘွားမြင် တော်မူရာ အခန်းအပိုင်းကို ဆိုပြီး၍ မင်းဧကရာဇ် အဖြစ် သို့ ရောက်တော်မူခန်းကို ဆိုပေအံ့သတည်း။

မြေးတော် သူမြတ် မွေးဘွားတော် မမူမီ အခါက ထီးလှိုင်ရှင် မင်းတရားကြီး၏ တိုင်းနိုင်ငံတော် အဝင်ဖြစ် သော ကုလားပြည် သံတောင် အရပ်နှင့် သဲပုံးပင်လယ် အရပ်တို့သည် သဗ္ဗာတော်ကို ဖေါက်ပြန်လျက် ထောင် ထား ခြားနား ကြလေသည်။ ။ထီးလှိုင်ရှင် မင်းကြီး သည် နိုင်ငံတော် ဖြစ်သော ကုလားပြည် သံတောင်နှင့်

www.dhammaransi.com



သေုံး ပင်လယ်ဝတို့ကို နှိမ်နင်းတိုက်ခိုက်ရန် စစ်သည် ပေါင်းများစွာနှင့် အမှူးအမတ် တို့ကို စေလွှတ်တော်မူ လေသည်။ ။မှူးမတ် ဗိုလ်ပါ တို့လည်း ကုလားပြည် သံတောင်နှင့် သေုံးပင်လယ်ဝ အရပ်တို့ကို တိုက်ခိုက် နှိမ်နင်းရန် စစ်သည် ပေါင်း များစွာနှင့် တွက်ကြ လေ သတည်း။

မြေးတော် သုမြင်ကား ကြီးမားသော ဘုန်းတန်ခိုး ရှိတော် မူသောကြောင့် အထူးထူးသော အံ့ဘွယ် သရဲ တို့ကို ဖြစ်စေလျက် ဘွားမြင်တော် မူခဲ့သည် ဖြစ်ရာ ဘိုးတော် ထီးသို့ုင်ရှင် မင်းကြီးမှာ လွန်စွာ နှစ်သိမ့်အားရ တော် မူသောကြောင့် ဘွားမြင်တော် မူပြီး၍ နှစ်ရက် သုံးရက်မှ အကြာတွင်ပင် [၁] ရာဇာဘိသေက မင်္ဂလာကို စီရင်ပြုလုပ်၍ မိမိအုပ်ချုပ် စိုးစံတော် မူရသော တိုင်း နိုင်ငံတော်၌ ကိုယ်တော်နှင့် ထပ်တူ ထီးဖြူဆောင်းမိုက် ၍ မြတ်သောမင်း အဖြစ်သို့ သွတ်သွင်း တင်မြှောက်ရန် ရည်သန်မိုင်းခြားတော် မူသည်။

ရာဇာဘိ သေကမင်္ဂလာ ဟူသည် မင်း၏ အဖြစ်သို့ တင်မြှောက်လျက် ထိပ်ထက်၌ ရေစင် သွန်းလောင်းခြင်း

---

၁။ ရာဇာဘိသေက မင်္ဂလာ စီရင်ခြင်း အခမ်းအနား ကို ရွှေဘုံနိဒါန်းကျမ်း, ဥဒေစတီ အရေးတော်ပုံ ကျမ်းတို့ ၌ အကျယ်တဝင့် ဆိုထားပြီးဖြစ်သောကြောင့် ဤသမိုင်း ကျမ်း၌ ရာဇာဘိသေက မင်္ဂလာ အခမ်းအနားကို ဘော် ပြခြင်း မပြု သတည်း။

www.dhammaransi.com



သဘင်ကို ဆိုလိုသည်။ ။မြေးတော် သူမြတ်ကို ဘွားမြင်တော် မူပြီး၍ နှစ်ရက်, သုံးရက်ခန့် ကြာလျှင် ဘိုးတော် ထီးလှိုင်ရှင် မင်းတရားကြီးသည် မြတ်သော ရာဇပလ္လင်ထက်၌ နေမင်းကဲ့သို့ တင့်တယ်စွာ ထိုင်နေတော်မူလျက် သိကြားမင်း, နတ်မင်း တို့၏ တင့်တယ်ခြင်းနှင့်တူသော အလွန်သျှင် အံ့ဩဘွယ်ရာ ကောင်းသော တင့်တယ်ခြင်းကို ဆောင်တော်မူပြီးလျှင် မြေးတော် သူမြတ်ကို ရင်ခွင်ထက်တွင် ပိုက်ပွေ့တော် မူလျက် (သိရိဇေယသူရ) ဟူသော ဘွဲ့အမည်တော်ကို ပေးအပ် ဆောင်နှင်းတော်မူ၍ ကြီးကျယ်ခမ်းနား လှသော ရာဇာဘိ သေကမင်္ဂလာကို စီရင်တော်မူသည်။

ရာဇာဘိသေက မင်္ဂလာ ပွဲသဘင် ကြီးစွာ ခံသောအခါတွင် ဘိုးတော် ထီးလှိုင်ရှင် မင်းတရားကြီး ဘုရားသည် ပုဏ္ဏားမတ် အပေါင်း တို့အား မြေးတော် သူမြတ်၏အကြောင်းချင်းတကို ဤသို့လည်း မိန့်တော် မူသည်။ ။မိန့်တော်မူပုံမှာ။ ။ဒို-ပုဏ္ဏားမတ် အပေါင်းတို့ ငါကိုယ်တော်သည် မြေးတော် သူမြတ်၏ ကြီးမား လွန်ကဲသော ဘုန်းပါရမီတော်ကို တွေ့မြင်သိရှိတော် မူရသောကြောင့် မြေးတော်သူမြတ်၏ မယ်တော်ဖြစ်သော သမီးတော်- ရွှေအိမ်သည်မှာ မီးဖွါးရက်မှ- မစေ့ငမီ ငါကိုယ်တော်၏ မြေးတော်ကို ရာဇာဘိ သေက မင်္ဂလာပြု၍ တိုင်းကား နိုင်ငံအဝှမ်းတွင် မြတ်သော မင်း အဖြစ်ကို မြှောက်တော်မူသည်။ ။ဤကဲ့သို့ တင်မြှောက် ရခြင်းမှာလည်း ငါ၏မြေးတော်မှာ ထက်ကြွပ် ပါရှိခဲ့သော ဘုန်းတော်, ကံ

www.dhammaransi.com



တော်၏ အကျိုးပင် ဖြစ်ချေ၏။ ။သို့စင်မှု ယော်ရှ်ယ်စည် အခါကပင် ရာဇဝတီ သောက မင်္ဂလာဖြင့် ကြီးစွာသော တိုင်းကား နိုင်ငံကို အစပ်နှံ့ ဆောင်နှင်း ရခြင်းမှာ မင်းဆက် တကာတို့ ခံရခဲလှသော သနားသေခံ ချက်ကြီးပင် ဖြစ်လေသည်။ ငါ၏ တိုင်းနိုင်ငံ အစဉ်မင်းကိုပင် မြေးတော်၏ တိုင်းနိုင်ငံ ဖြစ်စေ၊ မြေးတော်၏ တိုင်းနိုင်ငံ သည်ပင် ငါ၏ တိုင်းနိုင်ငံ ဖြစ်စေ။ ။တောအုပ်ကြီး ဘုရတွင်ရှေ့ ခြသို့မင်းကြီး နှစ်ဦးတို့ နေထိုင်ပျော်စံဘိ သကဲ့သို့ တိုင်းနိုင်ငံ တရတည်းတွင် ငါကိုယ်တော်သည် မြေးတော်နှင့် အတူ ထီးဖြူကိုဆောင်း၍ နန်းမြိုင်၊ ထီးမြိုင်၊ မင်းမြိုင် စံတော် မူမည်။ ။မြေးတော် အားလည်း (သီရိဇေယ သူရ)ဟူသောဘွဲ့မည်ကို ဘွဲ့ချည်ခေါ်တော်မူမည်။ ဤကဲ့သို့ မိန့်တော်မူသတည်း။

ယင်းကဲ့သို့ မြေးတော်အား "သီရိဇေယ သူရ" ဟူသော ဘွဲ့တော်ဖြင့် မှည့်ခေါ်သတ်မှတ်လျက် မြတ်သော မင်းတရား၏ အဖြစ်ကို ဘိသိက် ခေစင် သွန်းလောင်းသော ပွဲသဘင် နေ့မှာပင် ကုလားပြည် သံတောင်နှင့် ငသုံးပင်လယ် အရပ်တို့ကို- တိုက်ခိုက် နှိပ်နင်းကုန်သော အမတ်တို့သည် ရန်သူ- သူပုန် တို့ကို ကောင်းစွာအောင်မြင်လျက် "သုံ့လူ"ဖြစ်သော ကျေးကုလား လူမျိုး တို့ကို ဖမ်းဆီး ယူလာပြီးလျှင် ထီးလှိုင်ရှင် မင်းကြီးအား ဆက်သလာကြသည်။ ။ထိုသို့သော အကြောင်းစုံနှစ်ကို ဖြင်တော်မူသော ဘိုးတော် ထီးလှိုင်ရှင် မင်းကြီးသည် အံ့သြခြင်းကြီးစွာနှင့် မင်္ဂလာစကားကို မိန့်ကြားတော် မူသည်

www.dhammaransi.com



မှာ။ ။အိုမှူးမတ်တို့ ငါမြေးတော် သိဒ္ဓိဓေယ သူရကို ရာဇာဘိသေက မင်္ဂလာခံသောနေ့မှာပင် ရန်သူ ဖြစ်သော ကျေးကုလား တို့သည် ငါကိုယ်တော် မြတ်၏ ခြေတော်ဝါး တော် အောက်သို့ ရောက်လာကြရ လေသည်။ ထိုသို့ရန် သူဖြစ်သော ကျေးကုလား တို့ကို အောင်နိုင် ခြင်းသည် လည်း မြေးတော် သူမြတ်၏ ရာဇာဘိ သေက မင်္ဂလာ ခံယူရာ နေ့နှင့် ကြုံကြိုက်ရကား နှောင်သော အခါတွင် ငါကိုယ်တော်၏ မြေးတော် သူမြတ်သည် မလိုမုန်းရန် သူအပေါင်းတို့ကို အလွယ်တကူ အောင်မြင်နိုင် လတ္တံ့ သော အကြောင်းနိမိတ်ပင် ဖြစ်ချေသည်။ ။ဟူ၍ မိန့် တော်မူလေသည်။

ဘိုးတော် ထီးလှိုင်ရှင် မင်းကြီးသည် သုံ့လူဖြစ် သော ကျေးကုလား တို့အား စစ်ဥက္ကာ အရပ်၌ အခုအခ ငန်းချစေလျက် အိမ်ခြေ ယာခြေတို့ကို ယူ၍ နေထိုင်စေ တော်မူ၏။ ။မြေးတော် သိဒ္ဓိဓေယ သူရနှင့် ဘိုးတော် ထီးလှိုင်ရှင် မင်းကြီးတို့ကား ထီးဖြိုင်, နန်းဖြိုင် စံနေတော် မူကြသည်။ ။ထီးဖြိုင်, နန်းဖြိုင်ဟု ဆိုသော်လည်း ရာဇ ပလ္လင် အသီး အခြားနှင့် တိုင်းကား နိုင်ငံကို ခွဲဝေပေး သည် မဟုတ်။ ။ဘိုးတော်၏ နိုင်ငံသည်ပင် မြေးတော်၏ နိုင်ငံ။ ။မြေးတော်၏ နိုင်ငံသည်ပင် ဘိုးတော်၏ နိုင်ငံ ဖြစ်စေတော်မူ၍ မြေး, အဘိုး နှစ်ပါး ထီးဖြိုင်, နန်းဖြိုင် စံနေတော် မူသည်။ ။နန်းခြား မထားဘဲ ထီးဖြူ တခု တည်းကို ဆောင်းလျက် အဖြိုင်အဆိုင် စံတော် မူသည် ဟုဆိုလိုသည်။

## မှားထားချက်။

ဤသို့ ဘိုးတူ, နန်းပြိုင် စံနေတော်မူကြောင်းကို ရေးသား ပြဆိုခြင်းကား၊ သိပ္ပိဋ္ဌရ သမိုင်းဟောင်းနှင့်အညီ ဖြစ်သတည်း။ ။မြန်မာ ရာဇဝင်၌ မြေးနှင့်- အဘိုး သားနှင့်- အဘ ထီးဖြူတရတည်းကို ဆောင်းလျက် ထီးပြိုင်, နန်းပြိုင် နန်းစံရသော မင်းသားတို့မှာ နှစ်ပါးသာ ရှိလေသည်။ နှစ်ပါး ဟူသည်မှာ၊ ။ပြဆို ရေးသား ခဲ့ပြီးသော သီရိ ဇေယ သူရ မင်းသား တပါး။ ။အင်းဝပြည်တွင် ဒုတိယမင်းခေါင် မည်သော ဘုရင်မင်းတရား၏ သားတော် အသက် ဘဆဲ့, နှစ်နှစ် အရွယ်သာ ရှိသေးသော မဟာ သိဟသူရ မင်းသားတပါး၊ ဤသို့နှစ်ပါး ဖြစ်လေသည်။ ။မဏ္ဍိုမတိုက်၌မူကား ရှေးလွန်လေပြီးသော အခါ "ဘာဂိနီယ" မင်းသည် သားတော် ဖြစ်သော အသက်တဆဲ့; ငါးနှစ်ရွယ်မျှ ရှိသော ဗိမ္ဗိသာရ မင်းသားနှင့်အတူ နန်းပြိုင်- ထီးတူ စံတော် မူဘူးသော ထုံးဟောင်း တခုလည်း ရှိလေသည်၊ ။ဤကဲ့သို့ သားနှင့်- အဘ မြေးနှင့် အဘိုးတို့ ထီးပြိုင်, နန်းပြိုင် စံစားရသော မင်းသား တို့၏ အဖြစ်သည်လည်း လွန်ကဲ ထူးမြတ်သော ဘုန်းပါရမီတော် ရှိသော မင်းသား တို့၏ အရိုက် အရာသာ ဖြစ်လေသည်။

www.dhammaransi.com



## ၁။ ရဟန္တာသခင်- ရှင်အရဟံ၏ အတ္ထုပ္ပတ္တိကို ပြခြင်း။

ဤအရာ၌ ရဟန္တာ သခင် အရှင် အရဟံနှင့် သက်ဆိုင် စပ်လျဉ်းသော အကြောင်းအရာ များလည်း ပါရှိနေရာ ထိုရဟန္တာသခင် အရှင်အရဟံ၏ ဖြစ်ပျက်ပုံ အကြောင်းဟူသော အတ္ထုပ္ပတ္တိ ကိုလည်း သိသင့် သဖြင့် အရှင်အရဟံ၏ အတ္ထုပ္ပတ္တိ စကားတို့ကို ရာဇဝင်တော်, ဥဂံရာဇဝင်တို့၌ လာရှိသော အတိုင်း အကျဉ်း အမြွက်မျှ ရေးသားဖော်ပြဦးအံ့၊

ရဟန္တာသခင် အရှင်အရဟံ၏ အတ္ထုပ္ပတ္တိသည်။ ။ ၁= ရာဇဝင်တို့၌လာသော အတ္ထုပ္ပတ္တိ၊ ။၂= သာသနဝံသစာတမ်း၌ လာသော အတ္ထုပ္ပတ္တိ၊ ။၃= ပရိက္ခာနိဒါန်း၌ လာသော အတ္ထုပ္ပတ္တိ၊ ။ဟူ၍ သုံးမျိုးရှိ၏။ ထိုသုံးမျိုးတို့တွင် ဤသမိုင်း ကျမ်း၌ကား ရာဇဝင်တို့၌ လာသော အတ္ထုပ္ပတ္တိ ကိုသာ ရေးသား ဖော်ပြမည်။ ။ကြွင်းသော အတ္ထုပ္ပတ္တိတို့ကို အလိုရှိက ရှာဖွေ ကြည့်ရှုကြ ကုန်ရာ၏။

ရာဇဝင်၌လာသော အတ္ထုပ္ပတ္တိကား ဤသို့တည်း။ ။ မြန်မာနိုင်ငံ အတွင်း သုနာပရန္တတိုင်း တမ္ပဒီပတိုင်းတို့၌ သာသနာတော် မထွန်းပချေသေး၊ မြတ်စွာဘုရား၏ ဗျာဒိတ်စကားတော် အတိုင်း သာသနာတော်ကို ထွန်းပစေအံ့.... ဟူ၍ ရဟန္တာ အရှင်မြတ်တို့ ကြံစည်တော်မူပြီး လျှင် သိကြားမင်း ထံသို့ သွား၍ သာသနာတော် ပြုနိုင်

မည့်ပုဂ္ဂိုလ်ကို အညီအညာ တောင်းဆို ကြဲလေသည်။ ။ သိကြားမင်းလည်း တာဝတိံသာ နတ်ပြည်၌ ရှိသော နတ်သား တယောက်အား တောင်းပန်၍ လူတို့ ပြည်တွင် ပုဏ္ဏားမ၏ဝမ်း၌ ပဋိသန္ဓေ နေစေ လေသည်။ ။နေ့လစေ့၍ ဘွားမြင်သည့် ရှိသော် ထိုသတိုးသား ပုဏ္ဏားသူငယ်ကို သိဂ္ဂဝအမည်ရှိသော ရဟန္တာ အရှင်မြတ် စောင့်ကြပ်သော် မူရသည်။ ။အရွယ်သို့ ရောက်လျှင် ပုဏ္ဏား လုလင်ပျိုသည် ဗေဒင်လေးပုံတို့ကို သင်ကြားပြီးမှ ရဟန်းပြု၍ ပိဋကတ်သုံးပုံကို သင်ကြားတော် မူ၏။ မကြာ မြင့်မီ ပိဋကတ် ကျမ်းဂန် တတ်မြောက်၍ မြတ်သော ရဟန္တာ အဖြစ်သို့လည်း ရောက်တော် မူသဖြင့် ရှင်အရဟံ- ဟူသော- အမည်ဖြင့် ဇမ္ဗူဒိပ် တကျွန်းလုံး ကျော်စော ထင်ရှားတော် မူလေ၏။

ထိုရဟန္တာ သခင် ရှင်အရဟံ ထေရ်သည် သုနာပရန္တတိုင်း တမ္ပဒီပတိုင်းတို့၌ သာသနာတော် စည်ပင်ပြန့်ပွားခြင်း မရှိသေး၊ ငါသည် သာသနာတော် သုံးပါးကို ထိုတိုင်းနိုင်ငံ တို့၌ ထွန်းတောက်အောင် ပြုပေအံ့။ ။ ဟု- ကြံရွယ်တော် မူပြီးသော် ပုဂံပြည်သို့ ရှေးရှု ကြွတော်မူလာသော်၏။ ။ရောက်တော် မူလျှင် ပုဂံပြည်နှင့် မနီးမဝေးသော တောအုပ်တခု၌ သီတင်းသုံး နေထိုင်တော်မူ၏။ ။ထိုအခါ သိကြားမင်းသည် ရဟန္တာသခင်- ရှင်အရဟံ မထေရ်ကို အနော်ရထာ မင်းကြီးထံသို့ ရောက်အောင် ပို့ဆောင်ပေအံ့ဟု နှလုံးသွင်းလျက် တောအုပ်သို့ သက်ဝင်လာသော တောမုဆိုး တယောက်အား လှည့်

www.dhammaransi.com



ပတ်ဖြားယောင်း၍ ရှင်အရဟံ မထေရ်ကို ဖူးတွေ့စေသည်။ တောမုဆိုးသည် ရှင်အရဟံ ထေရ်မြတ်ကို မြင်တွေ့လျှင်ပင် ရှင်အရဟံ၏ နှစ်သက် ကြည်ညိုဖွယ်ကောင်းသော ရုပ်ရွှေတို့ကို ဖူးမြင်ရသဖြင့်၊ ။ဤသူကား လူလား, လူမြတ်ဖြစ်ရာသည့်၊ လူသာမန်မျှ မဖြစ်တန်ရာ။ ။ဟူ၍- မှတ်ထင်ပြီးလျှင် ရှင်အရဟံကို ပင့်ဆောင် ခဲ့ပြီးမှ ပုဂံပြည်ရှင် ဘုရင်အနော်ရထာ မင်းကြီးအား ဆက်သလေ၏၊ ။ရှင်အရဟံလည်း တောမုဆိုး ပင့်ခေါ်သည့်အတိုင်း ပရိက္ခရာ ရှစ်ပါးကို ယူတော်မူ၍ လိုက်ပါတော်မူခဲ့လေသည်။

## ၂။ အနော်ရထာ မင်းကြီးနှင့် တွေ့ဆုံခြင်း။

မုဆိုးလည်း တောအုပ် တခု၌ ဤသူကို တွေ့၍ ယူဆောင် ဆက်သပါသည်- ဟု အနော်ရထာ မင်းကြီးအား လျှောက်ထား သံတော် ဦးတင်လေသည်။ ။မြတ်သော ပညာနှင့် ပြည့်စုံတော် မူသော အနော်ရထာ မင်းကြီးသည် ငြိမ်သက် တည်ကြည်သော ရုပ်ရွှေနှင့် ပြည့်စုံတော်မူသော ရှင်အရဟံ ထေရ်မြတ်ကို ဖူးမြော် တွေ့မြင်ရလျှင်။ ။ဤသူကား သူယုတ်မဟုတ်၊ မြတ်သောသူဖြစ်ရမည်။ ဤသူ၏ ဝမ်းတွင်း၌ မြတ်သော တရားတော် ရှိရာသည်....ဟု ဆုံးဖြတ်တော်မူပြီးသော် နေရောင်ဖြင့် တွေ့ထိသော ကြာမုံကဲ့သို့ ဖြည့်ဆည်းပူးတော် မူခဲ့ပြီးသော ပါရမီတော် အဟုန်ဖြင့် တုန်လှုပ် ချောက်ချားလျက် အား

ချွန်စ်သိမ့်ဘော် မူလေသည်။ ထို့နောင် အနော်ရထာမင်း တရားသည် ဤသို့ ကြံစည်တော် မူ၏။ ။ဤသူကား မြတ်သော သူဖြစ်အံ့၊ မြတ်သော နေရာ၌ နေတော်မူလိမ့် မည်။ ယုတ်သောသူ ဖြစ်အံ့ ယုတ်သော နေရာ၌ နေပေ လိမ့်မည်။ ငါသည် ထိုသူ၏ အယုတ် အမြတ် သဘော ကို နေရာဖြင့် စုံစမ်းမည်.... ဤသို့ ကြံစည်တော်မူ၏။ ။ ကြံစည်တော် မူပြီးလျှင် ရှင်အရဟံအား လျှောက်ပတ် သောနေရာ၌ နေပါတော့လော- ဟု ဆိုတော် မူသည်။

ရှင်အရဟံလည်း မြတ်သော အဖြစ်ကို သိစေတော် မူလိုသောကြောင့် မြတ်သော ရာဇပလ္လင်ထက်သို့ တက် ၍ နေတော် မူ၏။ ။မင်းကြီးလည်း ထိုသို့ နေတော်မူ သည်ကို မြင်တော် မူရလျှင်။ ။ဤသူကား နေရာကြီး ကျယ်စွာ့ တကား၊ သူ၏အမျိုး အနွယ်ကို မေး စိစစ်ဦး မည်....ဟု ကြံစည်တော်မူပြီးသော် ရှင်အရဟံသို့ ချဉ်းကပ် လျက် ဤသို့ နားတော် လျှောက်တင်လေ၏။ ။လျှောက် တင်ပုံမှာ။ ။အရှင်သည် အဘယ် သူ၏ အမျိုးအနွယ် ဖြစ်တော် မူသနည်း.... ဟူ၍ လျှောက်ထား၏။ ။ရှင် အရဟံသည်။ ။ငါကား အရဟံ- အစရှိသော ဂုဏ် တော်ကိုးပါး စသည်တို့နှင့် ပြည့်စုံတော် မူသော သမ္မာ သမ္ဗုဒ္ဓ အမျိုးအနွယ် ပေတည်း....ဟု မိန့်တော်မူ၏။ ။ အနော်ရထာ မင်းကြီးက မေးလျှောက် ပြန်သည်မှာ၊ ။ အရှင်သည် အဘယ် သူ၏ အဆုံး အမကို ခံယူပါသ နည်း။ ။ဟူ၍ မေးလျှောက် ပြန်၏။ ။ရှင်အရဟံက ဖြေကြားသည်မှာ။ ။သမ္မာ သမ္ဗုဒ္ဓ အမည်ရှိသော မြတ်

www.dhammaransi.com



ဗွာဘုရားသခင် ပညတ်တော် မူအပ်သော သိမ်မွေ့နက်နဲ လှသော အာဘာဒေသနာတော်မှ လာသော အဆုံးအမ ကို ငါခံယူသည်။ ။ဟူ၍- မိန့်တော် မူ၏။ ။မင်းကြီး လည်း ဝမ်းသာ ရွှင်ပျသော စိတ်ဖြင့် လျှောက်ထားပြန် သည်မှာ။ ။ထိုသို့ ဖြစ်လျှင် ပါ့ရှင်၏ ဆရာ- မြတ်ဗွာ ဘုရားသခင် ဟောတော် မူအပ်သော တရား တော်ကို တစိတ်တဒေသမျှ ကြားနာ လိုပါသည်- ဟု လျှောက်ထား လေသည်။ ။ရှင်အရဟံလည်း သိရိဓမ္မာ သောကမင်း ကြီးအား နိဂြောဓ သာမဏေသည် အပ္ပမာဒ တရားကို ဟောတော်မူသကဲ့သို့ အနော်ရထာ မင်းကြီးအား အပ္ပ မာဒ သုတ္တန်ကို ဟောတော်မူလေ၏။

ရှင်အရဟံ၏ တရားတော်ကို ကြားနာရလျှင် မင်း ကြီး၏ နှလုံးတော်သည် အကြိမ် တရာ စစ်အပ်ပြီးသော ဆီဘွင် အဖန်တရာ ဖတ်အပ်သော ဝါဂွမ်းစိုင်ကို ချသိ သကဲ့သို့ ပြောင့်ပျောင်း နူးညံ့လျက် ဩက္ကမ သဒ္ဓါဖြင့် မတုန်မလှုပ် ကြည်ညိုတော် မူလေ၏။ ။ဘုရား တော်၏ အဆုံး၌ မင်းကြီးသည် ဤသို့ လျှောက်ထား ပြန်လေ သည်။ ။သမ္မာသမ္ဗုဒ္ဓ မြတ်ဗွာဘုရားကား ယခုအခါ အဘယ်မှာ ရှိပါသနည်း၊ တရားတော်ကား အဘယ်မျှ အရေအတွက် ရှိပါသနည်း၊ တပည့်သား သံဃာတော် ကား ငါ့ရှင်မှတပါး- တခြား ရှိသေးသလော, မရှိပြီလော ဟု မေးမြန်း လျှောက်ထားတော် မူ၏။ ။ရှင်အရဟံ လည်း။ ။ငါတို့ဆရာ မြတ်ဗွာ ဘုရားကား ပရိနိဗ္ဗာန် စံတော် မူပြီ၊ ခတ်တော် မွေတော် များသော ကြွင်း

www.dhammaransi.com



ကျန် ရစ်တော့သည်။ ။တရား တော်ကား ဓမ္မက္ခန္ဓာ ပေါင်း ရှစ်သောင်း, လေးထောင်မျှ ရှိသည်၊ သံဃာတော်ကား ငါမှတပါး ပရမတ္ထသံဃာ၊ သမ္မုတိ သံဃာ များစွာ ရှိလေသေးသည်။ ။ဟူ၍- မိန့်ဆိုတော်မူ၏။

ထိုစကားကို မင်းကြီး ကြားသိတော် မူရလျှင် အတိုင်းထက်အလွန် ကြည်ညိုခြင်း ဖြစ်၍ ဤသို့ လျှောက်ပြန်လေ၏။ ။အရှင်ဘုရား အကျွန်ုပ်အား ဤဘဝတွင် အရှင်မှ တပါး ကိုးကွယ်ရာ မရှိပါပြီ၊ ယနေ့မှစ၍ အကျွန်ုပ်၏ ကိုယ်အသက်ကို အရှင်အား ဆောင်နှင်းတော့သည်။ ။အရှင်၏ အဆုံးအမကိုလည်း ကျွန်ုပ်ခံယူတော့သည်။ ။ဟူ၍- လျှောက်ထား လေ၏။ ။ဤသို့လျှင် အနော်ရထာ မင်းကြီးသည် သက်ဝင်တော သဒ္ဓါရှိသည့် ဖြစ်၍ ရှင်အရဟံအား အရည်ကင် ရတင်- ရသောက်သော အရပ်တချွဲ ဘောကျောင်း သင်္ခမ်း ဆောက်၍ လှူဒါန်းတော် မူလေ၏။ ရှင်အရဟံလည်း ထိုအခါမှ စ၍ ပုဂံ ပြည်၌ပင် သီတင်းသုံး နေထိုင်တော်မူလေသည်။ ။ အနော်ရထာ မင်းကြီးလည်း ကိုးကွယ်ခဲ့ရင်း ဖြစ်သော အရည်းဆရာကြီး- သုံးကျိပ် တို့နှင့်တကွ အရည်းတပည့် ပေါင်း ခြောက်သောင်း တို့ကို ကိုယ်တော် တိုင်လည်း စွန့်ပယ်တော်မူ၏။ တိုင်းသူ ပြည်သား တို့ကိုလည်း စွန့်ပယ် စေတော်မူ၏။ အချို့တို့ကို လူဝတ် လဲစေလျက် ဆင်မောင်းကိုင်, လှံကိုင်, ဆင်ချေးကျုံး, မြင်းချေးကျုံးထည့် တော်မူ၏။ သာသနာ၌ ကြည်ညိုသော အရည်း ရဟန်း အချို့တို့ကို ရဟန်း ပဉ္စင်းပြု၍ သာသနာတော်ကို ထမ်း

www.dhammaransi.com



ရှက်စေတော် မူသတည်း။ ။ဤသည်ကား ရဟန္တာ သခင် အရှင်အရဟံ မထေရ်မြတ် ပုဂံပြည်သို့ ကြွရောက်တော် မူလာကြောင်းကို ဆိုသော စကားရပ်တည်း။

## မှတ်ချက်။

အနော်ရထာ မင်းကြီးကား ထီးလှိုင်ရှင် မင်းတရား၏ ခမည်းတော် ဖြစ်၍ သိပ္ပံုဋ္ဌရှင် ဘုရား ဒါယကာ ဖြစ်လတ္တံ့သော ထီးလှိုင်ရှင် မင်းကြီး၏ မြေးတော် သိရိဓမ္မသူရ မင်းသား ငယ်၏ သားတော်ပင် ဖြစ်သည်။ ။ထို အနော် ရထာ မင်းကြီး သည်ကား သာသနာ တော် သက္ကရာဇ် တထောင့်, ငါးရာ့, ခြောက်ဆဲ့ တခု (၁၅၆၁)ခု ဂေါဇာသက္ကရာဇ် သုံးရာ့, ခုနစ်ဆဲ့, ကိုးခု (၃၇၉)ခု နှစ်၌ ပုဂံ ပြည်တွင် မြတ်သော မင်းအဖြစ်သို့ ရောက်တော် မူသည်။ ။မင်းအ ဖြစ်သို့ ရောက်၍ အနှစ်လေးဆယ် ကြာမှ သာ သနာတော် သက္ကရာဇ် တထောင်, ခြောက်ရာ, တခု ( ၁၆၀၁ )ခု ဂေါဇာ သက္ကရာဇ် လေးရာ, တဆဲ့, ကိုးခု (၄၁၉)ခုနှစ်၌ အရှင်အရဟံ ပုဂံ ပြည်သို့ ရောက်တော် မူသည်။

ထို အရှင်အရဟံ မထေရ်မြတ်သည် အနော်ရထာ မင်းစော လက်ထက်တော်, ထီးလှိုင်ရှင်- ကျန်စစ်သား မင်း လက်ထက်တော်, သိပ္ပံုဋ္ဌရှင် ဘုရား ဒါယကာ-အလ လောင်းစည်သူ မင်းကြီး လက်ထက်တော် ဤသက်ထက်

www.dhammaransi.com



တော်သုံးရပ် တို့၌ များလှစွာသော မင်းယောကျ်ား, မင်းမိန်းမ- အစရှိသည် တို့နှင့် တကွ တိုင်းနေ ပြည်သူတို့အား တရားဟောပြော သုံးမ ပြီးလျှင် သာသနာတော်မြတ် သုံးပါး၏ အစီးအပွါး ကိုသာ ဆောင်ရွက်တော်မူလေသည်။ ။တာဝိယမြောက် ဖြစ်သော သိပ္ပံကြီးရှင်ဘုရား ဒါယကာ- အသောင်းစည်သူ မင်းကြီး၏ လက်ထက်တော်၌ ပရိနိဗ္ဗာန် စံတော်မူလေသည်။ ။ပရိနိဗ္ဗာန်စံဝင်တော် မူပုံအကြောင်းကို အထက်၌ ဘွဲ့မြင်ဘတ်ရှုရလိမ့်သတည်း။

## ၄။ အရှင် အရဟံထေရ်မြတ်၏ မိန့်ခွန်းတော်။

ဤသို့ ဆိုခဲ့ပြီးသော စကားရဖြင့် ထီးလှိုင်ရှင် မင်းတရားကြီး၏ လက်ထက်တော် အခါ၌ ရဟန္တာ သခင်အရှင် အရဟံ ထေရ်မြတ် ထင်ရှားစွာ ရှိတော်မူကြောင်းကို သိအပ်ပေပြီ။ ။ထို့ကြောင့် သမိုင်းစကားကို ဆက်လက်၍ ရေးသားပေအံ့။

ဘိုးတော် ထီးလှိုင်ရှင် မင်းကြီးသည် မြေးတော်ကို ချစ်ကြည်တော် မူလှသောကြောင့် ထီးနန်း အပြိုင် နန်းစံတော် မူခြင်းမှာ တိုင်းနိုင်ငံ အဝှမ်းတွင် ထင်ရှား ကျော်စော သွားလေ၏။ ။ထိုအခါ များစွာ ကုန်သော နန်းတွင်းသူ, နန်းတွင်းသား တိုင်းသူ,ပြည်သား တို့က မြေးတော် သိရိဓမ္မယသူရ၏ ဘုန်းဂုဏ်သမ္ဘာ ရင့်မာတော်မူသော ပါရမီ ကျေးဇူး တို့ကို အသူးထူး အထွေထွေ

www.dhammaransi.com



ချီးမွမ်းကြ လေကုန်သတည်း။ ။မြေးတော် သိရိဓေယ သူရ- မင်းသားငယ်ကို ချီးမွမ်း ပြောဆိုကြသော အသံ တို့သည်ကား နန်းတွင်း, နန်းပြင်၌ အလွန် ထင်ရှားလေ ကုန်၏။ ။အရှင်အရဟံ ထေရ်သည်လည်း များစွာ သော သူတို့ ချီးမွမ်း ပြောဆိုသော သိရိဓေယသူရမင်း သားငယ်၏ အကြောင်းချင်းတတို့ကို ကြားသိတော် မူ လျှင်။ ။ဤ မင်းသားငယ်ကား နှောင်သော အခါတွင် သာသနာတော်သုံးပါး တိုင်းနေသူ လူအများတို့၏ အစီး အပွါး ကိုသာ ကျင့်ဆောင်တော်မူမည့်သူ ဖြစ်ချေသည်။ ငါ့နှင့်လည်း မြတ်သော ဆုတော်ကို ပန်ယူဘက် ဖြစ်ချေ သည်။ ။သိရိဓေယသူရ မင်းသားငယ်၏ ကျေးဇူးဂုဏ် သတင်းကို ထင်ရှား သည်ထက် ထင်ရှား စေရန် ငါ ကိုယ်တိုင် ပြောဆို ချီးမွမ်းဦးမည်။ ။ဟူ၍ ကြံစည် တော် မူပြီးလျှင် ထီးလှိုင်ရှင် မင်းကြီးရှိရာ နန်းယင်ပြင် သာသို့ လျင်မြန်စွာ ကြွသာတော်မူခဲ့ လေသတည်း။

ရွှေနန်းတော်သို့ ရောက်တော်မူလျှင် မြတ်သောရာဇ ပလ္လင် ထက်၌ ထက်ဝယ် ဖွဲ့ခွေ နေတော်မူ ပြီးသော် စုဝေး ရောက်လာသော မင်း, မောင်းမ, ပရိသတ် တို့အား အတိတ်အခါ၌ ဖြစ်ခဲ့ဘူးသော အကြောင်းဇာတ် တခုကို မိန့်ကြားတော် မူလေ၏။ ။များစွာသော မင်း, မောင်းမ, မှူးမတ် ဗိုလ်ပါတို့ သည်လည်း အရှင် အရဟံ၏ မိန့်ခွန်း တော်ကို နာခံ မှတ်သား နေကြကုန်၏။ ။အရှင်အရဟံ ကိုယ်တော်လည်း ထီးလှိုင်ရှင် မင်းကြီးအား အမှူးထား လျက် မိန့်ကြားတော် မူပုံမှာ။

www.dhammaransi.com



## အတိတ်ဝတ္ထု။

မြတ်သော မင်းကြီး။ ။သင်မင်းကြီး၏ မြေးတော် သိရိဓမ္မာသူရကို ထီးဖြူ၊ နန်းဖြူ အပ်နှင်း၍ မင်းအဖြစ် မြှောက်သည်ဟု ကြားသိရပေသည်။ ။မြေးတော် သိရိဓမ္မာ သူရ မင်းသား ငယ်ကား မည်ကာ မတ္တမဟုတ်။ ။ရှေး အတိတ် အခါက သင်မင်းကြီးနှင့်ရင်း၊ ငါနှင့်ရင်း ဆွေဟောင်းဘက် ပုဂ္ဂိုလ် ဖြစ်လေသည်။ ။မြတ်သော မင်းကြီး စေ့စေ့ နာယူလော။ ။ရှေး လွန်လေ ပြီးသော အခါတွင် တိုင်းပြည်ကြီး တခု၌။ ။(၁) ဘုန်းကြီးသော မင်းတပါး စိုးစံတော် မူခဲ့ဘူးသည်။ ။(၂) ထိုမင်းအား အိမ်ရှေ့အရာကို ပေးအပ် ဆောင်နှင်းထားသော မင်းသား တပါးလည်း ရှိလေသည်။ ။(၃)ထိုမင်းအား နေ့စဉ် နေ့စဉ် ကြဉ်အပ် မကြဉ် အပ်သော တရားစကား တို့ကို ဟောကြား ဆုံးမတတ်သော မင်းဆရာ- ပုရောဟိတ်ပုဏ္ဏား တယောက်လည်း ရှိလေ၏။ ။(၄) ထိုမင်း၏ နေပြည်တော်၌ သူဌေးသား တယောက်လည်း ရှိ၏။ ထို သူဌေးသားကား မင်းကျွမ်း ဝင်သောသူဖြစ်၍ မင်း၏ အပါးတွင် အမြဲမပြတ် ခစားလေ့ ရှိသည်။ ။(၅)ထိုမင်းအား အမြဲမပြတ် ဆည်းကပ် ခစားလျက် နေသော စစ်သူကြီးတယောက်လည်း ရှိလေ၏။

မြတ်သော မင်းကြီး။ ။ထို ငါးဦးသော ပုဂ္ဂိုလ်တို့သည် တူညီသော သဘောရှိကြ ကုန်သဖြင့် အခါတပါးတွင် မြတ်စွာဘုရား၏ စေတီတော် ယင်ပြင် တခုသို

www.dhammaransi.com



သွားကြကုန် ပြီးသော် ပန်း, ဆီမီး-စသော အလှူဝတ္ထုတို့ဖြင့် မြတ်စွာဘုရားအား ပူဇော် လှူဒါန်းကြ လေကုန်၏။ ။ဤသို့ ပူဇော်ပြီးလျှင် ငါးဦးသော ပုဂ္ဂိုလ်တို့သည် မြတ်သော ဆုတော်ကိုလည်း ဤသို့ အသီးသီး ပန်ဆင်ကြ လေကုန်၏။ ။အဘယ်သို့ ပန်ဆင်ကြ ကုန်သနည်းဟူမူ။ ။"မြတ်သောမင်းကြီး"။ ။(၁)အိမ်ရှေ့မင်းသား ဖြစ်သောသူသည် ဤကောင်းမှုကြောင့် လာလတ္တံ့သော ဘဝတို့၌ဘုန်းကြီးသော မင်းကောင်း, မင်းမြတ် ဖြစ်ရစေသော ဟုဆုတောင်း လေ၏။ ။(၂) ပုရောဟိတ်ပုဏ္ဏားကား မင်းတို့ ကိုးကွယ်ရာဖြစ်သော ရဟန်းသူမြတ် ဖြစ်ရစေသောဟု ဆုတောင်း လေ၏။ ။(၃)သူဌေးသားကား မင်းတို့ကိုးကွယ်ရာ ဖြစ်သော နတ်မင်းကြီး ဖြစ်ရစေသောဟုဆုတောင်း လေ၏။ ။(၄)စစ်သူကြီးကား ပြည်ထောင်ဘက်ချင်း မင်းအပါး ဖြစ်ရစေသောဟု ဆုတောင်းလေ၏။ ။(၅) ဘုရင်မင်းကြီးကား သင်တို့ လေးဦး၌ ငါသည်သာ အကြီးအမှူး ဖြစ်ရ စေသောဟု ဆုတောင်းလေ၏။ ။ဤသို့ အသီးသီး ဆုပန်ခဲ့ကြ လေသည်။

မြတ်သောမင်းကြီး ဤသို့သော ဆုမွန်ကို ပန်ဆင်လျက် သံသရာတွင် ကျင်လည်ခဲ့ရာ ယခုအခါတွင် ငါးဦးသော ပုဂ္ဂိုလ်တို့သည်ပင် မိမိတို့ ပန်ထွာခဲ့သော ဆုမြတ်အပေါင်းကို ကောင်းစွာ ရရှိကြကုန်ပြီ။ အဘယ်သို့ ရရှိကြ ကုန်သနည်း ဟူမူ။ ။"မြတ်သောမင်းကြီး"။ ။သင်မင်းကြီး စိုးစံတော်မူရာ ဖြစ်သော အရိမဒ္ဒနပုရ မည်သော ဤပုဂံပြည်ကြီး၌။ ။(၁)ထိုအခါက အိမ်ရှေ့မင်း

www.dhammaransi.com



သားသည် ယခု အခါ သင်မင်းကြီး၏ မြေးတော်—သိရိ ဓေယသူရ မင်းသား ဖြစ်လာလေသည်။ ။(၂) ထိုအခါ က ပုရောဟိတ်ပုဏ္ဏားကား ယခုအခါ "ရှင်အရဟံ"အ မည် ရှိသော ငါသည်ပင်တည်း။ ။(၃) ထို အခါက သူဌေးသားကား ယခုအခါ မင်းကြီး ကိုးကွယ် နေသော မဟာဂိရိ နတ်မင်းကြီး ဖြစ်လာလေသည်။ ။(၄) ထိုအ ခါက စစ်သူကြီးကား ယခုအခါ သင်မင်းကြီးနှင့် ပြည် ထောင် ဘက်ချင်း မင်းတပါး ဖြစ်သော [၁] သက်မင်း ကတုံ ဖြစ်လာလေသည်။ ။(၅) ထိုအခါက ပြည့်ရှင် မင်းကြီးကား ယခုအခါ အသင် မင်းတရားကြီးပင် ဖြစ် လေသည်။ ။ဤကဲ့သို့ ငါးဦးသော ပုဂ္ဂိုလ်တို့သည် မိမိ တို့ တောင်းဆိုခဲ့သော ဆုမြတ် အပေါင်းကို အသီးသီး ရရှိကြ သေကုန်ပြီ။ ။"မြတ်သောမင်းကြီး" သတ္တဝါဟူ သမျှ တို့ကား ဤသို့သော နည်းအတိုင်း ကံတရားသာ လျှင် မိတ်ဆွေရှိကြ ကုန်၍ ကံပစ်ချရာကိုသာ လိုက်နာ ကြရ ကုန်၏။ ။ဤသို့ အရှင်အရဟံ မိန့်တော် မူသေ သည်။ ။ဤသည်တို့ကား မြေးတော် သိရိဓေယ သူရ မင်းသားသည် ဘိုးတော် ထီးလှိုင်ရှင်နှင့်ရင်း, ရှင်အရဟံ ထေရ်မြတ်နှင့်ရင်း ဆုတောင်း ဆုယူ ပြုမူဘက်ချင်း ဖြစ်

---

[၁] ။သက်မင်း ကတုံ—ဟူသည်ကား။ ။အနောက် ဘက်နယ် ပင်လယ်သမုဒ္ဒရာ၏ တောင်ဘက် ကမ်းရိုးကို အစိုးရသော သက်လူမျိုးတို့၏ ဘုရင် "ကတုံမင်းသခင်" ကို ဆိုလိုသည်။

www.dhammaransi.com



လေသည်ကို သိရှိစေရန် ရာဇဝင်တို့မှ ထုတ်နုတ် ပြဆို ခြင်းတည်း။

## မှာထားချက်။

ဤအရာတွင် မြေးတော် သီရိဓေယ သူရသည် မွေးဘွားပြီးစ အခါမှစ၍ ဖြစ်သော မင်းအဖြစ်ကို ရသော်လည်း ဘိုးတော် ထီးလှိုင်ရှင် မင်းကြီးနှင့် ထီးနန်းအပြိုင်စံနေတော် မူရခြင်းကြောင့် အိမ်ရှေ့ မင်းသား အရာ၌သာ တည်ရှိလေသည်။ စင်စစ်မှာလည်း အိမ်ရှေ့မင်းသား မဟုတ်ခဲ့ပေ။ ။အိမ်ရှေ့မင်းသား မဟုတ် သော်လည်း ဘိုးတော် ထီးလှိုင်ရှင် မင်းကြီးနှင့် အတူ ထီးနန်းကို စံနေတော် မူရသော ဘုရင်တဆူ မျှသာ ဖြစ်သောကြောင့် ထီးလှိုင်ရှင် မင်းကြီး နတ်ရွာစံတော် မမူမီ အတွင်း၌ မြေးတော် သီရိဓေယသူရ၏ နန်းစံရခြင်းကို ရာဇဝင် ဆရာတို့က အိမ်နိမ့် အဖြစ်ဖြင့် နန်းစံသောနှစ် ဟူ၍ ရေတွက် ပြလေသည်။ မြေးတော် သီရိဓေသ သူရကား သက္ကရာဇ် (၄၅၄)ခုနှစ်သို့ရောက်မှ ဘိုးတော် ထီးလှိုင်ရှင် မင်းကြီး နတ်ရွာစံတော် မူခြင်းကြောင့် ရွှေထီး ရွှေနန်းကို သိမ်းမြန်း စိုးစံတော် မူရလေသည်။ ။ထိုအခါမှ စ၍ ရာဇဝင် ဆရာတို့က စည်းစိမ်တော်နှစ်ဟု ရေတွက် ပြဆိုသည်။ ။ထို့ကြောင့် သည်အရာကို ရာဇဝင် ဆရာတို့ မိန့်ဆိုတိုင်း မှတ်ရာ၏။

www.dhammaransi.com



## ၄။ ရွှေထီး ရွှေနန်းကို သိမ်းမြန်းတော် မူခြင်း။

ဤသို့ ဆိုခဲ့သော နည်းဖြင့် မြေးတော် သိရိမေဃ သူရ မင်းသားသည် ဘိုးတော် ထီးလှိုင်ရှင် မင်းကြီးနှင့် ထီးခြား, နန်းခြား မထားဘဲ ထီးဖြူဆောင်း၍ မင်းပြုတော် မူခဲ့ရာ အစဉ် အဆိုင်း ကြီးပွါး၍ လာတော်မူ၏။ အကြား အကြား ၌လည်း အထူးထူးသော တတ်ဘွယ် တတ်ရာ မင်းသားတို့အား ထိုက်တန်သော ပညာတို့ကို သင်ကြား တော်မူ၏။ အရွယ်သို့ ရောက်တော် မူလျှင် အဲမောင်း လှံကိုင် ကစားရေး, မြင်းစီး, မြင်းနှင်း အရေးတို့၌ အထူး သဖြင့် လိမ္မာ ပါးရေးတော် မူ၏။ ။တော တောင်သို့ ထွက်၍ သားသမင်တို့ ကျက်စားရာတွင် ပျော်ပါး တတ် သော အလေ့ ဝါသနာ ရှိတော်မူ၏။ ။အထူး သဖြင့် ဆင်ကြော့, ဆင်ဘမ်း, အလေ့အကျင့်တို့၌ ပျော်ပါးကျက် စားတော် မူလေ့ရှိသည်။ ။ထို့ကြောင့်ပင် ငယ်ရွယ် စဉ်မှစ၍ တောဆင်ရိုင်း တို့ကို ကြော့ယူတော် မူဘတ် ၏။ ။တောတောင်သို့ ထွက်၍ ဆင်နက်, ဆင်ဖြူတို့ကို ဘမ်းယူတော် မူသည်မှာ အကြိမ်ပေါင်း များစွာ ရှိ လေ၏။

မင်းမြတ် တို့သည် ကျင့်အပ်သော မင်းကျင့် တရား တို့ကိုလည်း မှတ်သား လေ့လာတော် မူ၏။ ဘေးတော် ဘိုးတော်ဘို့၏ အပြုအမူနှင့် တကွ ရတနာသုံးပါး သာ သနာတော် သုံးပါးတို့၌ ပြုရ အားထုတ် ပုံကို အလုံးစုံ အတု ယူတော်မူ၏။ ပြော့ပျောင်း နူးညံ့သော စိတ်နှလုံး

www.dhammaransi.com



တော်ရှိရကား မှူးမတ် သားမြေးတို့၏ ချစ်ခင် လေးနာခြင်းကိုလည်း ခံယူတော် မူရ၏။ ။သက်ကြီး ရွယ်ရင့် အခွင့်အရေးတို့၌ လိမ္မာ ပွမ်းတီးသော မှူးတော်, မတ်တော်တို့ကိုလည်း အမြဲ မပြတ် ရှိသေ လေးမြတ်လျက် သိမှတ် ဘွယ်ရာ မင်းသား တကာတို့ တတ်စကောင်းသော ရှေးဟောင်း စကား တို့ကိုလည်း ကြားနာ မှတ်သားလေ့ ရှိတော်မူ၏။ ။ဘေးတော်, ဘိုးတော် တို့၏ သွန်သင် ဆုံးမ ဩဝါဒ ပေးသမျှ ကိုလည်း လေ့လေ့ ရမ်းရမ်း ဝမ်းမြောက် ဝမ်းသာ လိုက်နာ ကျင့်ကြံတတ် လေသည်။ ။အရှင် အရဟံ အစရှိသော ရဟန္တာ သခင် ဆရာအရှင် မြတ်တို့၌လည်း မပြတ် ဆည်းကပ်လျက် မြတ်သော မင်းတို့သည် ကျင့်ကြံ အားထုတ် ပြုလုပ်ကြိုးစား သင့်သော တရားကောင်း, တရားမြတ် တို့ကို အထပ်တလဲလဲ ကြားနာမှတ်သားလေ့ ရှိတော်မူ သတည်း။ ရင့်မာတော် မူသော ဘုန်းပါရမီတော် ရှိသူ ဖြစ်ပေရကား မှတ်သား လေ့ကျက် သမျှသော တရား စကား, သင်ကြား အပ်သော ပညာ အတတ် တို့သည် ကျောက်ခွက်တွင် တည်သော ရေစင်ကဲ့သို့ ခိုင်ခံ့စွဲမြဲ သည်သာ များလေသတည်း။

ဘိုးတော် ထီးလှိုင်ရှင် မင်းကြီးသည် အထူးထူး သော စရပ်, တန်ဆောင်း, ဂူ, ကျောင်း, ဘုရား တံတားနှင့် သိမ်, စေတီဇြိမ်, ကန်, ချောင်း ဆည်, မြောင်း, မုဋ္ဌော- အစရှိသော ကောင်းမှုတို့ကို ပြုရတော်မူပြီးလျှင် အိမ်နိမ့် လေးဆဲ့ လေးနှစ် [ ၄၄ ] နှစ် စည်းစိမ်တော် နှစ်ဆဲ့, ရှစ်

www.dhammaransi.com



နှစ် (၂၀)နှစ် သက်တော် ချနစ်ဆဲ့, နှစ်နှစ် (၅၂)နှစ်သော် သာသနာတော် သက္ကရာဇ် တခုထောင့်, ခြောက်ရာ, သုံးဆဲ့, ခြောက်ခု (၁၆၃၆)ခု ဂေါဇာ သက္ကရာဇ်လေး ရာ, ငါးဆဲ့ လေးခု (၄၅၄)ခုနှစ်၌ နတ်ရွာစံတော်မူရလေ သည်။ ။ဘိုးတော်ဘုရား နတ်ရွာ စံတော်မူလျှင် မြေး တော် သီရိဇေယ သူရမင်းသားသည် ဘိုးတော်၏ အ ရိုက်အရာ ဖြစ်သော မြတ်သော ရွှေထီးရွှေနန်းကို သိမ်း မြန်းစိုးအုပ် မင်းလုပ်တော် မူလေသတည်း။ ။မင်းအ ဖြစ်သို့ ရောက်တော် မူသော သက္ကရာဇ်ကား ဘိုးတော် နတ်ရွာ စံတော်မူရာ အခါပင် သက္ကရာဇ်ပင် ဖြစ်သည်။

ရှေးရှေး ဘေးလောင်းတော်, ဘိုးလောင်း တော်တို့ ကဲ့သို့ပင် ကြီးကျယ် စွာသော အစီအရင် အခုဆောင် အရွက်ဖြင့် နန်းသိမ်းပွဲ သဘင်ကို စီရင် ဆောင်ရွက် တော်မူလေ၏။ ။သိကြားမင်း တို့၏ စည်းစိမ် ကြွက် သရေနှင့် တူသော မြတ်သော မင်းတို့၏ စည်းစိမ်ကြွက် သရေဘော်ကို ဆောင်တော် မူလျက် နတ်မင်း တို့၏ ပရိသတ် အရံနှင့်တူသော လူမင်းတို့၏ ပရိသတ် အခုရံဖြင့် ခြံရံပြီးလျှင် ဦးထိပ် ထက်၌ ရောင် သွန်းလောင်းလျက် လွှန်ကဲ ထူးမြတ်သော မုဒ္ဒါဘိသေကမင်္ဂလာကို ခံတော် မူပြီးလျှင် ရွှေထီး ရွှေနန်းကို သိမ်းမြန်း စိုးစံတော် မူသ တည်း။ ။ထို့ကြောင့် ဤအကြိမ် မုဒ္ဒါဘိသေက မင်္ဂ လာကို ခံယူတော် မူခြင်းမှာ မွေးဘွား ပြီးစ အခါက ရာဇာဘိ သေက မင်္ဂလာ ခံယူခြင်းကို ထောက်သော် ဒုတိယ အကြိမ် ဖြစ်လေသတည်း။ ။ထိုင်ငင် အခါကင်

“သိရိဓေယသူရ” မင်းတရားကား သက်တော် နှစ်ဆဲ့, ခြောက်နှစ်မျှ ရှိလတ်ပြီ။

ယင်းသို့ ဒုတိယ အကြိမ် အဘိသိက် သွန်းသော အခါ နန်းသိမ်းပွဲ မင်္ဂလာ၌ သိကြား မင်းသည် မြရှင် လက်စွပ်ဖဝါးတော်နှင့် တကွ အထူးထူးသော အဝတ်တန်း ဆာဝတ္ထုကို ဆက်သ လာတော် မူ၏။ ။သိကြားမင်း ဆက်သ အင်သော အဝတ် တန်းဆာနှင့် မြလက်ဝတ် တော်သည်ကား အဖိုးအတိုင်းမသိ ထိုက်တန်လှ၏။ ။ သိကြားမင်းသည် အထူးထူးသော လက်ဆောင် ပဏ္ဏာ တို့ကို ဆက်သပြီးလျှင် သိရိဓေယသူရ မင်းကြီးအား ဤသို့လည်း ပြောဆို မှာကြားလေ၏။ ။မြတ်သောမင်း ကြီး သင် မင်းကြီးကား လွန်ကဲသော ဘုန်း သမ္ဘာနှင့် ပြည့်စုံတော် မူပါပေသည်။ သာသနာတော် သုံးပါး၏ အစီးအပွါး ကိုသာ ကျင့်တော် မူပါလော့။ တိုင်းနေသူ သတ္တဝါတို့၏ အကျိုး စီးပွါးကိုသာ ငဲ့ညှာတော် မူပါ လော့။ ငါသည်ကား တာဝတိံသာ ပြည်၌ ဖြစ်သော နတ်တို့သခင် ဘုရင် သိကြားမင်း ပေတည်း။ ။သာသ နာတော်မြတ်၏ အစီးအပွါးကို ကျင့်ကြံ ဆည်းပူးကုန် သော သင် မင်းကြီး၏ ဘေးတော်, ဘိုးတော် တို့ကို စောင်မ ကြည့်ရှုဖန် များလှပြီ။ သင်မင်းကြီး အားလည်း သာသနာတော် မြတ်၏ အစီးအပွါးကိုသာ ငဲ့ကွက်ရှက် ဆောင်တော်မူလျှင် ငါကြည့်ရှု စောင်မ ပေမည်။ ။ ဤသို့ ပြောဆိုမှာကြားလျှင် သိရိဓေယ သူရ မင်းတရား ကလည်း။ ။ကောင်းလပြီ၊ သင်ဆိုတိုင်း ငါစောင်ရှောက်

www.dhammaransi.com



ပေအံ့။ စောင့်ရှောက်သော်- ငါ့အား သင်နတ်မင်း တို့က စောင်မ ပါလော။ ။ဟူ၍- ပြောဆို မှာထား တော်မူ လေ၏။

ဤနည်းတူ ပြည်ထောင် ချင်းချင်း အမင်းမင်း တို့၏ ထံမှလည်း မရေမတွက်နိုင်သော လက်ဆောင် ဥစ္စာတို့ ရောက်လာကြ ကုန်၏။ ။ထိုမင်း အပေါင်းတို့ ထံမှ ဤသို့လည်း အမှာစာတော် ပါလာလေ၏။ ။မြတ်သော တရားမင်းသခင် အရှင်မင်း မြတ်ကား ကျွန်ုပ်တို့၏ မိုးခို ရာ သစ်ပင်နှင့် တူပေသည်။ ကျွန်ုပ်တို့ကား သစ်ရိပ်တွင် အိပ်သော သောက်ချားနှင့် တူပေသည်။ ။ကျွန်ုပ်တို့က လည်း သစ်ရိပ်ကို မချိုး၊ တောစိုးသစ်ပင်နှင့် တူသော တရားမင်းကလည်း နေ့ခြည်မထိုး ပါစေလင့်။ ။ဤသို့ အမှာ စာတော် ပါရှိလေကုန်၏။ ။သိရိဓမ္မ သူရ မင်းကြီးကား ဆက်သ လာသော အထည် အလိပ် ရွှေ ငွေဥစ္စာ ပဏ္ဏာတော် တို့ကို ဆက်သ ခံတော်မူပြီးလျှင် ထိုမင်းတို့ ထံသို့လည်း အလိုက်အနေ သင့်အောင် ပြန် ကြားတော်မူလေသည်။

ရာဇာဘိသေက မင်္ဂလာကို ခံယူတော် မူသောနေ့၌ ကား နန်းတွင်း, နန်းပြင်၌ ပျော်ရွှင်ကြသော လူသူ အပေါင်း တို့ကား များပြားလှ၏။ ။စည်တော်, စောင်း ညှင်း ဒုံမင်း, ပတ်သာ ခရာ နှဲ, ပွေ့ အစရှိသော အထူး ထူးသော တူရိယာ တို့ကို တီးမှုတ်လျက် သံဝါကျည် ကျည် ပြည်တွန်သိကြသူ တို့လည်း သိဆိုကြကုန်၏။ ။ အထူးထူးသော အဝတ်တန်းဆာ တို့ကို ဝတ်ဆင်လျက်

www.dhammaransi.com



ပျော်ရွှင်မြူးထူး ကြည်နူးရွှင်ပျ က- သူတို့လည်း က- ခုန်ကြကုန်၏။ ။တခဲနက်သော ပွဲဘင်သံဖြင့် ဆူညံမြိုင်မွှမ်း၍ ဝမ်းသာဝမ်းမြောက် လက်ပန်းပေါက် ခတ်သူ တို့လည်း ခတ်ကြကုန်၏။ ။မြိန်ရှက်ဘွယ် ကောင်းသော အစားအစာ တို့ကိုလည်း ဝစွာ စားသောက် ကြလေကုန်၏။ ။နံ့သာပန်းမာလ် တို့ကို လိမ်းကျံပန်ဆင် ပြီးလျှင် နန်းယင်ပြင်ထက်၌ နှစ်သက်ဟင်ဟော် ကြွေးကြော် ချီးမြှောက်ကြသေကုန် သတည်း။ ။ဤသို့လျှင် မင်းဆက် တကာတို့ ရနိုင်ခဲမျှသော ထူးဆန်း ကြီးကျယ်သည့် အဆောင်အရွက်တို့ဖြင့် မြတ်သော မင်းတရား၏ အဖြစ်ကို ယူတော်မူ၍ ရာဇာဘိသေက မင်္ဂလာကို ခံယူတော် မူလေသတည်း။ ။ထိုရာဇာဘိသေက မင်္ဂလာပွဲ၌ ခံယူတော်မူသော ဘွဲ့ကား ဘိုးတော် ထီးလှိုင်ရှင် မင်းကြီး ပေးသနားတော် မူခဲ့သော (သီရိဇေယသူရ) ဟူသော ဘွဲ့အမည်ကိုပင်- ခံယူတော်မူသည်။

## မှာထားချက်။

ဤနေရာ၌ မှာထားချက် အထူးကို ရေးသားမှာထား ဦးအံ့။ ။ဘိုးတော် ထီးလှိုင်ရှင် မင်းကြီး၏ မိဖုရား မထီး တူမ- သမ္ဘူလ မည်သော ဦးဆောက် ပန်းမှာ သားဘယောက် ဘွားမြင်ဖြစ်ထွန်း ခဲ့သော်လည်း မြေးတော်ကို မင်းဘိသိက် မြှောက်ပြီးမှ ရောက်လာ သောကြောင့် သားတော်သည် ထီးနန်းကို မစံ ရချေ။ ။ထီး

www.dhammaransi.com



နန်း အရိုက် အရာကို မြေးတော်သာလျှင် စံစား ရချေ၏။ ။ထိုမြေးတော် ဖြစ်သော (သိရိဓမ္မာ သူရ) မည်သော မင်းတရားကြီး ၏ ဘွဲ့အမည်ကို လည်း အသူးသူး အထွေထွေ ရေးမှတ် ခေါ် ဝေါ်ကြသည်။ ။ခေါ်ဝေါ်ကြပုံမှာ-

(၁) မွေးဘွားတော် မူစဉ်က အိမ်ရှင် စည် ကြီး သူမတီးဘဲ အလိုလို မြည်ကြွေး သည်ကို အကြောင်း ပြု၍ အလောင်း စည်ရှူ- ဟူ၍လည်း ရေးမှတ် ခေါ်ဝေါ် ကြ၏။ ။ဆရာ တို့ကား အလောင်းစည်သူ- ဟူသော အမည်၌ သ- အက္ခ ရာကိုပင် ဆ- အက္ခရာ ၅- အက္ခရာ အသံသို့ ပြောင်းရွှေ့ ဘတ်ရွတ် ရသော သဏ္ဍာန် ဘာသာ သဒ္ဒါနည်းဖြင့်။ ။အလောင်း စည်ရှူ။ ။ဟူ၍ ခေါ်ဝေါ် ရေးမှတ်ကြောင်းကို ဆိုကြဲကုန်၏။

(၂) မင်း ဖြစ်တော် မူပြီးသော် ရှေးဦးစွာ ရွှေဂူကြီး မြတ်စွာ ဘုရားကို တည်ထားတော် မူ သည်ကို စွဲ၍။ ။ရွှေဂူ ဒါယကာမင်း။ ။ဟူ၍ လည်း ခေါ်ဝေါ် ရေးမှတ်ကြသည်။

(၃) မွေးဘွားတော် မူပြီးစက ခဏ ခဏ ငိုကြွေးတော် မူရာတွင် ချက်ညှာတော် တမိုက် ခန့်ရှည်၍ ထွက်သည်ကို စွဲလျက်။ ။ချက်တော် ရှည်မင်း၊ ။ဟူ၍လည်း ခေါ်ဝေါ် ရေးမှတ်ကြ သည်။

www.dhammaransi.com



(၄) ဇမ္ဗူ့ သပြေပင် ရင်း၌ သိကြားမင်း ပေးအပ်သော။ ။သီရိတြိဘုဝနာ ဒိတျ ပဝရ ပဏ္ဍိတ သုဓမ္မရာဇ မဟာဓိပတိ နရပတိစည်သူ။ ။ဟူသော အမည်ဖြင့်လည်း ခေါ်ဝေါ် ရေးမှတ်ကြကုန်၏။

(၅) ထိုအမည်တွင် အများကို ဆွတ်၍။ ။နရ ပတိ စည်သူ။ ။ဟူ၍လည်း ရေးမှတ်ကြသည်။

(၆) ဘိုးတော် ထီးလှိုင်ရှင် မင်းကြီး ပေးသနား အပ်သော။ ။သီရိဇေယ သူရ။ ။ ဟူသော ဘွဲ့အမည်ဖြင့်လည်း ရေးမှတ်ကြသည်။

(၇) ၎င်းအမည် ကိုပင် [၁] သဒ္ဒါနည်း အားဖြင့်ပေါက်ပြန် စေလျက်။ ။သီရိ စည်သူ။ ။

---

[၁]။ ။သဒ္ဒါ နည်းဖြင့် ပေါက်ပြန်ပုံကား။ ။သီရိ ဇေယသူရ။ ။ဟူသော အမည်တွင်။ ။ဇေယ- သဒ္ဒါမှ ဇည်- ဟူ၍ဖြစ်သည်။ ။နယ- သဒ္ဒါ, ဝိနယ-သဒ္ဒါ တို့မှ နည်း- ဝိနည်း- ဖြစ်သကဲ့သို့တည်း။ ။၎င်း“ ဇည်” ဟူသည်မှ“ စည်” ဟူ၍ဖြစ်ပြန်သည်။ ။သူရ- သဒ္ဒါမှ ရ- ကိုပယ်၍အလွယ်တကူ သူ ဟူ၍ ခေါ်ဝေါ်သည်။ ။ နှစ်ခုပေါင်းလျှင်။ ။“စည်သူ” ဟူ၍ ဖြစ်၏။ သီရိနှင့် ပေါင်းလျှင် “သီရိစည်သူ” ဟူ၍ ဖြစ်သည်။ ။စည်သူ- ဟူသမျှ ဤနည်းချည်းတည်း။ ။ပါဠိ နှုသာရီ- မြန်မာ သဒ္ဒါနည်းဖြင့် ပြောင်းရွှေ့လာပုံကို ဆိုလိုသည်။

ဟူ၍လည်း မော်ကွန်း, သမိုင်းတို့၌ ရေးမှတ်ကြ သည်။

(ဂ) သမုဒ္ဒရာ အတွင်း ဝဲရေတွင်းသို့ လှင့်စင်ကျသွားသော ရှင်ပြုဘုရား နှုတ်တော် ကပင် အလောင်းစည်သူ- ဟူ၍ မိန့်တော် မူသည်ကို စွဲ၍။ ။အလောင်းစည်သူ။ ။ဟူ၍လည်း ရေး မှတ်ကြသည်။

ဤသို့ အထူးထူး အထွေထွေ ရေးမှတ်ရိုး, ခေါ်ဝေါ်ရိုး ရှိကြလေ၏။ ။ယင်းသို့ ရှိရာတွင် အလုံးရုံ အသင့်ချည်း ဖြစ်စေကာ ဤသမိုင်း၌ ကား အများအားဖြင့် ပေါ်လွင်ထင်ရှားသော။ ။အလောင်း စည်သူ" ဟူသော အမည်။ ။"နရ ပတိစည်သူ" ဟူသော အမည်တို့ကိုသာ သုံးစွဲ ရေးသားခြင်း များလိမ့် သတည်း။ ။ဤသည် တို့ကား သမိုင်း စာစောင် ရာဇဝင်, ကျောက်စာ စသည်တို့၌ ကွဲလွဲသော အချက်တို့တည်း။ ။ ထိုစကား၌ ယခုအခါ အများသူငါတို့ နှုတ်တက် လျက်ရှိသော။ ။မဏိ စည်သူ။ ။ဟူသော အမည်။ ။ရမဏိ စည်သူ။ ။ဟူသော အမည် တို့ကား သမိုင်း, ကျောက်စာ ရာဇဝင် အရပ် ရပ်တို့၌ မပေါ်လွင်, မထင်ရှား ရေးသားခေါ် ဝေါ်ချက် မတွေ့ရကား သေချာစွာ စဉ်းစားဆင် ခြင်၍ ယူအပ်ကုန်၏။ ။ဤကား မှာထားချက် စကားခင်တည်း။

ဆိုခဲ့ ပြီးသော အလောင်းစည်သူ မင်းတရားသည် မင်းအဖြစ်သို့ ရောက်တော်မူလျှင် မွေးဘွားစဉ် အခါက ဟူးရား ဆရာတို့ နိမိတ် ဖတ်ကြားထားသည်နှင့် အညီ ကြီးမား လွန်ကဲသော ဘုန်းလက်ရုံး အာဏာနှင့်တော်မူ၏။ အပြည်ပြည်ထောင်သော မင်းတို့၏ ရိုသေ ကျိုးနွံခြင်းကို လည်း ခံတော်မူရ၏။ ကြီးကျယ်များပြားသော စစ်သည် ဗိုလ်ပါ ဆင်ရတနာ, မြင်းရတနာ— စသည်တို့နှင့်လည်း ပြည့်စုံတော်မူ၏။ ။သင်္ဂဟတရား လေးပါး၊ အပရိဟာနိယတရား ခုနစ်ပါး၊ နာယကဂုဏ် ခြောက်ပါး၊ မင်းကျင့်တရား ဆယ်ပါး- စသော ကျေးဇူး အထူးတို့နှင့် လည်း ပြည့်စုံတော်မူ၏။ ။ရန်သူတကာတို့ကိုလည်း အလွယ်တကူ အောင်မြင်နိုင်သော ဂုဏ်ရည်အထူး ရှိတော်မူ၏။ ။တိုင်းနေသူ တို့၏ ကောင်းမြတ်သော ဆုပန်ခြင်းကိုလည်း ခံယူတော်မူရ၏။ ပြည်ထဲရေး သာယာဝပြောရန်ကို ငဲ့ကွက်တော် မူလျက် အမှူးအမတ် ပညာရှိတို့နှင့်သာ တိုင်ပင် ခန့်ခွဲခြင်းများသဖြင့် ပညာရှိတို့၏ အလိုသို့ လိုက်လျော၍ ကျင့်တော် မူတတ်၏။ ။ရှေးရှေးသော ဘေးလောင်းတော်, ဘိုးလောင်းတော်တို့၏ အစဉ် စံနစ်ကို ယူလျက် တရားနှင့် ညီမျှ၍သော ကျင့်တော်မူတတ်သောကြောင့် ခပ်သိမ်းကုန်သော တိုင်းနေ ပြည်သူတို့၏ စိတ်သည် အဖန်တရာ ကြိတ်အပ်သော ဝါဂွမ်းစိုင်ကဲ့သို့ နူးညံ့ ပြောင်းပျောင်း၍ ကောင်းသော ဆုကိုသာ ပန်ထွာကြ လေသတည်း။

www.dhammaransi.com



ဤသို့ ဆိုအပ်ခဲ့ ပြီးသော ကျေးဇူးဂုဏ် ဘုန်းဟုန် အဆောက်အဦ တို့နှင့် ပြည့်စုံတော် မူသော အလောင်း စည်သူ မင်းတရား ဘုရားသည် မြတ်သော မင်းအဖြစ် တည်းဟူသော အထွတ်အထိပ်သို့ ရောက်တော် မူလျှင် မိဖုရား လေးပါးကို ခန့်ထား မြှောက်စားတော် မူလေ သည်။ ။မိဖုရားလေးပါး ဟူသည်မှာ-

၁။ ရတနာပုံ မိဖုရား တပါး။

၂။ တိလောကစန္ဒာ တပါး။

၃။ ရာဇကုမာရီ တပါး။

၄။ တောင်ပြင်သည် တပါး။

ဤသို့ မိဖုရား လေးပါး ရှိတော်မူသည်။ ။ထိုမိဖုရား လေးပါးလုံး သည်ပင် အဘိသိက်ခံ မိဖုရားချည်း ဖြစ်၏။ ထို မိဖုရား လေးပါးတွင်။ ။ရတနာပုံ မိဖုရားကား တောင် နန်းမ- မိဖုရားခေါင်ကြီး ပေတည်း။ ထို မိဖုရားခေါင်ကြီး တွင် သားတော် "မင်းရှင်စော"ကို ဘွားမြင်တော် မူ သည်။ ။မိဖုရား တိလောကစန္ဒာကို နောက်ကာလ၌ ဦးဆောက်ပန်း-ဟု သမုတ်တော်မူပြန်သည်။ ထိုဦးဆောက် ပန်းမိဖုရားမှ သမီးတော် "ထောက်လှေကား" ကို ဘွား မြင်တော်မူသည်။ ။ရာဇကုမာရီ မိဖုရား၌ သားတော် သမီးတော်မရှိ။ ။မိဖုရား- တောင်ပြင်သည်မှ သမီးတော် နှစ်ပါး ဘွားမြင်တော် မူရာ အကြီးကို "တောင်ဖျား" ဟူ၍ မှည့်တော်မူသည်။ အငယ်ကို "ရွှေကြူ"ဟူ၍ မှည့် တော်မူသည်။

www.dhammaransi.com



## ၅။ မောင်းမ မိဿံဘိုကို ပြုခြင်း။

ထိုမိဖုရား လေးပါးဘို့၌ ခစား လုပ်ကျွေး ရသော မောင်းမ မိဿံ တို့ကား။ ။မိဖုရား တပါး, တပါး လျှင်။ ။မြဖြင့် ပြီးသော အဝတ်ဘန်းဆာကိုသာ ဝတ် ဆင်ရသော "မောင်းမသုံးရာ"။ ။စိန်ဖြင့်ပြီးသော အဝတ် ကိုသာ ဝတ်ဆင်ရသော "မောင်းမသုံးရာ"။ ။ပတ္တမြား ဖြင့် ပြီးသော အဝတ်ကိုသာ ဝတ်ဆင်ရသော "မောင်းမ သုံးရာ"။ ။ပုလဲဖြင့် ပြီးသော အဝတ်ကိုသာ ဝတ်ဆင်ရ သော "မောင်းမသုံးရာ"။ ။အစုစုပေါင်းအားဖြင့် မိဖုရား တပါး, တပါးစီ၌ မောင်းမပေါင်း တထောင့်, နှစ်ရာ ရှိ သည်။ မိဖုရား လေးပါး အတွက် အစုစုပေါင်း လေး ထောင့်, ရှစ်ရာရှိသည်။ ။ထိုမှတပါး ကုန်း၍သာ ခစား ရသော "မိန်းမကုန်း သုံးကျိပ်"ကွ၍သာ ခစားရသော "မိန်းမကွသုံးကျိပ်"သူကြွယ်သို့"တက္ကကြီးလေးယောက်" စည်တီး၍ ဖျော်ဖြေဘတ်သော "မိန်းမစည်" ပတ်သာ တီး၍ ဖျော်ဖြေတတ်သော "မိန်းမပတ်" စောင်းတီး၍ ဖျော်ဖြေဘတ်သော "မိန်းမစောင်း" ညှင်းခတ်၍ ဖျော် ဖြေတတ်သော "မိန်းမညှင်း" ဤသို့သော မိန်းမ အခြွေ အရံဘို့ကိုလည်း မိဖုရားကြီး လေးပါး၌ အသီးသီး ခစား လုပ်ကျွေးစေတော်မူသည်။

## ၆။ ဗိုလ်ပါအသုံးအချင်းများ။

အသောင်းစည်သူ မင်းကြီး၏ ဗိုလ်ပါ အသုံး အချင်း

www.dhammaransi.com



သုံးဆဲ့နှစ်စီး, ဆင်မည်းရှစ်ဆင်နှင့်, မြင်းရှစ်သန်း, လှေ,လှော်ကား ရှစ်သန်း, စစ်သည်သူရဲ တဆဲ့, ခြောက်ကုဋေရှိလေသည်။ ။ထိုမှတပါး သူကြီး, တမန် ကလံ,သံပျင်စာရေး, စာချီ=စသော အမှုထမ်း ယောကျ်ားတို့ကား မရေ မတွက်နိုင် များပြားလှ၏။ ။တိုင်းခွင် လှည့်လည်တော် မူသောအခါ အမြဲ သုံးဆောင်တော်မူသော လှေယာဉ်တော် တဆဲ့, နှစ်စင်း ရှိသေး၏။ ။ထို တဆဲ့ နှစ်စင်းမှာ-

၁။ သုံးလူ့ပူဇော်။
၂။ သုံးလူ့ကြွှန်း။
၃။ ပြည်ကြီးနောင်။
၄။ ဝဇီရသင်္ခါ။
၅။ အောင်သာဘနိုး။
၆။ မိုးအောက်ကြယ်။
၇။ စွယ်လက်ယာသစ်။
၈။ နဝရတ်။
၉။ ပြည်ကြီးဝမ်း။
၁၀။ တင်ရာပြည့်ရုံ။
၁၁။ လင်းဖင်း။
၁၂။ နဂါးကြေး။

ဤ တဆဲ့, နှစ်စင်းတို့ ဖြစ်ကုန်၏။ သမိုင်းဟောင်းတို့၌ကား စိတ်အလိုရှိတိုင်း ပြီးစီး နိုင်သော လျင်မြန်သော အဟုန်အယာဉ်ရှိသော သူရဲ, သူခက်-အသိန်းတို့နှင့် တကွ

www.dhammaransi.com



မောင်းမ မိဖုရားတို့ကို ဆောင်ယူခြင်းငှါ စွမ်းနိုင်သော-သက်နက် လှေယာဉ်စကြာ, သို့မဟုတ် ဘောင်တော် စကြာရှင်ကြီး တခုသည်း ရှိသေးသည်။ ။ထို စကြာ လှေယာဉ်တော်ကြီးဖြင့် သာလျှင် တိုင်းကား နိုင်ငံတွင် လှည့်လည် ကြွမြန်းတော် မူသည်။ ။ဟူ၍ မိန့်ဆိုဘုန် ၏။ ။ရာဇဝင်တို့၌ကား ဤသို့မလာ၊ သက်နက် လှေတော် စကြာမှာ သိပ္ပိုင်ဘုရင်မြင်းမြတ် ဆက်သ၍ ရရှိသည် ဟူ၍ လာရှိလေသည်။ ဤ သမိုင်း၌ကား ရာဇဝင် တို့၌ လာသည်ကိုသာ ပမာဏထား၍ ရေးသာသာဘည်း။

## ၇။ ပြုစိရင်တော်မူသော မှုတော်တာဝန်များ။

မြဘ်သော မင်းဘရားကြီးသည် အခထွတ် အခထိပ် သို့ ရောက်တော်မူလျှင် မိဖုရား=မောင်းမမိသံနှင့် တကွ အမှူးအမတ် အလုံးအရင်း ခြံရံလျက် မြန်မာပြည် ဘောင် ဘက်, မြောက်ဘက်သို့ ကြွတော်မူ၍ ကန်,ချောင်း, ဆည်, မြောင်း–တို့ကို ပြုစိရင်တော်မူ၏၊ လယ်မြေ, ယာမြေ ဖြစ် ဘောင်းသော မြေကွက်, ယာကွက်တို့ကို ဘောင်တာခွဲ ဝေ၍ လယ်ယာယ်တော်ဘွဲ့ပြီးမှ သူရဲ, သူခက် ဆင်လုံး, မြင်းရင်းတို့ အကျိုးငှါ အခွန်အခစာ ဖြစ်ဘောင်းလျှင် အခ ခွန် အခစာ ဖြစ်စေတော် မူ၏။ ။ထိုသို့ အစုစုသော မြေ အရပ်တို့ကို ပေါင်း၍ ခရိုင်မြို့ပြ ဖြစ်ကောင်း လျှင်လည်း ခရိုင် မြို့ပြ အသစ် တည်ဘောင်တော် မူ၏။ ။ဤသို့

[illegible] တိုင်း

www.dhammaransi.com



နိုင်ငံအနှံ့အပြားတို့၌ ချိန်စည်းလဲ့ တောင်းစည်းလဲ့ အလေးစည်းလဲ့တို့ကို ဖျောက်ပယ်တော်မူလျက် ချိန်မှန်၊ တောင်းမှန်၊ အလေးမှန် တို့ကိုသာ တညီတချက်တည်း သုံးစွဲ စေရန်အလို့ငှါ ချိန်၊ ကျပ်၊ မူး၊ ပဲ စသည် တို့ကိုလည်းကောင်း၊ တင်း၊ ခွဲ၊ စိတ်၊ စရွတ် ပြည်၊ ခွက်၊ စလယ်၊ လမယ်တို့ကိုလည်းကောင်း၊ တညီတည်း စီရင်တော် မူ၍ တချက်တည်း ဖြစ်စေတော်မူသတည်း။

ဤသို့လျှင် မြန်မာနိုင်ငံတော် တခွင်လုံး၌ တိုင်းနိုင်ငံသားတို့၏ အကျိုးစီးပွါး ဖြစ်သော မြို့ပြ ခရိုင် အသစ်တည်ထောင်ခြင်း၊ လယ်ပယ် နယ်မြေ တာခွဲ ဝေခြင်း-စသော မှုဘော် တာဝန် တို့ကို ရွက်ဆောင် ပြီးမှ သာသနာတော် သုံးပါး၏ အကျိုးစီးပွါး ဖြစ်သော။ ။သိမ်နှင့် ဘုရား ကျောင်းနှင့် စည်းခံ ပုထိုးနှင့်ဂူ စရပ်နှင့်ဘန်ဆောင်း ကုလား ကျောင်းနှင့် စေတီတော် လမ်းရှည်နှင့် တံတား- အစရှိသော မရေ မတွက် နိုင်သော ကုသိုလ်တော်တို့ကိုလည်း ပြုပဘော်မူသည်။ ။သမ္မုတိ သံဃာတော်တို့အားလည်း ပဉ္စည်းလေးပါး တို့ဖြင့် ချီးမြှင့် လှူဒါန်းတော်မူ၍ မလစ် မလပ် ပြုရတော်မူရလေသည်။ ။ထို့ကြောင့်လည်း ရှင်နှင့်ရဟန်း တို့အား ကျမ်းဂန် ကျနသီလဝိသုဒ္ဓိရှိသောပုဂ္ဂိုလ်တို့သာ များပြား ကုန်၏။ ။ပညာရှိသော သူတို့ကိုလည်း အထူးသဖြင့် မြှောက်စားတော်မူ၏။ ။အစွမ်း အရည် ကောင်းသော သူတို့ ကိုလည်း ချီးပင့်တော်မူ၏။ ။ရဒိမ်း ဒဏ္ဍ ဓားပြ သူခိုးလူဆိုး လူသွမ်း လူကြမ်း လူယုတ်တို့ကို နှိပ်ကွပ်တော်မူ

www.dhammaransi.com



သဖြင့် ပြည်ထဲရေးကို အေးမြချမ်းသာစေတော် မူ၏။ ။ သာသနာတော် ငါးသောင်းပတ်လုံး တည်ရစ် စေသော ဟု ဆောက်တည်တော် မူလျက် တည်ထား ပြုစုတော်မူသော ပုထိုး, စေတီ= အစရှိသည်တို့ မှကား အပြီးသို့ ရောက်သည်သာ များ၏။

ထိုစဉ် အခါတွင် တိုင်းနိုင်ငံ တော်ကား အထူး သဖြင့် စည်ပင် ဝပြော၏။ တိုင်းနေသူ ဗိုလ်လူအပေါင်း တို့လည်း ရေတွေ့သော ကြာပန်း ကဲ့သို့ ရွှင်လန်း နှစ် သိမ့် ကုန်လျက် ကောင်းသော ဆုကိုသာ ပန်ထွာ တောင့် တ ကြကုန်၏။ နိုင်ငံတော် ပတ်ဝန်းကျင်၌ ရှိသော သား, သမင် အပေါင်းတို့နှင့် ဘက္ခ ငှက်မည်း,ငှက်ဖြူ အပေါင်း တို့ကိုလည်း ဘေးရန် မပြုရ မညှဉ်းဆဲရ-ဟု မင်းဒဏ် ထား၍ ပညတ်တော် မူပြီးလျှင် ဘေးမဲ့ ပေးသနားတော် မူသောကြောင့် တောနေ မြိုင်အောင်း သား, သမင် အ ပေါင်းနှင့် ဘက္ခ ကောင်းကင်ပျံ ငှက်တို့လည်း ချမ်းသာ အေးမြ ကြကုန်၏။ ။ဤသို့လျှင် အလောင်းစည်သူ မင်း တရား ဘုရား၏ ဘုန်းရှိန်ရောင်ဝါတို့ သည်ကား ကောင်း ကင်မြေမိုး ပျံ့ကျိုးဘနန်းမှ ကြီးဆား ခမ်းနားတော် မူ လှ သေသတည်း။

## ၈။ မင်းကြီး၏ ဆရာများ။

"အလောင်းစည်သူ မင်းကြီး" အမြဲ ဆည်းကပ် ကိုး ကွယ်အပ်သော ဆရာလေးပါး ရှိလေသည်။ ။လေးပါး ဟူသည်မှာ-

www.dhammaransi.com



၁။ ရဟန္တာသခင်-အရှင် အရဟံ တပါး။

၂။ စိမ်းညွက်မင်းသားတော်-မဟာထေရ် တပါး။

၃။ အရှင် အာနန္ဒာ တပါး။

၄။ မဟာဂိရိ နတ်မင်း တပါး။

ဤလေးပါးတို့ပင်တည်း။ ။ဤလေးပါးကုန်သော ဆရာ မြတ် တို့သည် အလောင်းစည်သူ မင်းကြီးအား အခါ ခပ်သိမ်း ဆုံးမ ပဲ့ပြင် သွန်သင်တော် မူကြကုန်၏။ ။ ထို လေးပါးတို့တွင် ရှင်အရဟံ အကြောင်းနှင့် မဟာဂိရိ နတ်မင်းတို့၏ အကြောင်းကို အလောင်းစည်သူ မင်းကြီး နှင့် ဆုတောင်းဘက် ဖြစ်ခြင်း စသည်ဖြင့် အောက်၌ ရေးသား အပ်ခဲ့ပြီ။ ။အရှင် အာနန္ဒာ၏ အကြောင်းကား သမိုင်း, ရာဇဝင် တို့၌ မထင်ရှားချေ။ ။စိမ်းညွက်မင်း သားတော် မဟာထေရ်ကား ရာဇဝင်, သမိုင်းတို့၌ အ နည်းငယ်မျှ လာရှိ၏။ ။သို့ရာတွင် ကျေးဇူးလည်း မပွါး ရာ၊ ကျမ်းစာ ရှည်လျားလတ်မည် ကိုလည်း စိုး၍ ထို မထေရ်၏ အကြောင်းကို မပြသာပြီ။

ဆိုခဲ့ပြီးသော ဆရာ လေးဦး တို့သည် အလောင်း စည်သူ မင်းကြီးအား ကြပ်မ စောင့်ရှောက်ကြ ကုန်၏။ ထို လေးပါး တို့တွင် ရဟန်းမြတ် ဖြစ်တော် မူကြသော ဆရာတော် သုံးဦးတို့ကား တရားဒေသနာကို ဟောပြော သော အားဖြင့် စောင့်ရှောက်တော် မူ၏။ ။မဟာဂိရိ နတ်မင်းကား ဘေးရန် အန္တရာယ်ကို ကာကွယ်တား ဆီးသော အားဖြင့် စောင့်ရှောက် လေ၏။ ။ဤ အကြောင်

www.dhammaransi.com



မဟာဂီရိ နတ်မင်း၏ စောင့်ရှောက်ပုံ တရကို ဘော်ပြရေးသားဦးမည်။

## ၉။ မဟာဂီရိနတ်မင်း စောင့်ရှောက်ပုံ။

တရံရော အခါ မင်းကြီး၏ ယောက်ဖတော် မဟာသမန်းသည် ဆင်ဘော် စီး၍ မင်းတရား ကြီးအား ဖူးမြော်ရန် လာလတ် သေ၏။ ။မဟာ သမန်းကား နန်းတော် လှေကား တိုင်အောင် ဆင်တော်မှ မဆင်းဘဲ လှေကားသို့ ရောက်လျှင် ဆင်ဘော်သက်မှ လှေကား ထက်သို့ကူးပြောင်း၍ နန်းတော်ဆောင်သို့ တက်မည် ပြုလေ၏။ ။ထိုအခြင်းအရာကို မဟာဂီရိနတ်မင်း မြင်ဘော်မူလျှင်။ ။မဟာသမန်းကား ငါသို့သော နတ်မင်းရှိလျက် ငါ၏ အသွေဘော်ကို မရိုမသေ မကျိုးမနွံ ပြုလေသည်၊ ပြုရာသလော- ဟုဆိုကာ မဟာသမန်းအား မြိမ်းချောက်-မောင်းမဲလေ၏။ ။မဟာ သမန်းသည် မဟာဂီရိ နတ်မင်း မြိမ်းချောက် မောင်းမဲလေလျှင် ကြောက်ရွံ့ခြင်း ပြင်းပြစွာဖြစ်၍ နန်းတော်သက်မှ စီးလာသော ဆင်နှင့် အတူ အဝေးသို့ လွင့်စင်၍ သွားလေသတည်း။ ။မဟာသမန်းလည်း ထိုအခါမှ စ၍ မင်းတရား ကြီး၏ ဘုန်းဂုဏ်ကို တုန်လှုပ်ခြင်း ဖြစ်၍ ကြောက်ရွံ့ သေတော့သတည်း။ ။ ဤကား မဟာဂီရိ နတ်မင်း၏ စောင့်ရှောက်ပုံတည်း။

## မှတ်ချက်။

ဤအရာတွင်။ ။ဌက်ပစ်တောင် ဆရာတော်

www.dhammaransi.com



ဤသို့ ဆက်လက်၍ ရေးမှတ်ချက် ရှိလေသည်။ ရှိပုံကား။ ။ထိုသို့ မဟာ သမန်း လွင့်စင်သွားသည့်ကို ပညာရှိတို့ မြင်လေသော် သည်မင်းလက်ထက်၌ သူပုန်, သူကန်များ၍ ပြည်ရွာ မြို့ပြ ထကြွရိုင်းပြခြင်း များလတ္တံ့- ဟူ၍ နိမိတ်ဘတ်ကြ လေသည်။ ။ဘတ်သော အတိုင်းလည်း ထိုမင်းတရား လက်ထက် သက္ကရာဇ် (၄၅၉)ခုနှစ်၌ သူခိုး, ဓားပြ- တရာကျော်ခန့် ရွှေနန်းတော်တွင်းသို့ ဝင်လာသည်ကို အတွင်း သင်းမှူးသား- ကျွန်မှူးမတ်တို့ သိမြင်လျှင် လှံဓားနှင့်- ကူညီထိုးခုတ်မှသာ ငြိမ်ဝပ်၍ နန်းရာဇ ပလ္လင် ဥကင်ဝမှာ လူသုံးယောက် ခန္ဓာစဲသည်၊ သွေးရည်, အညှီ- စသည်ဖြင့် နန်းသက်၌ အမြင်မသာ ရှိလေသည်။ အချို့သော သူခိုး, ဓားပြတို့လည်း ထွက်ပြေး၍ လွတ်သည်။ ထိုနောက် သူခိုး, ဓားပြ တခွေတို့ ညဥ့်အခါ ကိုယ်ထင် ပြ၍ ချောက်လှန့်သည်။ စောင်ရန်းလုလင် ချောက်နှင့် ပစ်ကြသည်။ ကျင်ရည်နှင့် ပေါက်လွှတ်သည်။ သရပါ တံခါးကို အနိုင် ဖွင့်သည်။ တောင်လေသာ နန်းတံခါးကို ဖွင့်၍ ချောက်ခြိမ်းသည်- ဟူ၏။ ။ဤသို့ လာရှိလေသည်။

သိဃိုဋ္ဌရှင် သမိုင်း ရင်း၌ကား မွေးဘွားတော်မူစဉ်က မင်္ဂလာ ဥကင်သ တံခါး ဟင်းလင်းပွင့်သောနိမိတ်ကြောင့် ရွှေနန်းထက်သို့ သူခိုး, ဓား

www.dhammaransi.com



ဖြတ်၍ ဝင်ရောက်သည်- ဟူ၍ ဆိုလေသည်။ ဤအကြောင်းကို အောက်ဖြစ်သော ဘွားမြင်တော်မူခန်း၌ ရေးသား ခဲ့ပြီ၊ ။ဤသို့ ရာဇ ဝင်နှင့်- သမိုင်းတို့မှာ ဆိုတိုင်းမညီ ၄၊နေရာ၌တွင် သမိုင်းရင်းကို မှုသား၍ ရေးသား ခဲ့ခြင်းတရပ်, သမိုင်းရင်း စကားလည်း သင့်တင့် လျှောက်ပတ်ခြင်းတရပ် ဤအကြောင်း နှစ်ရပ်ကြောင့် သမိုင်းရင်းမှာ လာတိုင်း ထည့်သွင်း ဘော်ပြ ထားသည်။ ။ ဤကားမှတ်ချက်တည်း။

ယင်းသို့လျှင် မင်းကြီး၏ ဆရာ လေးဦးတို့သည် မင်းကြီးအား လောကီ, လောကုတ္တရာ စီးပွါး ချမ်းသာ တိုးတက် ပြန့်ပွါး စေ၍ သနား ကြင်နာစွာ စောင့်ရှောက်တော်မူကြ လေသည်။ ။အံ့ဩဘွယ်ရာ, ကြီးကျယ်စွာသော အာဏာလက်ရုံး ဘုန်းတန်ခိုး တော်နှင့် ပြည့်စုံတော် မူသည်ဖြစ်၍ မင်းသားတို့ တတ်စွမ်း ကောင်းသော ဆင်စီးအဘတ်, မြင်းစီးအတတ်, လေးအတတ်- စသည်တို့၌ အပြီးသို့ရောက်အောင် တတ်မြောက် ဘော်မူသော များစွာသော ကျေးသီး, ကျွန်ငယ်, ကျွန်ကြီးတို့နှင့် ပြည့်စုံဘော် မူသော အလောင်းစည်သူ မင်းတရားကြီးဘုရားသည် စိတ်နှလုံးသို့ သက်ဝင် စေတတ်သော ပညာ ရှိတို့၏ စကားကိုသာ လိုက်နာ ကျင့်ကြံတော်မူလျက် မြတ်သော မင်းဓကရာဇ်၏ စည်းစိမ်ကို ခံစားတော်မူလေသတည်း။ ။ထိုမျှသော ဘုန်းလက်ရုံး အာ

www.dhammaransi.com



ကာဘော်တို့နှင့် ပြည့်စုံတော် မူသော ဒုဋ္ဌဂါမဏိ... အဲသောင်းစည်သူ မင်းတရား ကြီးကား သာသနာတော် သက္ကရာဇ် တ ထောင့်, ခြောက်ရာ့,သုံးဆဲ့,ခြောက်ခု (၁၆၃၆)ခု ဂေါဇာ သက္ကရာဇ် လေးရာ, ငါးဆဲ့, လေးခု(၄၅၄)ခုနှစ်၌ မနိုင်း ယှဉ်အပ်သော ကြက်သရေတော် အရုဖြင့် မြန်မာနိုင်ငံ ပြည်သူ ပြည်သားနှင့် သာသနာဘော် သုံးပါးတို့၏ အခ ကျိုး၌ါ မြတ်သော မင်းအဖြစ်သို့ ရောက်ဘော် မူခဲ့သေ သတည်း။

မင်းဇာကရာဇ် အဖြစ်သို့ ရောက်ဘော် မူခန်းပြီး၏။

# တိုင်းခွင် လှည့်လည်တော် မူခန်း။

ဤသို့လျှင် မင်းဇာကရာဇ် အဖြစ်သို့ ရောက်တော်မူ ခန်းကို ပြဆိုပြီး၍ ယခုအခါ၌ တိုင်းခွင် လှည့်လည်တော် မူခန်းကို ဆိုပြအံ့သတည်း။

## ၁။ ရဟန္တာသခင်- ရှင်အရဟံထေရ် ပရိနိဗ္ဗာန် စံသွန်တော် မူခြင်း။

အောက်၌ ဘော်ပြ ရေးသား ခဲ့ပြီးသော ရဟန္တာ သခင်- ရှင်အရဟံ ထေရ်မြတ်သည် ဂေါဇာ သက္ကရာဇ် လေးရာ, တဆဲ့, ကိုးခု (၄၁၉)ခု နှစ်၌ အနော်ရထာမင်း ကြီး၏ လက်ထက် တော်တွင် ပုဂံ ပြည်သို့ ရောက်လာ

www.dhammaransi.com



တော်မူ၍ ထိုအနော်ရထာ မင်းကြီး၏ လက်ထက်တော်, သားတော်- ထီးလှိုင်ရှင် မင်းကြီး၏ လက်ထက်တော်, ထီးလှိုင်ရှင် မင်းကြီး၏ မြေးတော် အလောင်း စည်သူ မင်းကြီး၏ လက်ထက်တော် ဤလက်ထက်တော် သုံးခု တို့၌ ပြည့်ရှင် မင်းတို့နှင့် တကွ တိုင်းသား ပြည်သူ ရှင်လူ ရဟန်းတို့၏ အစီးအပွါး, သာသနာတော် သုံးပါး တို့၏ အစီးအပွါး တို့ကို ဆောင်တော် မူလျက် မင်းသုံးဆက် တိုင်တိုင် ကိုးကွယ် ဆည်းကပ်ခြင်းကို ခံတော်မူရလေ သည်။

အရှင်အရဟံ ထေရ်မြတ်ကား၊ သုနာ ပရန္တတိုင်း, တမ္ဗဒီပတိုင်း- ဟူသော မြန်မာနိုင်ငံ အတွင်း၌ ရှေးဦးစွာ သာသနာတော် မျိုးစေ့ကို စိုက်ပျိုး ထူထောင်တော် မူ သော မဟာထေရ်မြတ်ကြီး တပါး ဖြစ်တော်မူ၏။ အနော် ရထာ မင်းကြီး၏ လက်ထက် တော်မှ အစပြု၍ မြန်မာ နိုင်ငံတော်တွင် ဘုရားစစ် ဘုရားမှန်, တရားစစ် တရား မှန်, သံဃာစစ် သံဃာမှန်တို့ကို ကိုးကွယ်ရခြင်း၊ သာ သနာစစ်, သာသနာမှန်တို့ကို ကြည်ညိုရခြင်း တို့ကား ထိုအရှင်အရဟံ ထေရ်မြတ်၏ အသုံးအမတော်ပင် ဖြစ် ချေသည်။ ။မြန်မာ နိုင်ငံ၌ သာသနာတော် သုံးပါး၏ ရေသောက် မြစ်ကြီးတခု ဖြစ်သည်ဟု ဆိုထိုက် ပါပေ သည်။ ။ထိုရဟန္တာ သခင်-အရှင်အရဟံ ထေရ်မြတ် သည် မင်းသုံးဆက်တိုင်တိုင် သာသနာတော် သုံးပါးကို ပြုရ ဖြစ်ထွန်း စေတော် မူပြီးသော် မင်းသုံးဆက်တွင် နောက်ဆုံး ဖြစ်တော်မူသော သီဟိုဠ်ရှင် ဘုရားဒါယကာ

www.dhammaransi.com



မဟာနရ ပတိစည်သူ မင်းတရားကြီး နန်းတက်တော်မူ၍ တနှစ်သာသာ ကြာလျှင် သာသနာတော် သက္ကရာဇ် တထောင်, ခြောက်ရာ, သုံးဆဲ့, ခုနစ်ခု(၁၆၃၇)ခုဂေါဇာ သက္ကရာဇ် လေးရာ, ငါးဆဲ့, ငါးခု(၄၅၅)ခု နှစ်၌ အလုံးစုံသော မင်းဆွေမိုးမျိုးနှင့် တိုင်းနေ ပြည်သူ ရှင်လူရဟန်း တပည့်တပန်း ထမ်းဆောင်နေကျ ဖြစ်သော သာသနာ့တာဝန်တို့ကို စွန့်ပယ်တော် မူလျက် ပရိနိဗ္ဗာန် စံလွန်တော်မူရလေသည်။

ယင်းကဲ့သို့ အရှင်အရဟံ ပရိနိဗ္ဗာန် စံလွန်တော်မူသည်ကို အလောင်းစည်သူ မင်းကြီးသိတော်မူလျှင်။ ။ငါ၏ဆရာ လေးဦးတို့တွင် အထွတ်ဆုံး ဖြစ်သော ဆရာသခင် ကျေးဇူးရှင်- ရှင်အရဟံ ကိုယ်တော်သည် ပရိနိဗ္ဗာန် စံလွန်တော်မူချေပြီ။ငါသည် ဤနေ့မှစ၍ အဘယ်သူ၏ အဆုံးအမကို ခံယူရပါအံ့နည်း။ ငါ့အား ဆုံးမပဲ့ပြင်သွန်သင်သော သူမြတ် မရှိခဲ့ပြီ တကား ...ဟူ၍ သံဝေဂ ကျည့်ကျည့် ငိုကြွေးတော် မူသော်။ ။မင်းဆွေမိုးမျိုးဖြစ်သော မောင်းမမိဿံ ခြွေရံ သင်းပင်းတို့သည်လည်း ရှိက်ကြီးတငင် ငိုကြွေးကြကုန်၏။ ။မှူးမတ် ကျွန်ဘေးနှင့်တကွ တိုင်းသူပြည်သားတို့လည်း ဘုရားသခင် ပရိနိဗ္ဗာန် စံသောအခါကဲ့သို့ပင် ငိုကြွေး ဟစ်အော် ကြကုန်၏။ ထိုနောင် အလောင်းစည်သူမင်းကြီးသည် အသွေးသွေးသော ပန်း,ဆီမီး ထီး, တံခွန်, ကြက်လျှာ ကြာသွက်အိုး- အစရှိသော လှူဘွယ်ဝတ္ထု တို့ကို ယူ၍ ရှင်အရဟံထံ၏ [illegible] အလောင်းတော် [illegible] မှူးမတ် အ

www.dhammaransi.com



သွားရောက် ဖူးမြော် ပူဇော် လှူဒါန်းပြီးလျှင် ရှင်အရဟံ၏ရုပ်တော်အလောင်းကို ကောင်းမွန်ခမ်းနားစွာ သင်္ဂြိုဟ်တော်မူသည်။

## ၂။ သင်္ဂြိုဟ်ပုံအခမ်းအနားကား။

သင်္ဂြိုဟ်ပုံ အခမ်းအနား အကြောင်းကို ပုဂံ ရာဇဝင်ဟောင်း၌ လာရှိသော အတိုင်း ရေးသားပေအံ့။ ။သိရိဓမ္မာသောက- ဓမ္မရာဇိကာ အလောင်းစည်သူ မင်းကြီးသည် နန်းစံတော်မူ၍ နှစ်သည်ခါ ကျော်တွင်ပင် မြတ်စွာဘုရား ဗျာဒိတ်တော်နှင့်အညီ မြန်မာ တိုင်းပြည်တွင် သာသနာ ဘော်ကို ချီးမြှောက်၍ တောက်ထွန်း စည်ပင်ပွင့်လင်းပြန့်ပွါး များစေနိုင်သော ပရိယတ္တိ သာသနာ, ပဋိပတ္တိ သာသနာ, ပဋိဝေဓ သာသနာတော် သုံးပါးကို အားထုတ် ဆောင်ရွက်ဘော် မူသော ကောင်းကင်ပျံခြင်း မြေလျှိုးခြင်း တန်ခိုး ဣဒ္ဓိပါဒ် အဘိညာဉ် သမာပတ်နှင့် ပြည့်စုံတော်မူသော အာသဝေါ ကင်းတော် မူပြီးသော မြန်မာလူမျိုးတို့သည် ဘုရားတဆူကဲ့သို့ ကြည်ညိုသဖြင့် ကိုးကွယ် အပ်သော အရှင် အရဟံ ထေရ် မြတ်သည် ရုပ်နာမ် နှစ်ပါး တရားတို့၏ ငြိမ်းရာ ခေမာ အမတသို့ ကြွတော်မူလျှင် ရူပ ကာယဖြစ်သော အလောင်းဘော်ကို ခရေနံ့သာ တို့ဖြင့် သွန်းသောင်း သပ္ပါယ် ပြီးမှ အဆိုး များစွာထိုက်သော နူးညံ့သိမ်မွေ့သော ပုဆိုးတို့ကို ဆီနံ့သာဆွတ်၍ အထပ်ထပ် ကောင်းမွန်စွာ ထုပ်၏။ ထို့

www.dhammaransi.com



နောင်မှ ရတနာကိုးချပ် မျက်မြတ် စီမံသော ရွှေဘလား တွင်သွင်း၍ ကာသိကတိုင်း, ကောတုမ တိုင်း,စိန့်တိုင်း, တို့မှဖြစ်သော အထူးထူး အထွေထွေ အရောင်နှင့်ပြည့်စုံ သော အထည်အဝတ် တို့ဖြင့် အမိုး,ချင်ပိတ် အချိတ်, အဆက်- စသည်တို့၌ သင့်မြတ် လျောက်ပတ်စွာ ချယ် လယ် မွမ်းမံသော ဘုံတဆဲ့ တဆင့် ရှိသော ရတနာ ပြာသာဒ်တွင် အလောင်းတော်နှင့် တကွ ရွှေဘလားသို့ တင်၍ သဘင် ခုနစ်ရက်ခံသည်။

ပြည်သူ,လူ,ရဟန်း, ပရိသတ်အပေါင်း တို့ကို ပူဇော် ကန်တော့ စေပြီးသော် အုတ်, အင်္ဂတေ အပြေ အပြစ် စီရင်သော ခုံပလ္လင်၌ သံကွန်ရက် ခင်းသည်။ သံဒေါင်း လည်ကြာယပ်နှင့် တကွ ငါးဆင့်ဘုံတွင် ထုပိကာ, ထီး တို့ဖြင့် တင့်တယ် ဆန်းကြယ်စွာသော အထက်မျက်နှာ ကြက်ကိုရွှေမွမ်း၍ လေးထောင့် စိုက်သောတိုင်တွင် ဆွဲ ထားသည်။ ပိတ်, ဖျင်တို့ကို အတွင်းဝန်းပြု၍ ဌက်ပျော ပင်,ကြံပင်စိုက်သည်။ ထို့ပြင် ရာဇမှတ် ဝန်းကာ၍ ဌက် ပျောပင်, ကြံပင်စိုက်သည်။ မြူတ•ရေပြည့် ပတ်လည် စင်နှင့် တန်းထားသည်။ ကြာသွတ်ဒိုး ပန်းမျိုးစိုက်ကာ စင်နှင့် တန်းထားသည်။ ထို့နောင်မှ လူတပ်, မြင်းတပ် ဆင်တပ်-ဝန်းကျင် စီရင်ထားသည်။ ဤသို့မှ နံ့သာ, ကရ မက်, စန္ဒကူးတို့ဖြင့် စီဆင့်သော အမြင့် ကိုးတောင် ရှိ သော ထင်းပုံထက် ရွှေဘလားနှင့်တကွ တင်၍ရွှေမိုကျင် ရှစ်လုံးထိုး၍ သပြိုဟ်တော်မူသည်။ ။ပြီးလျှင် နံ့သာ ရည်, နှင်းရည်, စမွယ်ရည်တို့ဖြင့် မီးကို ငြိမ်းစေ၍ ရွှေ

www.dhammaransi.com



တလဲ့အနှင့် ပြာကိုသန့်စင်၍ အရိုးဓါတ်တော်ဘိုကို ရေနံ့သာဖြင့် စင်စေပြီးလျှင် ရွှေ အဆင်ပြီးသော ကျောက်စိမ်းမြှုတာတွင် ထည့်သွင်း၍ တူရွင်းတောင်ခြေ မြေ သန့်စင်သော အရပ်တွင် ဂူတည်၍ ဌာပနာသည်။ ဂူအတွင်း၌လည်း အရှင်အရဟံသဏ္ဍာန် ရုပ်တု, ရုပ်ပုံကို အုတ်ဖြင့် တည်လုပ်၍ ပြည်သူ, လူ, ရဟန်းအပေါင်းတို့ကို ပူဇော်စေသည်။ ။ဤသည် တို့ကား၊ ပုဂံရာဇဝင် ဟောင်း၌လာသော စကားတို့တည်း။

## မှတ်ချက်။

အရှင်• အရဟံ ပရိနိဗ္ဗာန် စံလွန်တော် မူ၍ သင်္ဂြိုဟ်ပုံကို ဆိုသော စကားရကို ဘယ်မှာမှ ရှာဖွေမရ ရှိလေသည်။ ။သို့ဖြစ်၍ ဤစကားရကို "ပုဂံရာဇဝင်ဟောင်းမှာ ပါရှိသည့်အတိုင်း သာလျှင်—ရေးသား ဘော်ပြလိုက် ပါသည်"။

အလောင်းစည်သူ မင်းကြီးသည် ဆိုခဲ့ ပြီးသော အတိုင်း ရှင်အရဟံ ထေရ်မြတ်၏ အလောင်း တော်ကို သင်္ဂြိုဟ် ပူဇော်တော် မူပြီးလျှင် ဓါတ်တော် ဂူတည်ရာ အရပ်ကိုသည်း လေးမြတ်စွာ ရှိခိုးဘော် မူလေသတည်း။

## ၃။ မဟာသမုဒ္ဒရာသို့ ကြွရောက်ခြင်း။

ဤသို့လျှင် အရှင်အရဟံ ပရိနိဗ္ဗာန် စံလွန်တော် မူပြီးသော် အရှင်အရဟံ၏ တပည့်သားဖြစ်ကုန်သော ရဟန္တာ

www.dhammaransi.com



ငါးရာတို့ကား ပုဂံပြည်၌ပင် သီတင်းသုံး နေထိုင် ကျန် ရစ်တော် မူခဲ့ကြကုန်၏။ ။ရဟန္တာငါးရာ– ကျန်ရှိသေး ကြောင်းကား နောက်၌ ထင်ရှားလတ္တံ့။ ။အလောင်း စည်သူ မင်းကြီးသည် မင်း၏ စည်းစိမ်ကို ခံစားလျက် ရဟန္တာ ငါးရာ အရှင်မြတ်တို့ ကိုလည်း အရှင်အရဟံ ကဲ့သို့ပင် မမေ့ မလျော့ ပြုစု လုပ်ကျွေးတော် မူလေ သည်။ ။တရံရောအခါ မဟာသမုဒ္ဒရာ၏ အတွင်း၌ အ ထူးထူး အထွေထွေ ရှုဘွယ်,ကြည့်ဘွယ်တို့သည် ရှိကုန် သည်ဟု ကြားသိတော်မူသဖြင့် အလောင်းစည်သူ မင်း ကြီးသည် မဟာသမုဒ္ဒရာ၌ရှိသော ကြည့်ရှုဘွယ် တို့ကို ကြည့်ရှုလိုတော် မူလေ၏။ ။ထို့နောင်မှ နိုင်ငံတော် အ စပ်နှင့် သူ့နိုင်ငံအစပ် မရောမယှက်စိမ့်သော၌ ကင်းတို့, ကင်းရှည် ထားခြင်း နေပြည်တော်၌ အစောင့်အနေ ခန့် ထားခြင်း- စသော တိုင်းရေး ပြည်ရာတို့ကို ကောင်းစွာ စီရင်တော် မူပြီးလျှင် မဟာသမုဒ္ဒရာသို့ ရန်ဘော် ချ၍ တိုင်းခွင် လှည့်လည်တော် မူသတည်း။

တိုင်းခွင် လှည့်လည်တော် မူရာတွင် ပါရှိသော အ လုံး အရင်းကား။ ။အမတ်ပေါင်း ၇စ်သောင်း, လေး ထောင် ဗိုလ်ခြေ ကုဋေ တသန်းခြောက်သိန်း၊ သင်္ဘော် လှေယာဉ်ပေါင်း ၇စ်သန်းနှင့်တကွ လှေသင်္ဘော်တို့ ဤကြောင်းထက် တွင် မင်း, မိဖုရား, မောင်းမ, ကိုယ်လုပ်တော် တို့နှင့် အတူ စီးနင်းတော်မူ၍ တိုင်းခွင်လှည့်လည်တော် မူလေ သည်။ ။ဤကဲ့သို့ တိုင်းခွင် လှည့်လည်တော် မူသော်

[၁] တန့်ကြည့်တောင် အဆုံးသို့ ရောက်လျှင် လယ်ဘ ပယ်မျှသောက်သော ကျောက်ချွန်ဆက်၌ အရောင် အဝါ ဘိုဖြင့် ဘောက်ပသော နဂါးမင်း တကောင်သည် မင်းကြီးအား ဖူးမြှော် လာရ လေသည်။ ။နဂါးမင်းဘား၊ နေမင်းကဲ့သို့ အလျှံ အဝါ ကွန့်မြူး နေသောကြောင့် စိမ်းစိမ်းရဲရဲ မရှုဝံ့သကဲ့သို့ရှိရာ အလောင်းစည်သူ မင်းကြီးသည် သိကြားမင်း အပ်သော မြရှင်လက်စွပ် တော်ဖြင့် ကွယ်ကာ ကြည့်တော်မူမှ နဂါးမင်း၏ အရောင် အဝါ ညှိုး၍ နဂါးရုပ်သွင် ထင်ရှားလေသည်၊ ။ထို အရပ်၌ သင်္ကြန် ခေါ်တော်မူပြီးမှ တဖန် ကြွသွားပြန်၏။

အလောင်းစည်သူ မင်းကြီး၏ လှေယာဉ် စကြာတော်ကား အလွန်လျင်မြန်၏။ ဗိုလ်ခြေ အရာ အထောင်တို့ကို ဆောင်ယူနိုင်၏။မင်းကြီး၏ စိတ်အလိုရှိရာသို့ လျှင်မြန်စွာ သွားရောက် တတ်သည်။ အရောင် အဆင်းကား ရွှေရောင်, မြရောင်, ပုလဲရောင်-စသည်ဖြင့် နဝရတ် ကုံးပါး ဖြန့်ကြဲထားသကဲ့သို့ ရှိသည်၊ ။သည်ကို ရည်ရွယ်၍။ ။လက်ညှိုး ညွှန်ရာတွင် ရေပြင် ဖြစ်ရသည်— ဟု ပြောဆိုရိုး ဖြစ်သဘတ်။ ။ထိုဘောင်ဘော် လှေစကြာ

[၁]။ တန့်ကြည့်တောင်—ဟု ဆိုလျှင်။ ။ဘကောင်း တန့်ကြည့်တောင်, ပုဂံ တန့်ကြည့်တောင်, ရခိုင် တန့်ကြည့်တောင်-ဟု သုံးမျိုး ရှိလေသည်ကို သတိပြု။ ။ ဤအရာမှာ ရခိုင် တန့်ကြည့်တောင်ကို ဆိုလိုဟန်ရှိသည်။

www.dhammaransi.com



ဦး၌ မင်းကြီး၏ ကိုယ်တော်နှင့်အမျှသော ရွှေစင်ကို ချတ် လုပ်သည့်- ဘုရားရုပ်တုတဆူ- အမြဲပါရှိလေသည်။

ဤကဲ့သို့ ခရီးထွက်တော် မူလတ်သော် လမ်းခရီး အကြား ကုလားပြည် ဘင်္ဂလားသို့ ရောက်တော် မူလျှင် ရှေးဘေး လောင်းတော် နော်ရထာမင်းကြီး တိုင်းနိုင်ငံ လှည့်လည်တော် မူစဉ်က ထားတော်မူခဲ့သော တျရိယာ ငါးပါး လွယ်လျက် ထားသည့် ကျောက်သား သူ့ရုပ် ငါးခုတို့ကို တွေ့မြင်ဘော် မူသဖြင့် ပုဏ္ဏားဆရာ တို့အား အကြောင်း ခြင်းရာကို မေးစိစစ်တော် မူသော် ပုဏ္ဏား ဆရာတို့ လျှောက်ထား ကြသည်ကား။ ။အရှင့်ဘေး လောင်းတော်- အနော်ရထာ မင်းစောသည် ရှေးသော အခါ တိုင်းနိုင်ငံ လှည့်လည်တော် မူစဉ် သည်အရပ်သို့ ရောက်လျှင် နောက် အခါတွင် ငါကဲ့သို့ ဘုန်းရှိသော သားတော်, မြေးတော်, မြစ်တော်တို့ တိုင်းကား နိုင်ငံ လှည့်လည်၍ သည်အရပ်သို့ ရောက်လတ်သော် သင် တို့သည် ပတ်,စည်, စောင်း,ညှင်းတို့ကို တီးမှုတ်ကြကုန် ဟူ၍ မိန့်ဆိုထားခဲ့သော ကျောက်သား သူ့ရုပ်များ ဖြစ် ကြောင်းကို လျှောက်ထားလေ၏။ ။ထိုစကားကို ကြား လျှင် အလောင်းစည်သူ မင်းကြီးက။ ။သည်အတိုင်း မှန်ချေလျှင် ယခု ငါကိုယ်တော် ကြွလာတော် မူချေပြီ၊ အဘယ့်ကြောင့် မတီးမှုတ်ရ သနည်းဟု ကျောက်သူ့ရုပ် တို့ကို ငြိမ်းချောက်မှ ကျောက်သူ့ရုပ် ငါးခုတို့သည် စည်, စောင်း, ညှင်း,လင်းကွင်း, စည်ရုတ်,စည်ပုတ်,မရိုး, ထပိုး,

www.dhammaransi.com



ခရာ, နှဲ,ဖြွေ, ပတ်သာ-စသော တူရိယာတို့ကို တီးမှုတ်ကြကုန်သည်။

## ၄။ သိဟိုဠ်ကျွန်းသို့ ဆိုက်ရောက်တော်မူခြင်း။

ရက်ကာလ မကြာမြင့်မီ သိဟိုဠ် ကျွန်းသို့ ရောက်တော် မူလေသည်။ ထိုအခါ သိဟိုဠ်မင်းသည် နရပတိစည်သူ မင်းကြီး၏ ဘုန်းတော်ဒဏ်ကို မခံဝံ့ သောကြောင့် လူမိုလ်ခြေ ရှစ်သိန်း စီးနင်းနိုင်သော သက်နက် လှေတော်ကြီးနှင့် တကွ သွီးတော်"စောဦးထွေး"ကို ဆက်သတော်မူရ လေသည်။ ။အရှင်မဟာကဿပထေရ် ရတင်ကျင့်နေဟန် ရုပ်တုတော်ကိုလည်း ဆက်သပြန်လေသည်။ ။ထိုရုပ်တုတော်ကို သက်နက် လှေဆက်တွင် ထိပ်ဦးက တင်လျက် ကိုးကွယ်တော် မူသည်။ ။အလောင်းစည်သူ မင်းကြီးသည် သိဟိုဠ် ကျွန်းရှင် ဘုရင် မင်းမြတ်အား အကြည် အသာ ပြောဟောတော် မူ၏။ ။သိဟိုဠ်မင်းလည်း ရိုသေကျိုးနွံသော စိတ်ဖြင့် မြတ်သော မင်းကြီး ကျွန်ုပ်ကား လူမိုလ်ခြေ ရှစ်သိန်း စီးနိုင်သော သက်နက် လှေယာဉ်နှင့် ချစ်လှစွာသော သွီးတော်ကို ဆက်သရသဖြင့် လောကီ လက်ဆောင်ပဏ္ဏာမှာ တင်းတိမ်ပါပြီ။ ။အရှင်မဟာ ကဿပထေရ် ရဘင်ကျင့်နေဟန်- ရုပ်တုတော်မျှကို ဆက်သရသဖြင့် လောကုတ္တရာ လက်ဆောင်ပဏ္ဏာမှာ ဘင်းတိမ်ဘွယ် မဟုတ်ပါခဲ့။ နောင် အခွင့်ညီလျှင် လောကုတ္တရာ လက်ဆောင်ကောင်းကို ဆက်သ

www.dhammaransi.com



ပါဦးမည်။ ။ဟူ၍ လျှောက်ထား သံတော်ဦး တင်လေသည်။

**မှတ်ချက်။**

သိဿိုဋ္ဌ ဘုရင် ဆက်သသော သက်နက်လှေယာဉ်ကား — ၁ခြား။ ။နိုင်ငံတော်မှ ပါရှိရင်း ဖြစ်သော လှေယာဉ်ကား—တခြားဟု ခွဲခြား၍မှတ်။ ။ထို သိဿိုဋ္ဌ ဘုရင်သည်ပင် သိပ္ပိုဋ္ဌ ရှင် ရုပ်ပွါးတော်ကို သိကြွားမင်းနှင့်အတူ ဆက်သတော် မူလိမ့်မည်။

**၅။ ဇမ္ဗူ့ သပြေပင်ရင်းသို့ ရောက်တော်မူခြင်း။**

သိဿိုဋ္ဌ ကျွန်း၌ တဖန် ဇမ္ဗူ့သပြေပင်ရှိရာ အရပ်သို့ ကြွတော်မူပြန်၏။ ဇမ္ဗူ့သပြေပင် အနီးသို့ ရောက်တော်မူလျှင် ဤ ဘဒ္ဒကပ်ကမ္ဘာ၌ ပွင့်တော် မူပြီးသော ဘုရားရှင် လေးဆူတို့ သီတင်းသုံးတော်မူရာ ဖြစ်သော ပုလဲကျောက်ဖျာကို မြင်ရသော် ကျောက်ဖျာ ထက်တွင် နေတော် မူလိုသောစိတ် ဖြစ်ပေါ်လာ သဖြင့် ဟူးရေးဆရာတို့ကို မေးမြန်းတော်မူ၏။ ။ဟူးရေးတို့က လျှောက်ထားသည်မှာ။ ။မြတ်သောမင်းကြီး ဤပုလဲကျောက်ဖျာကား ဘုရားရှင်တို့ သီတင်းသုံးရာ အရပ်ဖြစ်၍ မင်းကြီးနေခြင်းငှါ မသင့်ပေ။ ယုံတော် မမူပါလျှင် မင်းကြီး၏ ဦးခေါင်းထက်တွင် ဝတ်ဆင်ထားသော ဦးပေါင်းတော်ကို ကျောက်ဖျာထက်သို့ တင်ကြည့်တော်မူသော် ကြက်တောင်ကို မီးကျီးတွင် ချသကဲ့သို့ တခဏချင်း လောင်

ကျွမ်းပါလိမ့်မည်....ဟု ကြော်ထား ကြလေသည်။ ။ မင်းကြီးလည်း ဟူးရေးဖြူ, ဟူးရေးညိုတို့ ကြော်ဆိုတိုင်း ပြုလေလျှင် ဦးပေါင်းတော်သည် ကျောက်ဖျာထက်သို့ ရောက်သည်နှင့် တပြိုင်နက် ဖျစ်ဖျစ် မြည်၍ မီးကျွမ်းလေသည်။ ။ဤသို့သော အခြင်းအရာကို မြင်လျှင် အလွန်ရွှင်ပျသော ပီတိ သောမနဿ ဖြစ်လျက် အလောင်းစည်သူ မင်းကြီးသည် ကျောက်ဖျာ အပြင်ကို စိမ်းစိမ်းရှုကာ ကြာမြင့်စွာ ဖူးမြော်နေတော်မူ သတည်း။

## ၆။ သိကြားမင်း၏ အဘိသိက်သွန်းပွဲ။

အလောင်း စည်သူ မင်းကြီးသည် ဆိုခဲ့ ပြီးသော ကျောက်ဖျာ အနီး ကျွန်းဦး ဇမ္ဗူ့သပြေပင် ရောက်ရာ အရပ်မှာပင် ခုနစ်လတိုင်တိုင် ဗိုလ်ရှုသဘင် ခံနေတော်မူလေ၏။ ။ထိုအခါ၌ ထိုအရပ် မှာပင် ဗိုလ်ရှုသဘင် ခံနေသည်ကို သိကြားမင်း မြင်တော် မူလေလျှင်။ ။ ဤ မင်းတရားကား သာသနာတော် သုံးပါး၌ ကြည်ညိုလွန်ကဲလှသည်။ သာသနာ၏ အစီးအပွါး ကိုသာ ရွက်ဆောင်တော်မူလေသည်။ ငါသည်လည်း သာသနာတော်၏ အစီး အပွါးကို ဆောင်ရွက်သော် စောင့်ရှောက် ကူညီမည်ဟု- ဝန်ခံချက် ပြုဘူးသည်။ ယခု အခါတွင် သည်မင်းတရားအား လောကီ, လောကုတ္တရာ ကျေးဇူးဥစ္စာကို ပေး၍ စောင့်ရှောက် ကူညီရန် အခွင့်ကြုံကြိုက်ပြီ။ ။ဟု- နှလုံးသွင်းပြီးလျှင် တတိယ အကြိမ်မြောက် ကျွန်းဦးဇမ္ဗူ့ သပြေပင် အောက်တွင် များမြောက်လှစွာ

www.dhammaransi.com



သော လူ့ဗိုလ်ခြေ၊ နတ်ဗိုလ်ခြေတို့ဖြင့် ခြံရံလျက် သိကြားမင်း ကိုယ်တိုင် ရစ္စဘိသေက မင်္ဂလာကို ကောင်းမွန်စွာ စီရင်တော် မူလေ၏။ ။မင်းကြီး အားလည်း။ ။ (သိရိတြိဘုဝနာဒိတျ ပဝရ ပဏ္ဍိတသုဓမ္မရာဇာ မဟာဓိပတိ နရပတိစည်သူ)။ ။ဟူသော ဘွဲ့အမည်တော်ကိုလည်း ဘွဲ့ချည် ပေးအပ်တော် မူလေသည်။

## မှတ်ချက်။

ကျောက်စာ၊ ရာဇဝင် တို့၌ သိကြားမင်း ပေးအပ်သော ဘွဲ့အမည် ဖြင့်လည်း ရေးသား သုံးစွဲ ကြလေသည်။

## ၇။ ရှင်ဖြူ၊ ရှင်လှဘုရားတို့ကို ဆက်သခြင်း။

ထိုသို့ အဘိသိက် သွန်းပြီးလျှင် သိကြား မင်းသည် ပုလဲ ကျောက်ဖျာ ထက်တွင် ပုလဲရှင် ရုပ်တုတော်တဆူကို ထုလုပ် တင်ထားပြီးမှ မင်းကြီးအား ကိုးကွယ်ရန် အပ်နှံဆက်သပြန်လေ၏။ ။ထိုဘုရားကို "ရှင်ဖြူ" ဟူ၍ သမုတ်မှည့် ခေါ်တော်မူ၏။ ။ထို့နောင် ရွှေနည်းတူ ဖမ္မြ။ သပြေခက် ဒက္ခိဏာ သာခါကို ဘုရားရှင် ရုပ်တုတဆူ ထုပြန်၍ သိကြား မင်းက ဆက်သ ပြန်လေသည်။ ။ထိုဘုရားကို "ရှင်လှ"ဟူ၍ သမုတ်မှည့်ခေါ်တော်မူ၏။ ။ထိုဘုရား ရုပ်တုတော် "ရှင်ဖြူ" "ရှင်လှ"တို့ကို သက်နက် လှေစကြာတွင် မြတ်သော ပလ္လင်ထက်၌ တင်လျက် ကိုးကွယ်တော်မူသည်။

www.dhammaransi.com



## ၈။ မြင့်မိုရ် တောင်သို့ ကြွတော်မူခြင်း။

နရ ပတိ စည်သူ မင်းကြီးလည်း ရှင်ဖြူ ရှင်လှ= ဘုရားရုပ်တုတော် နှစ်ဆူတို့ကို ကိုးကွယ်တော် မူရလျှင် ကျွန်းဦး ဇမ္ဗူ။ သပြေပင်မှ မြင့်မိုရ် တောင်ထိပ်သို့ သွားရောက်တော် မူလိုပြန်သဖြင့် အလွန်လျှင် ကျယ်ဝန်းနက်ရှိုင်းသော သမုဒ္ဒရာရေ အပြင်သို့ မိုလ်ခြေ အသိန်း အသန်းနှင့်တကွ လှေယာဉ် စကြာကို လှည့်လည် စေတော် မူလေ၏။

ထိုအခါ သိကြား မင်းကား ဝိသုကြို နတ်သားနှင့် တိုင်ပင်သည်မှာ။ ။အချင်း နတ်သား နရပတိ စည်သူ မင်းကြီးကား မြတ်သော ဘုန်းရှိသော မင်း ဖြစ်ပေ၍ ကျွန်းဦး ဇမ္ဗူ၊ သပြေပင်သို့ပင် ကြွရောက်တော် မူလာသဖြင့် ကောင်းစွာ ရောက်တော်မူချေပြီ။ ငါသိကြားမင်းလည်း“ ရှင်ဖြူ၊ ရှင်လှ” ရုပ်တုတော် တို့ကို ဆက်သခဲ့ပေပြီ။ သို့စင် လျက်ကို ယခု တဖန် မြင့်မိုရ်တောင် ထက်သို့ လက်အုံ့သောဌါ သမုဒ္ဒရာ ရေပြင်သို့ လှေယာဉ် စကြာကို လွှင့်ချီတော် မူလေသည်။ ဤနရပတိ စည်သူ မင်းကြီးသည် မြင့်မိုရ် တောင်သို့ သွားသော် ဧကန်မုချ ရောက်နိုင်သော ဘုန်းတန်ခိုးတော် ရှိပေ၏။ ရောက်မည် မှန်သော်လည်း နတ်တို့၏ပြည့် မြင့်မိုရ်တောင် ပတ်ပတ်လည်တွင် ကြာရှည်စွာ စံနေတော် မူလျှင် တိုင်းပြည် စီးပွါးနှင့် သာသနာတော် သုံးပါး အစီးအပွါး တို့သာလျှင် ဆုတ်ယုတ် ပျက်ပြား ရာသည်။ နရပတိ စည်သူ

www.dhammaransi.com



မင်းကြီးအား လွန်မြတ်သော ကျေးဇူးတော် ရှိမည့် မဟုတ်။ သာသနာတော်၏ အစီး အပွါးကား လူတို့ပြည် မှာသာ ထင်ရှားရှိနိုင်သည်။နတ်တို့ ပြည့်တွင် ရှိနိုင်သည် မဟုတ်။ မြင့်မိုရ်တောင် ထက်သို့ တက်နေ ပါမူလည်း အလွန်လျှင် ရက်, လ- ရှည်ကြာ၍ သာသနာတော် သုံးပါးကို မေ့လျော့ နေပေလိမ့်မည်။ ။အမှူး, အမတ်, မောင်းမ, မိဿံ တို့လည်း မြင့်မိုရ်တောင်သို့ သွားရအံ့ သည်ကို ကြောက်ရွံ့ စိုးရိမ်လှသဖြင့် နှလုံးဝမ်း ငယ်လှ ကုန်၏။ ။ထို့ကြောင့် သာသနာတော် သုံးပါး အစီး အပွါးကိုသာ ထမ်းဆောင် ကျင့်ကြံရန် ငါ့ဘုရားတိုက်တွန်း ကြပေအံ့....ဟု၍သို့တိုင်ပင်ကြလေသည်။

ထိုသို့ တိုင်ပင်ပြီးလျှင် ဝိသုကြုံ နတ်သားနှင့် အတူ သိကြား မင်းသည် သမုဒ္ဒရာ ရေချက်နှာ ကောင်းကင် ထက်တွင် နေလျက် မြွမ်း မြွမ်း ဟုန်း ဟုန်း မိုးသံပေး လျက် မိုးသေး, မိုးဖွဲကိုလည်း ရွာသွန်း စေလေသည်။ ညှင်းညှင်း သာသာ ခတ်သော မိုးသက် လေကိုလည်း လာစေလေသည်။ ရေလှိုင်းတံပိုး ကိုလည်း တိုးတက် ပွါးများစေလေ၏။ လျှပ်နွယ်, လျှပ်ပန်း, တို့ကိုလည်း အဆန်း တကြယ် ပြက်ခတ် စေလေသည်။ ။ထိုအခါ မှူးမတ် မိုလ်ပါ တို့ကား လှေသင်္ဘောစကြာ သမုဒ္ဒရာ ရေပြင်တွင် နစ်မြုပ်အံ့ ထင်သကဲ့သို့ တုန်ဘခိုက်ကြောက်ရွံ့ ကြကုန်၍ ဝမ်းနည်း လှကုန်၏။ အသံကျည်ကျည် မြည် ဟစ်၍ မျက်နှာ မသာမယာ ရှိကြ ကုန်သည်။ ။ထိုအခါမှ မှူးမတ် တို့ထည်း မင်းကြီးအား သံတော်ဦးတင်ကြ

www.dhammaransi.com



သည်ကား။ ။မြတ်သော မင်းကြီး သမုဒ္ဒရာ ရေပြင်ကား ကြီးကျယ်လှစွာ၏။ မြင့်မိုရ် တောင်လည်း ဝေးလံလှစွာ၏။ မှူးမတ်ဗိုလ်ပါ တို့လည်း လွန်စွာ ကြောက်ရွံ့တုန်လှုပ် ကြကုန်ပြီ။ အကယ်၍ မြင့်မိုရ်တောင်သို့ ရောက်အောင် ကြွတော်မူချေသော် အရှင် မင်းကြီးကား ဘုန်းတော်ကြီးမားလှ၍ ဘေးရန် ဥပဒ် မစွမ်း ငြိသော်လည်း လှေတော် အသီးသီး၌တွင် ပါရှိသော အမှူး, အမတ်နှင့် ဗိုလ်ခြေတို့မှာကား အဘယ်သို့သော ဘေးရန်ကို တွေ့ကြုံရကြွားအံ့လည်း မသိ နိုင်ပါ။ ဤအရပ်မှပင် နေပြည်တော်သို့ ပြန်ခြင်းငှါ လျှောက်ပတ် သင့်တင့်ပါသည်။ ။ယခုလည်း မိုးသေးဖွဲဖွဲနှင့် ရွာသွန်းနေပါသည်။ လေပြေလေညှင်းလည်း တိုက်ခတ်၍ လှိုင်းနွယ်, လှိုင်းပန်းလည်း ကြောက်ရွံ့ ခမန်း ရှိပါချေပြီ။ လှိုင်းတံပိုးတို့လည်း လှေစကြာကို ချိုးဖျက်အံ့သကဲ့သို့ ထကြွပါသည်။ ။သမုဒ္ဒရာ၌ကား ငါး, မိကျောင်း, မကာရ်း, လပိုင်, စသော မရေမတွက် နိုင်သော ဘေးရန်ထူပြော လှပါသည်။ ။နေပြည်တော်သို့ ပြန်ကြွတော်မူမှ သင့်တင့်ပါမည်။ ။ဤကဲ့သို့ အညီအညာ လျှောက်ကြလေသည်။

နရပတိစည်သူ မင်းကြီးကား မှူးမတ်တို့ လျှောက်ထားသည်ကို ကြားလျှင်။ ။ဟယ်....အချင်းအမတ်တို့ ငါသို့သောဘုရင် မင်းတရားကား စကြဝဠာ ကုဋေတသိန်းကို စင်လျက် လှည့်လည် ကြွမြန်း နိုင်သည်ကိုအဘယ်မူ၍ ဤမျှလောက်သော ရေသမုဒ္ဒရာ အငယ်ကို ကြောက်ရွံ့ကြကုန် သနည်း။ ရှေ့မြင့်မိုရ်တောင် ထက်သို့ လှေစကြာ

www.dhammaransi.com



ဖြင့် အရောက် ကြွတော်မူမည်....ဟူ၍ တင်းမာစွာမိန့်တော်မူလျှင် အမှူးအမတ်တို့လည်း အသားကို စားအံ့သကဲ့သို့ ကြောက်ရွံ့ခြင်း ပြင်းပြစွာဖြစ်၍ တစုံတရာကိုမျှ သံတော်ဦးမတင် ငုံတတ်ဘဲ ရှိကြလေသည်။

ထိုအခါတွင် အရှင် သိကြား မင်းနှင့် ဝိသုကြံနတ်သား တို့သည် မင်းကြီးကို တားမြစ်ရန် အားသစ်ပြန်သည်မှာ။ ။သိကြား မင်းကား အဘိုးအိုကြီး အသွင်ကိုဖန်ဆင်း၏။ ဝိသုကြံ နတ်သားကား အမယ်အိုကြီး အသွင်ကို ဖန်ဆင်း၏။ ဤသို့ ဖန်ဆင်းပြီးလျှင် တခုသောလှေငယ်ဖြင့် လှေဦးတွင် သိကြားမင်း ထိုင်လျက် ပဲ့တွင် ဝိသုကြံ နတ်သား ထိုင်ပြီးလျှင် ပြင်းပြစွာ လှော်ခတ်လာသကဲ့သို့ ပြု၍ မင်းကြီး၊ လှေစကြာ မနီး မဝေးတွင် ရေးရှု လာလတ်၏။ ။ထိုအခါ မင်းကြီးသည် သူအိုနှစ်ယောက်ကို ထူးဆန်းစွာ တွေ့မြင်ရသဖြင့် မှူးမတ်တို့ကိုခေါ်ငင်စေရန် အမိန့်ချပြီးလျှင် သူအိုတို့ကိုဖွေ့ဘော်မှောက်သို့ရောက်သောအခါ ဤသို့ မေးမြန်းတော် မူလေသည်။

(မင်းကြီး) ဟယ် သူအိုတို့၊ ။သင်တို့ အဘယ်အရပ်မှ ပြန်လာကြ ကုန်သနည်း။

(သိကြားမင်း) အရှင်မင်းကြီး အကျွန်ုပ်တို့ကား မြင့်မိုရ်တောင်ခြေရင်းတွင် နေထိုင် ကြသော လူမျိုး ဖြစ်ပါသည်။ ယခု မြင့်မိုရ်တောင်မှ လာခဲ့ ကြပါသည်။

(မင်းကြီး) သင်တို့ ဘယ်အရပ်သို့ သွားရန် ထွက်လာခဲ့ ကြသနည်း။

www.dhammaransi.com



(သိကြား) ကျွန်ုပ်တို့သည် လူ့ပြည်သို့ သွားပါမည်။ လူ့ပြည်မှာသာလျှင် ဘုရားရတနာ, တရားရတနာ, သံဃာရတနာ- ဟူသော ရတနာသုံးပါး ရှိသည်။မြင့်မိုရ်တောင်ခြေရင်း နတ်မင်းတို့၏ နေရာ အရပ်မှာကား ဘုရား,တရား, သံဃာ- ဟူသော ရတနာသုံးပါးရှိသည် မဟုတ်ပါ။ ။ရတနာ သုံးပါးကိုသာ ပူဇော်ဆည်းကပ်လိုသဖြင့် လူ့ပြည်သို့ လာခဲ့ပါသည်။

(မင်းကြီး) အို....သူအို သက်ကြီးတို့။ ။သင်တို့၏ စကားသည် မှတ်တန်လှစေ။ ။သင်တို့သည် မြင့်မိုရ်တောင်ခြေ နေမြဲ အရပ်မှ အဘယ် အချိန် အခွင့်ယ်က ထွက်လာခဲ့ကြသနည်း။ ယခုမူကား သင်တို့၏ အသက်ရွယ်သည် အိုမင်း မစွမ်း ရှိချေပြီတကား။

(သိကြားမင်း) မြတ်သော မင်းကြီး။ ကျွန်ုပ်တို့ ဇနီးမောင်နှံသည် ထိမ်းမြား ပြီးနောက် ခုနစ် ရက်မြောက်တွင် အမိ, အဘတို့ကို ခွင့်ပန်၍ လူ့ပြည်သို့ လာခဲ့ပါသည်။ ။ရက်ကာလ မည်မျှ ကြာသည်ကို မပြော နိုင်ပါပြီ။ ကျွန်ုပ်တို့မှာ ဆံဖြူ သွားကျိုး၍ အဘိုးကြီး, အမယ်ကြီး ဖြစ်နေသည်ကို ကြည့်ရှုပါတော့။ ။မြင့်မိုရ်တောင်ခြေ- ဟူသည် သို့စဉ်မှ ဝေးလံလှပါသည်။

(မင်းကြီး) ငါ မင်းတရားလည်း မိလ်ပါ အင်အားနှင့် မြင့်မိုရ်တောင်သို့ သွားမည်ဟု- လာခဲ့ပေသည်။ ။ယခုမူကား သင်တို့လျှောက်ထား ကြသည်ကို သိရသောကြောင့် မြင့်မိုရ်တောင်သို့ မသွားတော့ပြီ။ ။မြင့်မိုရ်တောင်သည် ခရီးလည်း ဝေးလံလှ၏။ သမုဒ္ဒရာ, တော

www.dhammaransi.com



တောင်- အထပ်ထပ်တို့လည်း ခြားနားလျက်ရှိ၏။ ရတနာသုံးပါး သာသနာတော် အစီးအပွါးလည်းမရှိ။ မိုလ်ပ်အပေါင်းသည်း ခရီး သောင်းလှ၍ နှလုံးဝမ်း ငယ်လှသည်။ ။ထိုသို့ဖြစ်သော် မြင့်မိုရ်တောင်သို့ သွားသဖြင့် အကျိုးမရှိရာပြီ-ဟု မိန့်တော်မူလေသည်။

သိကြားမင်းနှင့် ဝိသုကြုံ နတ်သား တို့လည်း မင်းကြီးအား ကောင်းချီးပေးလျက် မြင့်မိုရ်တောင်သို့ ကြွသဖြင့် အကျိုးစီးပွါး မရှိကြောင်းနှင့် သာသနာ တော်ကို မပြုရနိုင်ကြောင်း တို့ကို ဟောပြောပြီးလျှင် သမုဒ္ဒရာ ရေပြင်သို့ လှော်ခတ်၍ သွားလေ သတည်း။ ။မျက်တောင်တခတ်မျှ ကြာသတ်လျှင် သူဒိုနှစ်ဦးသည် ရေလယ်တွင် ပျောက်ကွယ်၍ သွားလေ၏။ ။ထို အခြင်း အရာကို မင်းကြီးနှင့် တကွ မှူးမတ်တို့လည်း မြင်ရလေသည်။ ။ထိုသို့ ရှုမြင်ရသော အခါ အလောင်းစည်သူ မင်းကြီးသည် ဤသူတို့ကား လူမည်ကာမျှ မဟုတ်ပေ။ သိကြားမင်း, နတ်မင်းတို့သာ ဖြစ်ရာသည်၊ ငါ့အား သာသနာတော် အစီးအပွါးကိုသာ ဆောင်ရွက် စေလို လှသောကြောင့် ခရီးကို ချုပ်တား ကန့်ကွက်ခြင်း ဖြစ်ပေလိမ့်မည်ဟု- နှလုံးတော် သွင်းလျက် သမားဖြူ, သမားညိုတို့အား အဘယ်သို့ အလိုရှိကြ သနည်းဟု မေးမြန်းတော်မူ၏။ သမားဖြူ, သမားညို တို့ကသည်း အရှင် မင်းကြီးအကျိုးကျေးဇူး အသုံးမဝင်သော အရပ်သို့ ကြွသွားသဖြင့် ဘယ်အစီးအပွါး ရှိပေဘုံအံ့နည်း။ ယနေ့ပင်တိုင်းပြည်သို့ ကြွ၍ ဂါတဂါ၏ အတိုး သာသနာ တော်၏

www.dhammaransi.com



အကျိုး တိုက်ိုသာ ဆောင်ဘော် မူပါ ဟူ၍ လျှောက် ထားသဖြင့် မင်းကြီးလည်း သဘောတော် နှစ်မြိုက်၍ ထိုအခရပ်မှ လှေစကြာကို လှည့်ပြီးလျှင် တိုင်းတော်ပြည် တော်သို့ ပြန်ကြွတော် မူလေသည်။

## ၉။ သရက္ခန် ရုပ်တုတော်ကို ဆက်သခြင်း။

သိကြားမင်းလည်း မင်းကြီး ပြန်အံ့သော အကြောင်း ကိုသိသဖြင့် မင်းကြီး၏ အထံသို့ သွားလျက် ကိုယ်ထင် ရှားပြပြီးလျှင်။ ။မြတ်သော မင်းကြီး မြင့်မိုရ်တောင်သို့ မသွားခြင်းသည် ကောင်းမြတ် လှပေ၏။ ငါသည်ကား နတ်တို့၏ ဘုရင်ဖြစ်သော သိကြားတည်း။ မင်းကြီးအား သာသနာတော်၏ အကျိုးကို ဆောင်ရွက် စေချင်သော ကြောင့် မြင့်မိုရ်တောင်သို့ မသွားအောင် ဘားမြစ်ခဲ့ပေ သည်။ ။သာသနာတော် တည်သမျှ လူအပေါင်းတို့ ကိုးကွယ် စိမ့်သောငှါ သင်မင်းကြီးအား ဘုရားရုပ်တု ကိုငါအပ်မည်ဟု ဆိုပြီးလျှင် အဝန်းယူဇနာတရာ မွှေး ကြိုင်သော သရက္ခန်သားကို ဘုရားရုပ်တုဘော် လုပ်၍ ကိုးကွယ်ရန် ပေးအပ်၏။ မွှေတော်မြတ် တဆဲ့ နှစ်ဆူ ကိုလည်း ပေးအပ်တော် မူလေသည်။ ။သရက္ခန်သား နှင့် မွှေဘော်ဓာတ် တဆဲ့ နှစ်ဆူ တို့ကို မင်းကြီးသည် အတိုးတသိန်း ထိုက်သော ရွှေကြုတ်ဖြင့်ခံယူလေ၏။ ။ထို အခါ မြေသီး လျှင် ပွဲဘင်ထပ်မျှ လှုပ်သေသည်။ ။

<u>ထို နောင် သိကြားမင်းသည် သရကန်သားကို ငါးပိုင်း</u>

www.dhammaransi.com



ပိုင်းပြီးလျှင် ဘုရားရုပ်တုတော် ငါးဆူ ထုလုပ်၍ ပေးတော်မူ၏။ ။ဇမ္ဗူ သပြေသားကိုလည်း ဘုရားရုပ်တုတော် ငါးဆူ လုပ်၍ ပေးအပ်တော် မူ၏။ ။ထို့နောင် ဝိသုကြံ နတ်သားက သပြေရုပ်တု တခုတွင် သရက္ခန်ရုပ်တုဘခု မွေတော်ဓာတ် တခုကို အညီအမျှစီ သွင်း၍ သရက္ခန် ငါးဆူ ဖြင်အောင် စီရင် ပေးလေ၏။ ။သပြေ့ရုပ်တု အတွင်းသို့ သရက္ခန်ရုပ်တု ထည့်သွင်းထားသည်- ဟုလိုသည်။

ဤသို့ စီရင်ပြီးလျှင် သရက္ခန်ရုပ်တုတော် ထုရာတွင် ကြွင်းကျန်ရစ်သော- ဆောက်စာ အစ, အန သပြေသားရုပ်တု ထုရာတွင် ကြွင်းကျန်ရစ်သော- ဆောက်စာ- အစ, အန- တို့ကိုဇုပေါင်းလျက် ဘုရားရုပ်ဘုပြုလုပ်ပြီးလျှင် ဓာတ်တော်, မွေတော်တို့ကို သွင်း၍ သိကြွားမင်း ကိုယ်တိုင် ဆက်သလေ၏။ ။ထိုဘုရားကို "မြတ်ပေါင်းမဋ္ဌူ" ဟူ၍ရင်း၊ "ရတနာမဋ္ဌူ" ဟူ၍ရင်း၊ ဘွဲ့တော်မှည့်တော် မူသည်။ ။ဤသို့လျှင် သရက္ခန် ငါးဆူနှင့်တကွ မြတ်ပေါင်းမဋ္ဌူ တို့ကို လှေစကြာ ထက်တွင်မြတ်သော ရွှေပလ္လင်ထက်၌ တင်ထားတော် မူ၍ အစဉ်အတိုင်း ပြန်ကြွလာတော် မူလေသည်။ ။ထိုစဉ် အခါတွင် အလောင်းစည်သူ မင်းကြီး၏ လှေစကြာထက်တွင် တိုင်းပြည့် ဘော်က ပါရှိရင်း ဖြစ်တော်မူသော ကိုယ်လေးတော် ရွှေကိုယ်သွန်း "လှေစကြာဦးဘုရားတဆူ"။ ။သိဟိုဠ်မင်းက ဆက်သသော "အရှင် မဟာ ကဿပ ရဟန္တာမြက် ရုပ်တုတဆူ" ။ ။သိကြားမင်း ဆက်သ

သော "ရှင်ဖြူ,ရှင်လှနှစ်ဆူ"။ ။သိကြားမင်းနှင့် ဝိသုကြုံ နတ်သားတို့ ဆက်သသော "သရက္ခန် ရုပ်တုတော် ငါး ဆူ"။ ။သပြေသား, သရက္ခန်သား တို့ကို ထုလုပ်ရာ တွင် ဆောက်စာ=အစ, အနကို ရပေါင်း၍ ထုလုပ်ထား သော "မြတ်ပေါင်းမဋ္ဌု တဆူ"။ ။ဤသို့လျှင် ဘုရား ရုပ်တုတော် ဆယ်ဆူ ပါရှိလေသည်။

## မှတ်ချက်။

ထို ဆယ်ဆူသော ဘုရားတို့တွင်။ ။မင်း ကြီးသည် မြန်မာနိုင်ငံသို့ ပြန်လည် ဆိုက်ရောက် တော် မူလျှင်။ ။"ရှင်ဖြူ, ရှင်လှ" နှစ်ဆူတို့ကို စစ်ကိုင်း တောင်၌ ကိုးကွယ်တော် မူသည်။ ။ "သရက္ခန် ငါးဆူနှင့် မြတ်ပေါင်းမဋ္ဌု" ပေါင်း ခြောက်ဆူ တို့တွင် ကွမ်းရွာ၌ သရက္ခန် တဆူ, ပခန်းတွင် တဆူ, ရှင်မတောင်တွင်တဆူ, ဆင်ကြို ရွာတွင်တဆူ, အညာသိဟာဘောတွင် တဆူ— ကိုးကွယ်တော် မူပြီး၍။ "မြတ်ပေါင်းမဋ္ဌု" ကို ကား ပခန်းကြီး မြို့တွင် သိတင်း သုံးတော် မူ သော သီလဝံ,ဂုဏဝံ ဖြစ်တော်မူသည့် အရှင် "အရိယာဓဇ သဒ္ဓမ္မရံသီ" မဟာထေရ် မြတ်အား အပ်နှံ ထားတော် မူလျက် ကိုးကွယ်တော် မူ သည်။ ။ကြွင်းသော ဘုရားတို့ကိုကား ပုဂံ ပြည့် ရွှေနန်းတော်သို့ ပင့်ဆောင် ကိုးကွယ်တော် မူသည်။

## မှတ်သားချက်။

ဤအရာ၌ ။ "ရှင်ပြု-ရှင်လှဘုရား သရက္ခန် ဘုရား" တို့၏ အကြောင်း အဖြစ်များကို ထည့်သွင်း ဆိုရသော်လည်း သီဟိုဠ်ရှင် သမိုင်းနှင့်ကား မသက်ဆိုင်ပေ။ ။ထိုသို့ မသက်ဆိုင်စေကာမူ အလောင်းစည်သူ မင်းကြီး တိုင်းခန်းလှည့်လည်တော် မူသော ခရီးစဉ်နှင့် သက်ဆိုင်နေသောကြောင့် "သရက္ခန် ငါးဆူ သမိုင်း ရှင်ပြု- ရှင်လှသမိုင်း" တို့မှ အကျဉ်းချုပ် ထုတ်နုတ်ရေးသား၍ အလျဉ်းသင့်သော အားဖြင့် ထည့်သွင်း ဖော်ပြလိုက် သတည်း။

## ၁၀။ ဗလဝါမုခဝဲသို့ ရောက်တော်မူခြင်း။

ဤသို့လျှင် အလောင်းစည်သူ မင်းကြီးသည် လှေစကြာတော်ဖြင့် လှည့်လည်တော် မူခဲ့ရာ သမုဒ္ဒရာရေမျက်နှာတွင် လှေယာဉ်စကြာ သွားလာဖန် များလတ်သော် ဗလဝါမုခဝဲအတွင်းသို့ ရောက်တော် မူလေ၏။ ။ထိုအခါတွင် လှေယာဉ် စကြာသည် တုန်တခိုက် ကျိုးအံ့သကဲ့သို့ရှိ၏၊ လှိုင်းတံပိုးတို့လည်း မိုးရှိတမျှ ထကြွဆူပွက်လေ၏။ ။ယင်းသို့လျှင် ဝဲရေပြင်ခရီးကို လှေယာဉ်စကြာ ဖြတ်သန်းသော အခါ ရှင်ပြုဘုရား ရုပ်တုတော်သည် ရေသို့စင်၍ ကျတော်မူလေ၏။ ။ထိုအခိုက်တွင် [illegible]

www.dhammaransi.com



တချက် ပျံသန်းလာပြီးလျှင် အဘောင် နှစ်ဘက်ကို လက်ရက်ကူးလျက် ရှင်ဖြူဘုရား ရုပ်တုတော်ကို ရေပြင်သို့ မကျအောင် ပင့်ဆောင်၍ ထားသေသည်။

ရှင်ဖြူ ဘုရားသခင်သည်း ရွှေဟင်္သာ နှစ်ကောင်တို့၏ အဘောင်ထက်တွင် စံနေတော်မူသော ခဏမှာပင် နရပတိ စည်သူမင်းကြီးအား (အလောင်းစည်သူ- ငါ့ကို ယူလော့)ဟူ၍ သာယာချောင်သော အသံတော်ဖြင့် နှုတ်တော် ဖွင့်တော် မူလေ၏။ ။ထိုအခါမှ မင်းကြီးသည် ရှင်ဖြူဘုရားကို လှမ်း၍ ယူတော်မူရလေသည်။ ။ရှင်ဖြူဘုရား၏ နှုတ်မိန့်သံကို အကြောင်းပြု၍ ထိုအခါမှစပြီးလျှင် (အလောင်းစည်သူ)ဟူ၍ တွင်ပြန်လေသည်။

## ၁၁။ နေပြည်တော်သို့ ပြန်ကြွတော် မူခဲ့ရာ မလ္လာယုကျွန်းသို့ ရောက်ခြင်း။

ဆိုခဲ့ ပြီးသော ဗလဝါရခဝဲ အတွင်းမှ မဏိမေခလာ=အစရှိသော နတ်သမီးတို့၏ ကူညီ ကယ်ဆယ်ခြင်းဖြင့် လွတ်ကင်း ထွက်မြောက်တော် မူခဲ့ရာ သှေ့ဘေဉ် စကြာတော်ကို ဇမ္ဗူဒိပ်ကျွန်း နေပြည်တော် ပုဂံရာမသို့ ပြန်လည် စေတော် မူသည်။ ။နေပြည်တော်သို့ ပြန်လည်တော်မူသော သက္ကရာဇ်ကား သေးရာ့, ခုနစ်ဆဲ့, ခုနစ်ခု (၄၇၇)ခုနှစ် တပေါင်းလ ဖြစ်လေသည်။ ။နေပြည်တော်သို့ ပြန်လည်တော် မူလတ်သော် လှူသူပါးရား ဘီလူးမားသာ နေထိုင်ရာဖြစ်သော- မလ္လာယုကျွန်း

www.dhammaransi.com



သို့ မမြင့်မိဆိုက်ရောက်တော်မူလေ၏။ ။မလ္လာယကျွန်းကား နတ်ဘီလူးတို့၏ နေရာတည်း။ သမုဒ္ဒရာ အလယ်တွင် ထွန်းသော ကျွန်းငယ်တခု ဖြစ်၏။ ။မလ္လာယကျွန်းသို့ ရောက်တော် မူလျှင် ထိုကျွန်း၌ နေကုန်သော နတ်ဘီလူးအများ ယောကျ်ား, မိန်းမတို့သည် သိကြားမင်း နတ်မင်းတို့၏ ကြက်သရေ တော်ကို နှိုင်းယှဉ် တုပြိုင်လျက် တင့်တယ် ကြီးမားလှသော အလောင်းစည်သူ မင်းကြီး၏ စည်းစိမ်တော်အခရကို ကြည့်ရှု ဖူးမြော်လိုကြ၍ ကမ်းနားညွတ်မျှ ဖူးမြော်လာကြကုန်သတည်း။

ထိုအခါ နတ်ဘီလူးမ တဦးသည် သားငယ်ကို ပွေ့ချီလျက် မင်းကြီးအားဖူးမြော်စဉ်တွင် အလွန် တင့်တယ်သော မင်းတို့၏ ကြက်သရေဘော်ဖြင့် နတ်မင်း တို့၏အသရေကို ဆောင်ဘော် မူသော အလောင်းစည်သူ မင်းကြီးအား ဖူးမြော်ခြင်း လွန်ကဲလွန်း သောကြောင့် တုန်တခိုက် ဖြစ်ပြီးလျှင် ပွေ့ချီ ထားသော သားငယ်သည် သမုဒ္ဒရာ အတွင်းသို့ လွင့်စင်၍ ကျသွားလေ သတည်း။ ။နတ်ဘီလူးမလည်း မိမိ၏ သားငယ်မှာ ရေတွင် နစ်၍ သုံးလေပြီ- ထင်သဖြင့်။ ။မင်းကြီးအား ဖူးမြော်ရာတွင် သားငယ်ကို ရေတွင် လွင့်စင်၍ ကျစေပါသည်။ ငါ့သားငယ်ကို ဆယ်ပေးပါ....ဟု ကျည်ကျည်လောင်လောင်= ငိုကြွေးလေ၏။ ။ကမ်းနား ညွတ်မျှ ဖူးမြော် နေကြသော နတ်ဘီလူး အပေါင်းတို့သည်လည်း ထို နတ်ဘီလူးမ၏ ကျည်ကျည် လောင်လောင်- ငိုကြေး၊

www.dhammaransi.com



သံကို ကြားလျှင် သောသော အုန်းအသနှင့် ထိတ်လန့်ဘကြား ရှိသေကုန်၏။

မင်းကြီးလည်း ထို အခြင်းအရာကို သိတော် မမူရသဖြင့်။ ။ငါသို့သောမင်း ကြွလာသည်ကို ဘီလူးမ=ဖုးမြော်စဉ်တွင် သားငယ်သည် ရေသို့ စင်၍ ကျသွားလေသည်ကို မဏိမေခလာ- စသော သမုဒ္ဒရာ စောင့်နတ်သမီး တို့သည် မကယ်ဆယ်ဘဲ နေဘိ၏။ နေရာသလေသလား- ပြောဆို မိန့်မြွက်လျက် သမုဒ္ဒရာ ရေကိုစကြာ ကြိမ်ဘော်ဖြင့် ခတ်တော်မူသေသည်။ ။ထိုအခါမဏိမေခလာ နတ်သမီးသည် မင်းကြီး၏ ဘုန်းတော်အာနုဘော်ကို မခံဝံ့သဖြင့် ဘီလူးမ၏ သားငယ်ကို ရေမှ ဆယ်ယူ ပေးရသေသတည်း။

## ၁၂။ ကတိုးနံ့သာ-စသည်ကို ဆက်သခြင်း။

ထိုအခါ ကမ်းနားသွတ်မှ ပြည့်နှက် ထူထပ်အောင်ဖူးမြော် နေကြသော နတ်ဘီလူး အပေါင်းတို့သည် ဘီလူးမ၏ သားငယ်ကို ရေဝယ်မြုပ်ပြီးရာမှ ရုတ်တရက် ပြန်ရ သည်ကို မြင်ရကုန်သောကြောင့် ရွှင်ပျော်သော လွန်စွာ အံ့သြ ကြပြီးလျှင် မင်းကြီး၏ ဘုန်းတော် အဟုန်ကိုယုံကြည် ပူဇော်သော အားဖြင့် အသူးထူးသော စန္ဒကူးနှစ်, စန္ဒကူးခဲ,နံ့သာနှစ်, နံ့သာခဲ,နံ့သာချောင်း, ပန်းပေါင်းကတိုး- အမျိုးမျိုးတို့ကိုရင်း၊ သရက္ခန်နှစ်-စသော နံ့သာသား အမျိုးမျိုးတို့ကိုရင်း၊သူ့ထက်ငါ ယူ၍ ဆက်သကြလေ၏။ ။ဆက်သ-သမျှသော နံ့သာနှစ်, နံ့သာခဲ,နံ့သာ

www.dhammaransi.com



ပန်း, နံ့သာတုံး, နံ့သာဆီ, နံ့သာပျောင်း တို့သည်ကား သာဂိနက် လှေစကြာ အတွင်း၌ တောင်ငယ် တခုမျှ ပမာဏ ရှိသော ဟူ၏။ ။ဤနေရာတွင် ဘုရားဆက် သမိုင်း လက်ာကို ထုတ်နုတ်ထည့်သွင်းဦးအံ့။

## ဘုရားဆက် သမိုင်းလင်္ကာ။

၄။ ထီးဗိတာန်ရိပ် ဇမ္ဗူဒိပ်ထက် တံခိပ် ခတ် ပျောင်း တုမဲ့ ရှောင်းသည့် အလောင်းစည်သူ မင်းတ ဆူလည်း လှူသူ့ ရွှား ဘိလူးများတို့ ပျော်ပါး ဘုံကွန်း ဖြစ်ပေါ်ထွန်းသည့် ကျွန်း မလ္လာယု ရှေးရှု တည့်သော် မြေပေါ်ကင်းညွှတ် ပြည့်ပြည့်ဆွတ်မျှ နတ် ဘိလူးများ တုင်ပျတ္ထားလျက် သားငယ် ခေတွင် လွှင့်စင် သည်ကို နွှဲဘော်ဆိုက အသိဘာသာ မေခလာလျှင် ကောင်း ရွာ ဆယ်တင် ပေးအပ်နှင်သား သည်တွင်ခါမှ ကြည် ညိုကြ၍ လောကနတ်ဟူ မင်းစည်သူကို လှိုင်ကြူနံ့သာ ကာတိုးကြာနှင့် သူငါ သောသော လျှင်တဆောလျှင်။ ။ ပူဇော်ရှိသေအပ် သတည်း။

မင်းကြီးလည်း နတ်ဘိလူးတို့အား ကောင်းချီးပေး လျက် မလ္လာယု ကျွန်းမှ ထွက်တော်မူခဲ့ ပြန်သည်။ ။ ဇမ္ဗူဒိပ်ကျွန်း နေပြည်တော် ပုဂံရာမ- ရှိရာသို့သာ လှေ စကြာကို လှည့်လည် စေတော် မူပြီးသော် သမုဒ္ဒရာ ရေ မျက်နှာကို ဖြတ်သန်းတော် မူလေသတည်း။

တိုင်းခွင် ၄ ညှ့်လည်တော်မူခန်း ပြီး၏။

www.dhammaransi.com



# သီဟိုဠ်ရှင်ဘုရားကို အဆက်အသ ခံယူတော်မူခန်း။

ဤသို့လျှင် တိုင်းခရင် လှည့်လည်တော်မူခန်းကိုဆိုပြီး၍ ယခုအခါ သီဟိုဠ်ရှင် မြတ်စွာဘုရား အဆက်အသ ခံယူတော်မူခန်းကို ဆိုပေအံ့သတည်း။

မလ္လာယကျွန်းမှ ထွက်ကြွတော်မူနဲ့သော် လှေတော် စကြာတွင် ပါရှိသော မှူးမတ်အစုံ၊ ဗိုလ်ပုံ ပရိသတ်တို့ကား နတ်ဘီလူး အပေါင်း တို့သည် သောင်းသောင်း ဖျဖျ ဆက်သအပ်သော များလှစွာသော စန္ဒကူးနံ့သာ တုံး- စသည်တို့ကို မြင်သဖြင့် ရွှင်ပျ ဝမ်းသာ ကြကုန်၏။ ။အချို့သော မောင်းမမိဿံ ရံရွေတော် မိန်းမတို့ကား နံ့သာနှစ်တွေ များပလေသည် ငါတို့ကား နေပြည်တော်သို့ ရောက်လျှင် စိတ်အလို ရှိတိုင်းပင် နံ့သာနှစ်တို့ကို လိမ်းကျံ ရကုန်တော့မည်။ ။ဟု-ဆိုကာ ဝမ်းသာခြင်း လွန်ကဲ၍ သီဆို၊ ကခုန် ကြရလေကုန်၏။ ။ထိုအခြင်းအရာကို မင်းကြီး မြင်တော်မူလျှင် အဘယ်မှု၍ ဝမ်းသာ ရွှင်ပျော်စွာသီဆို၊ ကခုန် ကြကုန်သနည်း။ ။ဟု- မေးတော်မူလတ်သော်၊ မှူးမတ် တို့ကလည်း။ ။အရှင် မင်းတရား၏ ဘုန်းတော် အစွမ်းဖြင့် နတ်ဘီလူး ကျွန်းမှာသာ ရနိုင်စ ကောင်းသော အလွန် မွှေးကြိုင်သော ရနံ့နှင့် ပြည့်စုံ၍ အဖိုးများစွာ ထိုက်တန်သော တောင်ငယ် တခုစာ ပမာဏရှိသော စန္ဒကူး နံ့သာနှစ်

www.dhammaransi.com



စသည်ကို ရရှိသော မူခြင်းကြောင့် ဝမ်းမြောက် ဝမ်းသာ ဖြစ်ကြပါသည်။ ဤသို့သော- စန္ဒကူးနံ့သာ အစစ်အမှန် တို့ကား လွန်စွာ ရနိုင်ခဲပါ ကုန်သည်" ။သို့ ဖြစ်ပါ၍ ဝမ်းမြောက် ဝမ်းသာ သိသို ကာ- ချန်ကြ ပါသည်။ ။ ဟု-လျှောက်ထားကြလေသည်။

မင်းတရား ကြီးသည် ထိုစကားကို ကြားတော် မူ လျှင် ဟယ်....အမတ်တို့ ဤနံ့သာတုံး, နံ့သာနှစ်-စသည် တို့ကား လိမ်းကျံ ဘွယ်ရာမှုသာ ဖြစ်ချေသည်။ ပူဇော် ကိုးကွယ်ဘွယ်ရာ မဟုတ်ခဲ့တကား။ ။ဤသို့သောနံ့သာ တုံး အသောင် အသောင်းကို ရရှိခြင်းထက် ဒက္ခိဏာ သာခါ- မဟာ ဗောဓိသားနှင့် သရဏနိသား တို့ကိုသာ ငါကိုယ်တော် လိုချင်တပ်မက် နှိုးဆော်မူသည်။ ငါမူကား နံ့သာတုံး တို့ကို ရသဖြင့် ရွှင်ပျဝမ်းသာတော် မမူသာ ချေ။ ။ဒက္ခိဏာသာခါ- မဟာဗောဓိသားကို ရခဲ့သော်မူ ငါကိုယ်တော်သည် ဘုရား ရုပ်တုပြု၍ ကိုးကွယ်ပူဇော် လိုဘိသည်။ ။ဟူ၍- မိန့်တော်မူပြီးမှ ဒက္ခိဏာသာခါ- မဟာ ဗောဓိသားကို ဘုရားရုပ်တု ပြုလုပ် ကိုးကွယ်လို ချင်သော ကုသိုလ်ဆန္ဒ ဘော်ဖြင့် နှလုံးဝမ်း ညှိုးငယ်တွာ သောဟူ၏။

## ၁။ သိကြားမင်း ဒက္ခိဏာသာခါ- မဟာဗောဓိကို ပင့်ဆောင်တော် မူခြင်း။

ထိုအခါ နတ်တို့၏ အရှင် ဖြစ်သော သိကြားမင်း သည် နှလုံးဝမ်း ညှိုးငယ်တော်မူသော မင်းကြီး၏ အလို

www.dhammaransi.com



ဆန္ဒ တော်ကို သိတော် မူ ရ သောကြောင့် မင်းကြီးထံ မှောက်သို့ ခဏချင်း ကြွလာပြီးလျှင် မင်းကြီးအား ပြော ကြားသည်မှာ။ "လှေဝကြာ သခင် ဘုရင် မင်းတရား ကြီး" ဒက္ခိဏသာခါ- မဟာ ဗောဓိ သားကို ဘုရားရှင် ရှင်တော် ပြုလုပ်ပူဇော်ဘွယ် မရသေးသောကြောင့် စိုးရိမ် တော်မမူလင့်။ မင်းကြီး၏ အလိုရှိလုံးကို ကျွန်ုပ်ဖြည့်ပေး မည်။ ။မဟာဗောဓိ လက်ယာဘော် အသားကို ကျွန်ုပ် ယူ၍ ဆက်သမည်....ဟု ပြောဆိုလေသည်။ ။ထိုအခါ မှ မင်းတရား ကြီးလည်း ရေဆာ မွတ်သော သူကို ရေ ကြည်ယူ၍ ပေးသကဲ့သို့ အေးမြ ရွှင်လန်းသော ဟူ၏။

သိကြား မင်းလည်း သိပ်ဝှ ကျွန်းသို့ သွားပြီးလျှင် ပါဋလိပုတ် ပြည့်ရှင် ဘုရင်မွှေသောက မင်းကြီးသည် သိပ်ဝှ ကျွန်းကို အစိုးရတော် မူသော ဒေဝါနံ ပိယ တိဿ မင်းကြီးအား ဆက်သ ပေးကမ်းသော အနုရာဓ မြို့ အနီး ဗောဓိ ညောင်ပင်ကြီးမှ ကြီးမား ထွားကြိုင်း သော အခက်ပင်စည် တခုကို "မွှေသောက" ဘုရင် မင်းမြတ်သည် အဆွေတော် "ဒေဝါနံပိယတိဿ" မင်း ကြီးအကျိုး၌ါ အမိဋ္ဌာန် ထား၍ မဇ္ဈိမ မဟာ ဗောဓိမှ ဒက္ခိဏသာခါ အခက်ကို ပင့်ဆောင် အပ်သကဲ့သို့ ပုဂံ ပြည့်ရှင် ဘုရင် "နရပတိစည်သူ" မင်းကြီး အကျိုး၌ါ ဆေးဒန်း မြင်းသိလာဖြင့် ရေးသား၍ အမိဋ္ဌာန် ပြုကာ ပင့်ဆောင်တော် မူလေသတည်း။

ထိုခဏ ချင်းမှာပင် မဟာ ဗောဓိပင်မှ သိကြားမင်း ပင့်ဆောင် အပ်သော ပင်စည်အခက်သည် ရုတ်တရက်

www.dhammaransi.com



ဖြတ်ကြော၍ မြေသို့ မကျသေးဘဲ ကောင်းကင် ထက်သို့ တက်ပြီးလျှင် အထူးထူးသော တန်ခိုးပြာဋိဟာ တို့ကို ပြတော်မူလေ၏။ သိကြားမင်းလည်း ရတနာပန်းတောင်း ဖြင့် ခံလင့်၍ မဟာ ဗောဓိခက်ကို ပင့်ဆောင် လေ၏။ မဟာ ဗောဓိခက်လည်း ခြောက်ပါးသော ရောင်ခြည် တော်ကိုပြလျက် ရတနာ ပန်းတောင်း ထက်သို့ သက်လေ လျှင် မြေလျှင်ပြင်းစွာ တုန်လှုပ်သေ၏။ ထိုခဏချင်းမှာ ပင် နတ်အပေါင်း တို့လည်း ကောင်းကင် ထက်မှ ကောင်း ချီးပေး၍ ကြွေးကြော် ကြသကုန်၏။ အသျှူး ထူးသော တူရိယာတို့ကို တီးမှုတ်လျက် သောသော အုတ်အော ပူဇော် လာကြ ကုန်သတည်း။ ။သိကြား မင်းလည်း ရတနာပန်းတောင်းနှင့် တကွသော ဒက္ခိဏာသာခါ မဟာ ဗောဓိတော်ကို နှစ်သိမ့်စွာ ပူဇော်တော်မူပြီးမှ မြောက်ချီ ပင့်ဆောင်တော် မူလေ၏။ ။သိကြားမင်း ပင့်ဆောင် အပ်သော ဒက္ခိဏာသာခါ- မဟာ ဗောဓိတော်သည်ကား "အလောင်းစည်သူ" မင်းကြီး၏ ကိုယ်တော် တမျှ ရှိ သော ဟူ၏။ ။ဤအရာ၌ ရွှေမုဋ္ဌော သမိုင်းလက်ာကို ဖော်ပြဦးအံ့။

## (က) ရွှေမုဋ္ဌော သမိုင်းလင်္ကာ။

ရေ မြေ ပတ်ချာ။ စက္ကဝါတွင်။ ရဋ္ဌ ဘိသိက်။ သုံး ကြိမ်နှိပ်သား။ ကျွန်းရိပ်လက်ျာ။ ကေရာဟု။ စကြာလှော ရှင်။ ဘုရင်စည်သူ။လည်တော်မူသော်၊ ထူပါရာမ။ နံ့ရာဝ ဟု။ကျွန်းမြသိပ်နှဲ့။ ရွှေညောင်ညိုမှ။ ရွှေကိုယ် လေးသွင်း။

ခက်ပင်စင်ကို။ နတ်ရှင်သိကြား။ ပေးဆက် သားသော်။ လျှားလျှားပွင့်ရှည်။ ခြောက်ရောင် စည်လျက်။ မြေသည် လည်းကောင်း။ ရိုက်ချုပ်ညှောင်းအောင်။ စောင်းလှုခဲ။ ကောင်းကင်ထဲလည်း။ ပျံ့ခဲဖြန့်ကာ။ ပြာဋိဟာကို။ ရောင် ဝါယှက်ကူး။ ဗောဓိဦးမှ။ ချူးချူ ပတ်ခြံ။ ထင်အောင်နှံ့ လျက်။ မြေယံဗောဓိ။ ကျွန်းဆီမီးဟု။ ဒက္ခိ-သာခါ။ ခြည် လျှံဝါနှင့်။ ။ကောင်းစွာ ကြည်ညို ခံယူ သောဝ်။ ။

သိကြား မင်းလည်း မဟာ ဗောဓိ သားကို ရတနာ ပန်းတောင်းသို့ တင်ပြီးလျှင် ကောင်းကင် ခရီးဖြင့် ပင့် ဆောင်တော် မူလေ၏။ ထိုအခါတွင် များစွာ ကုန်သော နတ်အပေါင်း တို့သည်း ကောင်းကင် ထက်၌ မြတ်စွာ ဘုရား ကြွတော်မူသော အခါကဲ့သို့ လွန်စွာ ပူဇော်ပြီး လျှင် ပျော်ရွှင်နှစ်သက်ကြလေ ကုန်သတည်း။ ။မဟာ ဗောဓိမှလည်း ခြောက်ပါးသော ရောင်ခြည်တော် တို့ကို အစဉ်သဖြင့် လွှတ်လျက် နတ်တို့၏ အပူဇော်ကို ခံယူ တော်မူလေ၏။

## ၂။ သီဟိုဠ်မင်း၏ စိတ်အလိုကို သိခြင်း။

ထိုစဉ်အခါတွင် အောက်၌ ဖော်ပြခဲ့ပြီးသော သီဟိုဠ် ဘုရင်မင်းမြတ်သည် ဤသို့ ကြံစည်တော်မူ၏။ ။ငါ၏ အကြည်တော် ဖြစ်သော မနှိုင်းမယှဉ် အပ်သော ဘုန်း လက်ရုံးအာဏာ တို့နှင့် ပြည့်စုံသဖြင့် ဇမ္ဗူဒိပါကျွန်း အလုံးကို လွှမ်းမိုး နိုင်သော တန်ခိုးရှိတော် မူသော ပုဂ္ဂ

www.dhammaransi.com



ပြည့်ရှင်- လှေစကြာသခင် ဘုရင် "နရပတိစည်သူ"မင်းကြီးသည်ကား ယခုအခါတွင် ကျွန်းဦး ဇမ္ဗူ၊ သပြေပင်ရင်းမှ ပြန်လည်တော် မူခဲ့၍ မလ္လာယကျွန်းအနီး သမုဒ္ဒရာ ရေမျက်နှာထက်၌ ကွန်းထောက်ချကာ စံနေတော်မူသည်ဟု ကြားရသည်။ ။ငါသည်လည်း အတုမဲ့သော မင်းတရားကြီးအား သက်နက် လှေတော်ကြီးနှင့် သွားတော် "စောဦးထွေး"ကိုဆက်သရသဖြင့် လောကီပညာကား တင်းတိမ်အားရဘွယ်ရာ ဖြစ်လေပြီ။ ။အရှင် မဟာကဿပထေရ်- ရှင်ဘင် ကျင့်နေဟန် ရုပ်တုတော် မျှကိုသာ ဆက်သ ရသေးသဖြင့် လောကုတ္တရာ လက်ဆောင်ပညာကား တင်းတိမ်အားရဘွယ် မဟုတ်သေးခဲ့ တကား။ ငါသည်း မြတ်သော မင်းတရားကြီး၏ ထံမှောက်၌နောက်အခါတွင် လောကုတ္တရာ လက်ဆောင်ပညာကို ရှာဖွေဆက်သ ပါဦးမည်ဟု- ဝန်ခံမိချေသည်။ ။ယခုလည်း လှေစကြာရှင် မင်းကြီးကား သူ၏နိုင်ငံ တမ္ပဒီပတိုင်းသို့ ပြန်လည်တော် မူသတတ်ပြီ။ ။သည်အခါတွင် တပုံတရာသော လောကုတ္တရာ လက်ဆောင် ပညာတော်ကို ငါမဆက်သခဲ့သော် နောင်သော အခါတွင် အဘယ် မှု၍ ဆက်သ ကောင်းမည်နည်း။ ။စန္ဒကူး, သခွန်- အစရှိသော သစ်သားတို့ကို ဘုရား ရုပ်တုပြု၍ ဆက်သရသော် ငါ့အား တင်းတိမ်အားရဘွယ် ဖြစ်ပေသတည်း...။ ဤသို့ကြံစည်တော် မူလေ၏။ ။ကြံစည်သော် မူပြီးလျှင် စန္ဒကူး,သခွန်- အစရှိသော အသားတို့ကို ဘုရားရုပ်တုပြုလုပ်ရန် အမှူးအမတ်တို့နှင့် စီရင်ခန့်ခွဲ လေသတည်း။

ထိုအခိုက်တွင် သိကြား မင်းလည်း ဤသို့ ကြံစည်တော်မူလေ၏။ ။သည် ဒက္ခိဏသာခါ- မဟာ ဗောဓိကို အဘယ်သူအား ဘုရားရုပ်တု ထုလုပ် စေကောင်းသနည်း။ ဘုရားရုပ်တု ထုလုပ် စေကောင်းသော သူကို အပ်နှံ၍ ဘုရား ရုပ်တု ထုလုပ် စေပြီးမှ လှေစကြာရှင် မင်းကြီးအား ဆက်သရသော် ကောင်းလေစွ....။ ဤသို့ ကြံစည်တော် မူလတ်သော် သိဒ္ဓတ္ထ ပြည့်ရှင် ဘုရင်မင်း ဘုရင်၏ စိတ်အကြံကိုအလုံးစုံ သိမြင်လေသတည်း။ ။ထိုသို့ သိမြင်လေလျှင် သည်-သိဒ္ဓတ္ထ ကျွန်းရှင် ဘုရင်မင်းမြတ်အား လောကုတ္တရာ လက်ဆောင် ပဏ္ဏာတော်တို့ဖြင့် အလောင်း စည်သူ မင်းကြီးအား ဆက်သလိုသဖြင့် စန္ဒကူး,သရက္ခန်- စသော သစ်သားတို့ကို ဘုရားရှင်ရုပ်တု ပြုလုပ်ရန် ကြံစည်အားထုတ်တော် မူလျက် ရှိသည်။ ။ငါ၏ မဟာဗောဓိသစ်သားကိုလည်း သိဒ္ဓတ္ထရှင် ဘုရားမင်းအား အပ်နှံလျက် ဘုရား ရုပ်တု ထုလုပ်စေပြီးလျှင် လှေစကြာရှင်—ဘုရင် နရပတိ စည်သူမင်းမြတ်အား ဆက်သစေရပါမူ။ ။အလောင်း စည်သူ မင်းမြတ်၏ စိတ်နှလုံးအလိုကို ဖြည့်တင်းမည် ဟူသော ငါ၏ ကြံရွယ်ချက်လည်း ပြီးမြောက်လေရာ၏။ ။သိဒ္ဓတ္ထကျွန်းရှင်- ဘုရင်မင်းမြတ်မှာ လှေစကြာရှင်- ဘုရင် နရပတိ စည်သူ မင်းတရားအား လောကုတ္တရာ ပဏ္ဏာ လက်ဆောင်တော် တို့ဖြင့် ပူဇော် ဆက်သ ရခြင်းကြောင့် တင်းတိမ်အားရ ဘွယ်ရာလည်း ဖြစ်လေရာ၏။ ။ဒက္ခိဏ သာခါ- မဟာ ဗောဓိရုပ်တု တော်ကို ပူဇော်ကိုး

www.dhammaransi.com



ကွယ်တော် မူလိုသော အသောင်းစည်သူ မင်းကြီး၏ နှလုံးတော် အလိုသည်လည်း အပြီးသို့ ရောက်လေရာ၏။ ။ ဤသို့ ထပ်မံ- ကြံစည် ဆုံးဖြတ်တော်မူ၍ သိကြားမင်း သည် ဒက္ခိဏာသာခါ- မဟာဗောဓိ ဘော်ကို ရဘနာ ပန်းဘောင်းဖြင့် ယူပြီးသော် သိဃိုဠ် ကျွန်းရှင် ဘုရင် မင်းမြတ်အား ဘုရားရုပ်တု ပြုလုပ်ရန် အပ်နှံ လေသ တည်း။

အပ်နှံပြီးလျှင် ဤသို့လည်း မှာထားတော် မူ၏။ ။ တရားမင်းမြတ်။ ။ငါဆောင်ယူ ခဲ့သော ဒက္ခိဏာသာ ခါ- မဟာဗောဓိကို ဘုရားရုပ်တု ပြုလုပ်၍ အသောင်း စည်သူ မင်းကြီးအား ဆက်သပါချေ။ ငါကား သင်မင်း မြတ်၏စိတ်အလိုကို သိသောကြောင့် သင်၏ အလိုလည်း ပြည့်စုံစေ၊ ငါ၏ အလိုလည်း ပြည့်စုံစေ၊ လှေစကြာရှင် ဘုရင် နရပတိစည်သူ မင်းကြီး၏ အလိုလည်း ပြည့်စုံ စေ၊ ဤသို့ ကြံရွယ်ပြီး၍ သာသနာဘော် သုံးပါးကိုပြုရ သော သိကြားမင်း ဖြစ်ပေသည်။ ။ဘုရားရုပ်တုပြုလုပ် ပြီးလျှင် အသောင်းစည်သူ မင်းကြီးအား ဆက်သသော အခါ ငါလည်း ထိုဘုရားရုပ်တုတော်ကို ပူဇော်သာပါအံ့။ ဤသို့ မှာထား လေသည်။

## ၃။ အသားဆယ်ပါးဖြင့်ဘုရားရုပ်တုပြုခြင်း။

သိဃိုဠ်ဘုရင်သည် သိကြားမင်း အပ်နှံ လာသော မဟာဗောဓိ သစ်တော်ကို ရှေးဦး၊ သိကြား မင်း၏

www.dhammaransi.com



အမှာအထား စကားကို ကြားတော် မူရ၍ရင်း၊ အလွန် လျှင် နှစ်သိမ့်ခြင်း ဖြစ်လျက် ဝမ်းသာ ရွှင်ပျသော စိတ် ဖြင့် သိကြားမင်း ဆောင်၍ လာသော မဟာဗောဓိ သစ် တော်ကို မိမိထံတွင် စိမ်းခန့်ခွဲ ထားသော စန္ဒကူး, သ ရက္ခန်- စသော သစ်တော် ကိုးမျိုးတို့နှင့် ပေါင်းစု ယှဉ် တွဲ၍ သစ်တော်ဆယ်ပါးကို ဘုရားရှင်တို့ ထုလုပ်တော် မူလေသည်။ သိစသိုင်း ဘုရင်ကား သိကြားမင်း ဆောင်၍ ဆောင်သော ဒက္ခိဏာသာခါ- မဟာ ဗောဓိ သစ်တော်ကို သာ အရင်းအချာထား၍ များစွာသည့်သွင်းပြီးမှ မိမိ၏ ကောင်းမှုတော် ဖြစ်သော စန္ဒကူး, သရက္ခန်- စသော ကိုးပါးသော သစ်တော် တို့ကို မွမ်းမံ ကွပ်သိမ်းလျက် သိကြားမင်း၏ ကောင်းမှုတော်သည်း ပြီးဆုံးစေ၊ မိမိ၏ ကောင်းမှုတော်လည်း ပြီးဆုံးစေ၊ လောကကြာရှင် ဘုရင် နရပတိစည်သူ မင်းကြီး၏ စိတ်နှလုံး အလိုလည်း ပြီးဆုံး စေ-ဟု ရည်ရွယ်တော် မူပြီးလျှင် ပန်းပု, ပန်းဆစ် အ တတ်တို့၌ အကြွင်းမဲ့ တတ်မြောက် ကုန်သော ပန်းပု ဆရာကျော် တို့အား သစ်တော် ဆယ်ပါးကို ဘုရား ရှင်တို့ လျင်မြန်စွာ ထုလုပ် စေတော် မူသတည်း။ ။

သည်နေရာ၌ သစ်တော် ဆယ်ပါး ဟူသည်မှာ။ ။

၁။ သိကြားမင်း ဆောင်၍ လာသော မဟာ ဗောဓိ သစ်တော်။

၂။ စန္ဒကူးနှစ်သစ်တော်။

၃။ သရက္ခန်နှစ်သစ်တော်။

www.dhammaransi.com



၄။ သပြေနှစ်သစ်တော်။
၅။ ထင်းရှူးနှစ်သစ်တော်။
၆။ ကသစ်နှစ်သစ်တော်။
၇။ ကုက္ကိုနှစ်သစ်တော်။
၈။ သခွတ်နှစ်သစ်တော်။
၉။ ထိမ်နှစ်သစ်တော်။
၁၀။ နံ့သာမျိုးနှစ်သစ်တော်။

ဤသစ်တော် ဆယ်ပါး ပင်တည်း။ ။ဤသစ်တော် ဆယ်ပါးတို့တွင် မဟာဗောဓိ တပါးသာလျှင် သိကြား မင်း၏ ကောင်းမှုဖြစ်၍ ကြွင်းသော သစ်တော် ကိုးမျိုး တို့ကား သိဿိုဠ်ဘုရင်၏ ကောင်းမှု ချည်းသာ ဖြစ်သ တည်း။ ။ဘုရား ရုပ်တု ပြုလုပ်သော အခါ ဒက္ခိဏာ သာခါ- မဟာ ဗောဓိသစ်တော် တမျိုးကို ကြွင်းသော သစ်တော်ကိုးမျိုး တို့နှင့် အညီအမျှ ထားလျက် ဘုရား ရုပ်တု ပြုတော်မူသည်။ ။ထို့ကြောင့် ဒက္ခိဏာသာခါ- မဟာဗောဓိ သစ်တော်သည် သာလျှင် ဗိမိ၍ များသည် ကို သိနိုင်ရာသ တည်း။

## မှာထားချက်။

ဤအရာ၌ သမိုင်းရင်း- သမိုင်းလင်္ကာ တို့၌ ကား သိကြား မင်း၏ ဒက္ခိဏာသာခါ- မဟာ ဗောဓိကိုသာ ဆိုလေသည်။ ။အလွန် ရှေးကျ သော သိဿိုဠ်ရှင် ဘုရား ၄ခိုးလင်္ကာ တို့၌ကား မဟာဗောဓိနှင့် တကွ သစ်တော် ဆယ်မျိုးကို

ဆိုလေသည်။ ။ဤသို့ မညီမညွတ် နိမ့်နေရာ ညှိနှိုင်း ဆုံးဖြတ်သော- သမိုင်းရင်း- သမိုင်းလင်္ကာတို့၌ ဒက္ခိဏသာခါ- မဟာဗောဓိကား တပါးသော သစ်ကိုင်းအခက် ကိုးဆယ်မျှ ပိုရှိ များပြား နေခြင်းကြောင့် များပြား ပိုရှိနေသော သစ်တော်ကိုသာ ထင်ရှားစေလို၍ ၎င်း၊ သိကြား မင်းသည် ပင့်ဆောင် ဆက်သသည်ကို ထင်ရှား စေလို၍ ၎င်း၊ ဒက္ခိဏသာခါ— မဟာဗောဓိ ကိုသာ ဆိုကြသည်ဟု ဆုံးဖြတ်ရန်ရှိသည်။ ။ထို့ကြောင့် သင်္ချိုင်းရှင် ဘုရားရှိခိုး လင်္ကာတို့၌ လာရှိသော အတိုင်း သစ်တော် ဆယ်ပါးကို ဘုရား ရုပ်တု ပြုလုပ်သည်ဟု မှတ်ယူရာ၏။ ဘုရားရှိခိုး လင်္ကာကို နောက်၌ ထည့်သွင်း ဖော်ပြပေအံ့ သတည်း။

## ၄။ နရပတိစည်သူမင်းကြီးအား ဆက်သခြင်း။

ဘုရားရုပ်တု ပြုလုပ်ပုံ အစီအရင်ကား။ ။သစ်တော် ဆယ်ပါးတို့ကို လက်ငါးငယ်ခန့် အလျား အနံ ဖြတ်ပိုင်းလျက် စေ့စပ်စွာ စပ်တောင်မူသည်။ သစ်တို့၏ အစပ်ကို မပြတ်မကွဲစေရန် သံကြေး သေတ္တာ တို့ဖြင့် ကြပ်မ ကွပ်သိမ်းတော် မူသည်။ ။သင်္ကန်းတော် အဆွန်း အမြိတ် နေရာတို့၌လည်း ချိတ်ချိတ် ဘွေ့ဘွေ့-အဆွန်း အမြိတ် ထွက်စေသည်။ သစ်တော်ဘုနှင့် သစ်တော်ဘုကို တွဲကပ် ပေါင်းမိစေရန် အရှည့် ခိုင်ခံ့

www.dhammaransi.com



အောင် မယာန- သံစွယ်တို့ဖြင့် ထိုးနှက် လျှိုသွင်းထားသည်။ ။သစ်ဘော် ဆယ်ပါးကို အလွှား အလွှား- လွှာ၍လည်း စေ့စေ့ စပ်စပ် အထပ်ထပ် ကပ်၏။ ။ သစ် ဆယ်ပါးတို့လည်း ချပ်၍ ကြို့၏။ ။သစ်ဆယ်ပါး တို့ စပ်ဘွဲ့ရာ, တွယ်ကပ်ရာ တို့၌ အကြား အပေါက် မထင် စေရန် တပြင်တည်းသော သစ်သား ကဲ့သို့ ဖြစ် အောင် တံကျင်-စို့ရိုက်လျက် ရိုက်နှက်ကွပ်သိမ်း၏။ ။ အသား ဆယ်ပါးလည်း ပျဉ်ပြားတခုတည်းကဲ့သို့ စေ့ စေ့ ကပ်၍ ချပ်လေသတည်း။

ဘုရား ရုပ်တု ပုံတော်ကား။ ။သိဿိုဇ္ဇ မင်းတို့ ပြုလုပ် ကိုးကွယ်ရိုးဖြစ်သော မတ်ရပ်တော်ပုံတည်း။ ။ ညာလက်တော် အချပ် အမြင့်မှာ သံတောင် သုံးတောင်, နှစ်မိုက် ပေက်ဝဲ လက်တော်မှာ ပက်လက်လှန် ဖြစ်၍, လက်ျာ လက်တော်မှာ ဆောင်၍ ကာပုံဘော် ဖြစ်သည်၊ ဆံတော်ပုံမှာ သိပ္ပိုဇ္ဇဆံတော်ပုံ တင်လျက် သင်္ကန်း တော် အစွန်း အပြွတ်တို့မှာ အချော်အကွေ့ ထင်ကုန်၏။ ။ဤသို့ ထုလုပ် သွန်းချတ် ပြီးလျှင် သိပ္ပိုဇ္ဇကျွန်း ရှင်- ဘုရင်မင်းမြတ်သည် မြောက်များစွာသော အခြံ အရံ ဗိုလ်ထုနှင့် ဘုရားရုပ်တုတော်ကို သျှောယာဉ်ထက် တွင် တင်ဆောင် ပင့်ယူ ပြီး၍ မလ္လာယကျွန်း အနီး သမုဒ္ဒရာ ရေမျက်နှာတွင် အလောင်းစည်သူ မင်းကြီး ရှိရာသို့ ရေကြောင်း ခရီးဖြင့် ကြွဘော် မူလေ၏။ ။ သိကြား မင်းသည်း သိဿိုဇ္ဇ ဘုရင် သွားလေ သည်ကို သိတော်မူ၍ များစွာသော နတ်ပရိသတ် အပေါင်း ခြံရံ

www.dhammaransi.com



လျက် အလောင်းစည်သူ မင်းကြီး ထံသို့ သွားလေသ
တည်း။

ရောက်တော်မူကြ လေလျှင် သိဿိုဠ် ဘုရင်သည်
သိကြားမင်းနှင့် အတူ ဘုရား ရုပ်တုတော်ကို နရပတိ
စည်သူ မင်းကြီးအား ဆက်သတော် မူလေသည်။ ။
အလောင်းစည်သူ မင်းကြီးလည်း သိကြားမင်း ကူညီ၍
သိဿိုဠ် ဘုရင် ဆက်သအပ်သော ဘုရား ရုပ်တုတော်
ကို ရတနာပလ္လင်တော်ဖြင့် ခံယူတော် မူပြီးလျှင် အလွန်
လျှင် ဖြစ်နိုင်ခဲသော မြတ်နိုးခြင်းဖြင့် သုံးကြိမ် ဦးချတော်
မူပြီးသော် ပူဇော်ဘွယ် အသုံးသုံး တို့ဖြင့် ပူဇော် ကန်
တော့တော် မူ၏။ ။အသိန်း မကသော နတ်ဗိုလ်ခြေ,
လူဗိုလ်ခြေ တို့လည်း သောသော အုတ်အော လွန်စွာ
ဝမ်းသာခြင်း ဖြစ်ကုန်၏။ ။စည်, မောင်း, ပတ်သာ
တူရိယာ တို့ကို သံဝါ ငြိမ့်ညောင်း၍ တီးမှုတ် ကြသေ
ကုန်၏။ ။သိဿိုဠ် ကျွန်းရှင် ဘုရင်မင်းမြတ်သည် အ
လောင်းစည်သူ မင်းကြီးအား ဤသို့ လျှောက်ထားလေ
၏။ ။မြတ်သော လှေ့ပကြာရှင် ဘုရင်မင်းမြတ်။ ။
မင်းသာမန်တို့ ပြုနိုင်ခဲစွာသော သစ် ဆယ်ပါး တို့ဖြင့်
ထုလုပ် ကိုးကွယ်အပ်သော ဘုရားရုပ်တုတော် ဘသူကို
ဆက်သရလျှင် ကျွန်ုပ်အား တင်းတိမ်ခဲ ချောင့်ရဲခြင်း ဖြစ်
ပေပြီ။ ။ဤ ဘုရားရုပ်တုတော်ကား သွန်းချတ်ထုလုပ်၍
ပြီးစီးလျှင် ခုနစ်ရက် တိုင်တိုင် ကျွန်ုပ်၏ နန်းတော်ဦး
တွင် သဘင်ကြီးစွာခံ၍ သီဟိုဠ် ကျွန်း တကျွန်းလုံးကို
ဆုံးဆုံးဖြင့် [illegible] ပူဇော်[illegible]။ ။ခုနစ်ရက်

www.dhammaransi.com



ပတ်လုံး သဘင် ကြီးစွာ ခံပြီးမှ ရွှေနန်းတော် ဦးတွင် ရတနာ ပလ္လင်ဖြင့် တည်ထား ကိုးကွယ်ရသော ဘုရား ရုပ်တုတော်ကို အရှင့်တရားမင်းထံ အပ်နှံ ဆက်သရ သည်။ ။သည်ဘုရား ရုပ်တုတော်ကား ကျွန်ုပ်၏ နိုင်ငံ တော် ဖြစ်သော သိပ္ပံဗိုဓကျွန်းအလုံး၏ အရှင်သခင်ပင် ဖြစ်တော့သည်။ ။ရှင်သိကြားလည်း အကျွန်ုပ်အား မဟာဗောဓိဖြင့် ကျေညီလာပေသည်။ ။ဤသို့ လျှောက် ထားလေသည်။ ။အလောင်း စည်သူ မင်းကြီးလည်း သိပ္ပံဗိုဓ ဘုရင်အား အကြည်အသော ချင်စွာ ဟောပြော တော်မူ၏။

ထို့နောင် သိကြားမင်းကလည်း ဤသို့ ပြောဆိုပြန် သည်။ ။မြတ်သော လှေစကြာရှင် မင်းကြီး။ ။သည် ဘုရား ရုပ်တုတော်ကား ဒက္ခိဏာသာခါ- မဟာဗောဓိ အစစ်တည်း။ သာသနာ ငါးထောင် တည်သမျှ ကာလ ပတ်လုံး ဘုံသုံးပါး၌ ဖြစ်သော နတ်လူတို့အား ကောင်းမှု ကျိုး များစိမ့်သော၌ လျှောက်ပတ်ကောင်းမွန် ကြန်အင် လက္ခဏာ မှန်ကန် စွာသော မြေတော် အရပ်၌ တည် ထား ကိုးကွယ်တော် မူလော့။ သင်မင်းကြီး၏ နန်းတော် အတွင်း၌သာ ပူဇော် ကိုးကွယ်သော် သတ္တဝါ တို့အား အစီး အပွါး မဖြစ်ထွန်းရာ ဖြစ်တော့မည်....ဟူ၍ ပြောဆို ပြန်သည်။

စကြာ လှေရှင်- နရပတိ စည်သူ မင်းကြီးလည်း ချင် သာယာစွာ ပြောဆိုပြီးလျှင် သိကြားမင်း ဆိုတိုင်း ပြုအံ့....ဟု ဝန်ခံတော်မူသည်။ ။သိကြားမင်း ကသိ၏

www.dhammaransi.com



သိင်္ဃိုဠ်ဘုရင် ဆက်သအပ်သော ဘုရား ရုပ်တုတော်ကို လည်း သိဟိုဠ် ကျွန်းအလုံး၏ အရှင်သခင်နှင့် အလားတူ သောကြောင့်ရင်း၊ သိင်္ဃိုဠ်ဘုရင် ဆက်သအပ်သည် ဖြစ် သောကြောင့်ရင်း၊ "သိင်္ဃိုဠ်ရှင်" ဟု သမုတ် မှည့်ခေါ် တော် မူသည်။ လိပ်ကမ္ပည်းသည်း တပ်စေသည်။ ဗိုလ်လူတို့ အားလည်း အမှတ်အသား ပြုစေသည်။

## မှာထားချက်။

သမိုင်းရင်း၌ကား "သိင်္ဃိုဠ်ရဘုရား" ဟူ၍ သာဆို၏။ "သိင်္ဃိုဠ်ရှင်"ဟု မဆိုချေ။ မဆိုသော် လည်း ရှေ့မှရှေ့ သမိုင်း လက်ာ၌ပင် "သိင်္ဃိုဠ် ရှင်" ဟူသော ဘွဲ့တော်ကို ခေါ်ဝေါ် ရေးမှတ်ခြင်း ရှိပြန် ရကား အသင့်ပင် ဖြစ်လေသည်။ သမိုင်းရင်း၌ လာသော ဘွဲ့အမည် တော်ကား သိင်္ဃိုဠ် ကျွန်းမှ ရတော်မူသောကြောင့် "သိင်္ဃိုဠ် ရဘုရား" ဟု ဆိုသိုရိပ်ရှိသည်။ ။အဓိပ္ပါယ်အခရ မတူသော်လည်း လိုရင်း သဘောမှာ အတူတူ ပင် ဖြစ်၍ "သိင်္ဃိုဠ်ရ— သိင်္ဃိုဠ်ရှင်" အမည် တော်တို့မှာ မကွဲမပြား မခြားနား ဘော့သည် သာတည်း။ ။ထို့ကြောင့် ထိုအမည် နှစ်ပါး လုံးကိုပင် သုံးစွဲ ခေါ်ဝေါ်သင့်၏။ ။ဤအရာ၌ လည်း "သိဟိုဠ်" ဟူ၍ရင်း၊ "သိင်္ဃိုဠ်" ဟူ၍ ရင်း၊ စကားနှစ်တွေ ရှိသည့်မှာလည်း အတူတူ ပင် ဖြစ်၏။ ။"သိဟဠ" ဟူသော မာဂဓသဒ္ဒါမှ

www.dhammaransi.com



မြန်မာ၌ "သိပ္ပံဟိုင္ဂ္ဂ" ဟူ၍ ဖြစ်လာသည်။ ။ဤစကား စကားရင်းဘည်း။ယင်း "သိပ္ပံဟိုင္ဂ္ဂ" ဟူသော စကား၌ ပါရှိသော ဟ-အက္ခရာကို သဒ္ဒါနည်း အားဖြင့် ဃ- အက္ခရာသို့ ပြောင်းရွှေ့ ယူငင်၍ "သိဃိုင္ဂ္ဂ" ဟု ရေးသား ခေါ်ဝေါ်ကြပြန်သည်။ ။ပဋိဃော- သံဃော- လဃု- အစရှိသော ပုဒ်တို့၌ ဟ- အက္ခရာမှ ဃ- အက္ခရာသို့ ပြန်သကဲ့သို့တည်း။ ထိုစကားမှန်၏။ ။ဟ နှင့် ဃ-တို့ကား မာဂဓသဒ္ဒါ၊ သက္ကတ သဒ္ဒါနည်းတို့၌ အချင်းချင်း ပြန်ဘက်လှန်ဘက် ဖြစ်ကုန်သည်။ ။ထို့ကြောင့် "သိဃိုင္ဂ္ဂရှင်- သိပ္ပံဟိုင္ဂ္ဂရှင် သိဃိုင္ဂ္ဂရ- သိပ္ပံဟိုင္ဂ္ဂရ" ဟူသော အမည်တော်တို့ဖြင့် မြတ်စွာ ဘုရား၏ ဘွဲ့တော်ကို မှည့်ခေါ် သင့်သည်ဟု မှတ်ယူရမည်။ ။ကျမ်းစာတို့၌ကား "သိန်းခို" ဟူ၍ပင် ရေးသားချက် ရှိပြန်လေသည်။ ။ထို အရေး အသားကား ဆိုခဲ့သောသဒ္ဒါ စည်းမျဉ်းနှင့် မညီမှုလေ။ ။ထို့ကြောင့် ဃ—ကြီးနှင့်ပင် ရေးသား မှတ်ယူရမည်။ ။ဤကား မှာထားချက်တည်း။

ဤနေရာ၌ အလွန် ရှေးကျသော သိပ္ပံဟိုင္ဂ္ဂရှင် ဘုရား ရှိခိုး လင်္ကာဟောင်းတခုကို ထည့်သွင်း ဖော်ပြ ဦးမည်။ ထိုလင်္ကာ၌ သိပ္ပံဟိုင္ဂ္ဂဘုရင် ဆက်သကြောင်းနှင့် သစ် ဆယ်မျိုးကို ထုလုပ်ထားကြောင်းများ ပါရှိလေသည်။ ။ (ရေးသူအမည်မသိ)။

www.dhammaransi.com



## ဘုရားရှိခိုး လက်ာဟောင်း။

နရပတိစည်သူ။ လူတို့ထွတ်ချာ။ ကေရာလျှင်။ စကြာသေဋ္ဌနင်း။ ထန်ပြင်းတေဇား အာဏာလျှံသ။ သီဟာဒ္ဓရာဇာ။ ထိုမင်းမှာမူ၊ သင့်ရာ လက်ဆောင်။ ပါအောင်နှစ်မြို့ကြ်။ ထိုသူနိုက်တွင်။ သင့်စီရင်၍။ ချစ်ရှင် ကော်ရော်။ အကြည် တော်ဟု။ ပူဇော် ပန်ချေ။ ကျွတ်ဆု ဖွေသည်။ သပြေ- သခုက္ခန်။ မြတ်မွန် ဗောဓိ။ မွေးဘိန့်သာ။ ကြိုင်စွာစန္ဒကူး။ ထင်းရှူး အနှစ်၊ မြကာသစ်နှင့်။ စင်စစ် မချွတ်။ သခွတ်, ကုက္ကို။ ထိမ်ဟု ဆိုသား။ သစ်ဆယ် ပါးကို။ ပေါင်းဖြား အစု။ ရုပ်တုပြု၍။ ကျွတ်ဆုပန်ယူ။ ကြည်ဖြူညွတ်နူး။ နန်းဦးတင်ထား။ မြတ်ဘုရားကို။ ဆင့်ပွါးသဒ္ဒါ။ ကိုးကွယ်ပါသည်။ စကြာ ညွန့်ဖူး။ ဖေါင်တော် ဦးတွင်။ ရှင်မြူး အသရေ။ ဆက်လိုက်ပေ၍။ သပြေ သောင်းလုံး။ တေဇာ ချုံးသား။ ကျွန်းဆုံး ကျေညာ။ မြဘ် စကြာရှင်။ ဤရုပ်တွင်၌။ ဖေါင်လျှင် ရပ်ဆိုင်း။ ဖေါင်တော် ကိုင်း၍။ သမိုင်း စဉ်လာ။ ယခု သာရှင့်။ ဝေါဟာ မြစ်ကိုင်း။ ရှေးသမိုင်း၌။ ဖေါင်ကိုင်း ဇာတိ။ တွင်ရင်းရှိသား။ မုနိထွတ်တင်။ သီဟိုဠ်ရှင်ကို။ ကြည်လင် မြတ်နိုး။ ရှိပန် ခိုးသည်။ ။ ကောင်းကျိုးလျှင်ဆော ရောက်စေသောဝ်။

## မှတ်ချက်။

ဤလက်ာ၌ ဘုရားတည်ရာ အရပ် ဖြစ်သော ကုန်း မြေပြင်ကို ရှေးအခါက "ဖေါင်ကိုင်း" ယခုအခါ"မြစ်ကိုင်း"ဟု ခေါ်ဝေါ်ကြောင်း ပါရှိ

www.dhammaransi.com



သည်။ ။ထိုစကား သင့်-မသင့်ကို နောက်၌ ထင်ရှားလိမ့်အံ့။

## ၅။ သီဟိုဠ်ရှင် မြတ်စွာဘုရားကို ကိုးကွယ်တော်မူခြင်း။

သီဟိုဠ် ဘုရင်နှင့် သိကြား မင်းတို့သည် အလောင်းစည်သူမင်းကြီးနှင့် အခြေအခံ ပြောဆိုပြီးလျှင် မိမိတို့ရပ်ဌာနသို့ ပြန်ကြလေကုန်၏။ ။အလောင်းစည်သူ မင်းကြီးကား ရုပ်တုတော် သီဟိုဠ်ရှင် ဘုရားကို ဆောင်ယာ၍ စကြာ၏ အလယ်တွင် မြတ်သောရတနာ ပလ္လင်ဖြင့် ကိုးကွယ် ထားတော်မူ၏။ ပလ္လင်တော်ကား ရတနာ ခုနစ်ပါး အတိပြီး၏။ နဝရတ် ကိုးပါး ဝံ့ပြင်ပြီးသော ဗိမာန်ကို ဘုရား ရုပ်တုတော်၏ အထက်မှ မိုးကာ ဖြန့်လွှားတော်မူ၏။ အသုံးထူးသော ပန်း ဆီမီး နံ့သာတုံး နံ့သာခဲ နံ့သာပျောင်း နံ့သာနှစ် နံ့သာဆီ နံ့သာမှုန်း နံ့သာပွင့် နံ့သာဖုံ နံ့သာရေ နံ့သာ သားတို့ဖြင့် ကြီးကျယ်စွာ ပူဇော် လေကုန်၏။ ။သီဟိုဠ်ရှင် မြတ်စွာဘုရားလည်း နေ့ညဉ့်မပြတ် ရောင်ခြည်တော် ခြောက်သွယ်ကို လွှတ်တော် မူ၏။ ။မင်းကြီးလည်း အလွန်လေးမြတ် ကြည်ညို လွန်းရကား ဘုရားရှင် ရုပ်တုတော်ကို စိမ်စိမ်းရဲရဲ ရှု၍ လှေယာဉ် ထက်တွင် သုံးရက်မျှ ကြာအောင်မထဘဲ ဖူးမြင်တော် မူ၏။ ထိုအခါတွင် သီဟိုဠ်ရှင် မြတ်စွာဘုရား၏ မျက်လုံး တော်တို့ကား မင်းကြီးအား အသက် ဝိညာဉ် ရှိသော

www.dhammaransi.com



ဘုရား ကဲ့သို့ လှည့်ကာလည်ကာ ရှုကြည့်တော် မူသော ဟူ၏။

ထိုအခြင်းအရာ အံ့ဘွယ်သရဲကို မင်းကြီး ဖူးမြင်ရလျှင် ရှေးအခါထက်ပင် အလွန်ဖြစ်နိုင်ခဲသော ကြည်ညိုခြင်းဖြင့် ကြည်ညိုတော်မူ၍ သက္ကရာဇ် လေးရာ, ခုနစ်ဆဲ့, ခုနစ်ခု (၄၇၇)ခုနှစ် ကဆုန်လတွင် ခုနစ်ရက်ပတ်လုံး သဘင်ကြီးစွာ ခံတော်မူသည်။ ။ထိုအခါ စည်, စောင်း, ပတ်သာ ခရာ, နှဲ, ပြွေ လင်းကွင်း, ကြေးနင်း ဗုံ, မောင်း, မရိုး ထပိုး, မြောက်စည်- အစရှိသော တူရိယာတို့ကိုလည်း ငြိမ့်ငြိမ့် လေးလေး တီးမှုတ် ရ၏။ ။ရှေ့ယာဉ်စကြာထက်၌ ပင့်ဆောင်တော် မူခဲ့သော သိဘဋ္ဋ ရှင် မြတ်စွာဘုရားနှင့်တကွ သခင်ဘုရား ရှင်ဖြူ, ရှင်ဖွာ ဘုရား တို့ကိုလည်း ဇမ္ဗူဒိပ်ကျွန်း အလုံးကို အစိုးရတော်မူသော မြတ်သောမင်း၏ ကြက်သရေဖြင့် ပူဇော်တော်မူ၏။ ။ကောင်းကင်ထက်၌ နတ်မင်း အပေါင်းတို့လည်း, နတ်သား, နတ်သ္မီး ခြံရံလျက် နတ်၌ ဖြစ်သော ပဥ္စင်တူရိယာကို သံဝါညှင်းညှင်း မှုတ်၍ သီဆို, က- ခုန်ကြကုန်၏။

နတ်၌ဖြစ်သော ပန်းစည်း, ပန်းတံ, ပန်းပွင့်, ပန်းဝုံ ပန်းမှုး, ပန်းဆိုင်း ပန်းလက်တံ, ပန်းလက်ဝါး ပန်းရှည်, ပန်းညွှန့်စသည် တို့ဖြင့်လည်း မရေမတွက် နိုင်မျှ ပူဇော်ကြကုန်သည်။ ။မင်းတရားကြီး ဘုရားလည်း အထူးထူးသော ထည်မျိုး, အခုပ်မျိုး ခါသာမျိုးနှင့်တကွ စိန့်တိုင်း, ကောတုမ တိုင်းတို့မှ လာသော အဝတ်အလျာ တို့ဖြင့်

www.dhammaransi.com



အရာခက ပူဇော်တော် မူ၏။ ။ထို အခါ လှေယာဉ် စကြာသက်ဦးပါရှိသော မရိုးစည်, မြောက်စည်, အိမ်ရှင် စည့်ကြီး တို့လည်း သူမတီးဘဲ အသံကျည်ကျည် မြည် ကြလေကုန်၏။ ။မိုးတိမ် ထွတ်ဘို့လည်း အရပ် လေး မျက်နှာမှ တက်လာသတ်၍ လျှပ်နွယ်, လျှပ်ပန်း တို့ကို အကြိမ်များစွာ ပြက်ခတ်လေသည်။ ။ဌက်မည်း, ဌက်ဖြူ အပေါင်းတို့လည်း ကြီးကြီး ငယ်ငယ် အလိုက် အနှိုး အသိုက် စုဝေး ကုန်လျက် မိုးတိမ်ထဲ၌ ခေါက်ခေါက် ရက်ရက် မြည်တွန် ကြသေကုန်၏။ ။ဤသို့သော အံ့ ဘွယ်သရဲတို့ဖြင့် ထူးကဲလွန်မြတ်သောကြောင့် မင်းကြီး ၏ စိတ်သည် နှူးနှူးညံ့ညံ့ ရှိပေရကား အတိုင်းမသိသော လှူဘွယ်တို့ဖြင့် ဝေဘန်ပိုင်းခြား၍ လှူဘော် မူသတည်း။

## (ခ) ရွှေမုဋ္ဌော ဘုရား သမိုင်း လင်္ကာ။

စကြာလှေရှင်။ ဘောင်ထက် တွင်၌။ ပဒ္ဒင်သံဝါ။ တူရိ
ယာမှုတ်။ သောသော အုတ်မျှ။ ပိုက်ထုတ် ဖြည့်တင်း။
ပူဇော်ခြင်းကြောင့်။ နေမင်း ထ-ခြည်။ မကြည်ညှိမှောင်။
မိုးထိအောင်လျှင်။ အရောင် ခြောက်သွယ်။ ဘဝဂ်ကာယ
၌။ မြေဝယ်ဖြန့်သျှိ။ စိုက်ထူဘိသို့။ မနိုရုပ်စင်။ သီဟိုဠ်ရှင်
မှ။ အမြင်မှုးမှူး။ ကွန့်မြူးလျှံထိန်။ တောက်လောင်ရှိန်လျှင်။
ဇာနွှဒေဝါ။ နတ်တကာတို့။ ရွှေကြာလက်မှို။ ဦးထက်ပုံ
သည်။ အာရုံချည်းချည်း။ ဌက်မည်း, ဌက်ဖြူ။ အသံအူ၍။
ရှင်ဖြူ,ရှင်လှ။ နောင်ဘော် မှလျှင်။ သီဟဠ္ဌနှုန်။ သရက္ခန်
တို့။ ။ခြောက်တန် ရောင်ဝါ ဖြိုးဖြိုးတည်း။

www.dhammaransi.com



ဤသို့လျှင် မရေမတွက် နိုင်ရာသော တန်ခိုးပြာဋိဟာ ကို ပြတော်မူသော မြတ်စွာဘုရား သခင် ရုပ်တုရှင်တို့အား မရေမတွက် နိုင်ရာသော ပူဇော်ဘွယ်တို့ဖြင့် ကြီးကျယ်စွာ ပူဇော်ပြီးမှ လှေယာဉ်စကြာနှင့် ဖြစ်တော်မူသော မင်းတရား ဘုရားသည် မြန်မာနိုင်ငံ ပုဂံပြည်သို့ ပြန်ကြွတော် မူခဲ့လေသည်။

## ၆။ မာန်အောင်ကျွန်းသို့ ရောက်တော်မူခြင်း။

ခရီးအကြားတွင် မာန်အောင် ကျွန်းသို့ ရောက်လတ်သော် မာန်အောင်မင်းသည် အလောင်းစည်သူ မင်းကြီးအား ရှိခိုးရအံ့သည်ကို အလိုမရှိသောကြောင့် သဲဖြင့် ပြည့်သော အိုးစရည်းကို လည်မှာဆွဲ၍ ရေတွင် ဆင်း၍ သေလေသည်ကို အလောင်း စည်သူ မင်းကြီး သိတော်မူလျှင် ငါသို့သော မင်းကိုစင်လျက် ရှိခိုးရမည်ကို ကြောက်၍- သေလေသည်။ သေရာသလော....ဟု လှေတော် ဦး၌ ရပ်တော်မူ၍ လက်ညှိုးတော်ဖြင့် ညွှန်တော် မူပြီးလျှင် ငါ့အဆွေ မာန်အောင်မင်း ငါရောက်တော် မူသည်ကို အဘယ့်ကြောင့် မဖူးမြင်နေဘိ သနည်း....ဟု မိန့်တော် မူလေသော် မာန်အောင်မင်း- သူသေကောင်လည်း အိုးစရည်းကို လည်မှာ ဆွဲလျက်ပင် ရှိခိုးလျက် ရေမှ ပေါ်လာရလေသည်။

## ၇။ ဇမ္ဗူဒိပ် ကျွန်းသို့ ကြွတော်မူခြင်း။

ထို အခါမှသည် ဇမ္ဗူဒိပ် ကျွန်းသို့ ရောက်တော်မူလျှင် တောအုပ်ကြီး တခု၌ ဆင်အပေါင်းတို့ကို သတ

www.dhammaransi.com



ဖြတ်စားသောက်လျက် ဆင်စွယ်တို့ကို အသိုက် အအုံ ပြုလုပ်နေသော ကင်းကြီး၏ နေရာသို့ ရောက်တော်မူလေ၏။ ။ထိုဆင်စွယ်တို့ကို မြင်တော်မူသော် အဘယ်အကြောင်းနည်းဟု မေးတော်မူလျှင် ဟူးရားဆရာ တို့ကလည်း ကင်းကြီး နေသော အသိုက်ဟူ၍ လျှောက်ကြကုန်၏။ ။မင်းကြီးလည်း ထိုဆင်စွယ် တို့ကို ကင်းကြီးအစာရှာ ထွက်နေခိုက်တွင် လှေစကြာသို့တင်၍ အကုန်အစင် ယူဘော်မူခဲ့၏။ ။ကင်းကြီးလည်း မိမိ ကျက်စားရာ အရပ်မှ ရောက်လေသော် မိမိအသိုက်ကို မမြင်၍ အလောင်း စည်သူမင်းကြီး လှေတော်ကို ခရဝယ်ကူး၍ လိုက်လေသည်။ အလောင်းစည်သူ မင်းကြီးကား ဘုန်းကြီးသော မင်းဖြစ်၍ မှီအောင် မလိုက် နိုင်လျှင် ငါ့အသိုက်ကို ယူသော သူသည် လူမည်ကာ မဟုတ် ဘုန်းကြီးသောသူ ဖြစ်သည်။ ငါနှင့်တူသော ပုံသဏ္ဍာန် ကို လှေယာဉ်လုပ်၍ စီးစေသတည်း-ဟု အမှတ် ရှိလျက် မိမိ၏ ဦးခေါင်းနှင့် အမြီးကို ဆောင်၍ ပြလိုက်လေ၏။ မင်းကြီးလည်း နေပြည်တော် ပုဂံမသို့ ရောက်လျှင် ထိုကင်းသဏ္ဍာန် လှေလုပ်တော် မူ၏။ ထိုအခါမှ စ၍ လှော်ကား သမ္ဘန်များ ပေါ်ပေါက်ခဲ့သေ သတည်း။

## ၈။ ပုဂံနေပြည်တော်သို့ ရောက်တော်မူခြင်း။

ထို့နောင် ဇမ္ဗူဒိပ်ကျွန်း မြန်မာနိုင်ငံ နေပြည်တော် ပုဂံမြို့သို့ ရောက်ဘော်မူလျှင် သာသနာတော် ငါးထောင် ပတ်လုံး တည်ရစ်စေ သတည်းဟု- ရည်ရွယ်ဘော် မူ

www.dhammaransi.com



လျက် "သရက္ခန်ငါးဆူ, မြတ်ပေါင်းမဋ္ဌူ, ရှင်ဖြူ- ရှင်လှ" ဘုရားတို့ကို အသီးသီး ကိုးကွယ်တော် မူ၏။ ။သိပ္ပိုင်ရှင် ရှင်တုဘောင် မြတ်ကိုကား နေပြည်တော် ပုဂံမတွင် အုန်းတော် ဦး၌ ဖေးဦးစွာ ကိုးကွယ်တော် မူလေသည်။ ။လှေသာဉ် စကြာဖြင့် လှည့်လည်တော် မူရာတွင် ဖမ္ဗူဒိပ်ကျွန်းသို့ ပြန်လည်ဘော် မူသောအခါ လှေယာဉ် စကြာသက်၌။ ။"အရှင်မဟာ ကဿပ- ရှင်ကျင့်ဟန် ရုပ်တုတော်။ နိုင်ငံတော်မှ ပါရင်း ဖြစ်သော ရှုဆင်းတုတော်။ သရက္ခန် ငါးဆူ။ မြတ်ပေါင်း မဋ္ဌူ။ သိပ္ပိုင်ရှင် မြတ်စွာဘုရား ရုပ်တုတော် တဆူ၊ ရှင်ဖြူ- ရှင်လှ နှစ်ဆူ"။ ။ဤတဆဲ့, တဆူသော ရုပ်ဟုဘော်တို့ ပါရှိကုန်သတည်း။ ။ဤ တဆဲ့, တဆူ တို့ကို နေပြည်တော်သို့ ရောက်မှ အသီးသီး သွားရောက် ကိုးကွယ်တော်မူသတည်း။

သိပ္ပိုင်ရှင်ဘုရားကို အဆက်အသ
ခံယူတော် မူခန်း ပြီး၏။

## သိပ္ပိုင်ရှင် ဘုရား တည်တော်မူခန်း။

ဤသို့လျှင် သိပ္ပိုင်ရှင် မြတ်စွာဘုရားကို အဆက်အသ ခံတော်မူခန်းကို ဆိုပြီး၍ ယခုအခါ၌ သိပ္ပိုင်ရှင် ဘုရားကာသ်ထားတော် မခန်းကို ဆိုပေအံ့ သတည်း။

www.dhammaransi.com



ဤသို့လျှင် အလောင်းစည်သူ မင်းကြီးသည် တိုင်းနိုင်ငံသို့ ရောက်တော် မူ၍ ရက်ကာလ ကြာမြင့် လတ်သော် အခါ တပါး၌ ဘေးလောင်းတော်- အနော်ရထာမင်းကြီးသည် ဂန္ဓာလရာဇ်တိုင်း တရုပ် ပြည်ကို အစိုးရသော- ဥတည်ဘွားထံ စွယ်တော်ကို တောင်းရန်စစ်သည် ဗိုလ်ပါ အပေါင်းနှင့် ရေအား, ကြည်းအားချီတော်မူသကဲ့သို့ တရုပ်ပြည်သို့ စွယ်တော် အလို့ငှါရေအား, ကြည်းအား ချီတော် မူလေသည်။ ။တရုပ်ပြည်သို့ ရောက်လျှင် ဘုရင်ဥတည်ဘွားအား အကြောင်းချင်းတကို မိန့်ကြားပြီးမှ ရွှေတန်ဆောင်, ငွေတန်ဆောင်ရွှေပန်းခိုင်, ငွေပန်းခိုင် ရွှေ ပေါက်ပေါက်, ငွေ ပေါက်ပေါက်တို့ဖြင့် ပူဇော်တော်မူ၍ စွယ်တော် မြတ်ကို ပင့်ဆောင်တော် မူလေသည်။ ။ဘုရား ဗျာဒိတ် မရှိ၍စွယ်တော်မြတ်ကို ဖူးတွေ့ရုံမျှ ဖူးတွေ့ရသည်။ ပင့်ဆောင်၍ မရသာချေ။

မင်းကြီးလည်း ဘုရား ဗျာဒိတ်တော် မရှိ၍ မကိုးကွယ်ရချေ တကား ...ဟု စိတ်နှလုံးညှိုးငယ်တော် မူစွာနှင့် နေပြည်တော် ပုဂံသို့ ပြန်သည်တော် မူခဲ့လေ၏။ ။နေပြည်တော်သို့ ရောက်တော် မူလျှင် စွယ်တော်မြတ်ကို မရခဲ့ချေဘကား....ဟု စိုးရိမ်တော် မူလတ်သော်သိကြားမင်းသည် ရုတ်ချင်း လာလတ်ပြီးလျှင်။ ။"မြတ်သောမင်းကြီး" ဘုရားသခင် ဗျာဒိတ်တော် မရှိ၍ စွယ်တော်ခဲဘက်ကို ရတော်မမူသာချေ။ မရရာ သလောဟု-ဝမ်းနည်းတော် မမူ ...

သီဟိုဠ်ရှင် ရုပ်တုတော်ကို ပုထိုးဂူ ပြုလုပ်၍ သာသနာ ငါးထောင် တည်တံ့ နိုင်အောင် ကိုးကွယ် ပါသော။ ။ သင်မင်းကြီး နန်းတော် ထက်တွင် ကိုးကွယ် ရသော ထက် လူနတ် တကာတို့ ပူးမြော် စေအံ့သော်ဌါ ဘူမိ နက်သန် ကြန်အင် ကောင်းမြတ်သော မြေ အရပ်၌ ကိုးကွယ် ရသော် လူနတ်တို့အား အကျိုး စီးပွါး ဖြစ် ထွန်းရာလေသည်....ဟူ၍ ပြောကြားလေ၏။

မင်းကြီးလည်း သိကြားမင်း၏ စကားကို ကြားလျှင် ထက်သန်သော သဒ္ဓါတရား ဖြစ်ပေါ် လာသောကြောင့် သိကြားမင်းအား ကောင်းပြီဟု ဝန်ခံ၍ လွှတ်လိုက်လေ ၏။ ။ဤသို့ ဝန်ခံအပ်သောအတိုင်း သက္ကရာဇ် လေးရာ, ခုနစ်ဆဲ့, ကိုးခု(၄၇၉)ခု ဖုသျှနှစ် တန်ဆောင်မုန်းလ တွင် နေပြည် တော်၏ မြောက် မျက်နှာ၌ အနှံ့ အပြား နေရာ ချထားပြီးသော် စကား ကိုးဆူ,မုဋ္ဌော ကိုးဆူ တို့ကို တည်ထားတော် မူလေသည်။ ။ကျော်စဉ် အရပ်၌ လည်း အင်းခရတဆူ လှည်းထောက် တဆူ မြွေအံတော် တဆူ ရွှေပေါ်ကျွန်း တဆူ ဤသို့ မြန်မာပြည် အလုံး၌ စေတီတော်— မုဋ္ဌောတော်တို့ကို အနှံ့အပြား တည်ထား တော်မူလေသည်။ ။ဤသို့ တည်ထားရာတွင် စေတီ တော်အသီးသီး တို့၌လည်း ဓာတ်တော်, မွေတော်တို့ကို ဂုံးရုံးဗုဗု ပြုတော်မူ၍ ဌပနာတော် မူသည်။ ။ဤအရာ ၌ မုဋ္ဌောဘော် ကိုးဆူ၏ သရုပ်ကို ရွှေမုဋ္ဌော သမိုင်း လက်ာတင် လာသောအတိုင်း ဘော်ပြ ၄ံးအံ့။ အလောင်း

www.dhammaransi.com



စည်သူမင်းကြီး တည်ထားတော် မူသော မုဋ္ဌောကိုးဆူ ဟူ သည်မှာ-

၁။ အောင်သာတဆူ။
၂။ တပြက်သာတဆူ။
၃။ မြေခရှာဘဆူ။
၄။ ယမုန်ကျွန်းတဆူ။
၅။ မင်းတလင်တဆူ။
၆။ ရွှေညောင်အုပ်ဘဆူ။
၇။ တမူဆိုးဘဆူ။
၈။ မြစ်မ- ကိုင်းတဆူ။
၉။ တပေါက်ဝတဆူ။

ဤကိုးဆူတို့ ပေတည်း။ ။ထိုကိုးဆူသော မုဋ္ဌောတော် တို့ကား ပုဂံပြည်၏ မြောက်မျက်နှာ ၌သာ တည်ရှိကုန် ၏။ ။ထို ကိုးဆူတို့တွင် မည်သည့် ဘုရားသည် မည် သည့် အရပ်မှာ တည်ရှိသည်ကို မြစ်မ-ကိုင်း ဘုရားမှ တပါး နေရာအသီးအခြား မသင်ရှား၍ မသိသာပြီ။ ။ မြစ်မ- ကိုင်း ဘုရားကား သိပ္ပိဋကရှင် မြတ်စွာ ဘုရား ကိန်းဝပ်ရာ မုဋ္ဌော တော်ပင် ဖြစ်လေ သည်ဟု သိမြင် များသူတို့လည်း ပြောကုန်၏။ ။ရွှေမုဋ္ဌော သမိုင်း လင်္ကာ ၌လည်း ထင်ရှားပေ၏။

## (ဂ) ရွှေမုဋ္ဌော သမိုင်းလင်္ကာ။

ကျွန်းလုံး မီးလျှံ။ မန္တိုင်းစံသား။ ဒိသမ္ပဘိ။ ဘုမိပါလ။ နရပတိ။ မည်ရှိ စည်သူ။ တည်တော် မူသား။ ကိုးဆူ

www.dhammaransi.com



ရဗ္ဘော ခြောက်ရောင်ပြောသည့် အံ့မောဘွယ်သိ တွက်ရေညှိသော် (၁) မုနိ"အောင်သာ" (၂) "တပြက်သာ" နှင့် ကိုးဖြာ ဂုဏ်စု (၃) "မြေခရ" တည့် အောင်ဆု ယူညွှန်း (၄) "ယမုန်ကျွန်း"ဟု ထွန်းသည့် ရောင်ရှင် (၅) "မင်းတလင်" သည့် ကုန်းခင် ဗိုက်ထုပ် (၆) "ရွှေညောင်အုပ်" လည်း သရုပ်ခေါ်ရိုး (၇) "တမူဆိုး"နှင့် ခုတ်မျိုးဖြန့်သိုင်း (၈) "မြစ်မ-ကိုင်း" လျှင် ပရိက်းရံသ (၉) "တပေါက်ဝ"ဟု ထိုမှအပြား စေတီများကို ထား၍ စိုက်ထူ မြေငူ မြှမ့်မွမ်း နိဗ္ဗာန်လမ်းဟု ဘုန်းစွမ်းပကား ပြသောလားတည့် သိကြားခတ်နှိပ် မင်းတံဆိပ်နှင့် ကျွန်းရိပ်ဇမ္ဗူ စိုးတော်မူသည်။ ။စည်သူအလောင်းပြည့်ရှင်တည်း။

## မှာထားချက်။

မုဗ္ဘော ကိုးဆူ၏ သရုပ်ကို ရာဇဝင်အစောင်စောင်၌ပင် ရှာဖွေမရ၊ တပါးသရိုင်း တို့၌လည်း မတွေ့မြင်၊ ဤမုဗ္ဘော သမိုင်းလင်္ကာ ၌သာ သရုပ်အရေ အတွက် ပါရှိသေသည်။

ထို မုဗ္ဘော ကိုးဆူတို့တွင် မြစ်မ- ကိုင်း ဟူသော မုဗ္ဘော စေတီတော်သည်သာ ဤအရာ၌ ဆိုလိုရင်း ဖြစ်လေသည်။ ထို့ကြောင့် ထို မုဗ္ဘောစေတီတော် တည်ထားပုံကို ရေးသားရမည်။ ။မြစ်မ-ကိုင်း ဟူသော အရပ်ကား ယခုအခါ ပခုက္ကူမြို့တွင်ရှိသော မြစ်ကိုင်းဟူသော အရပ်ပင် ဖြစ်သည်ဟု ရုံစမ်း သိရှိရသည်။ ။အသင့်

ယပ္ပတ္တိရှိပုံကိုလည်း နောက်၌ တွေ့မြင်ရ လတ္တံ့။ ။မြစ်မကိုင်း အရပ်၌ တည်ထားသော မုဋ္ဌောတော်ကို "မြစ်မကိုင်း မုဋ္ဌော"ဟု ခေါ်ဆိုသည်။ ။ထို မုဋ္ဌောကား သိဟိုဠ်ရှင် ရုပ်တုတော်၏ ကိန်းဝပ်ရာ ဖြစ်လေသည်။

## ၁။ ဘောင်တော်ဖြင့် ဆန်တော်မူခြင်း။

ဇမ္ဗူဒိပ်ကျွန်းအလုံး၌ ကျော်စောသော ဂုဏ်သတင်း ရှိတော်မူသော လွန်မြတ်သော ဘုန်းလက်ရုံး အာဏာ တို့နှင့်လည်း ပြည့်စုံတော်မူသော လှေစကြာရှင် ဘုရင် နရပတိစည်သူ မင်းတရား ကြီးသည် သိကြွားမင်းထံ ဝန်ခံအပ်သည်နှင့် အညီ သိဟိုဠ်ရှင် မြတ်စွာဘုရား ရုပ် တုတော်ကို ကောင်းမြတ်သော မြေကြွန်အရပ်၌ တည် ထား ကိုးကွယ်တော် မူအံ့သော၌ ထိုသိဟိုဠ်ရှင် မြတ် စွာဘုရား ရုပ်တုတော်ကို ရတနာ ဘောင်ယာဉ်တွင် နဝရတ်ပလ္လင် ထက်၌ တင်တော် မူလတ်၍ ဗိုလ်ခြေ အလုံးအရင်းနှင့် တကွ နေပြည်တော် ပုဂံမြို့မှ ဆန်တက် တော် မူလာလေ သတည်း။ ။ဤသို့လည်း အဓိဋ္ဌာန်ပြု ဆောက်တည်တော်မူ၏။ ။သည်— သိဟိုဠ်ရှင် ရုပ်တု တော်သည် ကိန်းစံတော် မူလိုရာ အရပ်၌ တရံ တခု သော နိမိတ်အရောင်ကို တွေ့ရစေသော....ဟု အဓိဋ္ဌာန် ပြုတော်မူ၏။

ဘောင်တော် စကြာလည်း တဖြည်းဖြည်း ဆန် တက်ကော်

www.dhammaransi.com



မသွားဘဲ ရပ်တန့်၍ နေဘိ၏။ ထိုအခါ မင်းကြီးက ဟူးရေးဖြူ၊ ဟူးရေးညိုတို့အား မေးမြန်းလျှင် ဟူးရေးဖြူ၊ ဟူးရေးညိုတို့ လျှောက်ထားသည်မှာ ဤအရပ်၌ သိဟိုဠ်ရှင် ရပ်တုတော် မြတ်သည် ကိန်းဝပ်တော်မူအံ့သည်ဖြစ်၍ သော့စကြာ မသွားဘဲ ရှိတော်မူချေ သည်ဟု လျှောက်ထားကြလေ၏။

## မှတ်ချက်။

ကူးခန်းအရပ် ဟူသည်မှာ၊ "ကူးခန်း" ကူးသန်း၊ ပခန်း=ဟူ၍ သုံးမည်ရ ယခု ကာလတိုင်အောင် ခေါ်ဝေါ်နေကြသော "ပခန်း" နယ် အရပ် ကိုပင် ဆိုလိုသည်။ ထိုသို့ သုံးမည်ရသည် ကိုလည်း။

ဝသံ ပုရေ ဘူဘုခန္ဓေ၊
တိရ ဒေသေ ဘူမိဂံ။
နိဂ္ဂဟောပါဒါ-ပခန္ဓေ၊
ကမ္ဘိစ္ဆာ ပဏ္ဏနာမကော။ ။

ဟူသော အဋ္ဌသာလိနီ အဋ္ဌကထာ ဂဏ္ဌိ၌ ဆိုသည်ကို ထောက်၍ သိရာသည်။ ။ထိုဂါထာဖြင့်။ ။(၁) မြေတောင်ကို တူးမြို ဖေါက်ခွဲခြင်းကို စွဲ၍ "ကူးခန်း"။ ။(၂) ခေတ်တော်သည် ရွှေသမင်သောင် ဆောင်၍ ကူးသန်း သွားလာ

နရပတိစည်သူ မင်းကြီးသည် အာသိန်းမကာသော စစ်သည် တို့ကို နှိပ်နင်းရာ ဖြစ်သောကြောင့် ပစေ့ ခန်းစေ—ဟူသော စကားကိုစွဲ၍ "ပခန်း"။ ။ ဤသို့ သုံးမည်ရသည်ဟု ဆိုလိုသည်။ ။သည် ကို မသိသူတို့သည်။ ။"ပခန်း" ကို "ပုခန်း" ဟူ၍ ဥ-သရနှင့် ရေးသားတတ်ကြ လေသည်။ "ပခန်း" ဟူ၍ အ-သရနှင့် ရေးမှ မှန်ကန်သည်။ သို့ရာတွင် သင်ထူး ကျမ်း၌ကား။ ။ပုဆိုး တသီး စိတ်ပုတီး ပုတီးနှင့်ပုခက်။ ။ပုဂံပုရိန် မြို့ဘူမိန် ပုသိန် "ပုခန်းဘက်"။ ။တချောင်းငင် လတ်ပ-တွင်မှတ် ဘတ်ခါပ- သက်သက်။ ။ ဟူ၍ ရေးသား ပြမှာချက် ရှိပြန် သေး၏။ ထို စကားကို ကပိလက္ခဏာ ဒီပနီဆရာ ပယ်ပြီးသား ဖြစ်၍ ဤ၌ မယူသာပြီ။

## အပဏ္ဏကပျို့တွင်။

ကုံ ခနတိ ဝိဂြိုဟ် ရှိသည် အဓိကရဏ သဘာဝဖြင့် မြန်မာ့အလို ကူးခန်း ဆိုသား နဂို သာစည် ရပ်ရွာပြည်ဝယ်။ ။စသည်ဖြင့် စပ် သည်။ ။ငမြောယ်ရွာ ဘုဒ္ဓိရတနာ ဆရာတော် နှင့် ပထမကျော်အောင် စံထားဆရာတော် တို့၏ မေတ္တာစာတွင်လည်း ထိုသုံးမည်၏ အကြောင်း အကျယ် ပါရှိသည်။ သိပ်ဟိုဋ္ဌရှင် မြတ်စွာဘုရား ခြေတော်ချရာ အရပ်၏ မြောက်ဘက် နယ်ကိ

www.dhammaransi.com



"ပခန်း" တောင်ဘက်နယ်ကို "ပုဂံ"ဟု အပိုင်းအခြား ရှိကြောင်းကို တဆင့် ကြားရသည်။ ။ ထို့ကြောင့် ယခု ဘောင်တော် ရပ်တန့်သော အရပ်ကား ပုဂံနယ်မှ- ပခန်းနယ်ဘက် ရောက်စ မြစ်မ- ကိုင်း အရပ်ဟူ၍ မှတ်သားရမည်"။ ။ ဤကား မှတ်ချက်။

ထိုစကားကို ကြားလျှင် မင်းတရားကြီးလည်း ဤအရပ်ကား အဘယ် အရပ်နည်းဟု မေးမြန်းတော် မူသော် ဟူးရားဖြူ, ဟူးရားညိုတို့က သံတော်ဦး တင်သည့်ကား။ ။ဤအရပ်သည် (ဧရာဝတီမြစ်မ- ကိုင်းကိုင်း ကွေးကွေး ရှိသောအရပ်) ဖြစ်ပါသည်ဟု လျှောက်ထား၏။ မင်းကြီးလည်း စိတ်နှလုံး သာတော်မူလှ၍ လှေစကြာကို မြစ်ကမ်းသို့ ကပ်လေ၏။ ထိုအခါမှစ၍ (မြစ်မ-ကွေးကွေး ကိုင်းကိုင်းရှိသော အရပ်) ဖြစ်သည်ဟု ဟူးရားဖြူ, ဟူးရားညိုတို့ လျှောက်ထားသည်ကို အစွဲပြုသော အားဖြင့် (မြစ်မ-ကိုင်း)ရပ်ဟု တွင်လေသည်။

## မှတ်ချက်။

သမိုင်းရင်းနှင့် ဇာတ်မူဗွေ့ သမိုင်း လက်ဝတို့၌ " မြစ်မ-ကိုင်း " ဟူ၍သာ ပါရှိသည်။ "မြစ်ကိုင်း"ဟူ၍ မပါရှိခဲ့။ ယခုခေါ်တွင်သော အမည့်ကား (မြစ်ကိုင်း)ဟု တွင်လေသည်။ ။ထို့ကြောင့် "မြစ်မ-ကိုင်း" ဟူသော မူရင်းစကားမှ အခါကာလ ရှည်လျားလတ်၍ "မြစ်ကိုင်း" ဟူသော

www.dhammaransi.com



အခေါ် အဝေါ်သို့ ရွေ့လျော ပြောင်းရွှေ့သည်ဟု ကောက်ယူဆသုံးဖြစ်ရမည်။ ဤသို့ သုံးဖြစ်ခြင်းသည်လည်း ဘုရား တည်ထားရာ အရပ် အနေ သမိုင်းစာစောင် တို့နှင့် ညီညွတ် လေ၏။ ယင်းသို့လျက် အောက်၌ ဘော်ပြခဲ့ ပြီးသော သိပ္ပိုင်ရှင် ဘုရားရှိခိုး လက်ာ၌ "ဘောင်ကိုင်း" ဟူသော မူလစကားရင်းမှ ကာလကြာ့ကြာ လတ်၍ "မြစ်ကိုင်း"ဟု တွင်ကြောင်းကို ဆိုပြန်သည့် ကား သိပ္ပိုင်ရှ သမိုင်း, ဘုရားဆက် သမိုင်း လင်္ကာ, ရွှေမုဋ္ဌောသမိုင်း လင်္ကာတို့နှင့် မညီမူ သည့်ပြင် အသင့် ယုတ္တိကို ရှာသော်လည်း အခ လွန်ဝေးကွာ လှသဖြင့် ယုတ္တိမတန်လေရာ။ ။ ဤကား မှတ်ချက်တည်း။

လှေယာဉ် စကြာကို ကမ်းသို့ ဆိုက်ပြီးလျှင် မင်းကြီး သည် လှေစကြာထက်မှ ဆင်းသက်တော်မူ၏။ လူဗိုလ်ခြေ အပေါင်းနှင့်တကွ သိပ္ပိုင်ရှင် ရုပ်တုတော်ကို မြစ်ကမ်းပေါ်သို့ ပင့်ဆောင်တော် မူသည်။ မင်းကြီးသည် စစ်သည် ဗိုလ်ခြေ အသိန်းအသောင်းတို့နှင့် တကွ ကမ်းခြေ မြေညီညွတ်ရာ အရပ်တချ၌ "ရွှေနန်းတော်ရပ်" ဟု သမုတ်တော် မူ၍ ယာယီ တဲနန်းတို့ကို ဆောက်လုပ်စေတော် မူ၏။ ထိုနန်းတော်ရပ်-မည်သော အရပ်ကား ယခုထက်တိုင် "နန်းတော်ရပ်" ဟူ၍ပင် တွင်သည်ဟု အသိအမြင် များသူတို့ ဝန်ခံကြကုန်၏။

www.dhammaransi.com



## မှတ်ချက်။

"နန်းတော်ရပ်" မည်သော ရွာငယ် တခုသည် ယခု အခါတွင် သိပ္ပိုင္ဘ်ရှင် ဘုရား၏ အနောက်မျက်နှာ မြန်မာတိုင် လေးတိုင်ခန့် ဝေးကွာသော အရပ်၌ တည်ရှိလေသည်။ ထို နန်းတော်ရပ်ရွာသည်ပင် ရှေးကာလက " နန်းတော်ရပ်ရွာ" ဟူ၍, မဟုတ်ကို စစ်ဆေး စုံစမ်းပြီးမှ မှတ်သားရာ၏။ ။ဤကား မှတ်ချက်။

## ၂။ ထူးဆန်းသော နိမိတ်ကြီးသုံးပါး။

သိပ္ပိုင္ဘ်ရှင် ရပ်တုတော် မြတ်သည် မြစ်ကမ်းခြေ မြေအပြင်သို့ သက်ရောက်ဘော် မူသည်နှင့် တပြိုင်နက် မြေကြီး လျောင် တုန်လှုပ်၏။ ပွဲတင်သံမြည်၏။ လေကြီး, မိုးသည်းကြီး တိုက်ခတ်ရွာသွန်း၏။အထူးအားဖြင့် မူကား။ ။(၁) မြစ်ရေကြည်ကြည်တွင် လှည့်ဘီးစက်ဝန်း ပမာဏ ရှိသော ကြာပွင့်ကြီး သုံးခုတို့သည် အထပ်တရာ အလွှာအချပ်တို့ကို ဆောင်လျက် ခေါင်ခေါင် စွင့်စွင့် ရတ်ချင်း ပွင့်လာကုန်၏။ ။(၂) မြစ်ရေ ကြည်ကြည်တွင် ကုန်းပြင် ခေါင်ခေါင် သဲသောင်ပုံကြီးသွန်း၍ ရုတ်ချင်းတွင်ပင် ကျွန်းငယ်ကဲ့သို့ ဖြစ်လာ၏၊ ။(၃) အနောက်မျက်နှာ အရပ်မှ ဥဗျိုင်းဌက်အုပ်တခုသည် ကောင်းကင်ထက်တွင် ပျံဝဲလျက် သိပ္ပိုင္ဘ်ရှင် ရပ်တုတော်၏ ခြေတော်တွင် ကျလာလေ၏။ ။ဤနိမိတ်ကြီး သုံးပါး ထင်ရှား ဖြစ်လာ

ကုန်သည်။ ထို့ကြောင့် ဘုရားဆက် သမိုင်းလင်္ကာတွင် ဤသို့ ဖော်ပြ ပါရှိလေသည်။

## ဘုရားဆက် သမိုင်းလင်္ကာ။

၅။ မြေလျောင်သိမ့် ပွဲတင်မြိမ့်မျှ ဖိမ့်ဖိမ့်မှုန်မှုန် သံဝါ ကြူး၍ လှေဦးထက်တင် သိဟိုဠ်ရှင်ကို ဘုရင်စည်သူ ချီတော်မူသည့် အငူကမ်းခြေ နေဘိလတ်သော် ပွဲတင် အောက်၌ ကြွေးကြော်လျောင် ရေစင်မိုဃ်းချုန်း လျှပ်ရောင် ပြန်း၏ ဘုန်းတော်နိမိတ် နတ်တို့ဟိတ်ဘား ချေမြိတ် အနီး ချေပြင်ကြီးမှ လှည်းဘီးစက်ဝန်း ပုံညွှန်းချပ်လွှာ ရွှေကြာပေါက်ခဲ့ ရေထဲမှတက် သုံးခုထွက်၏ ထက်ဝန်း ကျင်ဝေ ဝိမ်းဝိမ်းရွှေလည်း မြေငယ် ကျွန်းယောင် ရုတ်ချင်းထောင်၍ သောင်ကမ်းနှင့်စပ် အနောက် ရပ်က ပျံ့ဝပ် တက်လာ မျိုင်းငှက် သာလျက်။ ။အံ့ရာ အကြောင်း ဖြစ်သတည်း။

မင်းကြီးလည်း အံ့သြ ဘွယ်သော ထို နိမိတ်ကြီး သုံးခုကို တွေ့မြင်တော်မူ၍ ပုဏ္ဏားဖြူ, ပုဏ္ဏားညိုတို့အား မေးမြန်းတော်မူ၏။ ။ပုဏ္ဏားဆရာတို့လည်း ဤသို့လျှောက် ထားကြလေသည်။ ။"မြတ်သော မင်းကြီး" လှည်း ဘီးစက်ဝန်းခန့်မျှ ရှိသော အချပ်အလွှာ အထပ်တရာ ရှိသော ကြာပွင့်ကြီးသုံးခု ပေါက်ထွက်သည်ကား ဤအရပ်တွင် နေသောအခါ ကြီးစွာသော အင်းအိုင်ကြီး တခု ပေါ်ထွက်အံ့သော အကြောင်းနိမိတ် ဖြစ်ပါသည်။

www.dhammaransi.com



၏မြစ်ရေ ပြင်သည် တဖြည်းဖြည်း ခန်းခြောက်၍ အင်း အိုင်ကြီးတခု ဖြစ်ထွန်း ခဲ့သောကြောင့် ကြာပွင့် သုံးခု ပေါ်ပေါက် ရပါသည်။ ထို အင်းအိုင် ကြီး၌ အထူးထူး သော ကြာမျိုးတို့သည် ပေါက်ရောက် ဖြစ်ထွန်းကုန်လျက် သိပ္ပိုင်ဩရှင် မြတ်စွာ ဘုရား၏ အရှိဘော် ရေကန်ကြီး သဘွယ် ဖြစ်ပါလိမ့်မည်။

ရေပြင် ကြည်ကြည်မှ ကျွန်းငယ် တခု ပေါ်ထွက် သည်ကား။ ။ဘုရားရှင် ရုပ်ပွားတော် သိပ္ပိုင်ဩရှင်ဘုရား သည် ၎င်းကျွန်းငယ် ထက်၌ ကိန်းဝပ်ဘော် မူလို၍ ဖြစ်ပါ သည်။ ဘုရားရှင်၏ တန်ခိုးတော်ကြောင့် ရေပေါ်မှပေါ် ထွက်၍ ကျွန်းကုန်းကလေး ဖြစ်ရပါသည်။ ၎င်းကျွန်းမြေ အရပ်ကား သာသနာ ငါးထောင် ပြည့်ကုန် အောင်ပင် တစုံတခုသော ရေဘေး, မီးဘေး- စသည် တို့ကြောင့် မပျက်စီးနိုင်သော အရပ် ဖြစ်ပါ ခဲ့သည်။ ဘုမိနက်သန် ကြံ့ခိုင် ကောင်းမွန်လှသော မြေ အရပ်ဖြစ်၍ ၎င်းကျွန်း ငယ်ထက်၌ မုရွှာ စေတီတော်ကို တည်ထားတော် မူ ၍ သိပ္ပိုင်ဩရှင် ဘုရား ရုပ်ပွားကို ကိုးကွယ်တော် မူရန် နိမိတ်ကြီး ဖြစ်ပါသည်။ ။ဥဗျိုင်း ငှက်တို့ အနောက် အရပ်မှ ပျံဝဲ၍ ဘုရားရှင်အား ခစား လာကြသည်မှာ ကား အရှင်မင်းကြီး တည်ထား အပ်သော သိပ္ပိုင်ဩရှင် ဘုရားကို လူနတ်တကာတို့ ဖူးမြော်ခသောကြောင့် ဖြူ စင်သော ကုသိုလ်ဖြစ်ခဲ့သော အကြောင်း ဖြစ်ပါသည် ဟု- လျှောက်ထားကြလေသည်။

www.dhammaransi.com



### မှတ်ချက်။

ဆိုခဲ့သော နိမိတ် သုံးပါး တို့တွင် အင်းကြီး တခု ဖြစ်ထွန်းအံ့….ဟူသော နိမိတ် အတိုင်း ယခု အခါ သီပေါ်ဝှီရှင် ဘုရား၏ အနောက်မျက်နှာ အ ရပ်တွင် "ပေါက်အခင်း"ဟု ခေါ်သော အင်းကြီး တခုကား ထင်ရှားရှိလေ၏။ သည့်မှတပါး မြတ် စွာဘုရား၏ အနီး၌ အင်းအိုင် တစုံတခုကို မတွေ့ ရသောကြောင့် ထို"ပေါက်အင်း" သည်ပင် ဟူး ရား ဆရာတို့ ဘတ်ဆိုသော အင်း ဖြစ်တန်ရာ သည်ဟု ထင်မိပေသည်။ ထို"ပေါက်အင်း"သည် လည်း ယခုမျက်မြင် အားဖြင့် ကြာမျိုး ငါးပါးတို့ ဖြစ်ထွန်း စည်ပင်လျက် တင့်တယ် ဖွယ်ရာခြင်း ရှိပေသည်။ ထို့ကြောင့် ဤ"ပေါက်အင်း" သည် ပင် နိမိတ်သုံးပါး၌ လာသော အင်းအိုင် ဖြစ်သည် ဟု ယူဆသင့်ပေသည်။ ။ဤကား မှတ်ချက်။

မင်းကြီးလည်း ဟူးရားတို့၏ စကားကို ကြားလျှင် အလွန်လျှင် အားရ နှစ်သက်တော် မူသောကြောင့် ထို "မြစ်မ- ကိုင်း" အရပ်၌ပင် ဘုရားရှင်ရုပ်တုတော် ကိန်း ဝပ်ရန် မဏ္ဍပ စေတီတော် တည်ထားတော် မူဘို့ အ တွက် အမှုးအမတ်ကြီး ငါးဦးတို့ကို ခန့်ထား စည်းကြပ် တော်မူ၏။ ခန့်ထားသော အမတ်တို့ကား-

၁။ အမတ်-မဟာသင်္ကြံတပါး။

၂။ အမတ်-နန္ဒသုဘပါး။

www.dhammaransi.com



၃။ အမတ်- မင်္ဂလာတပါး။

၄။ အမတ်- အဘယဝေရောဲတပါး။

၅။ အမတ်- မာနိစ္စယ်တပါး။

ဤငါးဦးတို့ ပေတည်း။ ထိုအမတ်ကြီး ငါးဦးတို့သည် စစ်သည် ဗိုလ်ခြေ တို့ကို ကြပ်မ အုပ်ချုပ်လျက် အုတ်, သရွတ်, အင်္ဂတေ, သဲ, ကျောက်စရစ်- တို့ကို နင်းနယ် စီမံ ရကုန်၏။ ဖုတ်၍ ကျက်လေပြီးသော အုတ်တို့ကို ဆင်မယာဉ်သာ တို့ဖြင့် တင်လျက် သိဟိုဠ်ရှင် တည်တော်မူရာ ကုန်းပြင်သာသို့ ပို့ဆောင် ကြရကုန်၏။သရွတ်,အင်္ဂတေ, သဲ, ကျောက်စရစ်- တို့ကိုလည်း အဖန်ဖန် ကြိတ်နယ်ပြီးလျှင် ဆင်မယာဉ်သာ တို့ဖြင့် တင်လျက် ဘုရားတည်တော်မူရာ ကုန်းပြင်သာသို့ ပို့ကြရကုန်၏။ ထိုစဉ်အခါတွင် ဆင်မ ယာဉ်သာတို့ သွားရာ ခရီးကြောင်းကား ဖုံဖုံမြင်၍ ထင်ရှားလာသော ဟူ၏၊ မင်းတရားကြီးကား ကူးခန်းရပ်- အောက်မြေတွင် ယာယီတော် တဲနန်းဆောက်၍ ကွန်းထောက် ချတော်မူသည်၊

သိဟိုဠ်ရှင် ဘုရား တည်ရာ ကျွန်းမျက်နှာ အပြင်သည်ကား အရပ်လေးမျက်နှာတွင် လှည်ဘီး စက်ဝန်းကဲ့သို့ဝန်းဝိုင်း၏။ စည်၏မျက်နှာပြင်ကဲ့သို့ ညီညွတ် ချောမော၏။ လဲဝါဝမ်းဗိုင် ကဲ့သို့ အလွန်နူးညံ့သော မြေအပြင်ရှိ၏။ မြေကြီးလည်း ကျစ်လစ် သိမ်မွေ့လှ၏ မြေဩဇာ ထက်သန်လှ၏။ သိဟိုဠ်ရှင် ရုပ်တုတော် ဘုရား၏ တန်ခိုးတော် အစွမ်းအားဖြင့် ရုတ်ချင်း ဖြစ်ပေါ်လာသော မြေ

www.dhammaransi.com



ဖြင် ဖြစ်သောကြောင့် ကျောက်စရစ်ခဲ, အိုးခြမ်းကွဲ-စသော အညစ်အကြေးမရှိ သန့်ရှင်း စင်ကြယ်လှ၏။

## ၃။ ဘုရားတည်ရာ အရပ်ကို မှတ်သားခြင်း။

အမတ်ကြီး ငါးဦး တို့သည် ရွှေကြိုးဖြင့် ဆွဲငင်၍ ဆိုခဲ့ပြီးသော ကုန်းပြင်သာတွင် ဘုရားတည်ထားရာ အရပ်ကို မှတ်သားသော် ဆွဲတိုင်း, ငင်တိုင်းသော ရွှေကြိုး တို့သည် အပိုင်းပိုင်း သာလျှင် ပြတ်၍ သွားသေသော ကြောင့် မြေအရပ်ကို မမှတ်နိုင်ဘဲ ရှိသေ၏။ ထို့နောင်ရှေး နည်းတူ စိုက်တိုင်း, ထူတိုင်းသော=ပန်နက်တိုင် တို့လည်း မြေသို့ မစူးဝင်ဘဲ မြေပြင် ပေါ်၌သာ တည်နေသော ကြောင့် ဘုရား တည်အံ့သော၌ါ မြေနေရာကို မမှတ်နိုင် ဘဲ ရှိပြန်လေသည်။

အမတ်ကြီး ငါးဦးတို့သည် ထို အခြင်းအရာကို မင်းကြီးအား လျှောက်ထား၍ မင်းကြီးကြားသိတော် မူသော် အသို့ စီရင်ရအံ့နည်း...ဟု ဟူးရားဖြူ, ဟူးရားညို တို့အား မေးမြန်းတော်မူလျှင် ဟူးရားဖြူ,ဟူးရားညိုတို့က လျှောက် ထားသည်မှာ။ ။"မြတ်သော မင်းကြီး။" ဤကျွန်းပေါ် မြေအပြင်သည်ကား သာသနာ ငါးထောင် တည်နေနိုင် အံ့သော ဘုမိနက်သန် မှန်ကန် ညီညွတ်သည့် မြေမြတ် ဖြစ်ပါသည်။ ထိုမြေမြတ်၌ ဘုရားရှင် ချပ်တုတော် ကိန်းဝပ်ဘော်မူရာ မြေနေရာကို ရွေးစီ စစ်လျှင် အပြစ်မရှိ သော နေရာကို တပ်တပ် အပ်အပ် သိနိုင် ပါမှ ဆွဲငင်

www.dhammaransi.com



သော ရွှေကြိုး၊ ထိုးဖိုက်သော ပန်နက်တိုင်တို့ မြိုမြိုခိုင်ခံ့ ရှိပါသည်ဟု လျှောက်ထားကြလေ၏။

မင်းကြီးလည်း ထိုစကားကို ကြားလျှင် အဘယ်သူသည် အပြစ် မရှိသော နေရာ အရပ်ကို တပ်တပ် အပ်အပ် သိနိုင်သနည်းဟု မေးမြန်းတော် မူပြန်သော် ဟူးရားဖြူ၊ ဟူးရားညိုတို့က အရှင်မင်းကြီး၏ ဆရာဖြစ်တော်မူသော အရှင်အရဟံ၏ တပည့်ဖြစ်သော ရဟန္တာအရှင်မြတ်များ သိနိုင်ပါသည်ဟု လျှောက်ထားကြ ပေ၊ဘုန်၏။ ထိုအခါ မင်းကြီးသည် ဦးခေါင်း ထက်တွင် လက်စုံကို တင်ထားပြီးမှ ပုဂံနေပြည်တော် ရှိရာသို့ ရှိခိုးတွဲ မျက်နှာတော်မူလျက်။ ။အရှင် ကောင်းသား ရဟန္တာများ တို့သည် ငါ့အား မြေနေရာကို ပြောလာကြ စေကုန်သတည်းဟု ပင့်လျှောက်တော် မူလေ၏။

များမကြာမီပင် ပုဂံပြည်တွင် သီတင်း သုံးတော် မူကြသော ရှင်အရဟံ၏ တပည့် ဖြစ်တော် မူကြသည့် ရဟန္တာအရှင်မြတ် ငါးရာတို့သည် မင်းကြီး၏ လျှောက်ထားသံ စိတ်အကြံကို သိတော်မူသောကြောင့် ကောင်းကင်ခရီးဖြင့် ဈာန်သမာပတ်ကို ဝင်စား၍ မင်းကြီးရှိရာသို့ ကြွလာ လတ်ကုန်၏။ မင်းကြီးလည်း ရဟန္တာအရှင်မြတ်တို့အား ရှိသေစွာရှိခိုးပြီးသော်။ ။ဘုရား တည်ရာမြေကောင်း၊ မြေသာ အပြစ်အဆာ မရှိသောမြေကို ညွှန်တော်မူပါလော့ ဟူ၍ အကြီးဖြစ်သော မဟာထေရ်မြတ်အား လျှောက်ထားတော် မူလျှင်။ ။မဟာထေရ်မြတ်လည်း ကျွန်းမြေ အရပ်သို့ ကိုယ်တော်ကို လှည့်ပတ်၍

www.dhammaransi.com



မျက်တောင် မခတ် ကြည့်ရှုဘော် မူပြီးမှ တခုသောနေ ရာ၌ ငြိမ်သက်စွာ ရပ်တန့်တော် မူ၏။ ထိုခဏချင်းတွင် မဟာ ထေရ်မြတ်၏ ပတ်ပတ်လည် အရပ်၌ အရောင် အဝါ ရှိန်ရှိန်ထွက်၍ ထန်းလုံးခန့်မျှ တက်ပြီးသော် မြတ် သော မင်းတရား ကြီးသည် ပိုင်းခြား ရည်ညွှန်းထား သည်နှင့် မျှသော အတိုင်းအရှည် ရှိသော မြေအရပ်ကို ဖြတ်သန်းလျက် လေးထောင့် အဝန်း ညီမျှသော ရွှေ ရောင်ကဲ့သို့ ဝါသော အဆင်းရှိသော အရေး အကြောင်း သုံးထပ် ပေါ်လာရလေသတည်း။

ထိုအရေး အကြောင်း သုံးထပ် သည်ပင် သီဟိုဠ် ရှင် မြတ်စွာဘုရား ကိန်းဝပ်တော် မူရာ မုဓ္ဓော စေတီ တော် တည်ထားရန် ဖြစ်သတည်း။ ထို့ကြောင့် ဘုရား ဆက်သမိုင်း လင်္ကာတွင်။

## ဘုရားဆက် သမိုင်းလင်္ကာ။

၄။ ဆုမွန်ဖြိုးဖြိုး။ ဘောင်းမှုကျိုးနှင့်။ ပုထိုးစည်းခုံ။ ကျောင်းရွှေ ဘုံသည်။ နိတုံ ရောင်မြူး။ တည်ထား ဦး၍။ ဆည်းပူး ကိုယ်တွင်။ ပြည့်ကြောင်းငင်၍။ အရှင် သိဃိုဠ်။ ကြည်ညို ဆွတ်ဆွတ်။ မြေအထွတ်ထက်။ ရွှေကြိုး ခက် သည်။ ပန်နက်စိုက်ထူ။ ပြုပါမူလည်း။ လျှံလူပဘ်ပဘ်။ ရွှေ ကြိုးပြတ်လျက်။ မတ်မတ် မခိုင်။ ပန်နက်တိုင်ကို။ ဘုန်း ယှိုင်သရဖူ။ လောင်းစည်သူလျှင်။ ချောက်ယူ ပန်ညွှတ်။

www.dhammaransi.com



အာရုံမြဲမြဲ။ ပြည်ပုဂံသို့။ အသံတွတ်တွတ်၊ ငါ့မြေဝတ်ကို။ မချွတ်ပြလာ။ ဝိဓွာန်ကာသည်။ နတ်သာတင်တင်။ ဆို လျှောက်ငင်သော်။ ရှင်အရဟံ။ တပည့်ခံသား။ ထေရ်မျိုးငါးရာ။ ရဟန္တာတို့။ ကြွလာပျံဝဲ၊ ကောင်းကင်ထဲမှ။ ရှုဆဲ ခဏ။ မြေသို့ကျလျှင်။ ဒေါသတစိ။ မရှိပြုစင်။ မြေအပြင်၌။ ရွှေမင် ရေးသား။ ထားသို့အသွင်။ သုံးရုထင်သည်။ ။ ရှုမြင် နှံ့ညွှဘွယ်ရာတည်း။

## မှတ်ချက်။

ဤ သမိုင်း လင်္ကာကို ထောက်သော အား ဖြင့် အရှင် အရဟံ ပရိနိဗ္ဗာန် စံလွန်တော် မူပြီး သော နောက်၌လည်း အရှင်အရဟံ၏ တပည့် ဖြစ်သော ရဟန္တာ မြတ်တို့သည် ပုဂံ ပြည်၌ ကြွင်းကျန် ရစ်ခဲ့ကြောင်းကို ယုံမှားကင်းစွာ ဝန် ခံရာသတည်း။ ။ဤကားမှတ်ချက်။

ဤသို့လျှင် မြေနေရာ အရပ်ကို တင့်အပ် လျှောက် ပတ်စွာရပြီးသော် ရဟန္တာ အရှင်မြတ်တို့သည် ကောင်း ကင်ထက်မှ ပုဂံပြည်သို့ ပြန်ကြွ တော်မူကုန်၏။ မင်းကြီး လည်း ရွှေမင်သား သကဲ့သို့ ထင်ရှား ပေါ်လာသော အခ ရေးသုံးရု၏ အတွင်း၌ မှဲ့ဓော ဂူလိုက် တည်အံ့သောဌါ ပွဲမတ်ကြီး ငါးဦးတို့ကို ခေါ်ရင်ဆော်ဖန် စေတော်မူသည်။ ပွဲမတ်တို့လည်း ထင်ရှား ပေါ်လာသော အခရေးအသား အတိုင်း အစောက် သံတောင် တဆဲ့, ရှစ်တောင်မျှ

www.dhammaransi.com



ရှစ်တောင် သံတောင်ရှိသော မြေနေရာ အခရပ်ကို သား လျက် သံတောင် တဆဲ့ ရှစ်တောင်မျှ အုတ်ကျင်းတူးဆွ ကြရကုန်၏။ ဂန္ထကုဋိတိုက်တော်ဟု ဆိုအပ်သော ရဗ္ဗော ဂူလိုဏ်၏ အတိုင်း အရှည်ကား။ ။အလျား သံတောင် ၂၁-တောင် အနံ သံတောင်လည်း ၂၁-တောင်။ ဤကဲ့သို့ မြေပြင်၏ အတို အရှည်ကို အလျား, အနံ- မှတ်လျက် လေးမျက်နှာ သံတောင် ၂၁-တောင် အညီအမျှရှိသည်။

## ၄။ အုတ်မြစ်ချခြင်း။

ဆိုခဲ့ပြီးသော အတိုင်း အုတ်မြစ်ကျင်း တူးဖေါက် ကုန်ပြီးသော် သာသနာတော် သက္ကရာဇ် တထောင် ခြောက်ရာ, ခြောက်ဆဲ့, တခု(၁၆၆၁)ခု ဂေါဇာ သက္က ရာဇ် လေးရာ, ခုနစ်ဆဲ့, ကိုးခု (၄၇၉)ခု ဖုသျှနှစ် တန် ဆောင်မုန်းလတွင် သိပ္ပိဋကဓရင် မြတ်စွာဘုရားကို အုတ် မြစ်ချ၍ ရဗ္ဗော စေတီတော်ကို တည်တော်မူသည်။ ။ အလောင်းစည်သူ မင်းတရား ကြီးသည် ဇေးဦးစွာ ရွှေ ရတနာ အတိပြီးသော အုတ်တို့ကို ကိုယ်တော်တိုင် ချ၍ စီခင်းတော်မူ၏။ ထို့နောင် မင်း, မိဖုရား, မှူး, မတ်, ကာလန်, သံပျင်တို့နှင့် အတူ များစွာသော လူမိုလ်ခြေ တို့သည် လည်း ရွှေအုတ်ချပ်, ငွေအုတ်ချပ်, ပုလဲအုတ်ချပ်, သန္တာ အုတ်ချပ်- စသောရတနာ အတိပြီးသော အုတ်ချပ် တို့ကို ပြုလုပ်ပြီးလျှင် ရဗ္ဗော စေတီတော်၌ စီခင်းကြကုန်၏။ အ လယ်ဖြစ်သော ဌပနာတိုက် ခန်း၌လည်း မင်းတရားကြီး

www.dhammaransi.com



သီဟိုဠ်ရှင် မြတ်စွာဘုရား ပုံတော်

အလယ်ကိုယ်တော်မှာ၊ အလောင်းစည်သူမင်းကြီး ကောင်းမှုဖြစ်၍

အရှေ့ကိုယ်တော်နှစ်ဆူမှာ မြင်သာဂွာအုပ်မင်းကြီး၏ ကောင်းမှုဖြစ်သည်။

www.dhammaransi.com



ကိုယ်တိုင် ရွှေ,ငွေ,မြ,ဖလ်,သန္တာ, နီလာ,ဂေါမုတ်, ပတ္တမြား, ပြယိုးယား,သလွဲမည်း သလွဲဖြူ,စန္ဒရကန်, ဝဇိရခိမ်စသော အထူးထူးသော ရတနာ ရုပ်တုတော် ရတနာပန်းခိုင် ရတနာတမ်းခွန် ရတနာကုက္ကား- စသည် တို့ကို ဥပနာတော်မူသည်။ မွေတော်, ခါတ်တော် တို့ကိုလည်း ရွှေအတိပြီးသော ပလ္လင်ထက်၌ ပတ္တမြား စရွတ်တောင်းဖြင့် နဝရတ်ကိုးပါးဖြင့် ပြီးသော ကွန်ရက်ဖြင့် အုပ်ဖုံးလျက် ဥပနာတော် မူသည်။ ထိုဥပနာဘိုက်၌ ဓိခင်းအပ်သော အုတ်တို့ကိုလည်း မင်းကြီးကိုယ်တိုင် ကိုင်၍ ရှေးဦးစွာ ဓိခင်းတော် မူသည်။ ။ဥပနာတိုက် ကိုလည်း ရတနာ ခုနစ်ပါးဖြင့် ပြီးသော အုတ်ချပ်တို့ဖြင့် ကာရံစီခင်းလျက် ကျုံး မြောင်း သဘွယ် တင့်တယ် အောင် လိမ်းကျံ မွမ်းမံလေသည်။

သိကြားမင်း, နတ်မင်း တို့လည်း အထူးထူးသော ရတနာတို့ကို ထည့်ဝင် လှူဒါန်းလာကုန်၏။ မုဋ္ဌောစေတီတော်ကိုသည်း ကူညီဝန်းဝိုင်း၍ လူတပိုင်း, နတ်တပိုင်း တည်လာ ကြကုန်၏။ ။အလောင်းစည်သူ မင်းကြီးသည် အတွင်း ဂူနေရာ ဥပနာတိုက်၏ အတွင်း၌ ကြေးရုပ်တု, ငွေရုပ်တု,ရွှေရုပ်တု, မြရုပ်တု,ဓိန်ရုပ်တု, ပတ္တမြားရုပ်တု, စန္ဒရကန်ရုပ်တု, သလွဲရုပ်တု, သန္တာရုပ်တု, နီလာရုပ်တု, ဂေါမုတ်ရုပ်တု, ဥသဘာယားရုပ်တု- စသော အရာမကသော ရုပ်ဘုတော်တို့ကို ဥပနာတော်မူ၏။ ။ ထိုရုပ်တုတော်တို့၏ ရှေ့ချက်မှောက်၌ ရွှေပန်းခိုင်, ရွှေတန်ဆောင် ငွေပန်းခိုင် ငွေတန်ဆောင် ကော်ကြား:

www.dhammaransi.com



ငွေကုက္ကား— စသော ဆန်းကြယ် ထွေထူးသော ပန်းတန်ဆောင် တို့ကို လှူဒါန်းတော် မူ၏။ ။မိဖုရား,မောင်းမ, မှူးမတ် ပရိသတ်တို့လည်း ထို့အတူ လှူဒါန်းသူသည် သာများ၏။ ။မင်းကြီး ကောင်းမှု, မိဖုရားကောင်းမှု, မှူးမတ် ကောင်းမှု, သူဌေး,သူကြွယ် ကောင်းမှု တို့ကို လည်း အသီးသီး လိပ်ကမ္ဗည်း တပ်စေ၏။

ကျောက်အိုး စရည်းကြီး တို့ကို ထွင်း၍ ဌပနာ တိုက်၏ အတွင်း၌ တည်ထားပြီးမှ ထိုအိုးစရည်းတွင် နံ့သာရေတို့ကိုဖျော်၍ ထည့်သွင်း၏။ ပန်းပေါင်း, ကတိုး စသော အခိုးနံ့သာတို့ကိုလည်း အုတ်ရိုးပေါ်တွင် သွန်းလောင်း ဖြန့်ကြဲရ၏။ အတွင်းကား-မြ အပကား ရွှေစင် အတိပြီးသော ဓာတ်တော်, မွေတော်, သေတ္တာကြုတ်တို့ ကိုလည်း မင်းကြီး ပူဇော်သော ရွှေရုပ်တု, ငွေရုပ်တု= စသော ရတနာရုပ်တုတို့၏ အကြား၌ ထားရ၏။ ။ သိဟိုဠ်ရှင် မြတ်စွာဘုရား ကျိန်းဝပ်တော်မူရာ ဂူလိုဏ် ၏ အောက်အပြင် အတွင်း၌ကား နဝရတ်ကိုးပါးဖြင့် ပြီးသော ရဲရဲငြိတောက်လောင်သည့် ပလ္လင်တော်, ဗိဘာန်တော်, ထီးတမ်းခွန်တော်တို့ကို လှူဒါန်းတော်မူ၏။ ရွှေ,ငွေ- စသော ရတနာမျိုးတို့ကို လှူဒါန်းတော်မူသည်ကား အခပ်အရေပြုလျှင် ရှစ်စရွတ်မျှ ရှိသောဟူ၏။

မှူးမတ် တို့လည်း နေ့ညဉ့်မဟူ လုံ့လကူ၍ အားထုတ်သဖြင့် မှဉ္ဇော လိုဏ်ဂူသည် တမ်းခွန်ထူ သကဲ့သို့ တက်လာလတ်၏။ ။စစ်သည် ဗိုလ်ပါတိုလည်း ကြက်ပ

www.dhammaransi.com



ပြုရ ကြရ၏။ ။ဤသို့လျှင် သာသနာတော် သက္ကရာဇ် တထောင်, ခြောက်ရာ, ခြောက်ဆဲ့တခု (၁၆၆၁)ခု၊ ဂေါဇာသက္ကရာဇ် လေးရာ, ခုနစ်ဆဲ့, ကိုးခု(၄၇၉) ခုနှစ် တန်းခူးလသို့ ရောက်လျှင် သိဘိုဋ္ဌိရှင် မြတ်စွာဘုရား ကိန်း ဝပ်တော်မူရာ မုဋ္ဌော လိုဏ်ဂူသည် အပြီးသို့ ရောက် လတ် သတည်း။ ။(ခြောက်လမျှဖြင့် မြတ်စွာဘုရား ဂူလိုဏ် ပြီးစီးလေသည်)။ ။ဤနေရာတွင် ရွှေမုဋ္ဌော သမိုင်းလကာ်ကို ထည့်သွင်း ဘော်ပြဦးအံ့။

## (ဃ) ရွှေမုဋ္ဌော သမိုင်းလင်္ကာ။

အမြိုက်ရေသွန် ဂုဏ်တမ်းခွန်နှင့် မိုးစွန်တိုင်ဖြန့် ဗိုင်း ခြားကန့်သား ထိတ်လန့် မိုလ်လူ လောင်းစည်သူလျှင် ရွှေဂူမုဋ္ဌော တည်သောအခါ မဟာဘူမိ မြေအချိုထက် တူးဖေါက် နှက်လျက် နက်နက်ခေါင်ခေါင် အောက်တိုင် အောင်တည့် အရောင်ပြွန်းပြွန်း ဝန်းကျင်ချုန်းမှု ဘုန်း ရှိအသရေ ရွှေ, ငွေ, သန္တာ နီလာ, ဂေါမုတ် မြ, ဥဿ ဘယား ပဒ္မမြားနှင့် ယိုးယားပြမွန် မှောက်သွန် ဖြန့်ကြဲ ပုလဲ, စိန်, ကြောင် သလွဲတောင်လည်း အထောင် မက ဗုဒ္ဓရုပ်ပုံ ဆင်းနိတုံသည် ရွှေမှုံသွန်းသွန်း ထိန်ထိန် ထွန်း ၏ ကျွန်း အဓိပတိ ဘုန်းရှိကုသိုလ် ပန်းပျို, ပန်းတန် ပန်း လက်တန်ကား ရှုရန်မရဲ ရောင်မျိုး စွဲလျက် တခဲနက် သာ ဌပနာသည်။ ။ရောင်ဝါ ပြက်ပြက် ပြွန်းပြွန်း

www.dhammaransi.com



## ၅။ သီဟိုဠ်ရှင် မြတ်စွာ ဘုရားကို ပင့်ဆောင်တော်မူခြင်း။

ဤသို့လျှင် ခြောက်လတာမျှဖြင့် မုဋ္ဌော စေတီတော် ပြီးပြေလတ်သော် ယာယိတဲ နန်းတော် စမုခ်ဦးတွင် ထီးဖြူတော် ချနစ်စင်းဖြင့် အုပ်လျက် စံနေတော် မူသော သီဟိုဠ်ရှင် မြတ်စွာဘုရားကို မုဋ္ဌောစေတီ လိုဏ်ရှိရာ သို့ မင်းတရားကြီး ကိုယ်တော်တိုင် လူမိုလ်ခြေ အများ နှင့် ပင့်ဆောင်တော် မူလာ၏။ ။စေတီတော် ဂူလိုဏ် သို့ ရောက်တော်မူလျှင် ကနက္ကဒက်, ပန်းမာလ်, ကုက္ကား တို့ကို ထောင်လွှားပြီး၍ မြိမ့်မြိမ့်သဲမျှ ပူဇော်တော် မူပြီး လျှင် ဂူလိုဏ်၏ အတွင်းသို့ သွင်းရ၏။ ။ဂူလိုဏ်တော် ကား အလျား အနံ သံတောင် (၂၁)တောင် အမြင့် (၃၆)တောင်မျှ ရှိလေသည်။ သီဟိုဠ်ရှင် မြတ်စွာဘုရား ၏ မျက်မှောက်တော်၌ အလျှံတပြောင်ပြောင် တောက် လောင် ကွန့်မြူးသော အထူးထူးသော ကျောက်မျက် ရတနာတို့ကို ရတနာ ပန်းတောင်းဖြင့် ထည့်သွင်း လှူ ဒါန်းတော်မူ၏။ ။ဘမ်းခွန်, ကုက္ကား မုလေးပွါး, ထီး, ပန်း ဆီမီး–စသော လှူဘွယ်ဝတ္ထု တို့ကား အရေ အတွက် မရှိ များပြားလေသည်။

## ၆။ တံတိုင်းမီးတား-စသည် ပြုတော်မူခြင်း။

ထို့နောင် မဟာရာမ်တံတိုင်း, မီးတားကို ကာရံတော်

[illegible]

www.dhammaransi.com



တော်မူပြီးလျှင် ထိုမြစ်မ-ကိုင်းကျွန်းမှ ဇေရာဝတီ မြစ်သို့ သွားလာသော အခုတ်လှေကားကြီး တရက်လည်း ဆောက် တော်မူ၏။ ဤနည်းတူ အရှေ့ချက်နှာ, အနောက်မျက်နှာ, မြောက်မျက်နှာ တို့၌လည်း အခုတ်လှေကား, တံဘားတို့ ကို ဆောက်စေတော် မူ၏။ ။ဤသို့လျှင် တံတိုင်း, မိုး တား, အခုတ်လှေကား- အစရှိသော အဆောက်အဦးတို့ နှင့်တကွ သိဟဠသာမိ- မည်သော သိဟိုဠ်ရှင် မြတ်စွာ ဘုရား ကိန်းဝပ်တော်မူရာ စေတီတော်ဂူလိုဏ် အလုံးရုံ ပြီးစီးလေသော် ခုနစ်ရက် ပတ်လုံး ပွဲသဘင် ကြီးစွာ ခံတော်မူ၏။ ။အလောင်း စည်သူ မင်းကြီးကား ဇမ္ဗူ ဒိပ်ကျွန်းလုံးကို အစိုးရတော် မူသော မင်းဘို့၏ ကြက် သရေတော်ဖြင့် ပူဇော်တော်မူသည်။

ပွဲသဘင် ခံလတ်သော် မိုးကြိုး ထစ်၏။ နတ်စက် သောင်မိုးကျ၏။ မိုးသည်းထန်စွာ ရွာ၏။ ကောင်းကင်မှ ကိတ်ချောင် လွှတ်၏။ မြေလျှင် တုန်လှုပ်၏။ လျှပ်ပန်း, လျှပ်နွယ် အဆန်းတကြယ် ပြက်၏။ မိုးအလုံးတွင် မျက် တောင်ခတ်သကဲ့သို့ရှိ၏။ ပုံဘင် သံရိုက်၏။ တော်လည်း ၏။ ။သိဟိုဠ်ရှင် ရုပ်တုတော်မှ ရောင်ခြည်တော်ခြောက် ပါးလွှတ်၏။ ။မိုးတား တံတိုင်း ပရိတ်း ကာသီးသော ဘုရား၏ အတွင်း၌ မြတ်စွာဘုရား၏ ရောင်ခြည်တော် ခြောက်ပါးဖြင့် ရဲရဲပြီ ဘောက်လောင်သော ဟူ၏။ ။ နတ်အပေါင်း တို့လည်း ကောင်းကင်ထက်မှ ပန်းပေါက် ပေါက်တို့ကို ကြဲဖြန့်ကြဲလေ၏။ ။လူမိုလ်ခြေ အပေါင်း နှင့် ရဟန်း,ရှင်,လူ သူတော်ကောင်း တို့ကား သာခုခေါ်

www.dhammaransi.com



ဝေါကြကုန်၏။ ။မင်းတရားကြီးကား အလုံးစုံသော သူဘွယ်ဝတ္ထုတို့ကို သူဒါန်းပူဇော် ပြီးလျှင် သင်္ဘောကြီး ၈ စင်းနှင့် စုံသော နေ့၌ သာသနာတော်ငါးထောင် ပတ်လုံး တည်ရစ်စေသောဝ်–ဟု အဓိဋ္ဌာန် ပြုတော်မူသည်။ ။ ကြေးစင်အဒုလာ အထောင် အရာတို့ကို သွန်း၍ ခေါင်း လောင်းလည်း လှူ၏။

လှူတော်မူသော ဝတ္ထုကံ မြေအပိုင်းအခြားကား။ ။ အရှေ့သို့လားသော် "ရင်းရဲရေဝင်ချောင်း" အထိ တာ တထောင်။ ။အနောက်သို့ လားသော် "မြေအုတ်ကျင်း" အထိ တာ တထောင်။ ။မြောက်သို့ လားသော် "မြစ်ခြေ ကုန်းကြော"။ ။တောင်သို့ လားသော် "ဇရာ ဝတီမြစ်ဝ"။ ။ဤသို့ ပိုင်းခြားတော် မူသည်။

## မှတ်သားချက်။

ဤ နေရာ၌။ ။အရှေ့ လားသော် "ရင်းရဲ ရေဝန်ချောင်း" အထိ- ဟူသည်ကို ယခု ရုံစမ်း သော် ပခုက္ကူမြို့ အရှေ့မျက်နှာ မြို့ဦး မြို့ထိပ်မှာ ရှိသော ယခုအခေါ် "ရွှေချောင်း" ခေါ်သော– ယမားချောင်း ဖြစ်ရာသည်ဟု ဆိုကြသည်။ ။ မြောက်သို့လားသော် "မြစ်ခြေကုန်းကြော" အထိ- ဟူသည်ကို ယခု ရုံစမ်းသော် ပခုက္ကူ မြို့၏ မြောက် မျက်နှာမှာ ရှိသော "ကုသိနာရုံ တောင် တန်း စသော တောင်ပုလု" များကိုပင် ဆိုလို သည်ဟု ပြောဆို ကြပြန်သည်။ ။အနောက်သို့

www.dhammaransi.com



လားသော် "မြေအုတ်ကျင်း" အထိ–ဟူသည်ကို ယခု ရုံစမ်းသော် ပရက္ကူမြို့ အနောက် မျက်နှာမှာရှိသော ယခုအခေါ် "ပေါက်အင်း" သည်ပင် ဖြစ်ရာသည်ဟု ဆိုကြသည်။ ။တောင်သို့ အလားကား ထင်ရှား၏။ ။ယင်းသို့ ယခု ရတို့ အသီးသီး ယူဆချက်ကို ဟုတ်မည်, မဟုတ်မည် ဓိစစ်ရန်မှာ လွန်စွာ ခဲယဉ်းရကား ချင့်ချိန်၍ ဟုတ်မှန်သည် ထင်က ယူကြ ရာ၏။ ။ရှေးကာလက ဝေါဟာရ များဖြင့် ရေးသား ထားသောကြောင့် ထို အမည် တို့ဖြင့် အဘယ်ကို တိုက်ရိုက် ဆိုသည်ဟု- ဤ သမိုင်း၌ မဆုံးဖြတ်သာပြီ။

မြတ်စွာဘုရား ဦးလည်း အလုပ် အကျွေး အလို့ငှါ သင်ပုတ်ဝတ်, ဆိမ်းဝတ်ပြုသူ တို့ကို ခေါင်းအကြီးခန့်၍ လှူတော်မူသည်။ ။သိဟိုဠ်ရှင် ဘုရားအား မီးဘေး, ရေဘေး- စသည်တို့မှ ဝေးလံစိမ့်သောငှါ သရက်ပင်, မန်ကျည်းပင်- စသော ဥယျာဉ် တို့ကိုလည်း စိုက်ပျိုးတော်မူသည်။ ။သိဟိုဠ်ရှင် မြတ်စွာ ဘုရား၏ ထက်ဝန်းကျင်၌ အရိယာ သံဃာတို့ သီတင်း သုံးစိမ့်သောငှါ ကျောင်းသခ်မ်း, အရိပ်, ရေချမ်းတို့ကိုလည်း ဆောက်လုပ်လှူဒါန်းတော် မူ၏။ ။အလုံး စုံသော ကောင်းမှုတော် အစု ပြီးစီးလေလျှင် သမိုင်းမော်ကွန်းလည်း ထိုးစေ၏။ လိပ်ကမှည်းလည်း တပ်စေ၏။ ။သိဟိုဠ်ရှင် မြတ်စွာ

www.dhammaransi.com



ဘုရား၌ အရုံအတား အကာအဆီး တို့ကို ခိုင်ခံ့အောင် ပြုလုပ်ရသည်။

ဘုရားသမိုင်းစာ အဆွယ်ပြွတ်များ ကိုလည်း ကျောက်စာတိုင် စိုက်မှတ်စေ၏။ နှစ်စဉ် သင်ပုတ်ဝတ်, ဆီမီးဝတ် တို့ကို ကိုယ်တော်တိုင် လာရောက်ပြုသည်သာ များ၏။ ဘုရား သခင်၏ ဘွဲ့တော်ကိုကား ပကတိ အတိုင်းပင် "သိပ္ပိဋကဓရ မြတ်စွာဘုရား"ဟူ၍ မော်ကွန်း ထိုးစေသည်။ ။ထိုအခါမှစ၍ သိပ္ပိဋကဓရ မြတ်စွာ ဘုရားကား များစွာကုန်သော လူ, နတ်, ဗြဟ္မာတို့၏ အကျိုးစီးပွါးကို ဆောင်တော် မူလျက် နေမီးတန်ဆောင် ကဲ့သို့ ထင်ရှား ကျော်စောတော် မူလေသည်။

## မှတ်ဖွယ်ချက်။

ဩဃယာဉ် ဆရာ၏— အလောင်း စည်သူ မင်းကြီး၏ ကောင်းမှုတော်ကား ယခု ထင်ရှား ရှိသော ရုပ်ပွါးတော် သုံးဆူတို့တွင် အငယ်ဆုံး ဖြစ်သော ရုပ်ပွါးတဆူ သာတည်း။ ကြွင်းသော ရုပ်ပွါးတော် နှစ်ဆူ တို့ကား မြင်သာရွာအုပ်ကြီး ၏ ကောင်းမှု ဖြစ်လေသည်။ ။ဤအကြောင်း ကား နောက်၌ အကျယ်လာလိမ့်မည်။ ။သတိ ထားရန် အချက်ကား။ ။ထိုစဉ် အခါက ယခု ပခုက္ကူမြို့ကား ရှိသေးပုံမရ၊ မြစ်ကိုင်းရပ် တခု သာ အလောင်းစည်သူ မင်းကြီး ထားခဲ့သော ကြောင့် ရှိပုံရသည်။ ။ပခုက္ကူဟူသော အမည်

ဖြင်သာဟူသော အမည်၌ တို့ကား နောက်ကာလ ကျမှ ဖြစ်ပေါ်ဟန် လက္ခဏာရှိသည်။ ။ထိုတွင် လည်း ဖြင်သာ ရဗ်သည်ကား ပခုက္က။ ထက်ပင် ရှေးကျဟန် ရှိပြန်သည်။ အဘယ့် ကြောင့်နည်း။ သမိုင်းစာစောင်, ရာဇဝင်- စသည်တို့၌ ပခုက္က။ ဟူသော အမည်တို့ကား ဗိုးစဉ်မျှ မပါဝင်သော ကြောင့်တည်း။ ။တနည်း အသားဖြင့်ကား ထို စဉ်အခါက ရှိသော်လည်း ခမ်းနား ကြီးကျယ် သည်မဟုတ်၊ သေးငယ် သိမ်ဖျင်း သောကြောင့် ရာဇဝင်, သမိုင်း- စသည်တို့၌ မသို ပါသည်ဟု ယူဆ နိုင်သေးသည်။ ။ထို့ကြောင့် ပခုက္က။ တွင် ယခုစည်ကားသော နေရာတို့ကား နောက် ကာလမှ ဖြစ်ပေါ်သော နေရာတို့ ဖြစ်လေသည်။ ရှေးအကျဆုံး အရပ်ကား မြစ်ကိုင်း- အရပ်ပင် ဖြစ်လေသည်။ ဤသို့ မှတ်ရမည်။ ။ဤသည် တို့ကား သီဟိုဠ်ရ သမိုင်းဟောင်း ဘုရားဆက် သမိုင်း လင်္ကာ၊ ရွှေမုဋ္ဌော သမိုင်း လင်္ကာ၊ ထို့မှ တပါး ကျောက်စာ, ရာဇဝင်- စသောကျမ်းဂန် တို့နှင့် တည်းဖြ၍ ညှိနှိုင်းလျက် ရေးသား အပ် သော စကားအစဉ် တို့တည်း။

သီဟိုဠ်ရှင်ဘုရား တည်ထားတော်မူခန်း ပြီး၏။

www.dhammaransi.com



# ဘုရားဒါယကာနတ်ရွာ စံတော်မူခန်း။

ဤသို့လျှင် သိပ္ပံဝိဇ္ဇာရှင် မြတ်စွာ ဘုရား တည်ထား တော် မူခန်းကို ပြဆိုပြီး၍ ယခုအခါ ဘုရား ဒါယကာ နတ်ရွာ စံခန်းကို ဆိုပေအံ့သတည်း။

## ၁။ မှတ်သားဘွယ် ကောင်းသော အချက်များ။

သိပ္ပံဝိဇ္ဇာရှင် ဘုရားဒါယကာ သရက္ခန် ငါးဆူစသော ဘုရား ဒါယကာ အဆုံးမရှိသော ဘုန်လက်ရုံး အာဏာ ရှိတော် မူသော လှေစကြာရှင်- ဘုရင် နရပတိစည်သူ မင်းတရားကြီး နတ်ရွာ စံတော် မူသော အကြောင်းကို မဆိုမီ ကြီးကျယ်မြင့်မြတ် လှသော ဘုန်းသမ္ဘာ ရှိတော် မူသော မင်းတရားကြီး၌ အထူးမှတ်သားဘွယ် ကောင်း သော အချက်တို့ကို စာဘတ်သူတို့ အမှတ် တရ ရှိစေ ခြင်းငှါ ရာဇဝင်ကြီး, ရာဇဝင်လတ်, သုဝဏ္ဏသောမိတရာဇ ဝင်တော် တို့မှာ လာရှိသော အတိုင်း အကျဉ်းချုပ်မျှ ထုတ်နုတ် ရေးသား ဦးအံ့။ ။အကျဉ်းချုပ် ထုတ်၍ ရွေးနုတ် ရေးသားရန် အကြောင်းတို့ကား-

၁။ ချီးမြှောက် သင့်သူကို ချီးမြှောက်ခြင်း။
၂။ နှိပ်နင်း သင့်သူကို နှိပ်နင်းတော် မူခြင်း။
၃။ သည်းခံတော်မူသော စိတ်နှလုံးရှိခြင်း။

www.dhammaransi.com



၄။ လက်ရုံးစွမ်းပကားကို အားကိုးတော်မူခြင်း။
၅။ ဘေးတော်, ဘိုးတော်တို့ကို ရိုသေတော်မူခြင်း။

ဤအကြောင်း ငါးချက်ပင် ဖြစ်လေသည်။ ။ထိုငါးပါး သော အကြောင်း တို့တွင်။ ။(၁) ချီးမြှောက် သင့်သူ ကို ချီးမြှောက်တော်မူခြင်း အကြောင်းကား ဤသို့တည်း။

## ၁။ ချီးမြှောက်သင့်သူကို ချီးမြှောက်တော်မူခြင်း။

အလောင်း စည်သူ မင်းတရားကြီး လက်ထက်တော်၌ နိုင်ငံတော်ဖြစ်သော ရခိုင်ပြည်တွင် မင်းဘီလူး နန်းစံတော်မူသည်။ ။မင်းမျိုး, မင်းနွယ် ဖြစ်သော "ဝရောင်း ဌက်စနည်း" ခေါ်သော မင်းသား တပါးလည်း ထိုမင်း ဘီလူးအပါးမှာ ခစားလျက်ရှိသည်။ မင်းသား "ဝရောင်း ဌက်စနည်း" အား ယုံကြည် စိတ်ချ ရသော အမတ်ကြီး သင်္ချာ ဆိုသူလည်းရှိ၏။ "ဝရောင်းဌက်စနည်း" သည် အမတ်သင်္ချာနှင့် အကြံတူ ပြုလုပ်ပြီးလျှင် တနေ့သော အခါ မင်းဘီလူးကို လုပ်ကြံလေသည်။ မင်းဘီလူး နတ် ရွာစံရချေ၏။

မင်းဘီလူး နတ်ရွာ စံတော်မူလျှင် မင်း ဘီလူး၏သား တော် "မင်းရဲဘယ" ဆိုသူသည် မြောက် သားတော်-စောပေါက်ညိုနှင့် အတူ ပုဂံပြည်သို့ ပြေးလာ ကြလေ၏။ ထိုအခါ ထီးလှိုင်ရှင်မင်းကြီး နန်းစံဆဲ ဖြစ်လေသည်။ ။ "မင်းရဲဘယ"မှာ သားတော် "သက်သာမင်းနန်" တပါး, သမီးတော် "ရွှေဂူသာ" တပါး ဤ သားတော်, သမီးတော်

www.dhammaransi.com



နှစ်ပါးလည်း ပါရှိသောသည်။ ။ပုဂံပြည်သို့ လာရောက်၍ ထီးလှိုင်ရှင် မင်းကြီးအား ခစား ကြလေ၏။ ။ဤကဲ့သို့ ခစား နေကြခြင်းမှာ "မင်းရဲဘာယ"သည် ခမည်းတော် မင်းဘိလူး၏ အရိုက်အရာကို အလိုရှိသောကြောင့် "ဝရောင်း ဌာက်စနည်း"ကို တိုက်ခိုက်ရန် အားယူခြင်းပင် ဖြစ်လေသည်။ ။သို့ရာတွင် ထီးလှိုင်ရှင် မင်းတရား လက်ထက် ဘော်၌ "ဝရောင်း ဌာက်စနည်း"ကို ကူညီတိုက်ခိုက်ရန် အခင်အားမရဘဲ ရှိလေသည်။

နောင် အလောင်း စည်သူ မင်းကြီး လက်ထက်ဘော် သို့ရောက်လျှင် အလောင်းစည်သူ မင်းကြီးလည်း သာမန်မျှသာ ဂရုပြုသဖြင့် "မင်းရဲဘာယ"၏ အကြောင်းကို မသိရ ပေသောကြောင့် အခင်အားမရ ရှိပြန်လေသည်။ ။ကာလကြာလျှင် "မင်းရဲဘာယ"မှာ သည်းထန်စွာ ဖျားနာလေသည်။ ။"မင်းရဲဘာယ"သည် ငါကား ဤအနာမှထဘောမည် မဟုတ်ဟု သိဘော်မူသဖြင့် သားတော် "လက်ယာမင်းနန်"ကို ခေါ်တော်မူပြီးလျှင်။ ။ချစ်သား ငါ့ကား မိဘရိုက်ရာ ဗိုးအချပ် ရပါမည် ထင်၍ သည် မင်းတရား၏ ဘိုးတော် လက်ထက် ကပင် ခစား စွဲမြဲ သည်းကပ် လာပါသည်။ သို့ရာတွင် အလို မပြည့်ခဲ့ပါ။ ငါကား သည် အနာမှ ထတော့မည် မထင်၊ အမှန်ပင် သေရ တော့မည်။ ။သားတော် မူကား ဘိုးဘွား၏ အရိုက်အရာကို ပြန်ရအောင် ကြိုးစားရစ်။ ဤအလောင်း စည်သူမင်း လက်ထက် တွင်မှ ဘိုးဘွား အရိုက် အရာကို ပြန် မရသော် နောက် မင်းတို့ လက်ထက်မှာ ပြန်ရတော့

www.dhammaransi.com



မည် မဟုတ်ပေ။ ။အဘယ့်ကြောင့်ဆိုသော် ဤမင်းကား စစ်သည်မိုလ်ပါ များလှသောကြောင့် ဖြစ်ချေသည်။ ။ လုပ်ရည်,ကိုင်ရည်, ပညာ အမြော်အမြင်လည်း ကြီးတော်မူလှသည်။ ဤမင်းတရားသာ အားထုတ် ကူညီ ပါလျှင် ဘိုးဘွား၏ အရိုက်အရာကို သားတော် ကောန်ရနိုင်လိမ့်မည်။ ။မင်းကြီး သိအောင် နည်းတခုကား။ ။မင်းကြီး ဦးခေါင်းဆေး မင်္ဂလာ ပြုသောနေ့တွင် မင်းကြီး၏ မနီးမဝေး၌ ရခိုင် လူမျိုးတို့ ဘာသာ ထုံးစံအရ ဆံပင်ကို ထုံး၍ မင်းကြီး မြင်လောက်ရာတွင် နေလေ။ မင်းကြီးက အမျက်ထွက်လျှင် အကြောင်းကို ကုန်စင်အောင်လျှောက်ထားရမည်။ ။ဤသို့ မှာထားခဲ့ပြီးလျှင် "မင်းရဲဘာသ" နတ်ရွာစံရလေ၏။

သားတော် "လက်ယာမင်းနန်"လည်း ဖိမိ၏ ခမည်းတော် မှာထားသော အတိုင်း မင်းတရားကြီး ဦးခေါင်းဆေး မင်္ဂလာ ပြုသောနေ့တွင် မင်းကြီး မြင်လောက်ရာ အရပ်၌ ရခိုင်ထုံးစံ ဓလေ့ဖြစ်သော ဆံကိုထုံးလေ၏။ ။အလောင်းစည်သူ မင်းကြီးသည် ရခိုင်ဆံထုံးဖြင့် ထုံးဖွဲ့ထားသော "လက်ယာမင်းနန်"ကို မြင်တော်မူလျှင်။ ။မင်္ဂလာ အခါတွင် အမင်္ဂလာကို ပြုလုပ်သည်၊ မြိုရာသလောဟု- သတ်မည် ပြုတော်မူ၏၊ ။ထို အခါတွင် "လက်ယာမင်းနန်"က ။ ။အရှင် မင်းကြီး သတ်လျှင်လည်း သေရပါတော့မည်၊ ထားလျှင်လည်း နေရပါတော့မည်ဟု ဆိုပြီးလျှင် ခမည်းတော်"မင်းရဲဘာသ" မှာထား

www.dhammaransi.com



ရကို ကြားသိရတော်မူမှ အလောင်း စည်သူ မင်းကြီး သည် သနားချစ်ကြည် တော်မူ၍ ဤသူကား ရခိုင်မင်း ၏ သားတော်၊ မြေးတော် ဖြစ်သည်။ ငါကိုယ်တော် ချီးမြှောက်တော် မူသော် ကြီးပွါးအံ့သော အရည်အသွေး ရှိသည်။ ။ဟု ကြံတော်မူပြီးလျှင်။ ။အသင် မင်းသား မစိုးရိမ်လင့် သင်မင်းသား၏ ဘိုး၊ ဘွား- အရိုက်အရာကို ငါကိုယ်တော် ရအောင်ပြုမည်ဟု မိန့်တော်မူသည်။

ထိုစဉ်အခါ ရခိုင်ပြည်တွင် "ဝရောင်း ဌက်စနည်း" မင်း၏မြေးတော် "မင်းပတိ" နန်းစံလျက်ရှိ၏။ အလောင်း စည်သူ မင်းကြီးသည် မြန်မာဘာတပ်၊ တလိုင်းတာတပ်- ချီစေတော်မူ၍ ရခိုင်ဘုရင် "မင်းပတိ"ကို လုပ်ကြံစေ တော်မူ၏။ ။မြန်မာတပ်တွင် အမတ် သိန်ပစ္စည်းအုပ် ချုပ်သည်။ တလိုင်း တပ်တွင် "လက်ယာမင်းနန်" အုပ် ချုပ်သည်။ ဗိုလ်မှူးကား အမတ် လက်ယာတည်း။ ။ ရခိုင်သို့ရောက်လျှင် ရခိုင်ဘုရင် "မင်းပတိ"ကို အောင် မြင်၍ "လက်ယာမင်းနန်"နှင့် သူ၏နှမတော် "ရွှေဂူသာ တို့ကို နန်းတင် ခဲ့စေတော် မူသည်။ ။ဤသို့ ချီးမြှောက် သင့်သူကို ချီးမြှောက်တော် မူဘတ်သည်။

## ၂။ နှိပ်နင်းသင့်သူကို နှိပ်နင်းတော် မူခြင်း။

ပင်လယ်ကမ်းခြေ တောင်ဘက် တရိုး သက်လူမျိုး တို့ကို အစိုးရတော် မူသော "သက်မင်းကတုံ" သည် တခါတပါးတွင် ကျောင်း သစ္စာတော် သွေဖီ၍ နိုင်ငံ

www.dhammaransi.com



တော် အစွန် အဖျားကို ထိပါး နှောက်ယှက်လေ၏။ ။ "သက်မင်း ကတုံ" ကား မင်းကြီးနှင့် သုတောင်းဘက် မိတ်ဆွေ ဖြစ်ကြောင်းကို အောက်၌ အကျယ်ဆိုခဲ့ပြီ။ ။ မင်းတရားကြီး ဘုရားသည် အဆွေတော် ဖြစ်သော "သက်မင်းကတုံ" က ကျေးဖူး သစ္စာတော် ဖေါက်၍ တိုင်းစွန် ပြည်နားကို ထိပါးလာသည်ဟု ကြားလျှင် အမျက်ထွက်တော် မူ၍ စစ်သူကြီး- ငရဲတိုင်, ငရဲနိုင်- နှစ်ယောက်တို့ကို ဆင်လုံး, မြင်းလုံး- အများနှင့် ချီစေတော်မူသည်။ ။စစ္စကိုင် အရပ်သို့ ရောက်လျှင် "သက်မင်း ကတုံ" လည်း စစ်သူကြီး နှစ်ယောက်တို့ကို ဆီးကြိုချခံလေသည်။ ။မင်းတရား ကြီးလည်း ကိုယ်တော်တိုင် လံဖျား အရပ်တိုင်အောင် စောင့်နေတော်မူ၏။

သို့ရာတွင် အလောင်း စည်သူ မင်းကြီးနှင့် ဘုန်းတော်ချင်း မတူနိုင်ရကား "သက်မင်းကတုံ" သည် စစ်ရေးနိမ့်ကျလေ၏။ စစ်သူကြီး- ငရဲတိုင်, ငရဲနိုင် တို့သည် "သက်မင်းကတုံ" ၏ ဦးခေါင်းကို ဖြတ်ယူပြီးလျှင် မင်းတရားကြီး ဘုရားအား ဆက်သကြကုန်၏။ ။မင်းတရားကြီးလည်း အဆွေတော် "သက်မင်းကတုံ"၏ ဦးခေါင်းကို မြင်တော်မူလျှင် ဝမ်းနည်း ကြည်ကွဲတော် မူလှ၍ ငါ့ အဆွေတော်ကား နှိပ်နင်း သင့်သောသူ အဖြစ်သို့ရောက်၍သာ နှိပ်နင်း ရသည်။ ။သည်ကဲ့သို့ ရက်စက်စွာ သတ်ကောင်းသည် မဟုတ်လေ....ဟု ညည်းတွားတော်

www.dhammaransi.com



ပြလျက်။ ။မင်းကြီး ဆုတောင်းဘက် ဖြစ်သော သူကို အဘယ့်ကြောင့် သတ်ချတိ သနည်းဟု ဆိုလေ၏။

မင်းတရား ကြီးက ဆုတောင်းဘက် ဖြစ်ပါလျက် ကျေးစွန်ရွာနား တို့ကို မချမ်း မသာအောင် ပြုလေသော ကြောင့် သုံးမခြင်း ဖြစ်ပါသည်။ ကျွန်ုပ်သည် "သက်မင်း ကတုံ" သေခြင်းကို အလိုမရှိပါ ...ဟု နတ်မင်းအားပြန် လှန် ပြောဆိုလေသည်။ မဟာဂိရိ နတ်မင်းလည်း ဤသို့ ဆိုပြန်၏။ မြတ်သောမင်းကြီး ထိုသို့ဖြစ်လျှင် "သက်မင်း ကတုံ" ဦးခေါင်းတော်ကို ရတနာ ပန်းတောင်း၌ ထားပြီး သော် ရွှေတန်ဆောင်, ငွေတန်ဆောင် ရွှေပန်း, ငွေပန်း တို့ဖြင့် ပူဇော် ပါလေ-ဟု ဆိုပြန်၏။ ။မင်းကြီးလည်း မဟာဂိရိ နတ်မင်း ဆိုတိုင်း ပြုလုပ်အံ့ဟု ကြံတော်မူ၍ "သက်မင်း ကတုံ" ဦးခေါင်းကို ရတနာ ပန်းတောင်း ထက်သို့တင်လျက် မိမိအထံသို့ မျက်နှာပြု၍ ထားလေ သော် "သက်မင်း ကတုံ" ဦးခေါင်းသည် အလောင်း စည်သူ မင်းကြီး၏ မျက်နှာတော်ကို မဖူးမြော်လို ဆု တောင်းဘက် ပုဂ္ဂိုလ်ချင်းဖြစ်လျက် ဤမျှလောက် ငါ့ကို ရက်စက်ရ သလော....ဟူသော သဘောဖြင့် ပတ်ချာ လည်၍ နေသောဟူ၏။

မင်းတရား ကြီးသည် "သက်မင်းကတုံ" ဦးခေါင်း ကို ကြည့်ပြီးလျှင်။ ။အို "အဆွေတော်" အဆွေတော် အား သတ်ရမည်- ဟူ၍လည်း ကျွန်ုပ် မမှာသေးချေ။ အဆွေတော် သေဆုံးခြင်းကိုလည်း ကျွန်ုပ်အလို မရှိပါ။

ခြင်းကိုသာ အလိုရှိမြဲ ဖြစ်သောကြောင့် သုတ်သင်စီရင်သော ထုံးစံရှိသောအတိုင်း လုပ်ကြံစေပါသည်။ စင်စစ်မှာ စစ်သူကြီးချား အမှားမှား အသွင်းယွင်း, သတ်မိခြင်း ဖြစ်ပါသည်။ ။ယခု ကျွန်ုပ် ဆိုဘိုင်း မှန်ပါမူကား ကျွန်ုပ် စိုက်သော- ကညင်ပင်သည် ချက်ချင်း ရှင်စေသော....ဟု ဆောက်တည် အဓိဋ္ဌာန်လျက် ကညင်ပင်တခုကို- စောက်ထိုးစိုက်တော်မူလေသည်၊ ။ထိုကညင်ပင်လည်း ညွှန့်တွင်းချင်းပင် အခက်အလက် ဝေဆာ၍ ပင်စည် ခက်ကျိုင်း ကြီးပွါးသော ဟူ၏။ ။ကညင်ပင်ကို အဖျားကလှန်၍ စိုက်သောကြောင့် ထိုအရပ်ကို "လံဖျား" ဟူ၍ ခေါ်တွင်စေသည်။ ။ထိုအခါမှ 'သက်မင်းကတုံ' ဦးခေါင်းလည်း ငြိမ်သက်လေသတည်း။ ။ထိုနောင် "လံဖျား" အရပ်မှ "သက်မင်းကတုံ" ဦးခေါင်းကို ယူတော်မူခဲ့၍ ပုဂံပြည် တူးရွှင်းတိုင် တောင်ခြေရင်း၌ ကောင်းစွာ သိုထား နတ်ကွန်းများ ဆောက်ပြီးလျှင် လူအပေါင်းတို့အား တနှစ်တကြိမ် ပူဇော် စေတော်မူ၏။ ။ဤကား နှိပ်နင်း သင့်သူကို နှိပ်နင်း တော်မူခြင်းတည်း။

## ၃။ သည်းခံတော်မူသော စိတ်နှလုံးရှိခြင်း။

အလောင်းစည်သူ မင်းကြီးအား တောင်နန်း မောင်မိဖုရားခေါင်ကြီးဖြစ်သော ရထနာသုံ မိဖုရားမှ ဘွားမြင်သော "မင်းရှင်စော" မည်သော သားတော်တပါး ရှိတော်မူသည်။ ။အထိန်းတော်ကြီး၏ သားဖြစ်သော "အနန္တ

www.dhammaransi.com



သူရိယ" မည်သော- အမတ်တပါးလည်းရှိလေသည်။ ။ မင်းကြီးသည် "အနန္တ သူရိယ"ကို လွန်စွာ ချစ်မြတ်နိုး တော်မူသောကြောင့် အရာရာတွင် အထူးသဖြင့် ချီးမြှောက် တော်မူလေ့ ရှိသည်။ ။အခါ တပါးတွင် မင်းတရားကြီးသည် "အနန္တသူရိယ"အား မင်းညီ မင်းသားတို့သာ ဝတ်ဆင် ကောင်းသော တုရင် အခြေတပ်၍ အမြိတ် အဆာထွက်သော "မင်းဝတ်လုံ" တခုကို ပေးသနားတော် မူလေ၏။ ။"အနန္တသူရိယ" အမတ်ငယ်လည်း ပွဲသဘင်ရှိသောအခါ ထိုမင်းဝတ်လုံကြီးကိုသာ ဝတ်ဆင် တော်မူလေ့ရှိသည်။

တရံရောအခါ "အနန္တ သူရိယ" အမတ်ငယ်သည် နန်းယင်ပြင်၌ မင်းတရားကြီး ပေးသနားတော် မူအပ်သော တုရင်အမြိတ်အဆာ တပ်ထားသည့် "မင်းဝတ်လုံ"ကြီးကို ဝတ်ဆင်လျက် ပွဲသဘင်တခုသို့ သွားလေသည်။ ။ထိုအခါ မိဖုရားခေါင်ကြီး၏ သားတော်ဖြစ်သော "မင်းရှင်စော" မည်သော မင်းသား ငယ်သည် "မင်းဝတ်လုံအင်္ကျီ"ဖြင့် ဝတ်ဆင် လာသော "အနန္တ သူရိယ" အမတ်ကို တွေ့မြင်လေ၏။ တွေ့မြင်လျှင်.... "သည်ဝတ်လုံကို အဘယ်မှ ရသနည်း"ဟု မေးတော်မူသည်။ "အနန္တသူရိယ"အမတ်လည်း အရှင့် ခမည်းတော် မင်းတရားကြီးက ပေးသနားတော် မူသောကြောင့် ဝတ်ဆင် ရပါသည်ဟု လျှောက်ထား လေ၏။ ။မင်းသားငယ် "မင်းရှင်စော" သည် အမျက် ထွက်လျက်

www.dhammaransi.com



သော ဝတ်လုံမျိုး မဟုတ်ပေ၊ မင်းညီ မင်းသားတို့သာ-ဝတ်ထိုက်သော အဝတ်မျိုး ဖြစ်ချေသည်။ ခမည်းတော် မင်းတရားကြီး ဘုရားက ပေးသနား သည် မှန်သော်လည်း သည်ကဲ့သို့ အချောချော အနွှောနွှော မဝတ်ဆင်ရ၊ ယခုပင် မင်းဝတ်လုံကြီးကို ချွတ်၍ အထိန်းအယတို့နှင့်သာ ထိုက်တန်သော ဝတ်လုံကိုဝတ်ဆင်ရမည်။ ဤသို့ မိန့်ဆိုပြီးလျှင် "အနန္တသူရိယ" အမတ်ငယ်ဝတ်ဆင်လာသော "မင်းဝတ်လုံ" ကြီးကို ချွတ်ပယ်လျက် အထိန်းအယတို့နှင့်သာ ထိုက်တန်သော ဝတ်လုံကို ပေးတော်မူ၏။ ။ဤအရာ၌ သားတော် "မင်းရှင်စော" သည် ခမည်းတော် ဘုရား၏ အမိန့် အာဏာတော် အတိုင်း "မင်းဝတ်လုံ" ဝတ်ဆင်ပါသည်ကိုမဝတ်ဆင်ရဟု တားမြစ် ဖျက်ဆီးခြင်းမှာ ခမည်းတော်၏ အခွင့် အာဏာတော်ကို ဖျက်ဆီးရာ ရောက်သဖြင့် မှားယွင်းသော အချက်ပင်ဖြစ်လေသည်။

"အနန္တသူရိယ" အမတ်ငယ်လည်း "မင်းရှင်စော" ပေးသနားတော်မူသော အထိန်း အယတို့နှင့် ထိုက်တန်သည့် ဝတ်လုံကိုသာ ဝတ်ဆင်လျက် နန်းယင်ပြင် ပွဲသဘင် ရှိရာသို့ လှည့်ပတ်လေသော် မင်းတရားကြီးမြင်တော်မူ၍ မေးမြန်း စိစစ် တော်မူလျှင် အကြောင်းစုံကို လျှောက်ထား သံတော်ဦး တင်လေသည်။ ။ထိုအခါ မင်းတရားကြီးသည် ပြင်းပြစွာ အမျက်တော် ထွက်လျက် ငါပေးသနား တော်မူ၍ ဝတ်ဆင် ပါသည်ကို

www.dhammaransi.com



သည်။ ငါနှတ်ရွာစံ၍ သည်မင်းသား မင်းဖြစ်ခဲ့ပါမူ ငါ၏သားတော်, သမီးတော်, ဆွေတော်, မျိုးတော်, မှူးမတ်တော်တို့ကို ညှဉ်းပန်း ကလူ နှိပ်စက်မည့်သူ ဖြစ်ချေသည်။ ။ကြောင်တကောင်နှင့် ကြွက်တမြုံ မကုန်စေကောင်းပေ။ ။ဤသို့ မိန့်ဆိုပြီးလျှင် သားတော် "မင်းရှင်စော"အား စားကျေး, စားလက်နှင့်တကွ အခြွေအရံ, စည်းစိမ် ချမ်းသာတို့ကို ရုပ်သိမ်း နုတ်ပယ် တော်မူ၍ နှောင်အိမ်၌ အကျဉ်းထားတော်မူ၏။

ထိုအခါ မယ်တော်ဖြစ်သော ရတနာပုံ မိဖုရားကြီးသည် အလွန်ပူဆွေးသော စိတ်ဖြင့် သားတော် "မင်းရှင်စော" အတွက် မှူးမတ်တို့ကို ကူညီပိုင်းဝန်းရန် တိုင်ပင်တောင်းပန်ရလေ၏။ ။မှူးဘော်, မတ်တော်တို့နှင့် တကွ ရတနာပုံ မိဖုရားကြီး ကိုယ်တိုင် မင်းတရားကြီးအား သားတော် "မင်းရှင်စော" တကြိမ်တခါ မလိမ္မာတော်မူသည်ကို သည်းခံ တော်မူရန်နှင့် အကျဉ်း ထားရာမှ အမြန် လွှတ်တော်မူရန် အဖန်ဖန် လျှောက်ထားကြ လေသည်။ ။မှူးမတ်တို့နှင့် တကွ ရတနာပုံ မိဖုရားကြီးက အဖန်ဖန် လျှောက်ထား ကြသဖြင့် ထွက်တော် မူသော အမျက်ကို ငြိမ်းချုပ်တည်း သည်းညည်းခံ တော်မူပြီးလျှင် သားတော် "မင်းရှင်စော"အား အကျဉ်းထောင်မှ လွှတ်တော်မူ၏။ စားကျေး, စားလက်နှင့် တကွ စည်းစိမ်ဥစ္စာ ဆင်လုံး, မြင်းလုံးကိုလည်း ပေးမြဲတိုင်း ပေးသနားတော် မူလေသည်။ ။သို့ရာတွင် မင်းတရား ကြီး၏နောက်ဆုံး အမိန့် တော်ကြီးကား။ ။သည် မင်းသား

www.dhammaransi.com



သည့် ငါ့အား မျက်နှာသုံမှုလေပြီ၊ တကြိမ်တခါ မျက်နှာသုံမှုဘူးသူကို မမွေးမြူစကောင်းပေ။ တိုင်းပြည်မှာ မနေစေနှင့်၊ သူ၏ အသက်စည်းစိမ် အတွက် ငါကိုယ်တော် သည်းခံတော် မူသည်။ ။ဤသို့ အမိန့်ချတော် မူပြီးလျှင် သားတော် "မင်းရှင်စော"အား နိုင်ငံတော် ပုဂံပြည်မှ နှင်ထုတ်တော် မူလေသည်။

သားတော် "မင်းရှင်စော"လည်း ခမည်းတော် မင်းတရား၏ အမိန့်တော် အတိုင်း ပုဂံပြည်မှ ထွက်တော်မူ ခဲ့၍ ဆင်လုံး, မြင်းလုံး စစ်သည်ဗိုလ်ပါနှင့် တကွ အရှေ့ဘက်နယ် "ထွန်တုံးပုတက်" မည်သောအရပ်တွင် ရွာကြီးတရ တည်ထောင် ပြုလုပ်နေလေသည်။ ။ထိုအရပ်၌ အလျား အနံ အတာ (၃၀၀၀)ရှိသော "အောင်ပင်လယ်" ကန်တော်ကိုလည်း ဆည်တော် မူသည်။ ။ "တမူဆိုး" အရပ်၌ "တမူဆိုး" မည်သော ကန်တော်ကိုလည်း ဆည်တော်မူသည်။ မြောင်းသုံးသွယ်- လယ်ပယ်သုံးသောင်းကိုလည်း ပြုလုပ်တော် မူသည်။ တနှစ်လျှင် သုံးသီးစားရ၏၊ ထိုအခါ အလွန်လျှင် စည်ပင် ဝပြောလေသည်။ ဆင်လုံး, မြင်းသုံး အခြွေအရံလည်း ပေါများလေသည်။ ပါဠိအဋ္ဌကထာ ဋီကာကျမ်းဂန်တို့၌ လိမ္မာတော်မူသော အရိယာ သံဃာတို့ကို ပင့်၍ ကျမ်းဂန်များစွာ ပြုစေပြီးလျှင် သင်ကြား ပို့ချစေတော် မူသည်။ ပစ္စည်းလေးပါး တို့ဖြင့် ထောက်ပံ့ပြုစု၍ သာသနာတော် သုံးပါးကို ထွန်းလင်းစေတော် မူသည်။ ။ထိုအခါမှစ၍ "မင်းရင်စော" လည်း ခမည်းတော် မင်းတရား ကြီး၏

www.dhammaransi.com



ကျေးဇူး သစ္စာတော်ကို စောင့်သိ ရိုသေတော် မူလေသတည်း။ ။ဤကား သတ်ထိုက်သော ပြစ်မှုရှိလျက် သတ်တော်မမူဘဲ သည်းခံတော်မူသော စိတ်ဖြင့် မင်းတရားကြီးသည် သားတော်ကို ညှာတာတော် မူခြင်းပေတည်း။

## ၄။ လက်ရုံးစွမ်းပကားကို အားကိုး တော်မူခြင်း။

မင်းတရားကြီး ဘုရားသည် အဆုံးမရှိသော ဘုန်းသမ္ဘာနှင့် ပြည့်စုံတော်မူစေကာ အခါခပ်သိမ်းပင် လက်ရုံး အားအစွမ်းကိုသာ အားကိုးတော် မူလေ့ရှိသည်။ ။ ရှေးရှေးသော ဘဝ၌ ပြုလုပ်ခဲ့ဘူးသော ဘုန်းကံအဟုန်ဆိုသည်ကား ကုန်ချင်လည်း- ကုန်သွားနိုင်၏၊ ပျောက်ကွယ်သွားလို လျှင်လည်း-ပျောက်ကွယ် သွားနိုင်၏။ ။ လက်ရုံး အစွမ်း ဟူသည်မှာ လုကောင် မသေသမျှ-မပျောက်ကွယ်ကောင်း မကုန်ခန်းကောင်းပေ။ ။ဤကဲ့သို့ နှလုံးသွင်းတော်မူ၍ ဘုန်းကံအစွမ်းကို အားကိုးတော် မူခြင်းထက် လက်ရုံးရည် စွမ်းပကားကိုသာ အားထားတော်မူခြင်း ဖြစ်လေသည်။ ။ဤကဲ့သို့ လက်ရုံးရည်ကို အားထားတော် မူခြင်းကား မင်းတရားကြီး အိုမင်းသည့် တိုင်အောင်ပင် အားထားတော် မူခြင်း ဖြစ်လေသည်။ ။အကြောင်း အရာကား။

အခါတပါးတွင် မင်းတရားကြီး အိုမင်း မစွမ်းရှိလတ်သော် လက်ရုံးတော်, သလုံးတော်, မျက်နှာတော်

www.dhammaransi.com



ဘို့မှ အသား၊ အရေတို့သည် ပျဉ်းပျဉ်းကျလျက် တွဲရရွဲ ဆွဲနေ ကြလေကုန်၏။ ။တနေ့သောအခါ ဗိုလ်ရှုသဘင် ခံတော် မူခိုက်တွင် မင်းတရား ကြီးသည် ကိုယ်တော် ၏ လက်ရိုး တော်ကို ဆန့်တန်းလျက် "ငါယောက်ျား ကောင်း"ဟု ကြုံးဝါးတော် မူချေသည်။ ။မှူးမတ်တို့ သည် မင်းတရား ကြီး၏ လက်ရိုး တော်မှ ပျဉ်းပျဉ်းကျ နေသော အသားအရေတို့ကို မြင်လျှင် ကြုံးဝါးတော် မူပုံ နှင့် လက်ရိုးနေပုံတို့မှာ အဆင် မပြေ သဖြင့် ရယ်မောကြကုန်၏၊ ။မင်းတရား ကြီးလည်း အမတ် တို့အား အဘယ့်ကြောင့် ရယ်ကြ သနည်းဟု မေးမြန်းတော် မူလျှင် အမှူး အမတ်တို့က။ ။အရှင် မင်းတရားကြီးကား အိုမင်းတော် မူလှပါပြီ၊ လက်ရိုးတော် အသားအရေ တို့ မှာလည်း ပျဉ်းပျဉ်းကျလျက် အကြော ပြိုင်းပြိုင်း ထပါ ကုန်ပြီ။ ။မင်းတရား ကြီး၏ ကြုံးဝါးသံကား မင်းလွင်၊ မင်းပျို အဖြစ်နှင့်သာ သင့်လျော် ပါသည်။ ယခု အခါ မင်းတရား ကြီးမှာ စိတ်တော်၌သာ အင်အား ရှိသော် လည်း ကိုယ်တော်၌ကား အင်အား ရှိတော် မူသည် မဟုတ်ပါ....ဟူ၍ လျှောက်ထားကြ ကုန်၏။ ။ထိုစကား ကို ကြားတော်မူလျှင် မင်းတရား ကြီးကား။ ။သည် အမတ် တို့သည် ငါ့ကို အိုမင်းမစွမ်း ရှိမှ လက်ရိုးကို ဆန့်တန်း၍ ကြုံးဝါးရာ သလောဟု ပြက်ရယ် ပြုကြကုန် သည်။ ။ရှိနှင့်စေဦး၊ တနေ့နေ့တွင် အဘိုးကြီး တို့၏ အား အစွမ်းကို သိစေရမည်....ဟု အမှတ်ထားလျက် ဆိတ်ငြိမ်စွာ နေတော်မူလေသတည်း။

www.dhammaransi.com



တနေ့သော အခါတွင် ဗိုလ်ရှု သဘင် ထွက်စံတော်မူလတ်သော် မင်းတရား ကြီးသည် အမှူး, အမတ်တို့အား မိန့်တော် မူသည်မှာ။ ။ဟယ် လတ်စဲ, လက်ယာ အမတ်တို့ ခိုးသူခါးပြ တယောက်သည် ပုဝါ ဦးပေါင်းကျားကို ပေါင်းလျက် မြင်းကျား တစီးကို စီးပြီးလျှင် "တူးရွှင်းတိုင်" ဘောင်ခြေ ရင်း၌ လာသမျှသော လူသူလေးပါးတို့ကို ထိပါးနှောက်ယှက်၍ လုယက် စားသောက်နေသည်…ဟူသော သတင်း စကားကို မကြားကြကုန်သလော။ ။နေ့ဝင်ရီ တရောတွင် လူသူ ပါးရှားချိန်၌ လုယက် စားသောက်၍ တိုက်ခိုက် ဖျက်ဆီး နေသည်ဟု ငါကိုယ်တော် ကြားရချေသည်။ ။နင်တို့ လေးယောက်သွား၍ ထို "မြင်းကျား ဗိုလ်"ကို ရအောင် ဖမ်းချေရမည်။ မရခဲ့သော် နင်တို့ကို ကွပ်မျက်တော် မူမည်။ ။ဤသို့ အမိန့်တော် ရှိသေသည်။ ။စစ်ဘုရင် အမတ်ကြီးလေးပါး တို့လည်း ထိုနေ့ ညနေခင်းမှာပင် မြင်းတင်းကုပ် အတွင်းမှ ကောင်းသော မြင်းလေးစီးကို အသီးသီးစီးနင်း၍ "တူးရွှင်းတိုင်" ဘောင်ခြေရင်းသို့ "မြင်းကျားဗိုလ်"ကို ဖမ်းဆီးရန် ထွက်သွားကြလေ၏။

မင်းတရားကြီးကား အာတန်ငယ် ငုံ့စားပြီးမှ အတွင်းနေ မှူးမတ်ငယ် တဦးကို ခေါ်တော်မူ၍ နေ့ဝင်ရီ တရော အချိန်ကုန်သည့် တိုင်အောင် ငါကိုယ်တော် ပြန်မရောက်မချင်း နန်းတွင်း တံခါးများ မပိတ်နှင့် လေဦး…ဟု မှာထားတော် မူပြီးလျှင် "ပန်းစာပွင့်" မည်သော မြင်းကျားကြီးကို စီးနင်းလျက် "တူးရွှင်းတိုင်" ဘောင်ခြေရင်းသို့

www.dhammaransi.com



ထွက်တော်မူသည်။ ။မြင်း၏ ဝမ်းတွင် ဝတ်သုံ အမြီကို ရစ်ပတ်ထားသည်။ မြင်း၏-က-တို့ကို မြဲမြဲစွာ ဖွဲ့ထားသည်။ လက်သုံးတော် ဓားတစင်းကို ဒိတ်ဖြင့် လွယ်လျက် ပါရှိလေသည်။ ။ဦးပေါင်းတော် ပုဝါများကို ပေါင်းတော် မူသည်။ အဝတ် တန်ဆာတို့ကို ချောမောပြေပြစ်အောင် ဝတ်ဆင်တော်မူသည်။ "တူးရှင်းတိုင်" တောင်ခြေရင်းသို့ ရောက်လျှင် မြင်းကျားကို စီးနင်းမောင်းနှင်ပြီးသော် ခေါက်တုံ့ ခေါက်ပြန် လမ်းသလားတော် မူသည်။

စစ်သူကြီး လေးယောက် တို့လည်း မင်းတရားကြီးကို မြင်ရလျှင် မင်းတရားကြီးမှန်း မသိကြဘဲ ဧည့်သူကား ငါတို့အရှင် မိန့်ဆိုလိုက်သော ""မြင်းကျားဗိုလ်"" ဆိုသူဖြစ်ပေလိမ့်မည်....ဟု အမှတ် အထင်ရှိသဖြင့် လိုက်လံဖမ်းဆီး ကြလေကုန်၏။ ။မင်းတရားကြီးလည်း သုံ့တုံ့ခေါက်တုံ့နှင့် မြင်းစီးရေး အမျိုးမျိုးကို စီးနင်းတော်မူ၏။ ။စစ်သူကြီး တို့လည်း လိုက်လံ ဖမ်းဆီးခြင်းငှါ မစွမ်းနိုင်ရှိကြလေသည်။ ။ထို့နောင် မင်းတရား ကြီးသည် မြင်းတော် မောပန်းသည်နှင့် ညောင်ဦး ကမ်းပါးသို့ ဆင်းပြီးလျှင် မြင်းတော်ကို ရေချတော် မူ၏။ ။စစ်သူကြီးတို့လည်း "မြင်းကျားဗိုလ်" ခိုးသူကား ငါတို့ကို ကြောက်ရွံ့၍ ချောက်ကြားသို့ ဆင်းသက် သေလေပြီဟု အမှတ်ရှိကြလေကုန်၏။ ။မင်းတရား ကြီးလည်း မြင်းတော် "ပန်းစာပွင့်" အမောပြေလေလျှင် ရေမှတက်၍ စစ်သူကြီးလေးဦးတို့၏ ရှေ့၌ မြင်းစီးခြင်း အမျိုးမျိုးကို စီးနင်း

www.dhammaransi.com



ပြန်လေသည်။ ။စစ်သူကြီး လေးဦး တို့လည်း မြင်းကိုယ်စီနှင့် အသီးသီး ညှပ်၍ ဖမ်းဆီး ထိုးပစ်ကြကုန်၏။

မင်းတရားကြီးကား မြင်းစီး အတတ်တို့၌ အကြွင်းမဲ့တတ်မြောက်တော် မူပြီးရကား။ ။စစ်သူကြီး လေးဦး တို့၏ အနား၌ ရှေ့က ပေါက်တံ နောက်က ပေါက်တံ လက်ယာက ပေါက်တံ လက်ဝဲက ပေါက်တံ ချဉ်းကပ်ချည် ခွါတဲ့ချည် စောင်းတဲ့ချည် ချောင်းတဲ့ချည် ပြေးတဲ့ချည် ရပ်တဲ့ချည်- အစရှိသော အားဖြင့် လက်သုံးတော် ဓားကို ဝင့်ကာဝင့်ကာ ထွေထွေ လာလာ စီးနင်း ပြသလျှင် စစ်သူကြီး လေးဦးတို့မှာ ဖမ်းဆီးရန် ထားဘိဦး အနီးသို့ ချဉ်းကပ်ရန်ပင် ခဲယဉ်း ကုန်သောကြောင့်။ ။ဤ"မြင်းကျားဗိုလ်" ဆိုသော သူခိုး ဓားပြကြီးကား လူစင်စစ် မဟုတ်ကောင်းပေ။ နတ်မြင်းကို စီးနင်းသော နတ်ယောကျ်ား ဖြစ်တန်ရာသည် .. ဟု တွေးတောကြကုန်လျက် အလွန်အမင်း-ကြောက်ရွံ့ ထိတ်လန့်ကြကုန်၏။ ။စစ်သူကြီး တို့လည်း ကြောက်ရွံ့ လန့်ထိတ် ကုန်လျက် ထိုနေရာမှာ ကြာရှည်စွာ- မနေဝံ့ဘဲ မြို့သို့ ပြန်လာကြကုန်သည်။ ။မင်းကြီးလည်း လူသူ မသိအောင် မြို့သို့ ပြန်တော် မူခဲ့လေ၏။

နောက်တနေ့ မိုးသောက်၍ နံနက် ဗိုလ်ရှုသဘင် ထွက်စံတော် မူလျှင် မင်းတရားကြီးက မေးတော် မူသည်မှာ။ ။ဟယ်အမတ်တို့ ယမန်နေ့ ညနေချိန်တွင် "မြင်းကျားဗိုလ်" ဆိုသော ခိုးသူကြီးကို ရအောင် ဖမ်းဆီးခဲ့ပြီလော....ဟု မေးတော် မူလျှင်။ ။စစ်သူကြီးတို့ကလျှောက်

www.dhammaransi.com



ထားသည်မှာ။ ။ရွှေဘဝါးတော်အောက် ရှိခိုး လျှောက်ဝံ့ပါသည်ဘုရား။ ။"မြင်းကျားဗိုလ်" ဆိုသူကားလူသားပင် မဟုတ်တန်ရာ။ နတ်မြင်းကျား စီးသော နတ်သားလုလင် ဖြစ်တန် ရာပါသည်။ လူသားဖြစ်ချင်လည်း လူသား သာမန် မဟုတ်ပါ။ အလွန်တရာ ဘုန်းသမ္ဘာရင့်မာပြီးသော လူထူး, လူမြတ်သာ ဖြစ်ရာပါသည်။ ကျွန်တော်မျိုးတို့၏ မြင်းလေးစီးကိုပင် ထားဘိဦး၊ နိုင်ငံတော်ဝယ်ရှိသော မြင်းသည် အပေါင်း မြင်းစီး ကောင်းတို့ ဝန်းရံရရုံး၍ ဖမ်းဆီး ငြားသော်လည်း "မြင်းကျားဗိုလ်" ကိုကား မိအောင် ဖမ်းနိုင်မည် မဟုတ်ပါ။ ။သို့စင်မှုပင် မြင်းစီးရေးထုံး လက်ရုံးစွမ်းပကား ကောင်းလှ ပါသည်– ဟူ၍ လျှောက်ထားကြ လေသည်။ ။ထို အခါ မင်းတရားကြီး ဘုရားက ဟယ်အမတ်တို့ "မြင်းကျားဗိုလ်" ကို သိကြကုန်၏လော။ "မြင်းကျားဗိုလ်" ဆိုသူမှာ ငါကိုယ်တော်ပင် ဖြစ်ချေသည်။ နင်တို့ကား ငါ့ကို အိုမင်းပြီထင်၍ အခါတပါးတွင် ပြက်ရယ် ပြုဘူးသည်။ "ငါကိုယ်တော် မအိုသေးပေ"။ ။ဟူ၍ မိန့်တော်မူမှ အမတ်ကြီး တို့သည် ကြက်သီး ဖြန်းဖြန်းထလျက် ပြင်းပြစွာ ကြောက်ရွံ့ ကြလေကုန်သည်။ ။ထိုမှတပါး ဆင်အတတ်၌ လိမ္မာတော် မူလှသဖြင့် ဆင်ရိုင်းတို့ကို ကြော့တော်မူခြင်း စသော လက်ရုံး စွမ်းရည်ကို အသုံး ပြုတော်မူသော ထုံးအစဉ် တို့ကိုကား များလှ ကုန်သေး၏။ ။ဤကား မင်းတရား ကြီး၏ လက်ရုံးရည် စွမ်းပကားကို အားထားတော် မူပုံကို ပြဆိုခြင်းတည်း။

www.dhammaransi.com



## ၅။ ဘေးလောင်းတော် ဘိုးလောင်းတော်တို့၌ ရှိသောခြင်း။

တရံရောအခါ အသောင်း စည်သူ မင်းတရားကြီး သည် ဤသို့ ကြံစည်တော် မူမိလေသည်။ ။ငါကိုယ်တော်ကား ဘုန်းတန်ခိုး ကြီးမားတော် မူသော မင်း ဧကရာဇ် ဖြစ်၍ ဇမ္ဗူ့ သပြေခြင်းသို့လည်း ရောက်တော် မူရသည်။ သိကြားမင်း အပ်နှင်းသော မင်းဘိသိက်ကို လည်း ခံယူတော်မူရသည်။ သခုက္ခန်ငါးပိုင်း- ဒက္ခိဏာ သာခါ- ပေါဓိခက် တို့ကိုလည်း ဘုရားရုပ်တု ပြု၍ ကိုး ကွယ်တော် မူရသည်။ သိဟိုဠ်ကျွန်း, မလ္လာယုကျွန်း မာန် အောင် ကျွန်းတို့ သို့လည်း ငါရောက် ရသည်။ သမုဒြာ အတွင်း၌ အထူးထူးသော ရှုဘွယ် ကြည့်ခင်း တို့ကို လည်း။ မြင်တော်မူရသည်။ ။သိဟိုဠ်ရှင် မြတ်စွာဘုရား စသော စေတီတော် တို့ကိုလည်း ကောင်းမွန်စွာ တည် ထား ကိုးကွယ် ရသည်။ ။ဘေးလောင်းတော်, ဘိုး လောင်းတော် တို့သည် ငါကဲ့သို့ ဘုန်းတန်ခိုး ကြီးမည် မထင်။ ။ဟူ၍ ဝစီကံ, မနောကံ- နှစ်ပါးဖြင့် ပြစ်မှား လျက် ကြံစည်တော် မူမိလေသည်။ ။ထိုခဏ ချင်းမှာ ပင် မျက်လုံးတော် နှစ်ဘက်တို့သည် ရုတ်တရက် ကွယ် ပျောက်၍ သွားလေဘုန်၏။

ထိုသို့ မျက်လုံးတော် နှစ်ဘက် ကွယ်ပျောက်တော် မူသျှင် ဟူးရားဖြူ, ဟူးရားညိုတို့အား အကြောင်း အသို့ နည်းဟု မေးမြန်းတော် မူသော် ဟူးရားဖြူ, ဟူးရားညိုတို့

www.dhammaransi.com



က လျှောက်ထားကြသည်မှာကား။ ။အရှင် မင်းတရား ကြီးသည် ဘေးလောင်းတော်, ဘိုးလောင်းတော် တို့ကို ပြစ်မှားမိတော် မူသောကြောင့် မျက်လုံးတော် ကွယ်ပ တော်မူသည်။ ။ဘေး လောင်းတော်, ဘိုး လောင်းတော် တို့အား ရွှေတန်ဆောင်, ငွေတန်ဆောင် ရွှေပန်း, ငွေပန်း ရွှေ ပေါက်ပေါက်, ငွေ ပေါက်ပေါက် တို့ဖြင့် ပူဇော်ကန် တော့ တော်မူလျှင် မျက်လုံးတော် မြင်ရပါမည်။ ။ဟူ၍ လျှောက်ထားကြ ကုန်၏။ ။မင်းတရားကြီးလည်း ဟူးရား ဆရာတို့ လျှောက်ထားပုံကို ကြားသိတော် မူရလျှင်။ ။ ပုဂံပြည် တည်ထောင်စ သမုဒ္ဒရာဇ် မင်းမှစ၍ ခမည်း တော်- စောယွမ်း မင်း တိုင်အောင် မင်း တဆဲ့လေး ဆက်တို့ကို ရွှေရုပ် သွန်းချတ်ပြီးလျှင် ရွှေအခင်းပျဉ် ထက်၌ ထားတော် မူပြီး၍ ရွှေပန်းခိုင်, ငွေပန်းခိုင် ရွှေတန်ဆောင် ငွေတန်ဆောင် ရွှေပေါက်ပေါက် ငွေပေါက်ပေါက် တို့ ဖြင့် ကြဲမြှောက်ပူဇော် ကန်တော့တော် မူလေသည်။

ထိုသို့ ရှိခိုး ပူဇော်တော် မူလျှင် "ပြူစော ထီးမင်း အရုပ်တော်" "ဘေးလောင်းတော်- အနော်ရထာ မင်း စောအရုပ်တော်" "ဘိုးတော်- ကျန်စစ်မင်းသား အရုပ် တော်"။ ။သည်- သုံးရုပ် တို့သည် သာလျှင် ထားမြဲ တိုင်းမှ မတုန်လှုပ်ဘဲ ဒုတ်တုတ်တည်မြဲ တည်နေနိုင်ကြ ကုန်သည်။ ကြွင်းသော မင်းတို့၏ အရုပ်တော် တို့ကား ရှိခိုး ကန်တော့ သည်နှင့် တပြိုင်နက် တုံးရ ရုံးချည်း လည်း ရလေကုန်၏။ ။ထိုသို့ ပူဇော်သော ခဏ၌ မင်း တရား ကြီး၏ မျက်လုံးတော် တို့လည်း မြင်လာ ကုန်

www.dhammaransi.com



သည်။ ။ထို့နောင် ဘေး ဖေါင်းတော်- အနော်ရထာ မင်းစော ရုပ်ပုံတော် ဘိုးတော်- စောလူးမင်း ရုပ်ပုံတော် ဘိုးတော်- ထီးလှိုင်ရှင်မင်းကြီး ရုပ်ပုံတော် ခမည်းတော် စောယွမ်းမင်း ရုပ်ပုံတော် ဘေးလောင်းတော်- အနော်ရထာ မင်းစော၏ သူရဲမိုလ်မှူးကြီး ဖြစ်ကြ ကုန်သော ညောင်ဦးဘီးရုပ်ပုံ ငထွေးရူးရုပ်ပုံ ငလုံး လက်ဖယ် ရုပ်ပုံ သိံချင်ကြီး ရုပ်ပုံ သိပျင်ငယ် ရုပ်ပုံ တန်ဆောင်ကြီး ရုပ်ပုံ တန်ဆောင်ငယ် ရုပ်ပုံ။ ။သည်ရုပ်ပုံ များကို ကြေးစင် ကြည်ကြည်ဖြင့် သဏ္ဍာန်တူ, ပုံတူ- သွန်းပြီးမှ ရွှေဂူတွင် လိပ်ကမ္ပည်းတပ်၍ ထားတော် မူစေသည်။ ။ ဤကား အလောင်းစည်သူ မင်းတရားကြီးသည် ရှေးဦး စွာ ဘေးလောင်းတော်, ဘိုးလောင်းတော်- စသည်တို့၌ ပြစ်မှား မိသော်သည်း နောက်၌ ရှိသေ ကိုင်းရှိုင်းသော အားဖြင့် တည်ထား ကိုးကွယ်ပုံကို ဆိုခြင်းတည်း။

အထူးမှတ်သားရန် အကြောင်းငါးချက် တို့ကို ပြဆိုခြင်းပြီးပြီ။

## ၂။ မင်းတရားကြီး၏ အရည်အချင်းနှင့် ကောင်းမှုတော်။

အလောင်း စည်သူ မင်းကြီးကား အဆင်း ပြင်လျာ ကြန်သက္ခဏာ အလွန်လှပတော် မူ၏။ အသံ တော်လည်း အလွန်သာယာ ကောင်းမွန်တော် မူ၏။ သီချင်း, စောင်း သင်း ကဗျာတိုကို အလိုရှိတော်မူ၏။ ကင်းကောင်း ...

www.dhammaransi.com



ကောင်းနှင့် ကျီ, ကြာဘဏ္ဍာ ဥစ္စာ ရွှေ, ငွေ ပေါ်များလှ ပေ၏။ ထိုသို့ရှိသော ကျီ,ကြာဘဏ္ဍာတို့၌ "စချီစမာ" တို့ကို နေ့စဉ် ရေးသား မှတ်ယူ စေတော်မူသည်။ ။အထူး သဖြင့် ဆင်အတတ်, မြင်းအတတ်, လေးအတတ် တို့၌ ကျွမ်းကျင် လိမ္မာတော် မူလှ၏။ လက်ရုံး အားကိုသာ ကိုးကားတော် မူတတ်သည်။ နူးညံ့သော သဘောတော် ရှိ၍ မင်းညီ, မင်းသား မှူးမတ် များနှင့် မိဖုရား တို့က လည်း အထူး ချစ်ကြည်တော် မူအပ် လေသည်။ ။ ပြည်သူ သတ္တဝါတို့၏ ကောင်းသော ဆုမြတ် ပန်ယူခြင်းကို ခံတော်မူရသည်။

ပြုတော်မူသော ကောင်းမှုတော် အပေါင်းကား။ ။ သရက္ခန်ငါးဆူ မြတ်ပေါင်း မဋ္ဌုတဆူ ရှင်ပြု, ရှင်လှ နှစ်ဆူ မဂ္ဂော ကိုးဆူ အင်းခရူ တဆူ ဇည်းထောက် တဆူ မြွေအံတော် တဆူ ရွှေပေါ်ကျွန်း တဆူ ပုဂံ ပြည်၌ ရွှေဂူဘုရား တဆူ သဗ္ဗညု မြတ်စွာဘုရား တဆူ တည်တော် မူသည်။ ။ကြေးစင် အဒုလာ တသောင်းကို သွန်း၍ ရွှေဂူဘုရား, သဗ္ဗညုမြတ်စွာဘုရား တို့၌ ခေါင်း လောင်း လှူတော်မူ၏။ ။ထိုမှတပါး မြန်မာ နိုင်ငံတော် အခွမ်းတွင်။ ။စေတီနှင့် ပုထိုး သိမ်နှင့်ကျောင်း စရပ် နှင့် တန်ဆောင်း မဏ္ဍပ်နှင့် ဂူလိုဏ် ကန်နှင့် ချောင်း ဆည်မြောင်းနှင့် လယ်ပယ်- အစရှိသော မရေ မတွက် နိုင်သော ကောင်းမှု ကုသိုလ် တို့ကို ပြုလေသည်။ ။ ထို့ကြောင့်ပင် ယခုအခါ အလောင်း စည်သူ မင်းကြီး

www.dhammaransi.com



ခဲ့သော ဘုရားစေတီ တို့ကို အနှံ့ အပြား တွေ့ရှိရလေသည်။

## မှတ်သားချက်။

ဤအရာ၌ အဆိုအယူ ကွဲပြားပုံ တခုရှိသေးသည်။ ။ရှိပုံမှာ။ ။အချို့သူ တို့ကား သိပ်ပိုင္ဂ်ရှင် ဘုရားကို မြေးတော်- နရပတိစည်သူ တည်တော်မူသည်။ အချို့တို့ကား ဘိုးတော်- နရပတိစည်သူ တည်တော်မူသည်။ ။ဤသို့ မညီမညွတ် ပြောဆိုရိုး ရှိကြ၏။ ။သမိုင်း စာစောင် တို့၌လည်း အချို့ အရာတွင် မြေးတော်နှင့် ဘိုးတော် တို့ကို အကွဲ အပြား မဆိုခဲ့ချေ။ ။ထို့ကြောင့် သမိုင်း စာစောင် ကျောက်စာ, ရာဇဝင် တို့နှင့် ညှိနှိုင်းသော်။

ရာဇဝင် ကြီး, ရာဇဝင် လတ် တို့၌။ ။ငါကား ဘုန်းကြီးသော မင်းဖြစ်၍ ဇမ္ဗူ့ သပြေပင်ရင်းသို့ ရောက်ရသည်။ သိကြားပေးသော ဘွဲ့ကို ခံရသည်။ သခွက္ခန်သား ငါးပိုင်း ဒက္ခိဏာ သာခါ- ဗောဓိခက်တို့ ကိုလည်း ဘုရား ရုပ်တုတော် ထု၍ ကိုးကွယ်ရသည်။ သိပ်ပိုင္ဂ်ကျွန်း, မလ္လာယု ကျွန်း, မာန်အောင် ကျွန်းသို့ ရောက်တော် မူရသည်။ ။ဤသို့ စသည်ဖြင့် အလောင်း စည်သူမင်းကြီး ကြုံးဝါး ကြွေးကြော်ဘိုးကို တညီ တညွတ် တည်း ဆိုကြ၏။ ။ထို စကား၌။ ။ဒက္ခိဏာ

www.dhammaransi.com



သာခါ—ဗောဓိ ခက်ကို ကိုးကွယ် ရခြင်း—ဟူသော အကြောင်း ပါရှိသောကြောင့်ရင်း။ ။ ရွှေမုဋ္ဌော သမိုင်း, ဘုရားဆက်သမိုင်းတို့၌ လာသော သက္ကရာဇ်သင်္ချာတို့မှာ ဘိုးတော် နရပတိစည်သူ မင်းကြီးနှင့်သာ ကိုက်ညီချက် ရှိသောကြောင့်ရင်း။ ။အင်းခရကျောက်စာ, ရွှေမုဋ္ဌော ကျောက်စာတို့၌လည်း-

(သက္ကရာဇ် (၅၀၀)ခု သံဝစ္ဆရ သဝန်လ- ၁-ရက်နေ့ ဗုဒ္ဓဟူး နေ့အား။ ။ဇမ္ဗူဒိပ်ထက် တဘက် မွဲ့သော အလွန်တရာ ဘုန်းတန်ခိုး လွန်ကဲသော ကျွန်းဦး ဇမ္ဗူသပြေပင်သို့ တိုင်းခွင်ဆန့်ဘော်မူသော ကောင်းမှုတော် သရကွန်ဒက္ခိဏာသာခါ— ဗောဓိရုပ်တု သိဗ်ပိုဋ္ဌရ ဘုရားရှင်ဖြူ, ရှင်လှဘုရားတို့ကို အခန့်အောင် ပြုတော်မူသော သိရိတြိဘုဝနာဒိတျပဝရ ပဏ္ဍိတ သုဓမ္မရာဇာ မဟာဓိပတိ နရပတိ စည်သူ အမည်ရှိသော မင်းကြီးသည်)။

၍သို့ စသည်ဖြင့် သိဗ်ပိုဋ္ဌရှင် ဘုရားကို ကိုးကွယ်တော် မူရသော အကြောင်းမှာ ထင်ရှားစွာ ပါရှိသော ကြောင့်ရင်း။ ။ရွှေမုဋ္ဌော ဘုရားတဆူ ကျောက်စာ၌လည်း။

(သုံးဆဲ့ ခြောက်စီးသော ဆင်ဖြူသခင် ဖြစ်ဘော်မူသော ဇမ္ဗူဒိပ်ကို အစိုးရ၍ လောကနတ်ဖြစ်ဘော်မူသော မုဋ္ဌောစေတီ တို့ကို တည်၍

www.dhammaransi.com



ဒက္ခိဏာသာခါ- ဗောဓိခက်ကို ရုပ်တုတော် ပြု၍ သိဿိုဋ္ဌရ ဘုရားကို တည်ထားတော် မူသော နရပတိ စည်သူ မင်းကြီးကား အတုမဲ့သော ဘုန်းလက်ရုံးအာဏာကို ဖြစ်စေတော်မူ၍)။

ဤသို့ စသည်ဖြင့် ဘိုးတော် အလောင်း စည်သူ မင်းကြီးနှင့် ကိုက်ညီသော သက္ကရာဇ် အရေးအသားဖြင့် ဗောဓိသား သိဿိုဋ္ဌရ ဘုရားကို ကိုးကွယ်ရခြင်း အကြောင်း လာရှိသော ကြောင့်ရင်း။

သိဿိုဋ္ဌရ ဘုရား၏ သမိုင်းငယ် စာစောင်၌ လည်း။ ။(ရေသမုဒ္ဒရာထက်၌ အထူးထူးသော ရှုဘွယ်တို့ဖြင့် ရှုအံ့သော၌ လှေစကြာရှင်သည် တိုင်းခွင် လှည့်တော်မူသော် သိကြားမင်းသည် ဒက္ခိဏာ သာခါ မဟာ ဗောဓိ သားကို ဘုရား ရုပ်တု ပြုလုပ်၍ ဆက်သသဖြင့် ခံယူတော် မူ၏။ ထို ဘုရားကား သိဿိုဋ္ဌကျွန်း မဟာ ဗောဓိမှ သိကြားမင်း ပေးအပ်သော ဘုရားရုပ်တုတည်း။ ။ ဤသို့သော တန်ခိုးဂုဏ်နှင့် ပြည့်စုံသော ဘုရား ရုပ်ပုတော်ကို ဘုန်းတော် အရောင်အဝါ ကြီး မားသော အလိုရှိတိုင်း ပြီးစီး နိုင်သော လှေစကြာ ရှိတော်မူသော "နရပတိစည်သူ" မင်း ကြီးသည် မြစ်မ- ကိုင်း အရပ်၌ အထူးထူးသော ရတနာ တို့ကို သွန်းလောင်းလျက်)။ ။ဤသို့ စသည်ဖြင့် သိဿိုဋ္ဌပြည်မှ ရသော ဒက္ခိဏာသာ

www.dhammaransi.com



ခါ— မဟာဗောဓိ ရုပ်ပွားတော်ကို မြစ်မ- ကိုင်း အရပ်၌ တည်ထားကြောင်းမှာ တိုက်ရိုက် ပါရှိ နေသောကြောင့်ရင်း။

## မှတ်ချက်။

ရာဇဝင်, သမိုင်း, ကျောက်စာ- အချို့တို့၌ သိစ္စပိုင်ရှင် ကိုပင် သိစ္စပိုဋ္ဌရ ဟူ၍ ရေးသား သည်။ ။ထို့ကြောင့် သိစ္စပိုဋ္ဌရ သမိုင်းငယ် ကား သိစ္စပိုင်ရှင်ဘုရား၏ သန္နိဋ္ဌာန်းပင်တည်း ဟူ၍ ရချမှတ်ရာ၏။

မြေးတော် "နရပတိ စည်သူ" မင်းကြီး၏ အကြောင်းကိုဆိုရာတွင် ဗောဓိဝင် ဋီကာ၌။ ။ (စိတ်အလိုကို ပြီးစေနိုင်သော လျှော်ရှိသော ဆင် ဖြူရှိသော ဇေယသိင်္ခမင်း၏ ခမည်းတော် ဖြစ် သော)။ ။ဤသို့ စသည်သော လာရှိ၍ ကျွန်းဦး သပြေသို့ ရောက်ကြောင်း သရက္ခန်ငါးဆူ မြတ် ပေါင်းမည့်။ ရှင်ပြု, ရှင်လှ ဒက္ခိဏာသဘောခါ- မဟာ ဗောဓိရုပ်ပွား သိစ္စပိုဋ္ဌရ- ဘုရားတို့ကို ကိုးကွယ် ရကြောင်း- မလာရှိသော ကြောင့်ရင်း။ ။ရာဇ ဝင်ကြီးတွင် မြေးတော် "နရပတိစည်သူ" ကို ဇမ္ဗူ့သပြေ ပင်သို့ ရောက်ကြောင်း သရက္ခန် ငါးဆူ မြတ်ပေါင်းမည့်။ ရှင်ပြု, ရှင်လှ ဒက္ခိဏာ သဘောခါ- ဗောဓိရုပ်ပွား ဖြစ်သော သိစ္စပိုဋ္ဌရ ဘုရား စကားကိုးဆူ မှဌ္ဌောကိုးဆူ- တည်ထား ကိုး

www.dhammaransi.com



ကွယ်ရသည်ဟုမဆို၊ ဘိုးတော် "နရပတိ စည်သူ" ကိုသာ ဆိုသောကြောင့်ရင်း။ ။ဓေယာခံ ဘုရား၏ ကျောက်စာတွင် မြေးတော် "နရပတိ စည်သူ"ကို ဘွဲ့ဆိုရာ၌ ပါရှိသည်မှာ-

(သုံးဆဲ့, ကုံးစီးသော ဆင်ဖြူအရှင် ဖြစ်ထ သော၊ နှစ်ကုဋေ, ကိုးသန်း, ခြောက်သိန်း, လေး သောင်းသော သူရဲကိုလည်း လက်နက် မှုထ သော၊ ပင်လယ် နဂါးရစ် လှည့်လည် ပြီးထသော၊ ရန်မာန် ခပ်သိမ်းလည်း ထောင်ဘက် မရှိဝံ့ ထ သော၊ အနောက်တည် လားကား ပန်္ကြာရား, ဘောင်တည်လားကား ခွေးကြည့်အရပ်, အရှေ့ တည်လားကား စပါးကြီ အရပ်, မြစ်အောက် တည် လားကား ကတူး နေးကြီး, ရေတွင် မီးဘောက်ရာ ကိုလည်း နှိပ်နင်း ထသော)။ ။ ဤသို့ စသည်ဖြင့် ရေးသား ပြီးလျှင် အဆုံး၌ (သက္ကရာဇ် (၅၄၅)ခု တန်ဆောင်မုန်း လဆန်း ၃-ရက် ကြာသပတေးနေ့ ဟူတော်မူသော)။ ။ စသည်ဖြင့် မြေးတော် "နရပတိစည်သူ" ကိုသာ ဘွဲ့ဆိုလေသည်။

ထိုသို့ ဆိုရာ၌ ဇမ္ဗူ့သပြေ ပင်သို့ ရောက် ကြောင်း, သိကြားမင်းပြု ဘုရား တည်ထား ရကြောင်း တို့မပါရှိသော ကြောင့်ရင်း၊ ဤသို့ ညှိနှိုင်းဘော်ပြ ခဲ့သော အကြောင်း အချက်တို့ကြောင့် ဘိုးတော် "နရပတိစည်သူ" မင်းကြီးသည် သာလျှင် ယခု

www.dhammaransi.com



ရေးပြခဲ့သောအတိုင်း သိဟိုဠ်ရှင် မြတ်စွာဘုရား၏ ဒါယကာ ဖြစ်ကြောင်းကို သရိုင်းဟောင်း, သမိုင်း လက်ာ, ကျောက်စာ, ရာဇဝင်တို့၌ အခိုင်အမာ ဆိုသောအတိုင်း ယုံကြည် စိတ်ချရမည်။ ။ မြေးတော် "နရပတိ စည်သူ" တည်သည် ဟူသော ယူဆချက်ကိုလည်း ပယ်ဖျက်ရမည်။ ။ သို့မှသာ သမိုင်းဘောင်း, စာဟောင်း တို့နှင့် တညီတည်း ကျရော့မည်။ ။ဤကား မှာထားချက်တည်း။

## ၃။ ဘုရားဒါယကာ နတ်ရွာစံသောအခါ ဆင်းရဲကြီးစွာ ခံစားရခြင်း။

ဤသို့လျှင် ကြီးကျယ် ခမ်းနားသော ဘုန်းလက်ရုံး, အာဏာတော်နှင့် ပြည့်စုံတော်မူသော လှေသာ၌ စကြာရှင်လည်း ဖြစ်တော်မူသတ်၍ စိတ်အလိုရှိတိုင်း ကြွတော်မူနိုင်သော သိကြားမင်းကိုယ်တိုင် ရဌ္ဌါဘိသိက်-ခတ်နှိပ်လျက် ဘွဲ့အမည် ကိုလည်း ပေးအပ် ဆောင်နှင်းတော်မူရသော "နရပတိစည်သူ" မင်းတရားကြီးသည် သက်တော်တရာ့ တနှစ်သို့ ရောက်လတ်သော် သည်းထန်စွာ ဖျားနာတော် မူလေသည်။ ။ထိုစဉ်အခါ ပြည်ထဲရေးရာကို စီရင်ကြပ်မသော မင်းသားကား "မင်းရှင်စော" မရှိသည့်နောက် မင်းတရားကြီး မြောက်စားတော်မူသော သားတော်အသတ် "နရသူ" မင်းသား ဖြစ်သ

www.dhammaransi.com



တည်း။ ။မင်းတရားကြီး ဖျားနာတော် မူလျှင် သားတော် "နရသူ" မင်းသားသည် အမှူးအမတ်တို့နှင့် တိုင်ပင်လျက် ဆေးဝါးခတ်စာ ယတြာ ယာယီ စိမံ ကုသရပါမည်ကို မပြုလုပ်မူဘဲ သည်းထန်စွာ မမာ မကျန်းရှိနေတော် မူသော ခမည်းတော် မင်းတရားကြီးကို ရွှေနန်းတော်မှ ချယူတော်မူပြီးလျှင် မင်းတရားကြီး ရှေးဦးစွာ တည်ထားတော် မူသော ရွှေဂူကြီးဘုရား အတွင်း၌ ထားလေသတည်း။

ရွှေဂူဘုရား အတွင်း၌ ကိုယ်လုပ်တော် မောင်းမများဖြင့် အသည်းအထန် ဖျားနာတော် မူရာတွင် သတိတဖန် ရတော် မူပြန်သော အခိုက်၌။ ။ဤနေရာကား ငါ့နန်းတော် မဟုတ်ပါ တကားဟု...ညည်းတွားတော်မူမှ ကိုယ်လုပ်တော်တို့က။ ။အရှင် မင်းကြီး ရွှေနန်းတော် မဟုတ်ပါ၊ ကောင်းမှုတော် ရွှေဂူကြီးဘုရား ဖြစ်ပါသည်...ဟု လျှောက်ထားကြ ကုန်၏။ ။မင်းကြီးလည်း အဘယ်သူသည် အဘယ်မူ၍ ငါ့အား ရွှေဂူဘုရားတွင် ထားရသနည်း....ဟု မေးမြန်း စိစစ်တော် မူလျှင် ကိုယ်လုပ်တော်တို့က သားတော် "နရသူ" မင်းသား- ထားကြောင်းကို လျှောက်တင် ကြကုန်၏။ ။မင်းကြီးလည်း သားတော် "နရသူ" အစီအရင်ပေတည်း-ဟု သိတော်မူလတ်သော် ကြီးစွာသော အမျက်တော်ရှိ၍ ကိုယ်တော်အလုံး မီးတုံး-မီးလျှံကဲ့သို့ ရဲရဲ နီကျင်လေ သတည်း။

ထိုအခါ "နရသူ" မင်းသားသည် မိမိအား မင်းတရားကြီး အမျက်ကျက်တော် ပသာဒ်ကို သိခြင်း။ ။

www.dhammaransi.com



မင်းတရားကြီးသည် သည့်အနားမှ ထခဲ့ပါမူ ငါပျက်စီးခြင်းသို့ ရောက်ရတော့မည်-ဟု တွေးတော လန့်ထိတ်၍ ညည်းအခါ လူသူ ဆိတ်ငြိမ်ချိန်တွင် ရွှေဂူကြီးဘုရားအတွင်း၌ ပြင်းထန်စွာ ဝေဒနာခံစား နေရတော်မူသော ခမည်းတော်- အလောင်းစည်သူ မင်းကြီးအား အဝတ်ပုဆိုးတို့ဖြင့် ဖိနှိပ်လျက် ရက်စက်စွာ စီရင်တော်မူသောကြောင့်၊ ၊မြေမိုးအဆုံး ကျွန်းလုံးသခင် ဖြစ်တော်မူ၍ကြီးမားသော ဘုန်း တန်ခိုးတော် ရှိတော်မူသော လှေယာဉ်စကြာ သခင် ဘဝရှင် "အလောင်း စည်သူ" မင်းတရားကြီးသည် ကြီးမားသော ဘုန်းကြက်သရေ တော်နှင့်တကွ သာသနာတော် အစီးအပွါး တိုးနေသူ ရှင်, လူတို့၏ အစီးအပွါး မျိုးစေ့- မှုးမတ်များကို ပယ်စွန့်ခွဲခွါတော် မူပြီးလျှင် လောက သုံးပါး၌ တုဘက်ကင်းမြောက် တယောက်တည်းသာ ဖြစ်တော်မူသော- သဗ္ဗညုမြတ်စွာဘုရား ရှင်တို့သော်မှ မရှောင် လွှဲသာ ကောင်းသော ခန္ဓာဘဂ် မရဏာ နိုင်ငံ သေမင်းချုပ်ကြီး၏ အထံသို့ သာသနာတော် သက္ကရာဇ် တထောင့်, ခုနစ်ရာ, တဆဲ့, တခု, (၁၇၁၁)ခု ဂေါဇာ သက္ကရာဇ် ငါးရာ, နှစ်ဆဲ့, ကိုးခု (၅၂၉)ခုနှစ်၌ လိုက်ပါတော် မူရသဖြင့် အိမ်နိမ့် နှစ်ဆဲ့, ခြောက်နှစ် စည်းစိမ်တော် ခုနစ်ဆဲ့, ငါးနှစ် သက်တော် တရာ့, တနှစ်သော် လူ့ပြည်တွင် ငြိးငွေ့တော် မူ၍ နတ်ပြည်သို့ ပြောင်းရွှေ့ စံမြန်းတော်မူရလေသတည်း။

www.dhammaransi.com



မင်းတရားကြီး နတ်ရွာစံလိုသော် စနေကြယ်, ကြာသပတေးကြယ် ခွင်ကြ၏။ ဗိန္ဒကလည်း သကြိုန်တပြိုင်နက် ကျ၍။ ကောင်းကင်မှ ကိတ်ရောင် လွှတ်၏။ ။ ဤအလောင်း စည်သူ မင်းတရား ကြီးကား သက္ကရာဇ် (၄၂၈)ခု ဝါဆို လဆန်း ၅ရက် ကြာသပတေး နေ့၌ ဘွားမြင်တော်မူသည်။ နှစ်ဆဲ့, ခြောက်နှစ်ပတ်လုံး အိုးတော်- ထီးလှိုင်ရှင် မင်းကြီးနှင့် ထီးတူ,နန်းပြိုင် စံတော်မူပြီး၍ သက္ကရာဇ် (၄၅၄)ခုနှစ်၌ ရွှေထီးရွှေနန်းကို သိမ်းမြန်းတော် မူပြီးလျှင် မြတ်သော မင်းတရား၏ အဖြစ်သို့ ရောက်တော်မူလေသည်။ ။ခုနစ်ဆဲ့, ငါးနှစ်တို့ ပတ်လုံး မင်းစည်းစိမ်ကို ခံစားတော် မူပြီး၍ သက္ကရာဇ် (၅၂၉) နှစ်တွင် နတ်ရွာစံတော် မူရလေသတည်း။

## ၄။ လေးနက်စွာ မှတ်သား ထားရန်ကား။

ဤသို့လျှင် အလောင်းစည်သူ မင်းကြီး၏ အကြောင်းခြင်းရာ တို့ကို မွေးဘွားတော် မူသည်မှ စ၍ နတ်ရွာ စံလွန်တော်မူသည် တိုင်အောင် အကျဉ်းမျှ ရေးသားအပ်ပေပြီ။ ။သိပ္ပံကိုင်ရှင် မြတ်စွာဘုရား၏ ဒါယကာဖြစ်သော အလောင်းစည်သူ မင်းတရား ဘုရား၏ ထူးဆန်းသော အကြောင်းအချက်နှင့် ဇွဲသြဘွယ်ရာ အမှုအခင်းတို့ကို လေးနက်စွာ မှတ်သား၍ အသီးအခြား သတိပြုရန် လိုပေသေးသည်။ ။ထို့ကြောင့် အောက်၌ ဘော်ပြ

www.dhammaransi.com



ထားသော အကြောင်း အရာ တို့ကို သီးခြား ကောက်၍ သတိထားမိစေရာသည်။

(၁) မင်း တရားကြီး အလောင်းကို ရွှေအိမ်သည် မင်းသွီးမှ မွေးဖွားတော်မူစဉ်တွင် ထူးဆန်းသော နိမိတ် ကြီးများ ဖြစ်ပေါ်ရခြင်း။ ။ဘိုးတော် ထီးလှိုင်ရှင် မင်း ကြီးနှင့် ထီးတူ,နန်းပြိုင် စံတော်မူရခြင်း။

(၂) စိတ်အလို ရှိတိုင်း ပြီးစီး နိုင်သော လှေယာဉ် စကြာတော်ကို ရရှိတော်မူခြင်း၊ ဇမ္ဗူ့ သပြေပင် ရင်း၌ သိကြားမင်း ကိုယ်တိုင် အဘိသိက် သွန်း၍ ဘွဲ့တံဆိပ် ခတ်နှိပ်ခြင်း။

(၃) သိဟိုဠ်ရှင် မြတ်စွာဘုရား ရုပ်တုတော် ပြုလုပ် ရန် သိကြားမင်း ကိုယ်တိုင် သိဟိုဠ်ကျွန်း- မဟာဗောဓိ မှ ဒက္ခိဏ သာခါကို ပင့်ဆောင်တော် မူခြင်း၊ သီဟိုဠ် ကျွန်းရှင် ဘုရင် မင်းမြတ်က သစ်ဆယ်ပါး တို့ဖြင့် ထု လုပ်အင်သော သိဟိုဠ်ရှင် ဘုရား ရုပ်တု တော်ကို ဆက် သခြင်း။

(၄) သိဟိုဠ်ရှင် မြတ်စွာ ဘုရား တည်ထားတော်မူ အံ့သော၌ နိမိတ်ကြီး သုံးပါး ထင်ရှားစွာ ဖြစ်လာရ ခြင်း၊ ရဟန္တာ အရှင်မြတ်တို့ သိဟိုဠ်ရှင် မြတ်စွာဘုရား တည်ထားတော်မူရန် မြေနေရာကို သတ်မှတ် ပိုင်းခြား ပေးသနားတော် မူခြင်း။ ။သိဟိုဠ်ရှင် မြတ်စွာ ဘုရား တည်ထားတော် မူရာတွင် မင်းတရားကြီး ကိုယ်တော် တိုင် အားထုတ်ဆောင်ရွက်၍ အလှူဝတ္ထု တို့ကို လှူဒါန်း တော်မူခြင်း။

www.dhammaransi.com



(၅) မင်းတရားကြီးသည် အလေ့အကျင့် ဝါသနာပါတော်မူသည် တို့၌ ကိုယ်တော်တိုင် လေ့ကျင့်ခြင်း၊ ချီးမြှောက်သင့်သူကို ချီးမြှောက်တော်မူခြင်း- စသော အကြောင်း ငါးချက်ရှိတော်မူခြင်း။

(၆) မင်းတရားကြီး ဘုရားသည် သက်တော် ရှည်မြင့်စွာ သာသနာတော် သုံးပါးနှင့် တိုင်းသူပြည်သားတို့၏ အစီးအပွါးတို့ကို ဆောင်ရွက်တော် မူခြင်း၊ သားတော် "နရသူ"၏ လက်ချက်ဖြင့် ရွှေနန်းတော် ထက်မှာပင် နတ်ရွာစံတော် မမူရဘဲ ရွှေဂူဘုရား၏ အတွင်း၌ နတ်ရွာစံတော်မူရခြင်း။ ။ဤသို့သော အကြောင်းအရာ တို့ကို သီးခြားကွက်၍ လေးနက်စွာ မှတ်သားသင့်လေသည်။

## ၁၅။ ဥပဒေသ။

ဤသို့လျှင် သိပ်ပိုင်ရှင် မြတ်စွာ ဘုရား ဒါယကာ "အလောင်း စည်သူ" မင်းကြီး၏ အကြောင်းခြင်းရာတို့ ကိုသိကြရလေပြီ။ ။ဤသို့ ပြဆိုအပ်ခဲ့ ပြီးသော သိပ်ပိုင်ရှင် မြတ်စွာဘုရား သမိုင်း စကားတို့ဖြင့် ထိုသမိုင်းကို ဘတ်ရှု ကြားနာကုန်သော ရဟန်းရှင်လူ တို့အား ညွှန် ကြားလိုသော အချက်များမှာ။ ။သိပ်ပိုင်ရှင် မြတ်စွာ ဘုရားဒါယကာ ဇမ္ဗူဒိပ်ကျွန်း အလုံးကို လွှမ်းမိုးအုပ်ဖုံး လျက် ဘုန်းလက်ရုံး အာဏာ အရှောင်အဝါ ကြီးမားစွာ သော ဖြည့်ဆည်းပူးအပ် ပြီးသော ပါရမီရှင်ကြီး ဖြစ် တော်မူသော အတုမဲ့သော လောစကြာ ရှိတော် မူသော

www.dhammaransi.com



မရေမတွက် နိုင်သော ကောင်းမှု အရှင်ကြီး ဖြစ်တော်မူသော သိကြား မင်းတို့၏ တင့်တယ်ခြင်းဖြင့် တင့်တယ်တော် မူ၍ ထွန်းကဲ ထူးမြတ်သော ကြက်သရေ ဂုဏ်တန်ခိုးနှင့် ပြည့်စုံတော်မူသော "အလောင်းစည်သူ" မင်းတရားကြီး ဘုရားကဲ့သို့ ဘုန်းတန်ခိုး ကြီးမားအောင် ဤဘဝ၌ ကုသိုလ် ကောင်းမှုတို့ကို ပြုလုပ်ဆည်းပူးပါ။

မင်းတရား ကြီးသည် သာသနာတော် အရေးနှင့် စပ်လျှင် တွက်ကပ်ဝန်လေးခြင်း ရှိတော်မမူဘဲ ပေါ့ပေါ့ ပါးပါးနှင့် ကောင်းမှု ကုသိုလ်များကို ကိုယ်ထိ လက်ရောက် သာဟဿိက မြောက်အောင် ပြုလုပ် သကဲ့သို့ ကုသိုလ်ကောင်းမှု ပြုသော အခါတို့၌ ကိုယ်ထိလက်ရောက် ဝမ်းမြောက်ဝမ်းသာ ပြုလုပ်ပါ။

မင်းတရား ကြီးသည် သမ္မုတိ သံဃာ အရိယာ သံဃာတို့အား ဘုန်းတန်ခိုး ကြီးမားသော ဘုရင်ဖြစ်စေကာမူ စည်းစိမ် တော်ဖြင့် မယစ် မူးဘဲ အခါခပ်သိမ်း စောင့်ရှောက် ထောက်ပံ့ ထားတော်မူသကဲ့သို့ သာသနာတော်ထမ်း ရှင်ရဟန်းတို့ အားလည်း ဆွမ်း, ပန်းစသော လှူဘွယ်တို့ဖြင့် ထောက်ပံ့ပြုစုပါ။ ။မင်းတရားကြီးသည် ကုသိုလ်ရေးနှင့် စပ်လျှင် ပြည့်ရှင်မင်း ဟူသော မာနမထား မူ၍ အဆင်းရဲ, အပင်ပန်း ခံတော်မူသကဲ့သို့ ကောင်းမှုကုသိုလ်ရေး တို့၌ အပင်ပန်း ခံနိုင်သမျှ ခံပါ။

မင်းတရား ကြီးသည် ခေတ်တော်, ပွဲတော် တို့ကို ရအောင် ရှာဖွေပြီးလျှင် သာသနာ ငါးထောင်တည်ရစ်

www.dhammaransi.com



လေအောင် စေတီ ပုထိုး- စသည် တည်တော်မူသကဲ့သို့ ပုထိုး စေတီ မွေသရီ ခေတ် တို့ကို မပြတ် ကိုးကွယ်ပါ။ တည်လည်း တည်ထားပါ။

မင်းတရား ကြီးသည် တိုင်းသူ ပြည်သား အများ အကျိုးကို ရွက်ဆောင်တော် မူသကဲ့သို့ အများ အကျိုးကို ဆောင်ရွက်ပါ။ ။မင်းတရား ကြီးသည် ချီးမြှောက် သင့်သူကို ချီးမြှောက်မ-စ- သကဲ့သို့ မိမိလက်အောက် တွင် ချီးမြှောက်သင့်သူကို ချီးမြှောက်မ- စ-ပါ။ ။မင်း တရား ကြီးသည် နှိပ်နင်း သင့်သူကို ဆုတောင်းဘက် မိတ်ဆွေ ဖြစ်စေကာမူ နှိပ်နင်းတော် မူသကဲ့သို့ မိမိ၏ရန် သူဖြစ်၍ နှိပ်နင်း သင့်သူ ဖြစ်ပါမူ အမြန်နှိပ်နင်းပါ။

မင်းတရား ကြီးအား နူးညံ့သော နှလုံးဖြင့် သည်းခံ တော်မူသော စိတ်ရှိတော် မူသကဲ့သို့ အခါ ခပ်သိမ်း သည်းခံနိုင်သော စိတ်ကို မွေးမြူပါ။ ။မင်းတရား ကြီး သည် တပါးသူများကို အားထားတော်မမူ မိမိ၏ လက် ရုံး စွမ်းပကားကိုသာ အားထားတော် မူသကဲ့သို့ သူ တပါးတို့၏ အားကို- မကိုးကားပါ လေနှင့်၊ မိမိ၏ အင် အားကိုသာ အားထား ယုံကြည်ပါ၊ ကိုးလည်း- ကိုး ကားပါ။

မင်းတရား ကြီးသည် ဘေး လောင်းတော်, ဘိုး သောင်းဘော်- စသော ဂုဏဝုဍ္ဎိ, ဝယဝုဍ္ဎိ, ဇာတိဝုဍ္ဎိ- ပုဂ္ဂိုလ်သူမြတ် တို့၌ ရိုသေလေးနာဘတ် သကဲ့သို့ မိမိ ထက်အရွယ်, ဂုဏ်,ဇာတ်ဖြင့် မြင့်မြတ်သော သူတို့ကို အမြဲရိုသေပါ၊ မထီတမဲ့ မပြုပါလေနှင့်။ ။ကျေးဇူးသစ္စာ

www.dhammaransi.com



တင်ပေ ဘူးသော ကျေးဇူး တော်ရှင်, သစ္စာ တော်ရှင်တို့ ကို မပြစ်မှားပါ လေနှင့်၊ ကျေးဇူးဂုဏ်ကို မချေဖျက်ပါ နှင့်၊ ကျေးဇူးရှိဘူးသော- ကျေးဇူးရှင်တို့အား စိတ်နှလုံး နောက်ကျအောင် မပြုမိ ပါလေနှင့်၊ ကျေးဇူး ရှိဘူးသော ဆရာ, မိဘ- စသော ပုဂ္ဂိုလ်တို့ကို အမြဲ ရိုသေ ကိုင်း ရှိုင်းပါ။

မင်းတရား ကြီးသည့် ကျေးဇူး ကန်း၍ သော့သွမ်း ရမ်းကားသော သားမိုက်, သားဆိုးကို မွေးမြူခြောက် စားတော် မူမိ သောကြောင့် အသက် စည်းစိမ်တော် ဆုံးရှုံးတော် မူခါနီး၌ ကြီးမားစွာသော ဆင်းရဲ ခြင်းသို့ ရောက်တော် မူရ သကဲ့သို့ မိမိ အောက်ဝယ် ယယ်လု ဖြစ်သော အခြွေအရံ တို့ကြောင့် တစုံတခုသော အကျိုး စီးပွါး ပျက်ပြားဆုံးရှုံးခြင်း မရှိရန် သားမိုက်, သားဆိုး သမီးမိုက်, သမီးဆိုးတို့ကို မခြောက်စားမိပါစေနှင့်၊ တပည့် မိုက် တပည့်ဆိုး အကျိုးကျေးဇူး တို့ကို ပန်ကန်ဘော် လှန်တတ်သော တပည့်များ တို့ကို မခြောက်စား ပါလေ နှင့်၊ ငဲ့ညှာထောက်ထားခြင်း မပြုမိပါစေနှင့်၊ မွေးမြူလိုက် လျောခြင်း မပြုမိပါလေနှင့်၊ လိမ္မာပါးရေး အမြော် အမြင် ကြီးမားသော- သား,သမီး, တပည့်များကိုသာ ကောက် ယူ မွေးကျွေး မျက်နှာသာပေးလျှက် အလေး ဂရုပြုပါ။ စိတ်နှလုံး ငြိုငြင်၍ ပူပင်ဆင်းရဲ စေတတ်သော- သား သမီး, တပည့် ဂုဏ်ကြက်သရေကို ထိခိုက်အောင် နှောက် ယှက် ဖျက်ဆီးတတ်သော- သား, သမီး, တပည့်တို့ကို အဝေးက ရှောင်ရှားပါ။

www.dhammaransi.com



မင်းတရားကြီးသည် သားတော် အစဉ် မြေးတော် အဆက် ဖြစ်တော်အဆွန့်တို့ တိုင်အောင် ကိုယ်တော်၏ အရိုက်အရာ ထီးမွေ, နန်းမွေတို့ကို ရရှိခံယူ ကြီးပွါးအောင် ပြုတော်မူသကဲ့သို့ နောင်လာ နောက်သား လူအများတို့ ကောင်းကျိုး ခံစားခွင့် ရှိသော အမှုမျိုးတို့ကို ကြိုးစား ပြုလုပ်ပါ၊ မဆုတ် မနစ်ပါ စေနှင့်။ ။မင်းတရားကြီး ဘုရားသည် လေယာဉ် စကြာဖြင့်သာ တိုင်းခန်း လှည့်လည်တော် မူခြင်း များသောကြောင့် တိုင်းရေး, တိုင်းရာ လစ်လပ်ပျက်စီး စေသကဲ့သို့ မိမိနှင့် စပ်ဆိုင်သော လုပ်ငန်းတာဝန် တို့၌ လစ်လပ်ပျက်စီးခြင်း မရှိစေရန် စီမံအုပ်ချုပ်ပါ၊ လျစ်လျူ ရှုခြင်း မရှိပါ လေနှင့်။ ။ မင်းတရား ကြီးသည် သီဟိုဠ်ရှင် မြတ်စွာဘုရား ဒါယကာ ခံတော်မူ၍ မြင့်မြတ်သော- သာသနာတော် အစီးအပွါးကို ဆောင်ရွက်တော် မူသကဲ့သို့ သာသနာသွေး, သာသနာစိတ် ဝင်စားလျက် ဘာသာတရားကို ကြိုးစား စောင့်ရှောက်ပါ။

မင်းတရား ကြီးသည် နေပြည်တော် ပတ်ဝန်းကျင်တို့၌ သားသမင် အပေါင်း ငှက် အပေါင်းတို့အား ဘေးမဲ့ပေးသနားတော် မူသကဲ့သို့ တပါးသော သတ္တဝါတို့၌ ငဲ့ညှာ ထောက်ထား သနားကြင်နာခြင်း ရှိပါစေ။ ။ မင်းတရားကြီးသည် ဆင်အတတ်, မြင်းအတတ်-စသည် တို့၌ အကြွင်းမဲ့ တတ်ကျွမ်းသကဲ့သို့ မိမိတို့ဆိုင်ရာ အတတ်ပညာတို့ကို အပြစ်ကင်းသည် မှန်လျှင် အကြွင်းမဲ့ တတ်မြောက်အောင် သင်ကြားပါ။ ပျင်းရိပေါ့လျော့ခြင်း

www.dhammaransi.com



မေ့လျော့ ပေါ့ဖျင်းခြင်း- မရှိပါ လေနှင့်။ ။ဤကဲ့သို့ညွှန်ကြားလိုရင်း ဖြစ်သတည်း။

## ၆။ ဓမ္မသံဝေဂဉာဏ် ပွါးများရန်။

အလောင်း စည်သူ မင်းကြီးနှင့် စပ်လျဉ်း၍ ဤသို့လည်း ဓမ္မသံဝေဂ ကုသိုလ်ကို ပွါးများ ရာ၏။ ။သို့စဉ်မှ မနိုင်းယှဉ်အပ်သော- မတုပ အပ်သော ဘုန်းတန်ခိုး ဂုဏ်ကြက်သရေတို့နှင့် ပြည့်စုံတော် မူသော "အလောင်းစည်သူ" မင်းကြီးသော်မှ ပျက်စီးခြင်း တည်းဟူသော သဘောကို မလွန်ဆန်နိုင်ချေ။ ။ရွှေဂူကြီးဘုရား၏ အတွင်း၌ ဝမ်းနည်း ဘွယ်ရာ ယုတ်မာ အောက်ကျစွာ သေဆုံး ပျက်စီးရချေ သေးသည်။ ။ငါတို့ ကဲ့သို့သော ဘုန်းမဲ့,ကန်မဲ့ ပါရမီမဲ့နှင့် သိန်မဲ့ သေးမွှားသော ပုဂ္ဂိုလ်များမှာကား ဆိုဘွယ်ရာပင်မရှိ။ ။"ဘိန္နတိ ပုတိ သန္ဒေဟော"။ ။စသော ဒေသနာ တော်နှင့် အညီ ပျက်စီး ဆုံးပါးခြင်း တည်းဟူသော ဘေးဆိုး ကြီးသို့ ဧကန်ဝင်ရောက်ရချေ ဦးမည်။ ။"အလောင်းစည်သူ" မင်းကြီးသည် အလုံးစုံသော မင်း၏ စည်းစိမ် ရိပ်ငြိမ် ချမ်းသာ မင်္ဂလာ ကြက်သရေ မျိုး,ဆွေ, ကျွန်သိီး အမှုကြီး,အမှုငယ်တို့ကို စွန့်ပယ် ရှောင်တိမ်းတော် မူလျက် မသွယ်သာ မဝိုက်သာ ရှင်သေမင်း ရှိရာသို့ လိုက်ပါတော်မူရသကဲ့သို့ ငါတို့တစ ည်လည်း ဗိုင်ဆိုင် သမျှသော- ဇာနဲ့ မင်္ဂလာ ချမ်းသာ ရိပ်ငြိမ် စည်းစိမ် ဥစ္စာ ဂုဏ်ဝါ

www.dhammaransi.com



ကြွက်သရေ အဓိဋ္ဌာန်အရံ တို့ကို ဖွဲ့နှံ့ပယ်ကြ ကုန်လျက် ရှင်သေမင်း ထံမှောက်သို့ ဖောက်ရောက်ရချေဦးမည်။ ၊ "အလောင်း စည်သူ" မင်းကြီး ပြုလုပ်တည်ထားတော်မူခဲ့သော- ကောင်းမှု ကုသိုလ်တော် တို့တွင် အချို့မှာကား ယခုအခါတွင် ပျက်စီး ဆုံးပါး ကြလေကုန် သကဲ့သို့ ဘုံသုံးဆဲ့ တခုတွင် ကြည့်ရှု၍ မြင်ကောင်းသမျှ သင်္ခါရဝဋ္ဋ အစုစုတို့သည်ကား ပျက်စီးဆုံးပါးခြင်း သာသျှင်နောက်ဆုံး ရှိချေကုန်သည် တကား။ ။ဤသို့ ဆင်ခြင်ပွါးများလျက် တရားနှင့် စပ်ယှဉ်သော ထိတ်လန့်တုန်လှုပ်ခြင်း- သဟောတ္တပ္ပ, မွေ့သံဝေဂ ကုသိုလ်ကို ဖြစ်စေပြီး လျှင် မအိုမှီ, မနာမီ, မသေမီက ပျက်စီးခြင်းတကာဘို့၏ ကုန်ဆုံးရာ, ချုပ်ငြိမ်းရာဖြစ်သော နိဗ္ဗာန် ရောက်ကြောင်း ကောင်းမှု ကုသိုလ် တို့ကို အားထုတ် လုပ်ကိုင်ရာ သတည်း။ ။ထိုမှတပါးလည်း "အလောင်း စည်သူ" မင်းကြီး ပြုသမျှသော ကောင်းမှုကုသိုလ် တို့ကို ဖြူစင်သော စိတ်နှလုံးဖြင့် ကောင်းချီးသံ ပြု၍ သာဓု- သာဓု- ဟူ၍ သုံးကြိမ်တိုင်အောင် ရွတ်ဆိုခေါ်ငင်ပြီး ကြည်လင်ဝမ်း မြောက်ကြရာသတည်း။

သိပ္ပံဝိဇ္ဇာရှင် ဘုရားဒါယကာ နတ်ရွာတော်
စံခန်း ပြီး၏။

www.dhammaransi.com



# နောက်ထပ်အသစ်ပြင်ဆင်ခန်း။

ဤသို့လျှင် သီပေါ်နှင့်ရှင် မြတ်စွာဘုရား ဒါယကာ နတ်ရွာတော် စံခန်းကို ပြဆိုပြီး၍ ယခုအခါ နောက်ထပ် အသစ်ပြင်ဆင်ခန်းကို ဆိုပေအံ့သတည်း။

## ၁။ မြင်သာ ရွာအုပ်မင်း။

ဤသို့ ဆိုအပ်ခဲ့ပြီးသော အစဉ်ဖြင့် မြန်မာ နိုင်ငံတော် အတွင်း၌ မြန်မာဘုရင် အဆက်ဆက်တို့ စိုးရိုး အုပ်ချုပ်တော် မူခဲ့ရာ နှစ်ကာလ ရှည်ကြာလတ်သော အခါတွင် မြတ်စွာဘုရား သာသနာ တော်သည် နေဝါ လရောင် ကဲ့သို့ တပြောင်ပြောင် ထွန်းတောက်ပဆဲ အချိန်၌ သုနာ ပရန္တ, တမ္ဗဒီပ- အစရှိသော အတိုင်းတိုင်း အပြည်ပြည် တို့ကို အစိုးရတော် မူသော ရွှေတွင်း, ငွေတွင်း အစရှိ သော အဝိညာဏက ရတနာ ဆင်ဒွန်ဆင်ဖြူ- အစရှိသော သဝိညာဏက ရတနာ တို့၏ အရှင်ဖြစ်တော် မူသော ဗာဟုဗလ, ဘောဂဗလ, အမစ္စဗလ, အဘိဇစ္စဗလ, ပညာ ဗလ,-ဟူသော အားငါးပါးနှင့် ပြည့်စုံတော်မူသော သိုက်, တိတ်, နိမိတ် ဗျာဒိတ်ညီစွာ မဟာအမရပူရ- မြို့တည် နန်းတည် ဗဒုံမင်းတရားကြီး ဘုရားသည် သာသနာ တော်သက္ကရာဇ် နှစ်ထောင်,သုံးရာ,နှစ်ဆဲ့,ငါးခု(၂၃၂၅)ခု ဂေါဇာ သက္ကရာဇ် တထောင်, တရာ, လေးဆဲ့, သုံးခု (၁၁၄၃)ခု တပို့တွဲ လပြည့်ကျော် တဆဲ့, လေးရက် (လကွယ်နေ့) တနင်္လာနေ့တွင် မြတ်သော မင်းကြေရာဇ်

www.dhammaransi.com



အဖြစ်သို့ ရောက်တော်မူ၍ သာသနာတော် သက္ကရာဇ် နှစ်ထောင်, သုံးရာ, ခြောက်ဆဲ့ သုံးခု (၂၃၆၃)ခု ကောဇာ သက္ကရာဇ် တထောင်, တရာ, ရှစ်ဆဲ့, တခု (၁၁၈၁)ခု နယုန် လဆန်း တဆဲ့ သုံးရက်နေ့- တိုင်အောင် ရတနာပူရ- အင်းဝမြို့တွင် နန်းစံ တနှစ်နှင့် လေးလ အမရ ပူရ ရွှေနန်းတော်ဝယ် သုံးဆဲ့, ခြောက်နှစ် နှစ်ရပေါင်း "သုံးဆဲ့, ရှစ်နှစ်" တို့ပတ်လုံး ကိုယ်တော်၏ စီးပွါး, သာ သနာတော်၏စီးပွါး, အမျိုးလေးပါးတို့၏ စီးပွါးကို ဆောင် တော်မူလျက် စိုးစံတော် မူလေသည်။

မှတ်ချက်။

၌ မင်းတရားကြီးကို "ဘိုးတော် မင်းတရား" ဟူ၍၎င်း, ဗဒုံမြို့ကို မင်းသားဖြစ်စဉ် စားရသော ကြောင့် "ဗဒုံမင်းတရား" ဟူ၍၎င်း ရေးမှတ်ခေါ် ဝေါ်ကြလေသည်။

ထိုမင်းတရားကြီး ဘုရား၏ မိဖုရား များစွာတို့တွင် "သိရိမဟာ မင်္ဂလာဒေဝီ" ဘွဲ့အမည် ရှိသော တောင် ဆောင်တော် မိဖုရားလည်း အပါ အဝင် ဖြစ်လေသည်။ ထို တောင်ဆောင်တော် မိဖုရား "သိရိမဟာ မင်္ဂလာ ဒေဝီ"တွင် သားတော် တပါး ဘွားမြင်တော်မူရာ ဘိုး တော် မင်းတရားကြီးသည် ထိုသားတော် အရွယ်သို့ ရောက်လျှင် "သိဟသူရမဟာဓမ္မရာဇာ" ဟူသော အမည် ဖြင့် ပုဂံမြို့ကို မြို့စားပေးတော်မူ၏။ ။ထို့နောက် ပင်း တလဲမြို့ကိုလည်း မြို့စား ပေးတော်မူပြန်သည်။ ။၌သို့

www.dhammaransi.com



လျှင် ကုန်းဘောင်နေမျိုး သတိုးဝံသ အခါဒိစွ နှယ်တွင် ငါးဆင့်မြောက် ဖြစ်တော်မူသော ဗဒုံမင်းတရားကြီးသည် ကိုယ်တော်မြတ်၏ သားတော်ကို ပုဂံမြို့, ပင်းတလဲမြို့တို့ ကို ပေးသနားတော်မူ၍ ချီးမြှောက်တော် မူသည်။

## ၂။ မြင်သာရွာကြီး စည်ကားပုံ။

ထိုစဉ်အခါ နတ်မင်းလေးပါး သိကြား ဝိသုကံ စိမ်း ညိုညာ ဖန်ဆင်းလာ သက်ဝေ့သို့ ကျေညာ ထုဏ်ချောက် ချောဝတိ မြစ်တချောက်၌ ပေါ်ပေါက် ပြူထွက် ဖြိုင် ဘက်မထင် "မြင်သာ"ဟု ခေါ်ဝေါ် သမုတ်အပ်သော ရွာနိဂုံးကြီး တခုသည် ထင်ရှားစွာ ရှိလေသတည်း။

### မှတ်ချက်။

မြင်သာရွာကြီး- ဟူသည်ကား ယခု အခါ ပခုက္ကူမြို့တွင် "မြင်သာရပ်"ဟူ၍ ထင်ရှားသော အရပ်အကွက်ပင် ဖြစ်လေသည်။ ။ထိုမြင်သာ ရွာ၏ အကြောင်းကား ကျောက်စာတို့၌ ပါရှိ သည်။ ပခုက္ကူ-ဟူသော အမည်ဖြင့် မပါရှိခဲ့၊ ယင်းသို့ မပါရှိ သေသောကြောင့် ထိုစဉ် အခါ တွင် မြင်သာရွာကြီး သည်သာ ကြီးကျယ် စည် ကားသည်။ ပခုက္ကူဟူသော အမည်ဖြင့် ရွာပင် ရှိစေဦး၊ ကြီးကျယ် စည်ကား လှသည် မဟုတ် သေး- ဟူသော အဓိပ္ပါယ်သည် ပြီးစီး လေတော့ သည်။

www.dhammaransi.com



ထို မြင်းသာရွာကြီးကား လူနေအိမ်ခြေ စည်ကားလှ၏။ ဧရာဝတီမြစ်တလျှောက်၌ ထင်ပေါ် ကျော်ကြားသော ဂုဏ်သတင်း ရှိသည့်ပြင် များစွာသော လှေကြီး, လှေငယ် တို့ဖြင့်လည်း တင့်တယ်လှ ပေ၏။ ကောင်းသော ရေဆိပ်, စည်ကားသော ဈေးရုံတို့ဖြင့် ပြုပြင် အပ်သည် ဖြစ်၍ အထူးထူးသော လူမျိုးအပေါင်းတို့နှင့်လည်း ယောပြွမ်းလျက်ရှိ၏။ ။ခရီးလာကုန်သော သူတို့အား လိုရာ ဝတ္ထုကိုလည်း ပြည့်စုံအောင် ပေးနိုင်သော ရွာကြီးဖြစ်လေသည်။ ။ဤအရာ၌ သိပ္ပံဗုဒ္ဓဝင် မြတ်စွာဘုရား အတွင်း၌ရှိသော လေးကျွန်းဆိမ်း ဘုရားကျောက်စာ, ရတနာမဥ္ဇူ ဘုရားကျောက်စာတို့၌ ရေးသား ပါရှိသော အတိုင်း ဂါထာများကို ထုတ်နုတ် ရေးသားဦးအံ့။

## ရတနာမဥ္ဇူ ဘုရားကျောက်စာ ဂါထာ။

၁။ တဏ္ဍုလပါကဝေါ ဘူတော၊
နဒီတလေ အနောပမော။
ထပေတွာန မဟာပုရံ၊
မြင်သာတိ သမ္ဘတော ဝရော။ ။

(မူလ- ကျောက်စာ၌ အနက် သမ္ဗန်ခြင်းမပါ၊ မပါသော်လည်း သမ္ဗန်၍ ပြဦးမည်)။

၁။ တဏ္ဍုလ ပါကဝေါ၊ အမရပူရ ရွှေပြည်မ၌ ထွန်းပ ဘုန်းရောင် ကုန်းဘောင် ငါးဆင့် တန်ခိုးဖွင့်သည် မင်းမင့်လွှမ်းခြုံ ဦးညွှတ်ရှုံသည့် ဗဒုံမင်းတရား

ထင်ရှားဖြစ်ရာ ထိုအခါ၌ လွန်စွာ ကျော်စောသည့် ဖြစ်၍။ ဘူတော၊ စည်ပင်ခမ်းနား ပြန့်ပွါး ကြီးကျယ်သော။ နဒိတလေ၊ ဧရာဝတီ ဘွဲ့ထူးချီသည့် နဒီမည်တွင် မြစ်ပြင်တချောက်၌။ မဟာပုရံ၊ မြို့ကြီး,ပြကြီး ပြည်ထောင်ကြီး အပေါင်းကို။ ထပေတွာန၊ မယူဖယ်ရှား ချွင်းချန် ထား၍။ အနောပမော၊ နှိုင်းယှဉ်ဘွယ်ရာ ဥပမာမရှိ လွတ်ကင်းဘိသော။ မြင်သာတိသမ္ဘတော၊ "မြင်သာ"ဟူ၍ ခေါ်ဝေါ် သမုတ်အပ်သော။ ဝရော၊ မြတ်သည်ထက်မြတ်။ တောင့်တအပ်သော။ ။(ရှေ့ဂါထာ၌ ထည့်သွင်း အပ်သော မဟာဂါမော်မှာစပ်)။

၂။ မဟာနာဝါပဟိ သမ္ပုဏ္ဏော၊
သုတိတ္ထာပဏာသမ္ဘော။
နာနာဇန သမာကိဏ္ဏော၊
ဣစ္ဆိတိစ္ဆိတ လာဘကော။ ။

၂။ မဟာနာဝါပဟိ၊ အမြောက်အများ ပြန့်ပွါး စည့်ပင်သော လှေကြီးတို့ဖြင့်။ သမ္ပုဏ္ဏော၊ ကမ်းနား ဖြစ်ခဲ့ရစ်ပတ်ရံ၍ လောက်လုံ ပြည့်ဖြိုးပေသော။ သုတိတ္ထာပဏာသမ္ဘော၊ ရေဆိပ် ကမ်းခြေ ကောင်းသော မြေနှင့် ဖြန့်ဝေခင်းထား ဈေးရုံများတို့ဖြင့် သားနားပြူပြင် စီရင်ကျင်းပ အပ်သော။ နာနာဇနသမာကိဏ္ဏော၊ အထူးထူးသောလူ ရောင်းဝယ်သူတို့နှင့် ပြောထူပြွမ်မွမ်း ယောဖွမ်းယှက်တင်၍ နေသော။ ဣစ္ဆိတိစ္ဆိတ လာဘကော၊ လိုရာ,လိုရာ တောင့်တပါသည့် ဥစ္စာ များမြောင် ရ

www.dhammaransi.com



အထောင်ကို ရအောင် ပြုလုပ်တတ်သော။ မဟာဂါမေ၊ ရေဆိပ် ဈေးရုံ လူဗိုလ်ပုံတို့ ခိုလှုံ နေမြဲ ရွာကြီး တခု သည်။ အဋ္ဌိ၊ ရှိခဲ့ပေ သတည်း။

ထို မြင်သာ ရွာကြီး၌ မြင်သာရွာစား သို့မဟုတ်-မြင်သာ ရွာအုပ်ဟု ခေါ်သော ရွာသူကြီး မင်းကြီး တယောက် ရှိလေသည်။ ။ထို မြင်သာ ရွာအုပ်ကြီးကား ကုသိုလ် ကောင်းမှုတို့၌ မမေ့ မလျော့သော သဘောရှိ၍ ဆည်းပူးတတ်၏။ ရတနာသုံးပါး တို့၌လည်း အထူးသဖြင့် ကြည်ညိုသော သဒ္ဓါတရား ရှိလေ၏။ သား, မြေး, မြစ်-အစရှိသော အခြံအရံလည်း များပြားလေ၏။ နူးညံ့ ပြော့ပျောင်း ကောင်းမွန်သော စိတ်သဘောရှိရကား များစွာသော လူအပေါင်းတို့လည်း ချစ်မြတ်နိုး အပ်သတည်း။ ။ ရေးသား ဘော်ပြခဲ့ပြီးသော ပုဂံမြို့စား, ပင်းတလဲမြို့စား, မင်းသားကြီး "သိဟသူရမဟာဓမ္မရာဇာ"၏ ကျွန်တော်ရင်းလည်းဖြစ်၏။ ။မင်းသားကြီး "သိဟသူရ မဟာဓမ္မရာဇာ"သည် မြင်သာ ရွာအုပ်မင်းကို ချစ်ကြည်လေးမြတ်တော် မူသောကြောင့် မိမိ၏ ပုဂံမြို့နယ် အဝင်-မြင်သာရွာ၌ သူကောင်း ပြုထားတော်မူသတည်း။ ။ထို့ကြောင့် မြင်သာ ရွာအုပ်ကြီးကား မင်းကျွမ်းဝင်သောသူ ဖြစ်လေ၏။ မင်းဝင် စိုးထွက် ထက်မြက် ဂုဏ်ဝါ အာဏာ အရှိန်-ရှိသောသူလည်း ဖြစ်လေသည်။ ။မြင်သာရွာမှ ထွက်သောအခွန်အတုတ်တို့ကို သုံးစွဲစားသောက်ပြီးလျှင် ရတနာသုံးပါးနှင့် စပ်၍ တတ်စွမ်း သမျှ လှူဒါန်း စွန့်ကြဲလေ့ ရှိသတည်း။ ။အလေ့အကျင့်လည်း ဖြူစင်သဖြင့် လူရှင်

www.dhammaransi.com



ရဟန်းတို့ ချီးမွမ်းအပ်သော သူပေတည်း။ ထိုစဉ်အခါက မြင်သာ ရွာအုပ်မင်း- ဟူသော ဂုဏ်သတင်းကား ပတ်ဝန်းကျင် အရပ်တို့၌ ပြန့်နှံ့လွှမ်းခြုံ၍ အပုံကြီး- ကြီးမား ခဲ့လေသတည်း။

## ၃။ လက်ဝဲလက်ယာ အရှိ ရုပ်ပွါးနှစ်ဆူတို့ကို ထုလုပ် ကိုးကွယ်ခြင်း။

ဤသို့လျှင် ခြောက် ပါးသော နာယက ဂုဏ် တို့နှင့် လျောက်လုံသော ပင်းတလဲ မြို့စား မင်းသား မိဖုရား တို့၏ အစီးအပွါးကို ဆောင်တတ်သော မြင်သာ ရွာအုပ် ကြီးသည် မြင်သာရွာ အနီး အလောင်းစည်သူ မင်းကြီး တည်ထားတော် မူခဲ့သော "သီဟိုဠ်ရှင်" မြတ်စွာဘုရား ၌ ချိုတဲ့ပျက်စီးသော အရာတို့ကို မြင်ရသဖြင့်....နွေလ အခါ ရေကိုရှာမှီးသော သူသည် ဧမြကြည်လင် ရေစင် ထွက်ရာ မင်္ဂလာ ရေကန်ကို မြင်ရသော် ရွှင်ပျဝမ်းသာ ဘိသကဲ့သို့ ....ဤချိုတဲ့သော အရာကား ငါ့အားကောင်း မှုကိုရှာဖွေစဉ် နတ်များ မြင်စေသကဲ့သို့ ပြုပြင်ရန် ထင် ထာရကုန်သည်....ဟု အောက်မေ့ ပြီးသော် "သီဟိုဠ်ရှင်" မြတ်စွာဘုရား၌ ချိုတဲ့ပျက်စီးသမျှ တို့ကို အလုံးစုံပြုပြင် လေသတည်း။

ပြု ပြင် ပုံ ကား။ ။ဂေါဇာ သင်္ကြာရာဇ် တထောင်, တရာ, ခုနစ်ဆဲ့, ရှစ်ခု (၁၁၇၈)ခုနှစ် ဝါဆို လဆန်း ဆယ်ရက် (၁၀)ရက် နေ့၌ အုံတုံ, တင်လဲ ထုံး,သဲ,ဆီ

www.dhammaransi.com



မှန်ညင်းဆန်, ကျွဲကော်ဘဲ့ဖြင့် ကောင်းမွန်စွာ နယ်အပ် သော အင်္ဂတေဘဲ့ကို သီဟိုဠ်ရှင် မုဒ္ဒြာ စေတီတော်၌ မွမ်းမံ သုတ်သိမ်းရ သဘည်း။ ။ပြီးလျှင် ထီးဆင့် ၁၂ ဘုံ ထုပိကာသံချိန်- ၄၁ါ- ၇၅။ သံတိုင်အချိန်- ၁၂ ါ။ ကြေး စလောင်း အချိန်- ၃၆ါ- ၆၀။ ဆည်းလည်း ညောင် ရွက်ကျိုးခြေ အချိန်- ၁၀ါ။ ကြေးနီ, ကြေးဝါပြား နန်းကြိုး အချိန်- ၆၄။ အခရပ် ရပ် ကြေး သံချိန်ပေါင်း- ၁၀၁ါ- ၉၉။ ။ဤသို့သော ထီးတော်ကို ရွှေဆိုင်း(၁၀၁) ဆိုင်း မျက်ဝါး ဆိုင်းကြီး ရွှေနီ (၆၂) ပြားတို့ဖြင့် မွမ်းမံချယ် လှယ်ရသေသည်။ ။ဤသို့ ချယ်သယ် ဆင်ယင်ပြီးလျှင် သီဟိုဠ်ရှင် မြတ်စွာဘုရား ထီးတော် ပျက်စီးသည်ကို ယန္တရားစက် ဆင်၍ ထီးတင် လှူဒါန်းလေသတည်း။

ထီးတော် တင်ပြီးလျှင် မိုးမြှိုင်မြှိုင် ရွာသွန်းလေ၏။ အခရပ် ရှစ်မျက်နှာမှ မိုးတိမ်တိုက် တက်ပြီးလျှင် တမြှိုင် နက်ရွာသွန်းရာ သီဟိုဠ်ရှင် မြတ်စွာဘုရား ယင်ပြင်တော် မှာ ဒူး,ပုဆစ်မျှ ရေတင်သော ဟူ၏။ သက်ကြီးသူအိုတို့ ပင် မကြုံဘူးဟု ဆိုလေသည်။ ။ထိုနောင် သီဟိုဠ်ရှင် မြတ်စွာ ဘုရား စေတီ တော်ကို သစ်စေး အနှိတ်ဖြင့် လိမ်းကျံပြီးမှ ယခင် ဂေါဇာသက္ကရာဇ် (၁၁၈၅) ခုနှစ် သီတင်းကျွတ် လဆန်း ၂ ရက်နေ့မှ စ၍ စေတီတော် လုံးပတ်ပြည့် ရွှေထည့်ချထား လှူဒါန်းပြန်လေသည်။ ။ ရွှေဆိုင်း ရေကား တသောင့်, တရာ, ခုနစ်ဆဲ့, ခုနစ် ဆိုင်း (၁၁၇၇)ဆိုင်းတည်း။ ။ထိုနောင် မဟာရံတံတိုင်း

www.dhammaransi.com



ကိုလည်း ပျက်စီးသမျှ အသစ်ပြင်၍ အကုန်အစင် ကာရံသည်။ ။စေတီတော်ဝင်း အတွင်း၌လည်း အုတ်တာပံ တလင်းခင်းပြီးလျှင် အင်္ဂတေ သရွတ် တို့ဖြင့် ကောင်းစွာပွတ်မံထားသည်။ စေတီတော် ပတ်ဝန်းကျင်၌ ကျောက်မျှော မျှားကို စီခင်းသည်။ ။ဘမ်းခွန်တိုင် ရှည်မျှားနှင့် ကျောက်ထီးပေါင်း မျှားစွာ တို့ကိုလည်း သီဟဠ သာဓိမည်တော် မှုသော "သီဟိုဠ်ရှင်" မြတ်စွာ ဘုရားအား လှူဒါန်းတော်မူသည်။

မူလ- သီဟိုဠ်ရှင် မြတ်စွာ ဘုရား ရုပ်တု တော်နှင့် အလားတူသော မတ်ရပ် ရုပ်တုတော် နှစ်ဆူ ကိုလည်း ထုလုပ်ကိုးကွယ် ပြီးလျှင် သီဟိုဠ်ရှင် မြတ်စွာ ဘုရားနှင့် အတူ လက်ဝဲတော် တပါး လက်ျာတော်မှာ တပါး ထားပြီးလျှင် လိုဏ်ဂူ သွင်း၍ ပူဇော် လေသည်။ ။ဗောဓိညောင်ပင် ရှေ့ပလ္လင်၌ ချစ်ရှင် ဘုရား လေးပါး သစ္စာ သိသော အခါတွင် တင်ပျဉ်ခွေ နေတော် မူဟန် ရုပ်သဏ္ဍာန်ကိုလည်း ရုပ်တုတော် တဆူ ထုလုပ် ကိုးကွယ်တော်မူသည်။ ။မြင်သာ ရှင်အရှင်ကြီး ထုလုပ်ကိုးကွယ်သော မတ်ရပ်တော်ပုံ- ရုပ်တုတော် နှစ်ဆူကား ယခုဖူးမြင်ရသော ရုပ်တုတော်သုံးဆူတွင် လက်ဝဲ, လက်ယာ ထားလျက် ညာဏ်တော် ကြီးမားသော ဘုရားရုပ်တု နှစ်ဆူပင် ဖြစ်လေသည်။ ။ဤ အရာတွင် သီဟိုဠ်ရှင် မြတ်စွာဘုရား ယင်ပြင်တော်တွင် ရှိသော- လေးကျွန်းဆီမီးဘုရား ကျောက်စာ ဂါထာကို ထုတ်နုတ်ရေးသား ပေဦးအံ့။

www.dhammaransi.com



## လေးကျွန်း ဆီမီးဘုရား ကျောက်စာ ဂါထာ။

၁။ ဝိဝဋ္ဋ ကာမာန ပုဇ္ဇာ ဝိသေသံ၊
ကရံ နူရုပံ ဖိနုဓာတု ကြံဿိ။
နရာနရာနံ မနဝဆုကာရံ၊
ဝိရဋ္ဌိတဏ္ဍံ ဝရသောဏ္ဍာ လေပံ။ ။
ဥပေန္ဒ ဝဇိရာဂါထာ။

### မှာထားချက်။

(မူလ ကျောက်စာ၌ အနက်မပါ သော်လည်း အနက်သမ္ဗန်၍ ပြဦးအံ့)။ ။ဝိဝဋ္ဋ ကာမာန- ၌ ဆန်းကြောင့် နိဂ္ဂဟိတ် ကျေသည်။ ပုဇ္ဇာ ဝိသေ သံ-၌ ဆန်းကြောင့် ဦး- ကို ဥ- ရဿ ပြု။ ။ ဖိနုဓာတု-၌ ဆန်းကြောင့် နိဂ္ဂဟိတ်ကျေသည်။ ။ ဤကား မှာထားချက်တည်း။

"အနက်ကား"။ ။ဝိဝဋ္ဋ ကာမာနံ၊ ဝဋ် သုံးပါးမှ ကင်းရာဖြစ်သော နိဗ္ဗာန်ကို ရည်သန်တောင့်တ အလို ရှိကြကုန်သော သူတော်ကောင်း တို့၏။ ဝါ၊ သူတော် ကောင်း တို့အား။ ပုဇ္ဇာဝိသေသံ၊ ပူဇော်ဘွယ် အထူးကို။ ဝါ၊ အထူးသဖြင့် ပူဇော်ခြင်းကို။ ကရံ- ကရောန္တံ၊ ပြု တော်မူနိုင် ပေသော။ နရာနရာနံ၊ လူနတ် အပေါင်း တို့၏။ မနဝဆုကာရံ၊ စိတ်နှလုံး၏ တိုးပွါးခြင်းကို ပြုလုပ်တော်မူ နိုင်ပေသော။ ဖိနုဓာတုံ၊ မြတ်စွာ ဘုရား၏ ရုပ်ပွါးရှင် မြတ် မွေတော်ဓာတ် နှစ်ဆူကို။ အနုရုပံ၊ မူလရုပ်ဓာတ်

www.dhammaransi.com



အရှင် မြတ်နှင့် လျောက်ပတ် ညီညွတ်အောင်။ ကြံဖွံ့-ကြံဖွံ့ရွေ၊ တည်ထား ထုလုပ် သွန်းချတ် ကိုးကွယ်လျက်။ စိရဋ္ဌိတဿံ၊ ကြာမြင့်စွာတည် အရှည်ခန့်စေခြင်းငှါ။ ဝရသောဏ္ဏ လေပံ၊ မြတ်သောရွှေဖြင့် လိမ်းကျံမွမ်းမံခြင်းကို။ (အကာသိ)၊ ရှိသေစွာ ပြုလုပ်လေပြီ။

ဤဂါထာဖြင့် မြင်သာ ရွှာအုပ် မင်းသည် သိဟိုဠ်ရှင် မြတ်စွာဘုရား ရုပ်ပွါး တော်နှင့် အလား တူသော ရုပ်ပွါးတော် နှစ်ဆူ အသစ် တည်ထားတော် မူသော အနက်ကို ပြဆို လေသည်။ ။ဤသို့လျှင် သိဟိုဠ်ရှင် မြတ်စွာဘုရား၌ ပြန့်ပွါးသောသဒ္ဓါ စေတနာ ထက်သန်လှသည် ဖြစ်၍ မြင်သာရွှာအုပ် မင်းသည် သက္ကရာဇ် (၁၁၇၈)ခုနှစ် ဝါဆိုလဆန်း ၁၀-ရက် နေ့၌ အင်္ဂတေ အသစ်ဖွပ်၍ မွမ်းမံပြီးသော စေတီတော်ဝယ် ထီးတင်လှူဒါန်းခြင်း၊ ယင်းသက္ကရာဇ်မှာပင် သီတင်းကျွတ်လဆန်း ၂-ရက်နေ့၌ ဘုရားရှင် ရုပ်တုတော် နှစ်ဆူ တည်ထား ထုလုပ်ခြင်း၊ တင်ပျဉ်ခွေ ရုပ်တုတဆူ တည်ထားထုလုပ်ခြင်း၊ ဘုရားဝင်း အတွင်း ကျောက်ဖျာ ခင်းခြင်း၊ အုတ်တမံတသင်း ခင်းခြင်း၊ မဟာရံ တံတိုင်းကို အသစ်ပြုပြင်ခြင်း- စသော မြောက်များစွာသော ကောင်းမှု ကုသိုလ် အပေါင်းကို ပြုလေသတည်း။ ။သည်မှ တပါးသည်း မြင်သာရွှာအုပ် မင်း၏ ကောင်းမှုကုသိုလ် အပေါင်းကို ကျောက်စာ၌ ဆိုပေသေး၏။ ရေးသားသော် ရှည်လျားအံ့စိုး၍ အထူး မရေးသား တော့ဘဲ လေးကျွန်း ဆီမီး ဘုရားကျောက်စာကို ထည့်သွင်းဘော်ပြလိုက်သတည်း။

www.dhammaransi.com



ကျောက်စာ၌ ပါဠိဂါထာများပါ ပါရှိသော်လည်း ကျယ်ဝန်းနေအံ့စိုး၍ မြန်မာ သက်သက် ရေးသား ထားသမျှကို ဘော်ပြ လိုက်ရသည်။ ။ဤ ကျောက်စာကို ဘတ်ကြားခြင်းဖြင့် မြင်သာရွှာအုပ် မင်း၏ ကောင်းမှုကုသိုလ် အပေါင်းကို သိရာသတည်း။

## လေးကျွန်း ဆိမ်းဘုရား ကျောက်စာ
## ပထမ မျက်နှာ။

ရှေးရှေးသော ဘုရားမြတ်စွာတို့ အထံ၌ ပန်ယူအား သော အဓိကာရ- ပုညသမ္ဘာရနှင့်သော ဒုႋသောင်းတော် ပြာပဟ္ဂကာမဟာ သာသာသည်။ ။အပရိမေယျ ဇူဘော ကပ္ပေ၊ ဗုဒ္ဓေါ သောဘော ဘဝိဿတိ။ ။ဟု- အဓိပတိ မုနိချစ်ရှင် ဒိပင်္ကရာ ဘုရား မြွက်ကြား ခတ်နှိပ် နှုတ်တံဆိပ်ကို ဦးထိပ်အပြင် ပန်ဆင်ဘော် မူပြီးမှ အသဒိသ, အနေ့ာပမ, အသမ,သမ, အပ္ပဋိမ- စင်စစ် ဖြစ်တော်မူကုန်သော နှစ်ကျိပ်သုံးဆူသော ဘုရားသခင် တို့၏ ခြေတော်ရင်းဝယ် ဝပ်စင်း တုပ်ကွ ဂေါတမ ဘုရား ဖြစ်လတ္တံ့- ဟူသော အောင်ပန်း နိမိတ် ဗျာဒိတ် တော်သံခံယူတော် မူသဖြင့် ဆင့်ဆင့် ပွါးဘိ သံကိုလေသ ဟာန ငြိတိ မငြိစေရ ဝိသေသဘာဂိ အညီကျင့်ကုန် ပုညဉာဏ သမ္ဘာရ အစုသည် တခုသောဘဝဝယ် တချမ့်ပြိုင်ထပ် ချစေအပ်သတည်းဟု ဘဒ္ဒကပ်မည်သာ ဤကမ္ဘာထက် နရာဓိပတိ မုနိဘုန်းထွတ် ပုဂ္ဂိုလ်မြတ်တို့ ကြည့်ဘတ်စွာဘိ ဝိဝဋ္ဋဋ္ဌာယိကပ်၏ ခြောက်ဘို့တတ္တိ အထက်

www.dhammaransi.com



မဂ် ကျူးတို့မှူး သုံးဦးသော ဘုရားတို့၏ နောက်ဆက် အသက် တရာတန်း လူတို့ နေသော အခါ မဟာဝံသ သကျ နွယ်စစ် ဖြစ်တော် မူ၍ လေးဆူသစ္စာ နက်နဲ့စွာ ကို ဆရာမရှိ ကိုယ်တိုင်သိ၍ အသဒိသ တူမျှပြိုင်ကင်း မင်းဆုံး ဖြစ်တော်မူသော ဂေါတမ မည်သား မြတ်စွာ ဘုရား သာသနာတော်သည် နေခြည် လ- လျှံ နှိုင်းစံ မမျှ တောက်ပ ထွန်းဝင်း ပွင့်လင်းသော အခါ မဟာ နဂရ အမရပူရ မြို့တည် လက်နက်စကြာ သခင် ဆင်ဖြူ ရတနာ ၄ သော အတိုင်းတိုင်း အပြည်ပြည် ထီးဆောင်း မင်းတို့သည် ဆက်သ အပ်သော ပဏ္ဏာကာရ တို့ကို သိမ်းယူ ဆက်ခံ စိုးစံတော် မူသော မင်းတရား ကြီး၏ သားတော်ရင်းစစ် ဖြစ်တော် မူသော မင်းသားတို့ သိမြင် လိမ္မာအပ်သော ဆင်, မြင်း, လေး,လှံ- ၄ သော အတတ် တဆဲ့ ရှစ်ရပ်သော သိပ္ပပညာ သိသရေခေး မြော်တွေး တောက်ရှု အနု,အရင့် နှိုင်းချင့် ပိုင်းခြား သူတပါးမှ ထူးခြား လွန်ကဲ မြဲမြဲစေ့စပ် ချီးမွမ်း အပ်သော ဉာဏ သမ္ဘာရ ရှိတော်မူသော ပင်းတလဲ ပေါက်ကြံ့ နိုင်ငံနှစ်ချပ် နှိပ်ကွပ်စိုးယူ စမြူသောင်းလုံး သိမ်းကျုံးနှိပ်နင်း မင်းမိုး တဆူ ထီးဖြူဆောင်း ထိုက်သော အကြောင်းချင်းသက ဝိသေသ ရှိတော်မူသော ပေါက်ကြံ့မြို့စား သခင်- အရှင် မောင်နှံ့ နှစ်ပါး၏ ထူးခြားသော ကုသိုလ်တော် မြတ် ကြောင့် နတ်ဝိသုကံ ဝိမံဘိ သကဲ့သို့ ချို့တဲ့မရှိ ပီတိပြန့် ပွါးရာ မြင်သာဟု သမုတ်အပ်သော မဟာဂါဂ္ဂ ဂုဏ ခြောက်အင် ပြည့်စုံလင်လျက် အရှင် နှစ်ပါး၏- စီးပွါး

www.dhammaransi.com



ဘော်ပြ အမှုတော်သမ်း ခွဲခြမ်းလိမ္မာ ရွာအုပ် မင်းသွီး မောင်နှံ တို့သည် ကမ္မဖလ တိသာရဏာ ဂမန အစလေ ယျ သင္ဒါ၌ အမြဲ တည်လျက် သုံးမည်သောဝန် ကင်း လွတ်လွယ်သည် ဖြစ်စေ- ဇကုဒါနိယ စသောမ........ ............................(ဤ နေရာ၌ စာနှစ်ကြောင်းခန့် ပျက်နေ၍ မသိသာပြီ)။

## ဒုတိယ မျက်နှာ။

ထိုနောက် အုံတုံ့တင်လဲ ထုံး,သဲ,ဆီမွှန် ရန်ညင်းဆန်, လဲဝါ ကျွဲကော်ပါသျက် သုံးခါသုံးထပ် နူးနပ်ကောင်းမွန် စွာ ထောင်းထုအပ်သော အင်္ဂတေဖြင့် သေချာ စေ့စပ် ဖွပ်မံပြီးမှ ထီး ၁၂ ဘုံ ထုပိကာ သံချိန် ၄၁-၇၅။ သံဘိုင်အချိန်- ၁၂ါ။ ကြေးစလောင်းအချိန်- ၁၆ါ- ၆၀။ ဆည်းလည်းညောင်ရွက် ကျီးခြေ အချိန်- ၁၀ါ။ ကြေးနီ, ကြေးဝါပြား နန်းကြိုး အချိန်- ၆၃။ အခုပ်ရပ် ကြေးသံ ချိန်ပေါင်း- ၁၀၁- ၉၉။ အရပ်ဝဝ်တို့ကို ၁၀၁- ဆိုင်း နှင့် ၆၂ ပြားသော မျက်ဝါးဆိုင်းကြီး ရွှေနီတို့ဖြင့် တင့် တယ်စွာ တန်ဆာ ဆင်ပြီးမှ[၁] အဋ္ဌမုနိနာဘိ စန္ဒ သက္က

---

[၁]။ ။အဋ္ဌ, မုနိ, နာဘိ, စန္ဒ။ ။ဟူသောစကား၌။ ။ လောက သညာ သင်္ချာ အားဖြင့်။ ။အဋ္ဌကား "ရှစ် ဂဏန်း"။ မုနိကား "ဟာရိဝံသ" မည်သော သက္ကဋအဲ ဘိဓာန်၌ ဖြဟ္မာ မင်းဘို့၏ သား ဖြစ်သော ရသေ့တို့ သည်။ ။မရိစိ, အတ္တိ,ပုလဟ ပုသတ္ထ ကတ အင်္ဂီရ

www.dhammaransi.com



ရောက်ခါ ဝါဆိုလဆန်း ၁၀-ရက်နေ့ ခြောက်ကျိပ်သော သံဃာတော်ဘို့အား ဆွမ်း, သင်္ကန်း လှူဒါန်း၍ ဆန်း ကြွယ်စွာ လုပ်ဆောင် အပ်သော သိကြား, မဟာလိ- စသော နတ်သန္တုရေးစက် ဆင်၍ တင်လှူပြီးခါ သမ္မာ ဒေဝနတ်တို့ ပုဗ္ဗနိမိတ် ဖြစ်စေလို၍ လူအို, လူကြီးတို့ မကြုံမကြားစဘူး အထူးသီးခြား ကျွဲ, နွား,မြှောမျှ သိဿ လ သာဓိ စေတီတော် ဇဂ်ဝယ် ပုဆစ်ဒူး နှစ်အောင် ရေပြေးလျက် ဖေးမြ ရှင်လန်း မိုဿ်းပန်းဖြိမ့်မျှ ' သွန်းသ တည်း။ ။ထိုနောက် စေတီ လုံးကျွတ် သရွှေး အခါ တို့ ဖြင့် အသပ်များစွာ သုတ်လိမ်း ပြီးလျှင် ဂုဏ်သက္ကရာဇ် သီတင်းကျွတ် လဆန်း ၂ ရက်နေ့ စ၍ ယုံးတော်ပြည့်- ထည့်ချ အပ်သော ရွှေကား ဆိုင်းရေ- ၁၁၇၇။ အသစ် ထပ်ကာ မဟာဘုံတိုင်းမုခ် အခုတ်ရိုးအင်္ဂတော မြေပြည့် တလင်း စိခင်းကျောက်ဖျာ မြင့်ရှည်စွာ တမ်းခွန်တိုင်ကြီး ကျောက်ထီး များစွာ သိဿလ သာဓိ ဘုရား သခင်၏ လက်ျာ လက်ဝဲ နှစ်ဘော်- ရွှေရပ်ဘော် ဘုရား နှစ်ဆူ

---

ဝသိဋ္ဌ-ဟု ခုနစ်သောက် ရှိသည်ကို စွဲ၍ သက္ကာ သင်္ချာ ကောက်ရမည် ဆိုသောကြောင့် "ခုနစ် ဂဏန်း"။ ။ မဂဓဆန်း ငိုကာ တို့ခ္ခကား တမျိုး ဆိုသည်။ ။နဘိ ကား ချက်-ဟူသော အနက်ဟောဖြစ်၍"တစ်ဂဏန်း"။ ။ စန္ဒကား လမင်း ဟူသော အနက်ဟော ဖြစ်၍ "တစ် ဂဏန်း"။ ။ပြောင်းပြန်လှန်ကောက်လျှင်။ ။(၁၁၇၀)ခု သက္ကရာဇ်ကို ဆိုလိုသည်။

ပွင့်တော် မူသော ဗောဓိ၌ ထက်ဝယ် ပလ္လင်ဖြင့် တင်ပျဉ်ခွေ နေတော် မူဟန် ရုပ်တုတော် ကြီးနှင့် တကွ ဓမ္မစေတီများစွာ ဆန်းကြယ်စွာ လုပ်ဆောင် အပ်သော စာဘိုက် သီဟိုဠ်ရှင် ဘုရား, ဆုတောင်းပြည့် ဘုရား, ပေါင်လောင်ရှင် ဘုရား, လယ်ရာအရှတောင်ဦး ဘုရားတို့၌ ခြူးသန်း ခြူးနွယ် ချယ်လယ် စီရင် တုရင် မှန်ကင်းစိုက်ထူ အပ်သော မုခ်ဦးစရပ်။ သစ်သားတော် မြတ်တို့ သိဘင်း သုံးနှုန်း အတည် တည်သောကျောင်း။ ကြေးစင်အသပြာ- ၅၀၀- ရှိသော ခေါင်းလောင်း တထပ်။ ရေတွင်း, စရပ်, ဆိမ်း, ပန်းစေတီ, ပန်းမွေ့ရာ ရှည်စွာ တံတား ကုဋ္ဌား, ဘဏ်းခွန်လေးတန် ပစ္စယ သိသဘာဝ နှာ အာမိသမွ ဒါန ကောင်းမှု အရပ်ရပ် များစွာ အခါ မပြဲ တိုး၍ တိုး၍ နေ့ညဥ့် မချာ သမ္မာ ဆန္ဒ ပြဋ္ဌာန်း လျက် ကြုံးပမ်းအားထုတ် ပါသည်။ ။ဤသို့မယုတ် အားထုတ်အပ်သော ကုသိုလ်စေတနာသည် ဤဘဒ္ဒကမ္ဘာ၌ သစွာသေးဆင့် ပွင့်တော် မူလတ္တံ့သော အရိမေတ္တေယျ ဘုရားအထံတော်ဝယ် လေးသွယ် ပဋိသမ္ဘိဒါ ရှစ်ဖြာ ဝိမောက္ခ လွယ်ကာရလျက် သုခ ပဋိပဒါ ခိပ္ပါဘိညာ ဌာနန္တရ ဝိသေ သဖြင့် ထေရ- ထေရီ အညီ မှန်စွာ ရဟန္တာစင်စစ် ဧကန်ဖြစ်၍ ဆုတ်နစ်မပြန် ပြည်နိဗ္ဗာန်ကို အာနွန် ယူဖျမ်း ရလိုသောဝ်။ ။ယခုဘဝ ပစ္စက္ခ လည်း ဝေရာဘာသ ဒုက္ခ- ဥပဒ္ဒဝ ဆနဝုတိ မရှိချမ်းငြိမ် စည်းစိမ်အသက် တိုးတက်ဌာန ယသ- ကိတ္တိ သိရိ- တေဇ သုခ ထွေထွေ တက်သစ် နေသို့ ပွါးလေသဖြင့်

www.dhammaransi.com



ဝဋ်သုံးဆင့်ကို အသင့်ဖြည့်သုံး သူတော်ထုံးကို နှလုံးစွဲယူနိုင်စေသော်။ ။အနန္တရ နောက်ကာလလည်း လေးဝအပါယ် လေးသွယ်သောကပ် ရှစ်ရပ်ပြစ်များ လေးပါးဝိပတ် ကင်းလွတ်ဝေးစွာ မဟာကုလ သေဋ္ဌ သဋ္ဌေ စွဲနေကုံလုံ ဆယ်ရှစ်ရုံနှင့် သုံးပုံပိဋကတ် တတ်မြောက်လွန်စွာ သိဘိုင်းသာလျှင် စာမရိထုံး ကျင့်သုံးမချော် သူတော်ဥစ္စာ ကိုယ်မကွာသျှင် အဇ္ဈာသယာ ဓမ္မခြောက်မည် မြဲဆောက်တည်၍ ရှုပြည် စံမြန်းရလိုသော်။ ။ဝိဝဋ္ဋမျိုး ဆင့်ဆင့်ပျိုးသား ကောင်းကျိုးကုသိုလ် အဘို့ ကိုလည်း အပဟိုလွန်လစ် သက္ကရာဇ်၌ ရတ္တစည်းစိမ် ငြိမ်စေခဲ့ပြီး နတ်ပြည်မှီး၍ ဘုံသီးစံရွှင် တို့အရှင်အား ဦးတင်ညွတ်ခ ပေးဝေငှ၏။ နရာဓိပတိ သိရိညာနေ့ ဆွေ့တော် မျိုးပေါင်း ဖူးကောင်း မဘ်ရာ မာတာပိတ အာစေရနှင့် လောက သုံးပုံ ဝဋ်သုံးရုံ၌ ဥသုံ့များစွာ သဇ္ဈဝါအား ဝေမာဏိက နိရယပိုင်နှင်း ယမမင်းကို သိသျှင်းစေမှု သက်သေပြု၍ ယခု ဝေညွှန်း ရေစက် သွန်းသည် သုံးခန်း ဘုံနေ သဗ္ဗေ သတ္တာ သတ္တဝါတို့ ဝမ်းသာရုံမက် နှစ်သက်မြော်ရှု ဤကောင်းမှုကို သာဓု-သာဓု ဧဝယျတုဟု အောင်ဆု သံပြိုင်ချီစေသော်....။

## မှာထားချက်။

မြင်သာ ရွာအုပ် မင်းကြီး ကောင်းမှုတော် ရုပ်ပွါးဆင်းတု နှစ်ဆူကိုလည်း၊ သီဟိုဠ်ရှင် မြဘာ

www.dhammaransi.com



စွာ ဘုရားနှင့် ရုပ်တုပုံ တူညီသော ကြောင့်၎င်း၊ ထို သိဟိုဠ်မြတ်စွာဘုရားနှင့် အတူဘကွ တည် ထားသော ကြောင့်၎င်း၊ သိဟိုဠ်ရှင်ဟူ၍ပင် မှည့် ခေါ်တော် မူအပ်သည်။ ။မြင်သာ ရွာအုပ်ကြီး ကား မည်သည့် ရက်- လမှာ မွေးဘွား၍ မည် သည့် ရက်-လမှာ သုံးပါးကြောင်းကို စာမတွေ့၍ မရေးသားရပေ။

ဤသို့လျှင် ယိုယွင်း ဟောင်းနွမ်း၍ ညှိုးနွမ်း ပျက်စီး နေတော် မူသော သိဟိုဠ်ရှင် မြတ်စွာဘုရား ဂန္ဓကုဋိ တိုက်တော်ကို အသစ်ပြုပြင် စီမံသူဒါန်းခဲ့ခြင်း, ထီးတင် ခြင်း, တံတိုင်း အရံအတား ပြင်ဆင်ခြင်း- အစရှိသော သိဟိုဠ်ရှင် မြတ်စွာဘုရားနှင့် စပ်သမျှ ဟောင်းနွမ်း ယို ယွင်းသော အရာတို့ကို ထပ်မံ ပြုပြင်ခြင်း။ ။ဤသို့ အသစ်အသစ် အလုံးစုံဖြစ်အောင် ပြင်ဆင် ပြုလုပ်ပေ သော မြင်သာ ရွာအုပ်ကြီးမင်းအား နောက်သား နောင် လာ များစွာသောသူ ရှင်,လူ,ရဟန်းဘို့သည် ဝမ်းမြောက် ဝမ်းသာ ကျေးဇူး တင်ပေ ရာ၏။ ။အကယ် ၍သာ ပျက်စီး ယိုယွင်းလျက် ဆက်လက် ပြင်ဆင်သူ မရှိခဲ့ပါ မူ၊ ယခု အချိန် အခါတွင် ထိုစဉ် အခါက သိဟိုဠ်ရှင် မြတ်စွာဘုရားကို နောက်သား လူသူတို့ ဖူးမြော်ခွင့်ရှိ မရှိဘော့ သောကြောင့် ရွာအုပ်မင်းကြီး၏ ကောင်းမှုကို လည်း သာဓု- ခေါ်ရသဘည်း။ ။အလောင်း စည်သူ မင်းကြီး တည်ထားတော် မူခဲ့ချင်းအတိုင်း ပြင်ဆင် စီမံ

www.dhammaransi.com



သဖြင့်လည်း အလွန်ရှေးကျ၍ ရောမ ဘုန်းတော်ရှင် ဖြစ်တော် မူသော အသောင်း စည်သူ မင်းကြီး၏ ခြေရာ, လက်ရာတို့ကို တွေ့မြင်ရလေသည်။ ။ထို့ကြောင့် မြင်သာ ရွှာအုပ်မင်းကြီးအား ကျေးဇူးကြီးစွာ တင်ထိုက်ပေသတည်း။

## ၄။ ဒုတိယအကြိမ် အသစ်ပြင်ဆင်ခြင်း။

ဟောင်းနွမ်း အိုမင်းခြင်း သဘောရှိသော ဝတ္ထုတို့သည် ဟောင်းနွမ်း အိုမင်းချိန်ကျလျှင် မဟောင်းနွမ်းဘဲ မနေရ၊ ဝေကန် အမှန်ယိုသွင်း၍ အိုမင်း ဟောင်းနွမ်း ရမြဲဖြစ်ရာ၊ သိပ္ပိုဋ္ဌိရှင် မြတ်စွာဘုရားနှင့် ဂန္ဓကုဋိတိုက်တော်တို့မှာ မြင်သာရွာအုပ်ကြီး ပြင်ဆင် ပြီးသည့်နောင် များမြောင်ရှည်စွာ နှစ်- လ- ရက် ကြာသောအခါ ဇရာ သဘောဖြင့် ဟောင်းနွမ်း ပျက်စီးပြန်လေသတည်း။ ။ယင်းသို့ အိုမင်း၍ ယိုသွင်း ဟောင်းနွမ်းပြန်သော် မြတ်စွာဘုရားရှင်၏ တန်ခိုးတော်အားဖြင့် အသစ် ပြုပြင်လိုသော ဒါယကာများလည်း အဆင်သင့်ပင် ရှိကြ လေကုန်၏။ ။ပခုက္ကူမြို့ နယ်ပယ်နှင့်တကွ မြန်မာနိုင်ငံ အလုံးတွင် ထင်ရှား ပေါ်လွင်သော မြတ်စွာဘုရားဖြစ်၍လည်း ပျက်စီး ဟောင်းနွမ်းခြင်းကို လျစ်လျူရှု၍ အမှုမဲ့ အမှတ်မဲ့ မနေလိုကြကုန်။

## ဘုရားအမကြီး-ဒေါ်လေးကြီး။

ရေးသား ပြခဲ့ပြီးသောအတိုင်း သိပ္ပိုဋ္ဌိရှင် မုဒ္ဒော စေတီတော်မှာ ဟိုယခင်း ဟောင်းနွမ်းခဲ့ရာ ဓေကီတော်

www.dhammaransi.com



လုံးပတ်တွင် အင်္ဂတေများ အက်ကွဲခြင်း, အလိပ်အလိပ် ကွာကျခြင်း, ဂန္ဓကုဋိ တိုက်တော်မှာ ရှုမြင် မလျော် အောင် အုတ်နံရံ အက်ကွဲလာခြင်း, မြက်သစ်ပင် စသည် တို့လည်း အုတ်ကြားမှ သုတ်သင် မနိုင် မြိုင်လောက် အောင် ပေါက်ရောက်ခြင်း, မိုးသည်းထန်စွာ ရွာသွန်း လျှင် အတွင်း ဂူလိုဏ်ထဲသို့ ရောက်အောင် ကွဲပေါက် ပျက်စီး နေသော အရပ်တို့မှ မိုးရေဖြိုင်ဖြိုင် ကျခြင်း။ ။ ဤသို့ အစရှိသော အားဖြင့် ယိုယွင်း ဟောင်းနွမ်းခဲ့ လေ သတည်း။

ယင်းသော အခါ မြင်သာ ရွာအုပ်ကြီး နေထိုင်ရာ မြင်သာ ရွာမှာပင်။ ။(ယခုအခါ ပခုက္ကူမြို့ စည်ကားသဖြင့် မြင်သာရပ်ဟု ခေါ်တွင်သည်)။ ။သိဟိုဠ်ရှင် မြတ်စွာဘုရား ဟောင်းနွမ်း ပျက်စီးသည် တို့ကို ပြုပြင်-ပြင်ဆင် နိုင်အံ့သော စေတနာ သဒ္ဓါတရား ရှိပေသော ဒေါ်လေးကြီး- ဆိုသူ ဥပါသိကာမကြီး တဦး ဖြစ်ထွန်း လာရ လေသတည်း။ ဒေါ်လေးကြီးကား မြင်သာရပ်မှာ ပင် ဘွားမြင်ခဲ့၍ အရွယ်သို့ရောက်လျှင် မြင်သာရပ်မှာ ပင် ခင်ပွန်းလင်နှင့် နေထိုင်ခဲ့လေသည်။ ။ထိုစဉ်အခါ မြန်မာ နိုင်ငံတွင် ရောင်းရေး ဝယ်ရေးတို့မှာ အထက် နိုင်ငံ, အောက်နိုင်ငံ ပြန်လှန်ကူးယှက်လျက်ရှိရာ ဒေါ်လေး ကြီးမှာ ပင့်ည်းဥစ္စာ ရှာဖွေရန် သင်္ဘောကြီး, သမ္ဗန်ကြီး တို့ဖြင့် ပခုက္ကူမှ ဈန်ဆင်းလျက် မြောင်းမြ, ပုသိမ် စသော အောက်နိုင်ငံသို့ သွားလာလုပ်ကိုင်ရ လေသည်။

www.dhammaransi.com



ရက်ကာလ ကြာလတ်လျှင် အောက်နိုင်ငံ မှာပင် စီးပွါးရေး ညီညွတ် သဖြင့် ဒေါ်လေးကြီးမှာ ပုသိမ် ဒိစတြိတ် မိုးပြာ အမည်ရှိသော ရွာ၌ အမြဲ နေထိုင်လေ သတည်း။ ။ဒေါ်လေးကြီးကား ရှေးအတိတ်ကံ စိမ့် ထောက်ပံ့သော အားဖြင့် ပစ္စည်းဥစ္စာ ရတနာ ရွှေငွေ လိုလေမရှိ ကြွယ်ဝသောဟူ၏။ ။အခါ တပါးတွင် ဒေါ်လေးကြီးသည် ပဝတ္တိနေထိုင်ရာ မိုးပြာရွာမှ ဇာတိ မွေးဘွားရာ ပခုက္ကူမြို့ မြင်သာရပ်သို့ ပြန်လာ ပြီးလျှင် အစဉ်မပြတ် ကိုးကွယ်ခဲ့သော သိဟိုဠ်ရှင်မြတ်စွာဘုရား သို့ သွားရောက် ဖူးမြော်လေသော် ဂန္ဓကုဋိ တိုက်တော် နှင့် စေတီတော်ကြီးမှာ ပျက်စီး ချွတ်ယွင်း နေပုံ တို့ကို မြင်လျှင် ရွှေကို ခင်သောသူသည် ရွှေကျင်ရာ ရွှေတွင်းသို့ ရောက်သကဲ့သို့ ကုသိုလ်ကို ရှာမှီးပြုစုလိုသော ဒေါ်လေး ကြီးကား ပျက်စီး ယိုယွင်းတော် မူသော မဏ္ဍာသိုဟ်ဂူ ကို ...ငါပင် ပြင်ဆင်ပေအံ့....ဟု ထက်မြက်သော သဒ္ဓါ အဟုန်ဖြင့် မသုန်မလည် ဆုံးဖြတ်လေ၏။

ဤသို့ ဆုံးဖြတ် ပြီးလျှင် မိမိ နေထိုင်ရာ ပုသိမ် ဒိစတြိတ် ကျောင်းကုန်းမြို့ မိုးပြာရွာသို့ ပြန်လည် ခဲ့၍ သားဖြစ်သူ- ဦးမောင်ဆင် သို့မြဖြစ်သူ- မထား တို့အား သိဟိုဠ်ရှင် မြတ်စွာဘုရား၏ ပျက်စီး ယိုယွင်းပုံ များနှင့် တကွ ထပ်မံ ပြုပြင်လိုသောဆန္ဒဖြင့် ဆုံးဖြတ်ခဲ့ပုံ များကို ပြောကြားတိုင်ပင် စိုင်ပြင်ခင်းကျင်းလေသော်- သူတော် ကောင်းချည်းသာ ဖြစ်ကုန်သော သား- ဦးမောင်ဆင် သို့မြ-မထားတို့ ကလည်း ဝေးလံ ရပ်ခြား မြို့ဘပါးမှ

www.dhammaransi.com



အဘိုးများစွာ ထိုက်တန်သော လက်ဆောင် ဥစ္စာနှစ်ကို ရသကဲ့သို့ ရွှင်ပျဝမ်းသာ သဒ္ဓါဘာရေး တိုးပွါးထက်သန် ကြကုန်လေသည်။

## ၅။ ချောပ်ခစ်ခေတ်မီးအခွဲကြီး။

သဒ္ဓါဖြူဖြူ အညွန့် လူကြသဖြင့် ပြည်သူ အားလုံး ညွတ်ရုံး ဦးခိုက်ရာ မဟာသိဟာဋ္ဌသာမိ အမည်တော် ရှိသော သိပ္ပိုဋ္ဌာရှင် မြတ်စွာဘုရားကို အမြဲမပြတ် ပူရ စောင့်ရှောက်လျက် ရှိသော ဘဏ္ဍာတော်ထိန်း လူကြီး, လူကောင်း များလည်း ရှိပေသေး၏။ ။ဘဏ္ဍာတော် ထိန်း လူကြီးများမှ တပါး သဒ္ဓါအခင်အား ပစ္စည်း အင် အား ပေါများ ပြည့်စုံကုန်သော ကုန်သည်, သူကြွယ် လူရွယ်, လူလတ်တို့လည်း ရှိသေးသည်။ ယင်းသို့ ရှိခဲ့ ရာ မြင်သာ ရပ်ကွက်၌ နေထိုင် ကြသော ဥပါသကာ ယောကျ်ား, မိန်းမတရပ်၊ ခံတောရပ်၌ နေထိုင် ကြသော ဥပါသကာ ယောကျ်ား, မိန်းမတရပ်၊ မြစ်ကိုင်းရပ်၌ နေ ထိုင် ကြသော ဥပါသကာ ယောကျ်ား, မိန်းမ တရပ်၊ ပခုက္ကူမြို့၌ နေထိုင် ကြသော ဥပါသကာ ယောကျ်ား, မိန်းမတရပ်။ ။ဤလေးရပ်သော သူတော်ကောင်း အပေါင်း တို့ အကြံအစည် ပြုသည်ကား။ ။သိပ္ပိုဋ္ဌာရှင် မြတ်စွာ ဘုရားကား အထူးပင် ထင်ရှား ကျော်ဟိုး တန်ခိုးတော် ကြီးတော်မူသော မြတ်စွာဘုရား ဖြစ်ချေသည်။ အများ ပြည်သူတို့ ကြည်ဖြူကော်ရော် ပူဇော် ရိုသေ အပ်သော မြတ်စွာဘုရား ကိုယ်တော်လည်း မှန်ခဲ့သည်။ ။ထိုသို့

ဖြစ်လျက် ခေတ်ကာလ အလျောက် ပေါ်ပေါက် ဖြစ်ထွန်းလာသော အင်ဂျင်ဓာတ်မီးကို မညှိထွန်းရ မပူဇော်ကြရပါလျှင် ဘုရားရှင် မှာလည်း မှောင်နှင့် မဲမဲ ရှိရတော့မည်။ ဒါယကာများ မှာလည်း သဒ္ဓါတရား ပါးရှားရာ ကျရောက်မည်။ ။လျှပ်စစ်ဓာတ်မီးဖြင့် မီးသီး, မီးလုံး, မီးပန်းကုံး, မီးဆိုင်း, မီးဖလ်ဘိုင်များကို တပ်ဆင် ပူဇော်ရပါလျှင် ဘုရားရှင်လည်း ကြည်ညိုဘွယ် ဖြစ်တော့သည်။ ဒါယကာ ဒ.ပေါင်းတို့ အားလည်း ကောင်းမှုကုသိုလ် တိုးတော့သည်။ လျှပ်စစ် ဓာတ်မီးကို မကြာမဘင် ပူဇော်ကြကုန်စို့....ဤသို့ အကြံအစည် ပြုကြကုန်သည်။

ယင်းသို့ ကြံစည်ပြီးသော် များစွာသော ဥပါသကာတို့ကား သာသနာတော် သုံးပါး ရတနာသုံးပါး တို့၌ ပွါးများ ထက်သန်ပြီးသော သဒ္ဓါတရား ရှင်ချည်း ဖြစ်ကုန်ရကား၊ အများသဘော ကြိုက်ညီသဖြင့် ဂေါဇာ သက္ကရာဇ် (၁၂၈၁)ခုနှစ် ကဆုန်လဆန်း(၈)ရက် နေ့တွင် လျှပ်စစ်ဓာတ်မီး အသင်းကြီးတခု ဖွဲ့စည်းတည်ထောင်ကြလေသည်။ ။ဤသို့ တည်ထောင်ပြီးလျှင် အင်ဂျင်ဓာတ်မီးစက်နှင့်တကွ မီးလုံး, မီးသီး, မီးပန်းဆိုင်း, မီးပွင့် အစရှိသော ဓာတ်မီးနှင့်ဆိုင်ရာ, ကိရိယာ အစုစုတို့ကို အဘိုးငွေ တသောင်းကျော် ဘိုးမျှ ဝယ်ယူ ပူဇော်ကြလေသည်။

ထိုအသင်း၏ ရည်ရွယ်ချက်တာဝန်မှာ။ ။သိမ်ဟိုင်း့ရှင်မြတ်စွာဘုရား၌ လျှပ်စစ်ဓာတ်မီး အမြဲမပြတ် ပူဇော်

www.dhammaransi.com



နိုင်က ပူဇော်လှူဒါန်းရန်, သီပေါ်ရှင့်ရှင် မြတ်စွာဘုရားနှင့် စပ်သမျှ အရပ်ရပ် လုပ်ငန်း တာဝန်တို့ကို အားသွန်ကြိုး ပမ်း ထမ်းဆောင်ကြရန်။ ။ဤသို့ရည်ရွယ်ချက် တာဝန် ရှိလေသည်။ ။ထို့ကြောင့် ထိုအသင်းကြီး ဖြစ်ပေါ် လာခြင်းကား အထူးဘာသည့် ဝမ်းမြောက်ဘွယ်ရာ ဖြစ် သည့်ပြင် သီပေါ်ရှင့်ရှင် မြတ်စွာ ဘုရား၏ တန်ခိုးတော် ကြီးမား တိုးတက်ရန် အကြောင်းပင် ဖြစ်လေသည်။

**ချေပစ်စ် ခေတ်မီးအသင်း၌ ပါဝင် ရွက်ဆောင် ကြသော ပုဂ္ဂိုလ်များမှာ-**

၁။ ဦးထွန်း။ ခုံမင်းကြီး သမာဓိမြို့ဝန်မင်း။ ပထမဥက္ကဋ္ဌ။

၂။ ဦးစံလှ။ လွှတ်ထောင်ကြီး၊ ဒုတိယ ဥက္ကဋ္ဌ။

၃။ ဦးရာကွတ်။ ကုန်သည်ကြီး၊ ဒုတိယဥက္ကဋ္ဌ။

၄။ ဦးဆိုး။ ငွေထိန်းလူကြီး။

၅။ ဦးဘ။ အကျိုးတော်ဆောင်။

၆။ ဦးဘိုးသိန်း။ ရှင်း။

၇။ ဦးရွှေပိုင်။ စာရင်းစစ်လူကြီး။

၈။ ဦးဘိုးသောင်၊

၉။ ဦးထွန်းရှ၊ ပွဲစားကြီး။

၁၀။ ဦးကျော်ဒင်။

၁၁။ ဦးအောင်ကြီး။

ဤ လူကြီး မင်းတို့ကို ခေါင်းတည်လျက် အသင်း သား ဦးရေ ငါးဆယ်ခန့် ရှိလေသည်။ ။နောက်ကာလ

www.dhammaransi.com



များတွင် အသင်းဥက္ကဋ္ဌ- စသည်နှင့် တကွ အသင်းသား များ လွဲပြောင်းခြင်းရှိပြန်သဖြင့် ယခု (၁၂၉၆)ခုနှစ် အထိ လျှပ်စစ် ဓာတ်မီး အသင်းတွင် ပါဝင်ရွက်ဆောင် နေကြသော လူကြီးမင်းများနှင့် အမှုဆောင် စသည်တို့မှာ=

၁။ ပထမဥက္ကဋ္ဌ-ဦးမောင်ကလေး။
၂။ ဒုတိယဥက္ကဋ္ဌ-ဦးဘိုးသိန်း။
၃။ ရင်းဥက္ကဋ္ဌ-ဦးမောင်ကြီး။
၄။ ငွေထိန်းလူကြီး-ဦးဆိုး။
၅။ ပထမအကျိုးဆောင်-ဦးဘိုးမြိုင်။
၆။ တွဲဘက်အကျိုးဆောင်-ဦးဘတင်။
၇။ ရင်းအကျိုးဆောင်-ဦးဘညွှန့်။
၈။ စာရင်းစစ်လူကြီး-ဦးဘိုးလူ။
၉။ ရင်း-ဦးဘသန်း။
၁၀။ ရင်း-ဦးထွန်းသာ။
၁၁။ အတွင်းတံခါး သော့ထိန်း-ဦးဘိုးမှုံ။
၁၂။ အပြင်တံခါး သော့ထိန်း-ဦးပြောင်း။

ဤလူကြီး, လူကောင်း အပေါင်းနှင့် တကွ အမှုဆောင် များမှာ-

၁၃။ ဦးစောလှိုင်။ (ခံတော်ရပ်)
၁၄။ ဦးဘိုးသစ်။ ။
၁၅။ ဦးကျော်ထူး။ ။
၁၆။ ဦးပြူး။ ။
၁၇။ ဦးစံဦး။ ။

www.dhammaransi.com



၁၈။ ဦးဘိုးပြူး။ (မြစ်ကိုင်းရပ်)
၁၉။ ဦးဘိုးသောင်း။ ။
၂၀။ ဦးဘိုးအောင်။ ။
၂၁။ ဦးပဒုမ္မာ။ ။
၂၂။ ဦးတုင်။ ။
၂၃။ ဦးဘ။ ။
၂၄။ ဦးပု။ ။
၂၅။ ဦးအောင်ကျော်ဇံ။ (ဆုံကုန်းရပ်)
၂၆။ ဦးဘိုးရှေ။ ။
၂၇။ ဦးအောင်ခွန်း။ ။
၂၈။ ဦးရေအေး။ ။
၂၉။ ဦးအောင်ချင်း။ (မြင်သာရပ်)
၃၀။ ဦးဘိုးငယ်။ ။
၃၁။ ဦးဘိုးမြ။ ။
၃၂။ ဦးမြတ်ပြူး။ ။
၃၃။ ဦးဘိုးချုပ်။ ။
၃၄။ ဦးဘိုးငွေ။ ။
၃၅။ ဦးစံသိ။ (မဲအိုးတန်းရပ်)
၃၆။ ဦးသာဇံ။ ။
၃၇။ ဦးဘိုးရန်။ ။
၃၈။ ဦးကျော်မှူး။ ။
၃၉။ ဦးဘိုးကွန်း။ ။
၄၀။ ဦးဘိုးအောင်။ (ထမ်ကောက်ရပ်)
၄၁။ ဦးသိုက်ထွန်း။ ။

www.dhammaransi.com



၄၂။ ဦးရွှေလူ။ (ထမကောက်ရပ်)
၄၃။ ဦးလူသာ။ ။
၄၄။ ဦးသာဖူး။ (တပ်ကြားရပ်)
၄၅။ ဦးသက်ရှေ။ ။
၄၆။ ဦးဘဖေ။ ။
၄၇။ ဦးဘကြွမ်း။ (ဈေးရပ်)

ဤသို့ အသီးသီး ဦးရေ စာရင်း ဖြစ်လေသည်။ ။ ဤစာရင်းတွင် ပါဝင်သော လူကြီးမင်းအပေါင်း ၊ သူတော် ကောင်း တစုတို့နှင့် လျှပ်စစ်ဓာတ်မီး အသင်းကို တည် တံ့အောင် ဖွဲ့စည်း ပြီးလျှင် သိဟိုဠ်ရှင် ဘုရားနှင့် စပ် လျဉ်းသော ကြောင့်ကြပြုရန် တာဝန် ဝတ္တရားကိုလည်း ရွက်ဆောင် အားထုတ်ကြသည်။ ။အသင်း၏ အမည် ကိုလည်း (သိဟိုဠ်ရှင်- လျှပ်စစ်ဓာတ်မီး အသင်းကြီး)ဟု ခေါ်တွင် စေသည်။ ။ထိုအခါမှ စ၍ လျှပ်စစ်ဓာတ် မီး အသင်းမှ အင်ဂျင် ဓာတ်စက်ကို အသိုး တသောင်း ကျော်ဖြင့် ဝယ်ယူပြီးလျှင် မြတ်စွာဘုရား၌ အချို့အခါ တွင် ညစဉ်ရင်း၊ အချို့ အခါတွင် ဥပုသ် နေ့များ၌ရင်း၊ မီးဆိုင်း၊ မီးသီး၊ မီးပွင့်များ တပ်ဆင်၍ ပူဇော်ရလေ သတည်း။

## ၆။ ဘုရားအမ—ဒေါ်လေးကြီးက အသစ် ပြုပြင်ခြင်း။

အသစ် ပြုပြင်၍ ကောင်းမွန်အောင် တည်ထားမည် ဟု မိုင်းခြား ဆုံးဖြတ် ခဲ့သော ပုသိမ်ဒိစတြိတ် ကျောင်း

ကုန်းမြို့ မိုးပြာရွာ ဘုရား အမ- ဒေါ်လေးကြီး သည် သီဟိုဠ်ရှင် မြတ်စွာဘုရား၌ ယိုယွင်းပျက်စီးသမျှ အသစ်ပြင်ဆင်၍ ဂန္ဓကုဋိ တိုက်တော် ကျဉ်းမြောင်း နေသည်ကိုလည်း တပ်မံချဲ့ထွင် ပြုလုပ်ပြီးလျှင် စေတီတော် နိမ့်နေ သည်ကိုလည်း ထပ်ဆင့် တိုးမြှင့် တည်ထား ကိုးကွယ်လိုကြောင်းနှင့် သီဟိုဠ်ရှင် ဘဏ္ဍာတော်ထိန်း လူကြီး မင်းများနှင့် လျှပ်စစ် ဓာတ်မီး အသင်းကြီးသို့ အကြောင်းကြား ပြောဆို လာလျှင် ဘဏ္ဍာတော်ထိန်း လူကြီး, လျှပ်စစ်ဓာတ်မီး အသင်းလူကြီးတို့က ဝမ်းမြောက်ဝမ်းသာစွာ ခွင့်ပြုလိုက်သော် အခွင့်အမိန့် ရရှိသဖြင့် ဘုရားအမ- ဒေါ်သေးကြီးနှင့် သား-ဦးဓောင်ဆင် သမီး-မထားတို့က သီဟိုဠ်ရှင် မြတ်စွာဘုရားကို အသစ်ပြုပြင်စီရင် တည်ထားရန် ဂေါဇာ သက္ကရာဇ် (၁၂၇၄) ခုကဆုန်လဆုတ် (၁၂)ရက်နေ့ နံနက် နေရိပ်ပြ ရှစ်ဘဝါးအချိန် ကောင်းမြတ်သော မင်္ဂလာအခါ၌ ဂန္ဓကုဋိတိုက်တော်အသစ် ဘိနပ် အခင်းတော် (၅၅) ဘောင် ပန္နက်ချကြလေသည်။

## ၇။ နည်းလမ်းညွှန်ပြ ဆုံးမပဲ့ပြင်တော်မူသော ဆရာတော်ကြီးများ။

ယင်းသို့လျှင် ဂန္ဓ ကုဋိတိုက် ပန္နက် ရိုက်ချ ကြိုးသားကြလေသော် မူလရှိရင်း ဟောင်းမြင်းသော မုဋ္ဌော ဂူလိုက်ထက် အလျား- အနံ တပိုး တဆမက ပိုမို၍

www.dhammaransi.com



ကြည်ညိုသပ္ပါယ် ကြီးကျယ် တိုးပွါး လာသောကြောင့် ဂန္ဓကုဋီ တိုက်တော်ကို ဖြိုဖျက်၍ ပြင်သင့်- မပြင်သင့်, အသစ် တည်ထားမည် ဖြစ်သော ဂန္ဓကုဋီ တိုက်တော်-ရဗ္ဗောဂုလိုဏ် သည် မူလရှိရင်း ဂန္ဓကုဋီ တိုက်ဟောင်းနှင့် နီးနားချဉ်းကပ်နေသော စေတီတော်အချို့နှင့် မလွတ်မကင်း ကျဉ်းမြောင်း နေသဖြင့် ထိုစေတီတော် တို့ကို တနေရာမှ တနေရာသို့ ပြောင်းရွှေ့ ကိုးကွယ်သင့်-မကိုးကွယ်သင့် ထောက်ချင့်နိုင်းဆကုန်ကြလျှင် သည်အခရာကား လူသူဒါယကာများ၏ အရာအခွင့်မဟုတ် လောကုတ္တရာ ကျမ်းဂန်အရာတို့၌ လိမ္မာတော် မူကုန်ပြီးသော ဆရာတော်, သံဃာတော်တို့၏ အရာအခွင့် ဖြစ်၍ ထို ဆရာတော် ကြီးများ သံဃာတော် ကြီးများ ထံမှ နည်းပေးလမ်းပြ ဆုံးမပဲ့ပြင် သွန်သင်အပ်သော စကားကိုနာယူပြီးလျှင် အခွင့်အမိန့် အတိုင်း ပြုပြင်မည်ဟု သိဟိုဠ်ရှင်လျှပ်စစ်ခေတ်မီး အဖွဲ့ကြီးက အောက်၌ ဖော်ပြထားသော ဆရာတော်ကြီး, သံဃာတော်ကြီးတို့အား အသီးသီးပင့်လျှောက်၍ အဆုံးအမ နည်းလမ်းပြ အမိန့်စကားတို့ကို နာကြားမှတ်သားကြသတည်း။

ပင့်လျှောက်အပ်သော— ဆရာတော်ကြီးများမှာ-

၁။ သဲပုံစေတီ- တောရ ဆရာတော်ဘုရား (ဘုန်းတော်ကြီး ဦးကြည်)။

၂။ ဆရာတော် ဦးဇာဂရ။

၃။ လေးထပ်တိုက် ဆရာတော် ဦးဥတ္တမ။

www.dhammaransi.com



၄။ ပုထိုးတိုက် ဆရာတော် ဦးသောဘိတ။
၅။ ပုထိုးတိုက် ဆရာတော် ဦးနန္ဒိယ။
၆။ မင်္ဂလာ မဟာ ဝိသုဒ္ဓါရာမ တိုက် ဆရာတော် ဦးနန္ဒဝံသ။
၇။ မဟာ ဝိဇယာရာမ တိုက်သစ် ဆရာတော် ဦးဇဝန။
၈။ ရွာသစ်ပြင်တိုက် ဆရာတော် ဦးဉာဏ။

၎င်းဆရာတော်ကြီးများကို အကြီးအမှူး, ဦးစီးဦးကိုင်ပြု၍ သံဃာတော် ၂၅- ပါး ပင့်ဖိတ် လျှောက်ထားပြီးလျှင်။ ။(၁) လျှပ်စစ်ဓာတ်မီး အသင်းကြီး၏ ဥက္ကဋ္ဌ သမာဓိ မြို့ဝန် ခုံမင်းကြီး- ဦးထွန်း။ ။(၂) ဂုဏ်သမာဓိ မြို့ဝန် ဦးရွှေပိုင်။ ။(၃) ပွဲစားကြီး ဦးထွန်းချ။ ။(၄) ဘုရားဒါယကာ ဦးရကွတ်။ ။(၅) ဘုရားဒါယကာ ဦးစံလှ။ ။(၆) ဦးဘိုးသောင်း။ ။(၇) ဦးဘ။ ။(၈) ပွဲစားကြီး ဦးဘိုးသိန်း။ ။၎င်း လူကြီး မင်းတို့ကို ပင့်ဖိတ် ခေါ်ဝေါ်ပြီးလျှင် လူကြီးမင်းများနှင့် တကွ လျှပ်စစ် ဓာတ်မီး အသင်းဝင် လူဒါယကာ ငါးဆယ်ကျော်ခန့် ကြွရောက်ရညီ ကြကုန်သော ဆရာတော်ကြီး, သံဃာတော်ကြီးများထံမှ ဂန္ဓကုဋိ တိုက်ဟောင်းကို ဖျက်စီး ယိုယွင်းသမျှ ပြင်ဆင်ရန် မြို့ဖျက် ထိုက်ကြောင်းနှင့် ဂန္ဓကုဋိ တိုက်တော် အသစ်နှင့် မလွတ်မကင်း ကျဉ်းမြောင်းထိ စပ်လျက်ရှိသော စေတီတော် များကိုလည်း နေရာသစ် တခုသို့ ပြောင်းရွေ့ တည်ဆောက်ကြိုးကယ် ထိုက်ကြောင်း

www.dhammaransi.com



ဟူသော နည်းလမ်းညွှန်ပြ ဆုံးမ ပဲ့ပြင် သွန်သင်အပ်သော မိန့်ခွန်းတော်တို့ကို ခံယူရရှိကြလေ သတည်း။

## ၈။ ဒုတ်မြစ်ချခြင်းနှင့် ဌာပနာခြင်း။

ဆိုခဲ့သော အတိုင်း မိန့်ခွန်းတော်ကို ရပြီးလျှင် ဂန္ဓကုဋိတိုက်တော် အဟောင်း ကျဉ်းမြောင်း သေးငယ်သည်ကို ကြီးကျယ်ပြန့်ပွါးအောင် အသစ်ပြုပြင် ဆောက်လုပ် တည်ထားရန် ဂန္ဓကုဋိ တိုက်ဟောင်းနှင့်- စေတီတော်ကို ရပ်သိမ်း စီရင်ပြီးလျှင် ဒုတ်မြစ်ကျင်း အသစ်တူးဖေါက် အောက်သို့ (၈) တောင်မျှနက်အောင် ပြုလုပ်ပြီးမှ ဂေါဇာ သက္ကရာဇ် (၁၂၈၄) ခု ဝါဆိုလဆုတ် (၈)ရက်နေ့ ကောင်းမြတ်သောမင်္ဂလာ အချိန့်တွင် မိုးပြာရွာ ဘုရားအမ– ဒေါ်လေးကြီး သား- ဦးမောင်ဆင် သ္မီး- မထားတို့၏ ကောင်းမှု သိပ်ကိုဋ္ဌိရှင် လျှပ်စစ်ဓာတ်မီး အသင်းကြီးနှင့် ထိုအသင်းကြီးမှ ကမ္ဗာ့ကတ ပြုလုပ် အားထုတ် ကောက်ခံအင်သော တိုင်းနေ ပြည်သူ ရဟန်းရှင်လူတို့၏ ကောင်းမှု၊ ဤသို့ ကောင်းမှု အစုစု အချပ်ချပ် ရတနာ ခုနစ်ပါးဖြင့် ပြီးသော ဒုတ်ချပ်တို့ကို ပဋ္ဌင်တူရိယာ သံဝါလွှင့်မှုတ် ဒုတ်အော် သောင်းသောင်း ရိုက်ညောင်း ခတ်တီးလျက် ဒုတ်မြစ်ချ မင်္ဂလာကို ဆင်ယင်ကြကုန်၏။

ရတနာဖြင့် ပြီးသော ရွှေဒုတ်, ငွေဒုတ်- စသည်တို့ကို သိပ်ကိုဋ္ဌိရှင် လျှပ်စစ်ဓာတ်မီး အသင်းလူကြီး မင်းများကိုယ်တိုင်ကိုင်၍ စီခင်းသည်။ နံသာရေ နံသာခဲ တိုက်ကို

www.dhammaransi.com



လည်း ကြဲမြှောက်ပက်ဖျန်းရသည်။ပန်းဆီမီး ထီးတမ်းခွန် တို့ဖြင့်လည်း ပူဇော်ရသည်။ ဆန်ပန်း ပေါက်ပေါက်တို့ ကိုလည်း ကြဲမြှောက် ဖြန့်ခင်းရသည်။ ။ဤသို့သျှင် ရှေး ရှေးသော အခါ မင်းခေါင်မင်းဖျား မင်းတရားတို့ တည် ထား ကိုးကွယ်သော နည်းအတိုင်း ဝန်းဝိုင်းပြုလုပ် အား ထုတ်ကျူညီ ကိုယ်စိ ကိုယ်င ဆောင်ရွက်ကြ သဖြင့် ဒုတ်မြစ်ချမင်္ဂလာ ပွဲတော်ကား ဘေးရန်ကင်းစွာ ပြီးစီး သတည်း။

ဒုတ်မြစ်ချ ပွဲပြီးလျှင် ဘုရား အမ- ဒေါ်လေးကြီး သား-သွီး တစုတို့သည် မုဋ္ဌော ဂူလိုဏ်တော်ကို ဆက် လက် တည်ထားခဲ့ရာ ဂန္ဓကုဋီတိုက်သစ် ပထမရစ် အခ ရောက် မြေအောက် တိုက်တွင်းမှာ အရပ်ရပ် ပြည်သူ ရှင်လူရဟန်းတို့ လှူဒါန်းကိုးကွယ် ကြသော ရွှေဆင်းတု, ငွေဆင်းတု, စိန်ဆင်းတု, မြဆင်းတု, ရွှေပဒေသာပင်, ငွေ ပဒေသာပင်, ရွှေ တန်ဆောင်, ငွေ တန်ဆောင်, ရွှေ ပေါက်ပေါက်, ငွေ ပေါက်ပေါက်, ရတနာ ခုနစ်ပါးဖြင့် ပြီးသော သပိတ် ပရိက္ခရာ, ရွှေ ကျောင်းဆောင်, ငွေ ကျောင်းဆောင်, ရွှေ ဗောဓိပင်, ငွေ ဗောဓိပင်- အစရှိ သည်တို့ကို ဌပနာ ကြကုန်၏။ ။ဒုတိယအရစ် အဘက် မြေအထက် ဌပနာတိုက်မှာလည်း ထိုနည်းတူ ဌပနာကြ ကုန်၏။ ။သိပ္ပံဒိဋ္ဌရှင် လျှပ်စစ်ဓာတ်မီး အသင်းဝင် လူ ကြီး, လူကောင်း အပေါင်းတို့နှင့်တကွ တိုင်းနေ ပြည်သူ ရဟန်း, ရှင်, လူတို့ကလည်း မြတ်စွာဘုရား ဓာတ်တော်, ရဟန္တာ ဓာတ်တော်- အစရှိသော အဆင်း အရောင်

www.dhammaransi.com



သီဟိုဠ်ရှင်မြတ်စွာဘုရား - ကိန်းဝပ်တော်မူရာ

**ဂန္ဓကုဋိတိုက် စေတီတော်ပုံ**

[illegible]

www.dhammaransi.com



အထူးထူး အထွေထွေ ပုံနေ့ပုံဟန် သဏ္ဌာန် အခြားခြား များပြားစွာသော ခတ်တော်, မွေ့ဘော်တို့ကို ရွှေကြုတ်, ငွေကြုတ်, ရွှေသေတ္တာ, ငွေသေတ္တာ, ရွှေမြူတာ, ငွေမြူတာ တို့ဖြင့် ပူဇော်ကိုးကွယ် ကြကုန်ပြီးသော် ဆိုခဲ့ပြီးသော မြေအောက် ဌပနာတိုက် မြေပေါ် ဌပနာတိုက်တို့၌ စုးဆိုက် သောသဒ္ဓါ စေတနာ ထက်သန် အားကျမခံ ဌပနာ ကြ ကုန်၏။ ။ဤသို့ ပူဇော် ဌပနာတော် မူအပ်သော ရွှေ ဆင်းတု, ငွေဆင်းတု- စသည်တို့၏ တန်ဘိုးကား အရပ်ရပ် အရပ်ရပ် အသပြာငွေ (၆၀၀၀)ကျော်ကျော် (၇၀၀၀) ဘိုးခန့်မျှ ရှိသောပဟူ၏။

## ၉။ ပြီးစီးအောင်မြင် ထီးတင်လှူဒါန်းခြင်း။

ဘုရားအမ- ဒေါ်လေးကြီး သားသမီး တစု တို့က တဦးတည်း ဒါယကာခံ၍ အသစ် တည်ထားအပ်သော သီဟိုဠ်ရှင် မြတ်စွာဘုရား ဂန္ဓကုဋိတိုက်တော် ဂူလိုဏ် စေတီတော်ကား အောက်မြေ ဘိနပ်အခင်း စတုရန်း ပတ်လည် (၅၅) တောင် ထီးတော်သို့ ရောက်အောင် အမြင့် (၇၄) တောင် ဖြစ်၏။ ။ထိုမျှ ကြီးကျယ်သော ဂန္ဓကုဋိ တိုက်တော် ကြီးကား ဂေါဇာ သက္ကရာဇ် (၁၂၇၆) ခု နှစ်သို့ ရောက်လျှင် စေတီတော်နှင့် တကွ အလုံးစုံ ပြီးပြတ်၍ အင်္ဂတေ အထပ်ထပ် ဘိလပ်မြေ သရွတ်တို့ဖြင့် လိမ်းဆွတ်ဖွပ်မံ၏။ ။ဂေါဇာ သက္ကရာဇ် (၁၂၇၇) ခုနှစ်သို့ရောက်လျှင် ဘုရားအမ- ဒေါ်လေးကြီး သားသမီး တို့၏ ကောင်းမှု ကာဝိက်ကော် ဖြစ်သော

www.dhammaransi.com



သိပ်ပိုင်ငံ့ရှင်း မြတ်စွာဘုရား ဂူလိုဏ်နှင့် စေတီတော် အလုံး ရုံသည်ကား အကုန် အစင် အောင်မြင် ပြီးစီးခြင်းသို့ ရောက်သဘည်း။ ။**တည်အား ပုံကား**။ ။အတွင်း၌ ဌပနာတိုက် ပြုလုပ်ပြီးလျှင် ဌပနာတိုက်၏ ပတ်ဝန်းကျင်မှ အုတ်နံ့ရံ တက်၏။ ။သံတောင် (၂၀) ပမာဏခန့် မြင့်လျှင် ဌပနာတိုက်နှင့် အပြင် အုတ်နံ့ရံကို ပုဂံပြည်-ရှေးဟောင်း ဘုရားတို့ကဲ့သို့ ပေါင်းကူး ဖွဲ့စပ်၏။ ။ ဂူလိုဏ် တော်တွင် မုခ်ကြီးလေးခု ရှိသည်။ ။အရှေ့, အနောက်, တောင်, မြောက်-ဟူသော အရပ် လေးမျက် နှာတွင် မုခ်တခုစီ ထားသည်ကို ဆိုလို၏။ မုခ်လေးခု တို့၏ အကျယ်ကား (၆) တောင်ခန့် ရှိ၏။ အမြင့်ကား (၁၂) တောင်ခန့် ရှိ၏။ ။ဌပနာတိုက်တော်နှင့် အပြင် အုတ်နံ့ရံ အုတ်ပေါင်း ကူးယှက်တက်ပြန်သော် အပေါ်က စေတီတော်ကို တည်ထား၏။ ။စေတီတော်၏ လေး မျက်နှာ အဆောင့်အချပ်တို့၌ စေတီငယ် ပေါက်၏။ ။ ဂန္ဓကုဋိ တိုက်ဟူသော မုဒ္ဒော ဂူလိုဏ်၌ ပန်းပြောက်, ပန်းပွင့် အဆင့်ဆင့် မွမ်းမံ၍ အတင့် အတယ် ပြုလုပ် သည်။ ။အောက်အခြေ မြေမှတက်သော အုတ်ပလ္လင် တော်ကား မြေပေါ်၌ (၄) တောင် မြင့်၏။ မြေတွင်းသို့ (၇) တောင် ဝင်၏။ ပေါင်း- အုတ်ပလ္လင် အမြင့်ကား (၁၂) တောင်ရှိသည်။ ။ဤသို့လျှင် ဘုရားအမ ဒေါ်လေး ကြီး၏ ကောင်းမှုတော် ဂန္ဓကုဋိတိုက်တော် သည်ကား အသပြာငွေ တသိန်းကျော်မျှ ကုန်ကျ လှူဒါန်း ရလျှင်

ယင်းသို့ ပြုဘွယ်ဥဿုံ အလုံးစုံပြီးစီးလျှင် သီဟိုဠ်ရှင် လျှပ်စစ် ဓာတ်မီး အသင်းကြီးက ကောက်ခံ ယူငင် ပါဝင် လှူဒါန်း ကြသော အသပြာ ငွေတို့ဖြင့် ဂေါဇာ သက္ကရာဇ် (၁၂၈၈) ခုနှစ် နယုန်လဆန်း (၈) ရက်နေ့ ကောင်းမြတ် ရက်ချိန် ပြက္ခဒိန် အခါတွင် မင်္ဂလာ ထီးတော်ကို သိကြား,မာတလိ စတုလောကပါလ- စသော နတ်သား နတ်မင်းတို့ ပုံဟန်ဆင်ယင် အောက်မြေပြင်မှ ကောင်းကင်သို့ ဗိလာတက်၍ ယန္တရားစက် ဖွဲ့ထား လှေကား စောင်းတန်းရှည်ကိုပြု၍ စေတီတော်သို့ ချဉ်းကပ် ဖွဲ့ယှက်ပြီးမှ ပုံ,မောင်း, ပတ်သာ ခရာ,နှဲ, ငြွေ သံချေညှင်းညှင်း အောင်သီချင်း သီဆို ကြည်ညိုဘွယ် တီးမှုတ် နယားရုပ် အခက ယိမ်းအက-အစရှိသည့် တို့ဖြင့် မင်္ဂလာ ထီးတော်ကို ကြေးဖြင့် လုပ်၍ တင်ဆောင် လှူဒါန်းကြ၏။ ။ကြေးဖြင့် လုပ်သော ထီးတော် အချိန် (၇၁ါ) ထီးတော်ကား (၁၁) ဘုံ သံတိုင်အချိန် (၂၃ါ) ကြေးစလောင်း အချိန် (၁၉ါ) ကျိုးခြေ, ညောင်ရွက်, ဆည်းလည်း, နဂါးရုပ်အချိန် (၃၇ါ-၅ဝိ) နန်းကြိုးဆွဲငင် ကြေးစင် ငှက်ပျောဖူးထိပ်အုပ် အချိန် (၅၁ါ·၄ဝိ) အစရှိ အရပ်ရပ် ကြေးသံချိန် (၂၀၂ါ-၉ဝိ) တို့နှင့်တကွ စိန်ဖူး ဘော်တန်ဘိုး (၅၀၀ဝိ) ငှက်မြတ်နားကျောက်စိ (၂၈၀ဝိ) အစုစုပေါင်း တန်ဘိုး (၁၀၀၀ဝိ) ကျောက်တို့ အပြင် ထီးတော်ကို ရွှေဆိုင်း (၂၀၀) ကျော်ဘို့ဖြင့် ချဘုန်၏။ ။ ထီးတော်၏ အဝန်းကား (၇-တောင် ၁-မိုက်) အမြင့်

## မှတ်ချက်။

ဒေါ်လေးကြီးက ပြင်ဆင်သည် ဆိုသော်လည်း ပြင်ဆင် ပြုရသော ကောင်းမှုငွေ တို့တွင်။ ။ ပခုက္ကူမြို့ မြင်သာ- မဲအိုးတန်းရပ် လူကြီးမင်း ဦးဆိုးနှင့် ဇနီး သားသမီးတစု တို့၏ အလှူငွေ (၂၀၀၀ိ)။ ။ရင်းမြို့ ခံတောရပ် ပွဲစားကြီး- ဦးဘွန်းရနှင့် ဇနီး သားသမီးတစု တို့၏ အလှူငွေ (၂၀၀၀ိ) နှစ်ရပေါင်း- အလှူငွေ (၄၀၀၀ိ) ပါဝင်သေးကြောင်း။ ။ဤကဲ့သို့ ပါဝင်ရခြင်းမှာလည်း အဆိုပါ လူကြီးမင်း နှစ်ဦးတို့သည် ကောင်းမှုရှင် ဒေါ်လေးကြီး မပေါ်မိကပင် သိပိဋကရှင် မြတ်စွာ ဘုရား ဟောင်းနွမ်း ယိုယွင်း သည်ကို ငွေ (၁၀၀၀၀ိ)မျှ မ-တည် ကြ၍ အရပ်ရပ် အလှူငွေဖြင့် ပြင်ဆင် မည်ဟု ရည်ရွယ်ချက် ရှိရာ နောက်အခါတွင် ဒေါ်လေးကြီးက အလုံးစုံ တာဝန်ခံယူ၍ ပြင်ဆင်သောကြောင့် အလှူငွေ (၄၀၀၀ိ) မျှကိုသာ ထည့်ဝင် လှူဒါန်းရလေသည်။

ဤသို့လျှင် မင်္ဂလာ ထီးတော်ကို ပူဇော် တင်လှူခဲ ခသာ၌ကား များစွာကုန်သော ရဟန်း, ရှင်,လူ, ပြည်သူ, ပြည်သားတို့သည် ဘုရားရှင် သိပိဋက ဆင်းတုတော်ကို အာရုံတော် ပြုလျက် ရှေးခေတ်အခါ လွန်ခဲ့သော နှစ်ပေါင်း ရှစ်ရာ့ကျော်ခန့်ကာလ၌ မူလလက်ဦး တည်ထား

www.dhammaransi.com



သမ္ဘာ ကြီးမားတော် မူလှသော "အလောင်းစည်သူ မင်းတရားကြီး" ထို့နောင် လွန်ခဲ့သော နှစ်ပေါင်း တရာကျော်ခန့် ကာလ၌ အသစ်ထပ်မံ ပြင်ဆင် ပြန်သော "မြင်သာရွာအုပ်မင်းကြီး" သည့်- ဘုရား ဒါယကာ ပေါင်း သူတော်ကောင်း ပုဂ္ဂိုလ်ကြီး တို့ကို တွေးတော လွမ်းဆွတ် ကုန်လျက် ဒုတိယမြောက် အသစ်ထပ်မံ ပြင်ဆင်ပြန်သော သိဟိုဠ်ရှင် လျှပ်စစ်ဓာတ်မီး အဘွဲ့ဝင် လူကြီးမင်းများနှင့် တကွ ဂန္ဓကုဋိ တိုက်ကျောင်း ဒါယိကာမ မိုးပြာရွာ "ဒေါ်လေးကြီး"တို့က အမျှပေးဝေ ကောင်းချီးသံ ချွေကြသည်ကို သာရခေါ် ကြစေကုန်သတည်း။

သိဟိုဠ်ရှင် မြတ်စွာဘုရား ရုပ်တုတော်နှင့် တကွ မြင်သာ ရွာအုပ်မင်းကြီး ထုလုပ်ကိုးကွယ်ခဲ့သော ရုပ်တုတော် မြတ်တို့ကိုလည်း အသစ် ပြုပြင်ပြီးသော မုဒ္ဒောဂူလိုဏ် အတွင်းသို့ ပင့်ဆောင် ကိုးကွယ် ကြကုန်ပြီးလျှင် သံတံခါးတို့ဖြင့် ရံတား စောင့်ရှောက် ကြကုန်သတည်း။ ။သို့ဖြစ်၍ ယခုအခါတွင် ဖူးမြင် ပူဇော်ရသော သိဟိုဠ်ရှင် မြတ်စွာဘုရား ဂန္ဓကုဋိ တိုက်ဘော်စေတီတော် မှာကား ရှေးမျှားမဆွ မူလရှိရင်း စေတီတော်များ မဟုတ်ကြ၊ မကြာမီကာလမှ အသစ်ထပ်မံ ပြုပြင်ပြန်သော ဂန္ဓကုဋိတိုက် စေတီတော်များ ဖြစ်ကြ၍ ပေါင်းညှစ် ရင့်ရော် မသင့်လျော်နိုင် မရိုင် ခံ့သော ဂူ,လိုဏ်, စေတီတော်ကို အသစ်အသစ် ပြင်ဆင်ပြီး၍ ဖူးမြော် ရခြင်းကား များစွာသော သူတော်ကောင်း

www.dhammaransi.com



တို့မှာ နှစ်ထောင်းအားရမ်း ဝမ်းပမ်းတသသ လွန်စွာ စိုက်ရုံး သဒ္ဓါ မြူးလျက် ကြည်နူးနိုင်မှ ဧယျာတုဖြင့် အောင်ဆု ကြွေးကြော်ကြစေကုန် သတည်း။

## ၁၀။ သီဟိုဠ်ရှင် မြတ်စွာဘုရား၏ ပွဲတော်များ။

မင်းခေါင်မင်းဖျား မင်းတရား ထီးတဆူ ဖြစ်တော်မူ၍ ဇမ္ဗူဒိပ်ကျွန်း ဘုန်းမီး ထွန်းလျက် ပတ်ဝန်းရိုက် ညောင်း အလောင်းစည်သူ မင်းဘုရားကြီးဘုရား တည်ထား ကိုးကွယ်တော် မူခဲ့သော သီဟိုဠ်ရှင် မြတ်စွာဘုရား သခင်ကို တိုင်းခွင် ပြည်နေ ဗိုလ်ခြေ အထု သူတော်ကောင်း တစုတို့သည် ဂရုဂါရဝ ပဏာမဖြင့် တုပ်ကွ ကော်ရော် ပူဇော် ကန်တော့ ကြရန် နှစ်စဉ် နှစ်စဉ် မင်္ဂလာပွဲတော် သုံးခုကို လွန်ခဲ့သော နှစ်ပေါင်း တရာ့ ငါးဆယ်ကျော် နှစ်ရှည်နှင့် ကာလမှစ၍ ပြုလုပ်ခဲ့ ကြကုန်သည်။

### ပွဲတော်များကား။

၁။ နှစ် ဟောင်း လွန် ကျူး နှစ်သစ် ကူးသည့် တန်းခူးလ အခါ အတာပွဲသဘင်နှင့် အတူ ရေချမ်း ပူဇော်သော "ရေသွန်းပွဲတော်"။

၂။ နယုန်လ အခါ ကြီးကျယ် စွာသော သင်ပုတ်ဝတ်, ဆီမီးဝတ်,ပန်းဝတ်တို့ကို တိုင်းပြည်အလုံး မြို့ခုံး ကျေညာလျက် ၎င်းလ-လဆန်း (၈) ရက် နေ့မှ လဆုတ် (၂) ရက်နေ့ အထိ (၉) ရက် လုံးလုံး စျေးဆိုင် ကနား

အခြောက်အများ တည်ခင်း၍ ကျင်းပအပ်သော "နယုန်လ ပွဲတော်"။

၃။ သီတင်းကျွတ်လ အခါ မဟာ ပဝါရဏာနေ့ (လပြည့်နေ့)၌ အရိယာနွယ်ဝင် သံဃာတော် အရှင်တို့အား ဆွမ်းလုံးစာရေးတံ လှူဒါန်းခြင်း၊ မြို့မြတ် ရသော ပူဇော်ဘွယ်ရာ အထူးထူးတို့ကို သိဟိုဠ်ရှင် မြတ်စွာဘုရား၌ ဆက်ကပ်ခြင်း၊ ဤသို့ ကြည်ညိုတုပ်ပျပ်၍ ဆက်ကပ်ပူဇော်အပ်သော "ဆွမ်းတော်ကြီးတင်ပွဲတော်"။

သည်ပွဲတော် သုံးခုကို ကျင်းပမြဲ ဖြစ်လေသည်။ ပွဲတော် ကြီးများ၌ စီမံ အုပ်ချုပ်သူ တို့ကား အင်္ဂလိပ် အစိုးရများ မဝင်ရောက်မီ ရှေးရှေး မြန်မာဘုရင် တို့၏ လက်ထက် တော်၌ ပခန်းမြို့ဝန်, ပုဂံမြို့ဝန် မင်းကြီးတို့ ကြီးမှူး အုပ်ချုပ်ကုန်သည်။ ။နောက် အင်္ဂလိပ်မင်းများ ဝင်ရောက်လာလျှင် မြို့ဝန်, မင်းကြီးတို့ မရှိကြ၍ မြင်သာ ရပ် သူကြီးမင်း, မြစ်ကိုင်းရပ် သူကြီးမင်း တို့ကို အမှူး ထားလျက် ဘုရားသခင် ဘဏ္ဍာတော်ထိန်း လူကြီးမင်း- ဦးအောင်သာ၊ ဦးကျော်ဒင်၊ ဦးမြင်၊ ဦးတု၊ ဦးလူသာ၊ ဦးအောင်ဖိုး၊ ဦးကြွယ်-စသော ပုဂ္ဂိုလ်ကြီးများက အုပ် ချုပ် စီမံကုန်၏။ ။ထို့နောက် ၁၂၈၁-ခုနှစ် လျှပ်စစ် ဓာတ်မီးအသင်း ဖွဲ့စည်းတည်ထောင်ပြီးသော် ပွဲတော် သုံးခုလုံးကိုပင် လျှပ်စစ်ဓာတ်မီး အသင်းကြီးက ကြီးမှူး အုပ်ချုပ်လျက် စီမံဆောင်ရွက် နေကြကုန် သတည်း။

## ၁၃၁၉-ခုနှစ်အထိ ဆောင်ရွက်သော အမှုဆောင်များ စာရင်းနှင့် အဖွဲ့ဝင်များစာရင်း။

၁။ ဦးမောင်ကြီး-ပဌမဥက္ကဋ္ဌ။
၂။ ဦးသူတော်-ဒုတိယ ဥက္ကဋ္ဌ။
၃။ ဆရာကလေး-ဒုတိယ ဥက္ကဋ္ဌ။
၄။ ဦးဘိုးမြ-ငွေထိန်းလူကြီး။
၅။ ဦးဘညွန့်-အဘွင်းရေးမှူး။
၆။ ဦးညွန့်
၇။ ဦးစိန် } တွဲဘက် အတွင်းရေးမှူး။
၈။ ဦးဘိုးငွေ
၉။ ဦးချမ်းမြ
၁၀။ ဦးချစ် } စာရင်းစစ်လူကြီး။
၁၁။ ဦးဝင်း- (ဝင်းမြမှာ)။
၁၂။ ဦးဘသန်း- (ဂျုံစက်)။
၁၃။ ဦးအောင်ချင်း
၁၄။ ဦးစံဦး } ဘေတ်မီးဘက်ဆိုင်ရာ လူကြီး။
၁၅။ ဦးဘ- သော့ထိန်း လူကြီး။
၁၆။ ဦးဘသင့်- ပစ္စည်းထိန်း လူကြီး။
၁၇။ ဦးအောင်မင်း- ရှေ့ဆိုင်းဘက် လူကြီး။
၁၈။ ဦးကြာ။
၁၉။ ဦးမောင်ကြီး။
၂၀။ ဦးဘသန်း- မြင်သာ။
၂၁။ ဦးလှမောင်။

www.dhammaransi.com



၂၂။ ဦးကျော်မှူး။
၂၃။ ဦးဘိုးကွန်း။
၂၄။ ဦးထွန်းလှိုင်။
၂၅။ ဦးဘိုးသွယ်။
၂၆။ ဦးအုံးပွင့်။
၂၇။ ဦးဘအုံး။
၂၈။ ဦးသော်။
၂၉။ ဦးရှန်းနီ။
၃၀။ ဦးဘိုးအောင်။
၃၁။ ဦးပဒုမ္မာ။
၃၂။ ဦးပု။
၃၃။ ဦးရွှေ။
၃၄။ ဦးဘိုးကြား။
၃၅။ ဦးအောင်ထွန်း။
၃၆။ ဦးပွ။ စက်။
၃၇။ ဦးဖေဝင့်။ ။
၃၈။ ဦးဘဦး။ ။
၃၉။ ဦးညွန့်။ စက်။

ဆိုခဲ့ပြီးသော စကား အစဉ်ဖြင့် သိဟိုဠ်ရှင် မြတ်စွာဘုရားကို မှုလတည်ထားတော် မူခဲ့သော "အလောင်းစည်သူမင်းကြီး" ထို့နောင် အသစ် ပြင်ဆင် ပြုန်သော "မြင်သာရွာအုပ်မင်း" ထို့နောင် အသစ် ပြင်ဆင် ပြုန်သော မိုးပြာရွာ "ဘုရားအမ- ဒေါ်လေးကြီး" အမြဲ

www.dhammaransi.com



မဖြစ် ဆိမ်းဝတ်, သင်ပုတ်ဝတ်, ဆွမ်းဝတ်- စသည် တို့နှင့်တကွ သိပ္ပိုဋ္ဋရှင် မြတ်စွာဘုရား ကြီးပွါးသည် ထက် ကြီးပွါးရန် အားသန် ကြိုးကုတ် လုံ့လ ထုတ်ကြ သော "ပချုက္ကူမြို့ မြင်သာချပ်၊ ခံတောချပ်၊ မြစ်ကိုင်းချပ်၊ ဆုံကုန်းချပ်၊ ထမကောက်ချပ်၊ ဈေးချပ်၊ ကုက္ကိုတန်းချပ်- စသည် တို့၌ နေဆိုင် ကြသော ဘဏ္ဍာတော်ထိန်း လူကြီးမင်း လျှပ်စစ် ဓာတ်မီး အသင်းဝင် လူကြီးမင်း" တို့အား ဗုဒ္ဓဘာသာ သာသနာတော် ရေးကို မြော်· တွေး ထောက်ထားသော စိတ်ဖြင့် စေ့စေ့ငုငု ကြည့်ရှု ပါလျှင် အလွန်ပင် ကျေးဇူးကြီးစွာ တင်ထိုက်ကြောင်းကို အမှတ်အသား ထားအပ်လေသတည်း။

ထပ်မံပြင်ဆင်ခန်းပြီး၏။

www.dhammaransi.com



နာယကဆရာတော်အဖြစ်- ဆောင်ရွက်ခဲ့သော-သံပုံစေတီတောရ
ဆရာတော်ဘုရားကြီး (ဦးဃြည်)

www.dhammaransi.com



၁၂၈၀ ခုနှစ်မှ ၁၂၈၇–ခုနှစ် အထိ ဆောင်ရွက်ခဲ့သော
သမာဓိမြို့ဝန်မင်း-ခုံမင်းကြီး (ဦးထွန်း) ပဌမဥက္ကဋ္ဌကြီး။

www.dhammaransi.com



၁၂၉၈ ခု နှစ်မှ ၁၃၀၉–ခုနှစ် အထိ မြူနီစီပါယ်-ဥက္ကဋ္ဌနှင့်
ဂျုံစက်ပိုင်ရှင်-ဥက္ကဋ္ဌ (ဦးစောလှိုင်)

www.dhammaransi.com



၁၂၀၇ ခုနှစ်မှ ၁၂၄၅–ခုနှစ် အထိ သမာဓိမြို့ဝန်

ဆိစက်ပိုင်ရှင် ဥက္ကဋ္ဌ (ဦးမောင်ကလေး)

www.dhammaransi.com



၁၂၈၀ ခုနှစ်မှ ၁၂၈၆—ခုနှစ် အထိ လျှပ်စစ်ဓါတ်မီးအသင်း ကို
စတင်တည်ထောင်ခဲ့သော အတွင်းရေးမှူး (ဦးဘ)

www.dhammaransi.com



၁၂၉၆ ခု နှစ်မှ ၁၂၉၇–ခုနှစ် အထိ မြူနီစီပါယ်–ဥက္ကဋ္ဌ
ဆီစက်ပိုင်ရှင်- ငွေထိမ်းနှင့်-ဥက္ကဋ္ဌ (ဦးဆိုး)



ဘဏ္ဍာတော်ထိမ်း အဖွဲ့ဝင်လူကြီးများ

www.dhammaransi.com

www.dhammaransi.com



## နိဂမနံ။

ဤသို့လျှင် သာသနာဘောင် သင်္ကြာရာဇ်နှင့် ဂေါဓာ သင်္ကြာရာဇ်ကို ပြဆိုခန်း- စသော အပိုင်းအခန်း ၅စ်ခုတို့ ဖြင့် သိပ်ပိုင်နှင့် သရိုင်းသစ် ကျမ်းကို ကြိုးပမ်း စီရင်ခဲ့ ရာ ယခုအခါတွင် အပြီးအဆုံးသို့ ရောက်ပြီဖြစ်၍ မချွတ် ဆောင်ရွက်အပ်သော တာဝန်၏ ပြီးစီးခြင်းဖြင့် အလုံးစုံ ချုပ် နိဂုံးအုပ်ခြင်း၌ ဆိုအပ်လတ္တံ့သော ဂါထာတို့ကို ဆိုတော်မူသည်။

၁။ နဂရေ ပုဏ္ဏာဂါမမှိ၊
ကုသုမာ စလ ဒက္ခိဏော။
ဂယောတု ဒွေကဇာတေန၊
ဂါမေသိ ဂိရိနာမကော။ ။

၁။ ပုဏ္ဏာ ဂါမမှိ၊ လို၍ပြည့်စုံ ကုံလုံ လောက်ငံ မျှပွတ်သံကြောင့် ပုဂံဟူသော အမည်ရှိသော။ နဂရေ ဂုဏ်ပေါင်းယူကြို့ မင်းနေမြို့၌။ (ရှေးက မင်းနေပြည်ဖြစ် ဘူးသည်ကို အတွင်းရှု၍အားဖြင့် ဆိုသည်)။ ကုသုမာ စလ ဒက္ခိဏော သဇင်ပန်းသုန်း နတ်ဂမုန်းနှင့် ငွေပုန်း ညက်ယိမ်း စကားဝိမ်းတို့ ခင်သိမ်းစုပုံ အခုံခုံလျှင် ဖူးငုံ ပွင့်ကား ပေါက်ရောက် ပွါးသည် "ပုပ္ပါး တောင်မြတ် တောင်ကလာပ်၏" တောင်ရပ် လက်ျာ မြေမျက်နှာ၌။ ဋ္ဌသိဂိရိ နာမကော ရှေးသောအခါ ကြာမြင့်စွာက ဘုန်း လျှာမုနေ့ ၅င်ရသေ့ဘွဲ့ ပျော်မွေ့ ခွင်မြိုး တောင်-အနီး

www.dhammaransi.com



၌ အသီး စိုက်ထောင် "ရသေ့တောင်" အမည် ရှိသော၊ ဂါမေ၊ အရိပ် သခ်မ်း စိမ့်ရေ စမ်းနှင့် ချမ်းသာ ပွါးစီး ရပ်ရွာ ကြီး၌။ ဂဟောတု ဒွေကဇာ ဘောနှ၊ တထောင့်, နှစ်ရာ ခြောက်ဆယ် မှာတွင် သင်္ချာ ကိုးခု အစွန်းပြု သား ကောင်းမှု စက်ရှိန် ပြက္ခဒိန်ဟု ရက်ချိန် တွက်စစ် သက္ကရာဇ်တွင် ထွန်းသစ်စင်စင် ဘွားမြင်ခဲ့ပေသော။ ။ (ရွှေဂါထာတွင် "ဘိက္ခုနာ" မှာစပ်)။

၁။ **အဓိပ္ပါယ်ကား။** ။ပုဏ္ဏဂါမ, ပုဂါမ, ပြုဂါမ—အစ ရှိသော အားဖြင့် တဆဲ့, ငါးပါးသော အမည် ရှိသော ပုဂံမြို့နယ် အဝင် ထိုမြို့၏ တောင်မျက်နှာ သုံးယူဇနာ အကွာတွင် များစွာသော ပန်းသစ်ပင်မျိုးတို့ ပေါက်ရောက် ရာဖြစ်သောကြောင့် "ပုပ္ပါး" ဟူသော အမည် ရှိသော တောင်မြတ်၏ တောင်ဘက် မျက်နှာ လက်ယာဘက် အရပ်တွင် ရှေးအခါက ရသေ့ သူတော် ကောင်းတို့ ခိုအောင်း ရွှင်ပျော် သီတင်း သုံးတော်မူရာ ဖြစ်သော— သခ်မ်းချောင် တောင် အနီး၌ တည်ထောင် အပ်သော ကြောင့် "ရသေ့တောင်" အမည် ရှိသော ရွာကြီးတွင် သက္ကရာဇ် တထောင်, နှစ်ရာ, ခြောက်ဆဲ့, ကိုးခုနှစ်တွင် ဤ ကျမ်းပြုဆရာ ဘွားမြင်တော် မူခဲ့သည်ဟု ဆိုလိုရင်း ဖြစ်လေသည်။ ။ဤဂါထာ၌။ ။"ကုသုမာစလ" ဟူသော သဒ္ဒါဖြင့် ထိုနှင့်ပရိယာယ် ဖြစ်သော "ပုပ္ဖါစလ" သဒ္ဒါကို ညွှန်းပြ လေသည်။ ။ယင်း ပုပ္ဖါစလ- သဒ္ဒါ၌။ ။ပုပ္ဖံ ကုသုမံ တသ္မိံ အတ္ထီတိ ပုပ္ဖော၊ ပဗ္ဗတော။ ပုပ္ဖောစ

www.dhammaransi.com



သော အစလော စာတိ ပုပ္ဖါစလော။ ။ဟု ဝိဂြိုဟ် ပြု၍။ ။သခင်, ပန်းသုန်း ဂမုန်း, ဒွေဝါ ခတ္တာ, သရဖီ အစချိလျက် များစွာသော ပန်းမျိုးတို့ ပေါက်ရောက်ဖြစ် ထွန်းရာ ဖြစ်သောကြောင့် ထိုတောင်ကို "ပုပ္ဖ" တောင် (ပန်းတောင်)။ ကာလ ကြာမြင့်၍ အခေါ်အဝေါ် ရွေ့ လျောသဖြင့် "ပုပ္ပါးတောင်" ဖြစ်လာ သည်ကို ဆုံးဖြတ် ရာ၏။ ။ရာဇဝင်ဆရာ, သမိုင်း ဆရာတို့လည်း ဤနည်း အတိုင်းပင် ဝန်ခံ ကြကုန်သည်။ ။သဒ္ဒါနုသာရီ ဆရာ တော်ကား အောက်ပါ အတိုင်း ပုပ္ပါးတောင်ကို ချီးကျူး လေသည်။

## သဒ္ဒါနုသာရီသတ်ပုံ။

ဝိဇ္ဈာဝရ။ ဗျာနလာဘိ။ တပသိတို့။ ခိုမှီကိန်း
အောင်း။ သား အပေါင်းလည်း။ တောင်စောင်း
မြိုင်ဦး။ ရွှင်ပျော်မြူးလျက်။ ညွတ်ဖူးခိုင်လန်း။ ပင်
နွယ်ငန်းက။ စသည်တရိုး။ ဆေးချိုးပြည့်ညီ။ ပွင့်ငုံ
စီတည့်။ ဖြူ,နီ,ဝါ,ရွှေ။ ပန်းထွေထွေသည်း။ ပင်ခြေ
တလင်း။ မွှေ့ရာခင်းသို့။ ပျံ့သင်းထုံသုံ။ ရဂုံမြူးမြူး။
မထိုးရောင်ခြည်။ ပင်စည်ဒိုပ်ရိပ်။ ရွက်စိတ် ဝေ
ဝေ။ သုဘ်လေညှင်းညှင်း။ ဆီးနှင်း မှောက်မှောက်။
ကမ်းချောက် တင့်တယ်။ ပျော်ဘွယ်မငြီး။ သစ်
သီးချို, ချဉ်။ ခါတိုင်းယှဉ်၍။ ရေယဉ် ဆင်းသက်။
ကျေးငှက် များစွာ။ သံရုံ သာလျက်။ စိမ်းပြာ နှုန့်။
ဖိုးထိလမ။ ကြီးထနဂ်။ ရှန်း ရှန်းစိုသား။ မြိုင်သို့

www.dhammaransi.com



ဟိမဝါ။ ဂန္ဓမာသို့။ မည်သော ထင်ရှား။ "တောင်ပုပ္ပါး"မှ။ ဒက္ခိဏာဝယ်။ ။စသည်ဖြင့် စပ်ဆိုတော်မူသည်။

ထို ရသေ့ဘောင် ရွာကြီး အနီးတွင် "တည်ပင်တဲ" အမည်ရှိသော ရွာကြီးတရွ ရှိပြန်သည်။ ထို တည်ပင်တဲရွာ၌ ဤသမိုင်းဆရာ၏ ကန့်ကူသက်လွှဲ ဆရာတော်ဖြစ်တော်မူသော ယင်ကျေးဖူးရှင် ထိပ်ခေါင်တင် "တည်ပင်တဲ ဆရာတော် ဘုရားကြီး" သည် ယခုထက်တိုင်သက်တော် ထင်ရှားရှိ၍ သာသနာ တော်၏ ဝန်တာကိုကောင်းစွာ ထမ်းရွက်တော် မူလျက် ရှိလေသည်။ ။ ထို "တည်ပင်တဲ" ရွာ၌ပင်- ဤကျမ်းပြုဆရာ၏ "ခမည်းတော်-ဦးကြေခိုင် မယ်တော်-ဒေါ်အုံးရီ"တို့လည်း ရှိကြသည်။ ။နောက်နောက် ဂါထာ တို့၌လည်း ဤနည်းအတိုင်း အဓိပ္ပါယ်ကို သိမှတ်ရာသည်။

၂။ လယ်တိ ဝံသမှိ ဇာတေန၊
လယ်တိ ကောဝိဒ သာမိနာ။
ဒွိဓာ ပထမ ကိတ္တိတိ၊
လဒ္ဓနာမေန ဘိက္ခုနာ။ ။

၂။ လယ်တိ ဝံသမှိ၊ မြန်မာ့ မဏ္ဍလိပ် နိုင်ငံရိပ်တွင် ခတ်နှိပ်သရိုင်း လယ်တိဂိုဏ်း ဟူသော အနွယ်တော်၌။ ဇာတေန၊ ကံကောင်းသင့်ထောက် ဖြစ်ပေါ်ပေါက်ခဲ့သည်၏ အဖြစ်ကြောင့်။ လယ်တိ ကောဝိဒ သာမိနာ၊
"လယ်တိ [illegible]

www.dhammaransi.com



ဒွိခါ၊ နှစ်ကြိမ်, နှစ်ဖန်အားဖြင့်။ ပထမ ကိတ္တိတိ၊ "ပထမ ကျော်" ဟူ၍။ လဒ္ဓနာမေန၊ ရအပ်သော ဘွဲ့အမည်ထူး ရှိတော်မူသော။ ။(ဘိက္ခုနာ—ကို ချန်ခဲ့ဦး)။

၃။ ဗဟုဿုတဂဝေသေန၊
ဝီရေန ဂဏာဝါစိနာ။
မဟတာ ဘိက္ခုသံဃဿ၊
ဂဏာဿ ဟိတကာရိနာ။ ။

၃။ ဗဟုဿုတဂဝေသေန၊ များစွာသော အကြား အမြင်တို့ကို လိုချင်ဘော်တတတ်သော။ ဝီရေန၊ ဖွဲ့သန် ရဲရင့် ဉာဏ်မျိုး ထွင့်သော။ မဟတာ၊ များစွာသော။ ဘိက္ခု သံဃဿ၊ ရဟန်း အပေါင်းဟု ဆိုအပ်သော။ ဂဏဿ၊ သာသနာတွင် ပျော်ရွှင် ခိုအောင်း သံဃာတော်အပေါင်း၏။ ဟိတကာရိနာ၊ အစီးအပွါးကို ပြုလုပ်လေ့ရှိသော။ ဂဏာဝါစိနာ၊ မန်းမန္တလ ရွှေပြည် မတွင် ဂဏဝါစီ ဘွဲ့ထူးချီလျက် ကြူးသီ ခေါ်ဝေါ်အပ်သော။ ဘိက္ခုနာ၊ ရဟန်း မှီသည်။ ။ လာလတ္တံ့သော သဒ်ဒါမှာစပ်)။

၄။ နိဿာယ ရာဇဝံသေ၊
သီလာလိပိ ပဘူာယော။
ယာဥပ္ပတ္တိ ကထာ ပေါရီ၊
မဟာသီဟာဋ္ဌ သာဓိနော။ ။

၄။ ရာဇဝံသေစ၊ ရာဇဝင် အစောင်စောင် တို့ကို ၎င်း။ သီလာလိပိ ပဘူဘယောစ၊ ကျောက်စာ သမိုင်း-

www.dhammaransi.com



စသော ကျမ်းစာ တို့ကိုရင်း။ နိသာသဿ၊ ကောင်းစွာ ကြည့်ရှု အမှီပြုလျက်။ မဟာသိဟဠသာဓိနော၊ "သိပ်ဟိုဋ္ဌ် ရှင်" ဖြတ်စွာဘုရား၏။ ပေါရီ၊ မြင့်ကြာ နောက်နှောင်း ရှေးဟောင်းအခါ၌ ဖြစ်သော။ ယာဉပ္ပတ္တိကထာ၊ အကြွင် သမိုင်းစကားစဉ်ကို။ ။(သဒ္ဒါဘာမှာစပ်)။

၅။ သဒ္ဒိတာ မာရရိ သော၊
တဒုပ္ပတ္တိ ဂဝေသိနံ။
အတ္ထာယ အတ္ထဝေဝဏ္ဏာ၊
နိဋ္ဌိတာ သုသုခါ ဝဟိ။ ။

၅။ သဒ္ဒိတာ၊ ပြုစီရင် အပ်ပေပြီ။ မာရရိ၊ ချိုမြိန် ကောင်းမြတ် လျော်ပတ် တင့်တယ်သော။ တဒုပ္ပတ္တိ- ဂဝေသိနံ၊ ထို"သိပ်ဟိုဋ္ဌ်ရှင် သမိုင်း"ကို ငံ့ဆိုင်းစောင့်စား အားထားမြှော်သင့်နေကြ ကုန်သော သူတို့၏။ အတ္ထာယ၊ အစီးအပွါး များစေခြင်းငှါ။ အတ္ထ- ဝေဝဏ္ဏာ၊ ကောင်း ကျိုးစီးပွါး ကြီးကြီးမားမားကို ထင်ရှားဘော်ပြ နိုင်သော။ သော- ဥပ္ပတ္တိကထာ၊ ဤသမိုင်းသစ် စကားအစဉ်သည်။ သုသုခါဝဟိ၊ တကယ့်ချမ်းသာ မင်္ဂလာကို ကောင်းစွာ ဆောင်ရွက်လျက်။ နိဋ္ဌိတာ၊ အပြီးသို့ရောက်သေပြီ။

၆။ ဝေဝံ မေ သုန္ဒရံ ပုညံ၊
သမာလဒ္ဓံ အနာကုလံ။
တေနာဟံ အစ္ဆေ နိဗ္ဗံ၊
စ နိမ္မာဝ ပဘာသယော။ ။(ဣတိ)။

www.dhammaransi.com



၆။ ဇဝံ၊ ဤ ဆိုအပ်ခဲ့ ပြီးသော အပြား အားဖြင့်။ မေ၊ လယ်တီ ဂိုဏ်းတွင် သခိုင်းပမာ အကျွန်ုပ်ငါသည်။ သုန္ဒရံ၊ ကောင်းမွန် ပြင့်မြတ်သော။ အနာကုလံ၊ ဘေး အန္တရာယ် ရန်မတွယ်ဘဲ စင်ကြယ် သန့်ရှင်းသော။ ယံ ပုညံ၊ အကြင်ကုသိုလ် သောမနဿ ကောင်းမှုလာဘ်ကြီး ကို။ သမာလဒ္ဓံ၊ ကောင်းစွာ ရအပ် ပေပြီ။ တေန၊ ထို ကောင်းမှုကြောင့်။ အဟံ၊ ငါသည်။ အစ္ဆေရ၊ လေလမ်း ခရီး ကောင်းကင်ကြီး၌။ စန္ဒိမာဏ္ဍ၊ ငွေစန်းဘန်ဆောင် ယုန်နန်း ညောင်ကဲ့သို့။ နိစ္စံ၊ အမြဲမပြတ်။ ပသာဿသယာ၊ ကျေညာ သတင်း ဂုဏ်နံ့ သင်းလျက် ထွန်းလင်း တောက် ပ- ရစေသောဝ်။ ။ဣတိ၊ ဤသည်လျှင် နိဂုံးပြီးပြီ။

---

## သတ်စေ့နှက်- သုံးချက်ညီ ရေးသားအပ်သော အဖြည့်ခံ ရတုကဗျာ။

၁။ ဘုန်းမွေသရီ။ ။ကျွန်းလုံး မှိသား။ စေတီတော် မြတ်။ ပိသုဒ် နတ်၏။ ဆင်းဝတ် ရပ်ပုံ။ ဇေယျ ခုံနှင့်။ ရွှေဘုံမကိုဋ်။ ကျောင်းတော် တိုက်ဟု။ အမြိုက်သုသိး။ ကောင်းမှု ကြီးကို။ အတိး ယခေါင်။ ဘုန်းကြိုး နှောင် သည်။ ဂုဏ်ရောင် လျှံလူ။ လောင်း စည်သူလျှင်။ မြေငှု ကျွန်းမြ။ သီဟဠမှ။ ဆက်သ လက်ခံ။ ကောင်းကျိုး နှံ့ လျက်။ သယံဇာတ။ ထိုခဏဝယ်။ ရေမှုပေါ် ထွက်။ ကုန်း မြေထက်တွင်။ ဘဝင် အရောက်။ နရက် ချောက်လည်း။ ပျက်လောက် ခမန်း။ ခြောက်ရောင် သန်းလျက်။ နန်းဝေ

ဇယန်။ ငွေဗိတာန်ဝယ်။ ရွှေမှန်ကင်းမျှား။ ကာဖြန့်လွှား သည့်။ သိကြွားမြတ်မွန်။ နတ်တမန်လည်း။ ပန်းမာလ်တမ်းခွန်။ ကြဲမြောက်သွန်၍။ မန္တန်ရ။ ကပ်ကမ္ဘာသည့်။ ရှည်ကြာ သက်လုံး။ တည်အောင် သုံးဟု။ ညွှတ်ရုံးစိတ်သန်။ အခ မိဿာန်ဖြင့်။ အနန္တရ။ ရှေးဘဝက။ ကမ္ဘဝိပါက်။ မိုးကြိုး စက်သို့။ လက်နက်ဖြန့်သိုင်း။ ပုဂံဘိုင်းသည်။ ။ဖြစ်ကိုင်း အောင်မြေမှာဘကား။ ။(၄၇-ပဒ)။

၂။ ကုန်းမြေမပင်။ ။ငွေနဒီဟု။ ဝတီဇရော။ ရံပိုက် ကာလျော်။ ဒေဝါမဟိန်။ တာဝတိန်တွင်။ အာလိန်ပတ် ခြံ။ ဌက်မျိုးပျံသား။ ငွေအမွှာ၏။ ကြာချိုးခသည်။ စိတ္တ လတာ။ ဥယျာဉ်သာသို့။ မျက်နှာမြေပြင်။ ပြစ်ခဘင်သား။ "သိဟိုဠ်ရှင် ဘုရား"။ ဆင်းရုပ်ပွါးသည်။ တိုင်းခြားရပ် ဝေး။ တရုတ်ကျေးသို့။ ပျံမွေးသတင်း။ ခတိုင်လင်းလျက်။ မင်းမင်း ရာဇိန်။ နရာဘိန်နှင့်။ အာဟိန္ဒရာဇ၏။ ဘုန်းကျိုး ၁၄စ်သား။ နေမြစ်ဘန်ဆောင်။ မင်းဘုန်းခေါင်တို့။ စိုက် ထောင်ဆင့်ဆင့်။ တန်ခိုးပွင့်၏။ ပိုးဝင့်ရောင်ဝါ။ ခြောက် ရံဖြာလျက်။ ရှည်ကြာပဝေဏီ။ မွေသရိဟု။ စေတီဘော် မြတ်။ အဋ္ဌုပ္ပတ်ကို။ ဘတ်ရွတ်ရှုဖွေ။ သိပါစေဟု။ ထုတ် ဝေဖြန့်သိုင်း။ လယ်တီ ဂိုဏ်းတွင်။ သခိုင်းပမာ။ ကျွန်ုပ် ငါကား။ ဤစာဘွဲ့နွဲ့။ ရွှေကြိုးတွဲ့သို့။ ဖြစ်မြဲ ကောင်းမွန်။ ကုသိုလ်ဝန်ကို။ ဆုညွှန်ဆက်ပိုင်း။ စာသမိုင်းသည်။ ။ ရစ်သိုင်း ရောင်ရွှေသာတကား။ ။(၄၇- ပဥ)။

သိဟိုဠ်ရှင် သမိုင်းသစ်ကျမ်းပြီးပြီ။

www.dhammaransi.com